# ပျောက်ဆုံးနေသည့်ကလေးဘဝများ

## ပဋိပက္ခကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ကလေးသူငယ်အခွင့်အရေးများချိုးဖောက်ခံရမှုများ၊ အရေးပေါ်လိုအပ်ချက်များနှင့် ရပ်ရွာလူထုဆိုင်ရာကာကွယ်ရေးနည်းလမ်းများ

ကရင်လူ့အခွင့်အရေးအဖွဲ့
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

**ပျောက်ဆုံးနေသည့်ကလေးဘဝများ**

ပဋိပက္ခကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသများတွင် ကလေးသူငယ်အခွင့်အရေးများချိုးဖောက်ခံရမှုများ၊ အရေးပေါ်လိုအပ်ချက်များနှင့် ရပ်ရွာလူထုဆိုင်ရာကာကွယ်ရေးနည်းလမ်းများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ။ KHRG စာအမှတ်- 2025-01

အရှေ့နှင့်အနောက်မျက်နှာဖုံးရှိဓာတ်ပုံများအကြောင်းကို ဤအစီရင်ခံစာ၏ နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ KHRG သည် သီးခြားလွတ်လပ်စွာ ရပ်တည်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်ပတ်သက်ဆက်နွယ်ခြင်း မရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.org တွင် ဝင်ရောက်လေ့လာ နိုင်ပါသည်။ KHRG မှပုံနှိပ်ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဤအစီရင်ခံစာအား KHRG မှ ၂၀၂၅ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသော အကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင်ဖော်ပြလိုသည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများလုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားဖြစ်အကျိုးအမြတ်အတွက်ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန် လိုအပ်ပါသည်။ KHRG မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

# မာတိကာ

**စကားဦး ...........................................................................................................................5**

**နိဒါန်း ...........................................................................................................................7**

အဓိကရှာဖွေတွေ့ရှိချက်များ ..........................................................................11

အကြံပြုချက်များ..........................................................................................13

အစီရင်ခံစာပြုစုပုံနည်းစနစ် .........................................................................16

ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ ...............................................18

မြေပုံ ၁- KHRG ၏လုပ်ရှားရာနယ်မြေ (ဒေသတွင်း သတ်မှတ်ထားသောကော်သူးလေနှင့် မြန်မာအစိုးရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ) ..........................19

**အခန်း ၁။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပဋိပက္ခဖြစ်ပွားမှုနောက်ခံသမိုင်းကြောင်း ..............................20**

မြေပုံ ၂- ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်တွင်းရှိ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ ကလေးများအပေါ် လက်နက်ကိုင်တိုက်ခိုက်မှုအစီရင်ခံတင်ပြထားခြင်း.....24

**အခန်း ၂။ ပညာရေးအခွင့်အရေးချိုးဖောက်ခံရခြင်း .......................................................................25**

၂.၁။ SAC နှင့်လက်နက်ကိုင်တပ်ဖွဲ့များမှ စာသင်ကျောင်းများအား တိုက်ခိုက်ခြင်း .........................25

၂.၂။ ရွှေ့ပြောင်းစာသင်ကြားရခြင်းနှင့် ကျောင်းပုံမှန်မတက်ရောက်နိုင်ခြင်း....................................34

၂.၃။ စစ်ပဋိပက္ခကြောင့်ကြုံတွေ့ရသော စားဝတ်နေရေးအခက်အခဲများနှင့်အခြေခံလိုအပ်ချက်များ ပျက်ကွက်မှု..........................................................................................................38

၂.၄။ ပညာရေးလက်လှမ်းမီရန်အတွက် ဒေသခံလူထု၏ကြိုးပမ်းမှုများ .........................................43

**အခန်း ၃။ကျန်းမာရေး အခွင့်အရေးရရှိခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စိန်ခေါ်မှုများ ...............47**

၃.၁။ တိုက်ပွဲများနှင့် SAC ၏တိုက်ခိုက်မှုများကြောင့် ရွာသားများအပေါ်ဖြစ်ပွားသည့် သက်ရောက်မှုများ ..........................................................................................48

၃.၂။ ခရီးသွားလာနေစဥ် စစ်ဆေးရေးဂိတ်များတွင်ကြုံတွေ့ရသော ခြိမ်းခြောက်မှုများ ..................57

၃.၃။ ကုသမှု ကုန်ကျစရိတ်များ မြင့်မားခြင်း ..........................................................................63

၃.၄။ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ရွာသားများ၏ နည်းဗျူဟာများ..................................64

**အခန်း ၄။ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးအပေါ် ခြိမ်းခြောက်မှုများ ..........................67**

၄.၁။ အကြမ်းဖက်မှုကြောင့် ကလေးများ၏ စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုများ .................67

၄.၂။ မိသားစုစည်းလုံးမှုနှင့် ငြိမ်းချမ်းသာယာမှုအပေါ် သက်ရောက်သော အပြောင်းအလဲများ ..........71

၄.၃။ လူမှုအသိုက်အဝန်း၏ပေါင်းစည်းမှုနှင့် လူမှုဝန်းကျင်သာယာပျော်ရွှင်မှုအပေါ် သက်ရောက်မှုများ ...........................................................................................74

၄.၄။ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုနှင့် ပြန်လည်ကုစားမှုနည်းလမ်းများ .................78

**အခန်း ၅။ ကလေးများအပေါ် အကြမ်းဖက်ကျူးလွန်မှုများ ....................................................................81**

၅.၁။ ကလေးများအား သတ်ဖြတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိစေခြင်း ..............................................82

၅.၂။ ဖမ်းဆီးထိန်းသိမ်းခြင်း၊ အစဖျောက်ပစ်ခြင်းနှင့် ဆက်စပ်သည့် ချိုးဖောက်မှုများ .....................89

၅.၃။ ကလေးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ..................................................................92

၅.၄။ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ကလေးစစ်သား စုဆောင်းခေါ်ယူခြင်း ...............................93

၅.၅။ အကြမ်းဖက်ကျူးလွန်မှုများကိုဆန့်ကျင်ရန် အသုံးပြုသည့်နည်းလမ်းများ..............................98

**အခန်း ၆။ ကလေးများရရှိနိုင်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့်ပတ်သက်၍ လိုအပ်ချက်များ ........................................................................ 102**

၆.၁။ အခြေခံလိုအပ်ချက်များအတွက် ပံ့ပိုးကူညီရာတွင် လစ်ဟာမှုများ ........................................ 103

၆.၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လစ်ဟာချက်များ ........................................................... 108

၆.၃။ ပညာရေးဆိုင်ရာပံ့ပိုးကူညီမှုအတွက် လစ်ဟာချက်များနှင့် လိုအပ်ချက်များ ......................... 114

**အခန်း ၇။ ပဋိပက္ခနှင့်ပတ်သက်သည့် ကလေးသူငယ်များ၏အမြင်များနှင့် ထုတ်ဖော်ပြောဆိုချက်များ ........................................................................................... 118**

**နိဂုံးချုပ်နှင့် ဆွေးနွေးချက်များ ..........................................................................................................121**

# စကားဦး

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်ရေးလှုပ်ရှားမှုများနှင့် အကြမ်းဖက်မှုများကို တိုးမြှင့်ပြုလုပ်လာခဲ့ပါသည်။ ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်ရှိကလေးသူငယ်များသည် အကြမ်းဖက်မှုအန္တရာယ်ကို အထူးသဖြင့် ကြုံတွေ့ရသည့်အပြင် တိုက်ရိုက်ကျူးလွန်သော အကြမ်းဖက်ချိုးဖောက်မှုများနှင့် ၎င်းတို့၏ဖွံ့ဖြိုး တိုးတက်မှုနှင့် ကျန်းမာချမ်းသာသုခအတွက် အရေးပါသောဝန်ဆောင်မှုများအား ဖျက်ဆီးခြင်းကြောင့် ရေရှည်ထိခိုက်မှုများကိုလည်း ကြုံတွေ့နေရပါသည်။

ရွာသားများ၏ ဖွင့်ဟပြောပြချက်များအပေါ် အခြေခံ၍ ဤအစီရင်ခံစာတွင် ၂၀၂၄ ခုနှစ် မှ ၂၀၂၅ ခုနှစ်အတွင်း လက်နက်ကိုင်အကြမ်းဖက်မှု၏ အမျိုးမျိုးသောသက်ရောက်မှုများကို ရေးသားဖော်ပြထားပါသည်။ ဤအစီရင်ခံစာတွင် ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိရန် ကြုံတွေ့နေရသောအခက်အခဲများကို လေ့လာဆန်းစစ်ထားပြီး SAC မှ ကျောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ၊ ဖျက်ဆီးမှုများနှင့် ပညာရေးဆည်းပူးမှုများအပေါ် အနှောက်အယှက်များဖြစ်ပေါ်လာပုံကို အသေးစိတ်ဖော်ပြထားပါသည်။ ကလေးသူငယ်များသည် နေရပ်ရွှေ့ပြောင်း နေထိုင်ရသည့်အခြေအနေ၌ပင် ပဋိပက္ခအန္တရာယ်ကို အမြဲတစေကြောက်ရွံ့နေရင်း လုံလောက်သည့်နေရာထိုင်ခင်းနှင့် သင်ကြားရေးပစ္စည်းများမရှိပဲ ၎င်းတို့၏ပညာရေးကို ဆက်လက်သင်ယူနေကြရပါသည်။ ပဋိပက္ခနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသော အသက်မွေးဝမ်းကြောင်းဆိုင်ရာ စိန်ခေါ်မှုများသည် ကျောင်းထွက်မှုများကို ထပ်မံဖြစ်ပေါ်လာစေခဲ့ပါသည်။ ဤအစီရင်ခံစာတွင် SAC မှပြုလုပ်သော ပစ်ခတ်တိုက်ခိုက်မှုများနှင့် ခရီးသွားလာရေးကန့်သတ်မှုများကြောင့် ကျန်းမာရေး၊ သန့်ရှင်းရေး၊ အစာအဟာရနှင့် ဘေးကင်းလုံခြုံသောနေထိုင်မှုပတ်ဝန်းကျင်တို့အား လက်လှမ်းမီရရှိနိုင်မှုအပေါ် ဆိုးရွားစွာအဟန့်အတားဖြစ်စေပြီး ကျန်းမာရေးအခြေအနေပို၍ဆိုးရွားလာမှုကို ဖြစ်ပေါ်စေကြောင်း ဆန်းစစ်ထားပါသည်။ ဆေးခန်းများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများသည် မကြာခဏပစ်မှတ်ထား တိုက်ခိုက်ခြင်းများခံရကြပြီး ထောက်ပံ့ရေးပစ္စည်းများကို စစ်ဆေးရေးဂိတ်များတွင်သိမ်းဆည်းခြင်းတို့ကြောင့် ဆေးဝါးများနှင့် ဆေးဖက်ဆိုင်ရာပစ္စည်းကိရိယာများ ပို၍လျော့နည်းလာမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဆေးဝါးကုသမှုကုန်ကျစရိတ် မြင့်မားခြင်းနှင့် ဆင်းရဲမှုမြင့်မားနေခြင်းများကြောင့် ကလေးများ၏ ကျန်းမာရေးအခြေအနေ ပို၍ဆိုးရွားလာပါသည်။

ထို့အပြင် စစ်ရေးလှုပ်ရှားမှုများနှင့် ဆက်လက်ဖြစ်ပွားလျက်ရှိနေသော အကြမ်းဖက်မှုများသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာလူမှုကျန်းမာချမ်းသာသုခအပေါ် သက်ရောက်မှုကိုလည်း ဆန်းစစ်ဖော်ပြထားပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လုံခြုံမှုမရှိသော အခြေအနေအောက်တွင် အမြဲတစေနေထိုင်ရခြင်းသည် ကလေးသူငယ်များအတွက် ကြောက်ရွံ့မှုနှင့် စိတ်ဖိစီးမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၎င်းတို့ထဲမှ များစွာသောသူများသည် မိသားစုဝင်များဆုံးရှုံးရခြင်း၊ ၎င်းတို့၏နေအိမ်များ ဖျက်ဆီးခံရသည်ကိုမြင်တွေ့ရခြင်း သို့မဟုတ် နေရပ်ရွှေ့ပြောင်းနေထိုင်နေရခြင်းတို့ဖြင့် ကြုံတွေ့နေကြရပါသည်။ ဤကဲ့သို့သော ရင်ဆိုင်ကြုံတွေ့ရမှုများကြောင့် မိသားစုနှင့် လူမှုအသိုင်းအဝိုင်း၏ဘဝများ အဟန့်အတားဖြစ်လာခဲ့ပြီး ကလေးသူငယ်များအတွက် ကစားခြင်း၊ သင်ယူခြင်းနှင့် အနာဂတ်အပေါ် မျှော်လင့်နိုင်သည့် ကလေးဘဝတစ်ခုကို ရရှိနိုင်ခြင်းမရှိနိုင်တော့ပါ။ ထို့အပြင်၊ လူငယ်များအကြား မူးယစ်ဆေးဝါးအသုံးပြုမှု တိုးလာခြင်းကဲ့သို့သော ကျယ်ပြန့်သော လူမှုရေးဆိုင်ရာပြဿနာများကိုလည်း ဖြစ်ပေါ်စေပါသည်။ ဤအစီရင်ခံစာတွင် SAC မှ များသောအားဖြင့် ကျူးလွန်နေသော ဆက်လက်ဖြစ်ပွားနေသည့်အကြမ်းဖက်မှုများသည် ကလေးများ၏ အသက်ဘေးနှင့် ကျန်းမာချမ်းသာသုခအပေါ် မည်သို့အန္တရာယ်ဖြစ်စေသည်ကိုလည်း ဆန်းစစ်ဖော်ပြထားပါသည်။ ကလေးသူငယ်များအား သတ်ဖြတ်မှု၊ ဒဏ်ရာရရှိစေမှု၊ အတင်းအဓမ္မဖမ်းဆီးမှု၊ အတင်းအဓမ္မပျောက်ဆုံးစေမှု၊ လူမဆန်စွာဆက်ဆံမှုနှင့် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို KHRG မှ သတင်းမှတ်တမ်းပြုစုခဲ့ပါသည်။ ထို့အပြင် လက်နက်ကိုင်စစ်သားများမှလည်း ကလေးသူငယ်များကို စစ်သားအဖြစ် စုဆောင်းခေါ်ယူခြင်းအကြောင်းအရာများကိုလည်း ဖော်ပြထားပါသည်။

ဤကဲ့သို့ ပြင်းထန်သော ချိုးဖောက်ကျူးလွန်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများရှိသော်လည်း ကလေးသူငယ်များနှင့် ၎င်းတို့၏အသိုင်းအဝိုင်းများသည် ထူးကဲသာလွန်သော ကြံ့ကြံ့ခံနိုင်စွမ်းကို ဖော်ပြကြပါသည်။ အန္တရာယ်အလွန်

ကြီးမားသော အခြေအနေများအောက်တွင်ပင် ကျောင်းများ၊ ဆေးခန်းများနှင့် အထောက်အပံ့ ကွန်ယက်များကို ဆက်လက်ထိန်းသိမ်းနေကြပြီး ကလေးသူငယ်များကလည်း ဘေးကင်းလုံခြုံမှု၊ ပညာရေးနှင့် ငြိမ်းချမ်းသော အနာဂတ်အတွက် မျှော်လင့်ချက်များကို ထုတ်ဖော်ပြောပြကြပါသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့ ရရှိနိုင်မှုအခြေအနေကို သုံးသပ်ထားပြီး ဒေသတွင်းထောက်ပံ့ရေးစနစ်များအတွင်းရှိ အရေးကြီးသောလုစ်ဟာမှုများကိုလည်း ဖော်ပြထားပါသည်။

ဤအစီရင်ခံစာ၏ ရှာဖွေတွေ့ရှိချက်များအရ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများသည် ဆက်လက်ဖြစ်ပွားနေသော ပုံစံတစ်ခုအဖြစ် တွေ့ရှိရပြီး ထိုအကြမ်းဖက်မှုများကို ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော ကြီးလေးသောချိုးဖောက်ကျူးလွန်မှုခြောက်ခုဆိုင်ရာဖွဲ့စည်းတည်ဆောက်မှု၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေများအောက် ပြင်းထန်သောချိုးဖောက်မှုများအဖြစ် သတ်မှတ်နိုင်သည်။ ထို့အပြင် အချို့အခြေအနေများတွင် စစ်ရာဇဝတ်မှု သို့မဟုတ် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည်။ SAC ၏ အကြမ်းဖက်မှုလုပ်ရပ်များကို ရပ်တန့်စေရန်၊ ကလေးများ၏အသက်ဘေးကို ကာကွယ်ရန်၊ ဂုဏ်သိက္ခာနှင့် ကျန်းမာချမ်းသာသုခ ပြန်လည်ရရှိနိုင်ရန်အတွက် ချက်ချင်းအရေးတယူလုပ်ဆောင်ရန် လိုအပ်နေပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးသူငယ်များကို ကာကွယ်ခြင်းသည် ပဋိပက္ခဖြေရှင်းမှုအတွက် ဒုတိယအရေးကြီးရာမဟုတ်ဘဲ ၎င်းသည် အဓိပ္ပါယ်ပြည့်ဝပြီး ထာဝရငြိမ်းချမ်းမှုတည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သော ခြေလှမ်းတစ်ခုဖြစ်ပါသည်။

# နိဒါန်း

ကလေးသူငယ်များသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ၎င်းတို့၏အသိုင်းအဝိုင်းများ၏ အနာဂတ်အတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်သူများဖြစ်ကြပါသည်။ သို့သော် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောတိုက်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် ၎င်းတို့အပေါ် အလွန်အကျွံ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)[1] ၏ အမိန့်ပေးမှုအောက်ရှိ ဗမာစစ်တပ်[2]သည် ရွာသားများ၏ ကြိုးပမ်းအားထုတ်မှုများကို ချေမှုန်းရန် တိုက်ခိုက်မှုများအား ကျယ်ပြန့်စွာ ပြုလုပ်လာခဲ့ပါသည်။ ဤကဲ့သို့သော အရပ်သားများအပေါ် ၎င်းတို့လုပ်ဆောင်လာခဲ့သော ဖိနှိပ်ချုပ်ချယ်မှုများသည် သမိုင်းတစ်လျှောက်တွင် ကာလကြာမြင့်စွာဖြစ်ပေါ်နေခဲ့ပြီးဆက်လက်၍ဖြစ်ပွားလျှက်ရှိနေပါသည်။ ဤအစီရင်ခံစာကာလအတွင်း SAC သည် ရွာသားများအပေါ် ဆန့်ကျင်ကျူးလွန်မှုများကို ပို၍ပြင်းထန်စွာ ဆောင်ရွက်ပြုလုပ်လာခဲ့ကြောင်း KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။ ဤကဲ့သို့သော တိုက်ခိုက်မှုများထဲတွင် လေကြောင်းဖြင့်တိုက်ခိုက်ခြင်း၊ လက်နက်ကြီးရမ်းသမ်း ပစ်ခတ်ခြင်း၊ ကျေးရွာများကိုမီးရှို့ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အတင်းအဓမ္မဖမ်းဆီးခြင်း၊ အတင်းအဓမ္မ ပျောက်ဆုံးစေခြင်း၊ သတ်ဖြတ်ခြင်းများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စသည်တို့ပါဝင်ပါသည်။ ထိုကဲ့သို့သောလုပ်ရပ်များသည် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းကို ဖြစ်ပေါ်လာစေခဲ့ပြီး ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။

၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များမှာ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့် အချိန်အတောအတွင်း အန္တရာယ်များကို ရင်ဆိုင်နေရသောသူ များထဲမှ ကလေးသူငယ်များသည် လူမှုအသိုက်အဝန်းများအပေါ် SAC ၏ တိုက်ရိုက်တိုက်ခိုက်ခြင်းနှင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆောင်ရွက်နေသောကြောင့် အကြမ်းဖက်မှုနှင့် အခွင့်အရေးဆုံးရှုံးမှုများဖြင့် ပိုမိုကြုံတွေ့ နေကြရပါသည်။ ဤတိုက်ခိုက်မှုများသည် ကလေးသူငယ်များကို ထောက်ပံ့ပေးနေသော လူမှုအသိုက်အဝန်းများအဖို့ အန္တရာယ်ဖြစ်စေပါသည်။ မိဘများနှင့် ချစ်ရသောသူများကို သတ်ဖြတ်ခြင်း၊ ဒဏ်ရာရစေခြင်း၊ နေအိမ်များအားဖျက်ဆီးခြင်းနှင့် ကလေးသူငယ်များမှီခိုအားထားနေရသော လူမှုအဖွဲ့အစည်း၏အခြေခံအဆောက်အဦးများအပေါ် အင်အားဆုတ်ယုတ်မှုကို ဖြစ်စေပါသည်။ ၎င်းတို့၏ မိသားစုများနှင့် ကျေးရွာများအပေါ် အန္တရာယ်ရှိသောလုပ် ဆောင်မှုများအပြင် ဗမာစစ်တပ်မှ ကလေးသူငယ်များအား သတ်ဖြတ်ခြင်း၊ ဒဏ်ရာရစေခြင်းအပြင် ၎င်းတို့မှီခိုနေရသောပညာရေး၊ ကျန်းမာရေးနှင့် လူသားချင်းစာနာထောက်ထားမှု ကွန်ယက်များကို တိုက်ခိုက်ဖျက်ဆီးပစ်ခြင်းအားဖြင့် ကလေးသူငယ်များအပေါ် ခြိမ်းခြောက်မှုများ တိုက်ရိုက်ပြုလုပ်ခဲ့ပါသည်။ ဤလုပ်ရပ်များသည် ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာကျန်းမာချမ်းသာသုခကို လုံးဝထိခိုက်စေပါသည်။ နိုင်ငံတကာဥပဒေအောက်တွင် အထူးကာကွယ်မှုများကို အာမခံထားသော်လည်း ဒေသတွင်းသတ်မှတ်ထားသော

1 နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရ၏အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဤအစိုးရအဖွဲ့ကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တပ်မတော်အစိုးရအရာရှိရှစ်ဦးနှင့် အရပ်သားရှစ်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှ မြန်မာနိုင်ငံအစိုးရ၏အကြီးအကဲအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စစ်ဘက်ဆိုင်ရာဝန်ကြီးအဖွဲ့ကိုသော်လည်းကောင်း ဦးစီးဦးဆောင်မှုပြုသည်။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် SAC ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် စစ်အစိုးရက နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကော်မရှင် (SSPC) ဟု အမည်ပြောင်းလဲခဲ့သည်။

2 ဗမာစစ်တပ်၊ ဗမာတပ်မတော်၊ တပ်မတော်နှင့် SAC (နစက/စစ်ကောင်စီ)သည် ဤအစီရင်ခံစာတွင် ဗမာတို့၏ လက်နက်ကိုင်တပ်ဖွဲ့များကိုရည်ညွှန်းရန်အတွက် ဤအစီရင်ခံစာတလျှောက်တွင် အပြန်အလှန်ပြောင်းလဲအသုံးပြုထားသည်။ ရွာသားများကိုယ်တိုင်က ဗမာစစ်တပ်၊ ဗမာစစ်သားများ သို့မဟုတ် အာဏာသိမ်းပြီးနောက် ဗမာစစ်အစိုးရမှ ကိုယ်တိုင်ပြောင်းလဲခေါ်ဆိုခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက - SAC) သုံးနှုန်းခဲ့သည်။

ကရင်ပြည်နယ်[3]ရှိ ကလေးသူငယ်များသည် ၎င်းတို့၏ဖြစ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂုဏ်သိက္ခာတို့အပေါ် ဆက်တိုက်နှင့် တိုက်ရိုက်ခြိမ်းခြောက်မှုအန္တရာယ်များအောက် ဆက်လက်နေထိုင်နေကြရပါသည်။ မြန်မာပြည်ရှိ ပဋိပက္ခကို ဖြေရှင်းရန်အတွက် အဓိပ္ပာယ်ပြည့်ဝသော မည်သည့်ကြိုးပမ်းအားထုတ်မှုမဆိုတွင် တိုက်ရိုက်ပြင်းထန်ပြီး ကလေးသူငယ်များ၏အခွင့်အရေးများကို ကျယ်ပြန့်စွာချိုးဖောက်ကျူးလွန်ခြင်းတို့အား အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကလေးများအား ကာကွယ်ရေး၊ ၎င်းတို့အား ပြုစုစောင့်ရှောက်ရေးနှင့် အသက်ရှင်သန်နိုင်ရေးအတွက် ထောက်ပံ့ပေးနေသောစနစ်များကို အရေးကြီးဦးစားထားရာအဖြစ် သေချာစွာဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဤအစီရင်ခံစာ၌ လက်နက်ကိုင်ပဋိပက္ခနှင့် SAC ၏ ချိုးဖောက်ကျူးလွန်မှုများသည် ကလေးသူငယ်များ၏ လုံခြုံရေး၊ ကိုယ်ရည်ကိုယ်သွေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို မည်သည့်နည်းလမ်းများဖြင့် ချိုးဖောက်နေသည်ကို ဆန်းစစ်ဖော်ပြထားပါသည်။ ကျောင်းများ၊ ဆေးခန်းများနှင့် လူမှုအသိုက်အဝန်းနေရာများကို ဖုံးကြဲခြင်းတို့ကြောင့် ကလေးများသည် ဘေးကင်းလုံခြုံမှုရှိသော ပတ်ဝန်းကျင်များတွင် ပညာရေး၊ ကျန်းမာရေးရရှိရန်နှင့် လေ့လာကစားနိုင်ခွင့် မရရှိကြတော့ပါ။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆိုင်ရာများ ဖျက်ဆီးခံရခြင်း၊ သွားလာခွင့်ပိတ်ပင်ခံရခြင်းနှင့် မကြာခဏနေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းတို့ကြောင့် မိသားစုများသည် အစားအစာ၊ ဆေးဝါးနှင့် နေရာထိုင်ခင်းများကိုရရှိရန်အတွက် အခက်အခဲများကို ရင်ဆိုင်နေရသည်။ ရလာဒ်အနေဖြင့် ကလေးသူငယ်များသည် တည်ငြိမ်အေးချမ်းမှုနှင့် ဘေးကင်းလုံခြုံမှုမရှိသည့် အခြေအနေများအောက် ကြီးပြင်းလာခဲ့ကြရပါသည်။ အချို့သူများသည် ထပ်မံတိုက်ခိုက်ခံရခြင်းမှ ရှောင်ကြဉ်ရန် ကျောင်းမှထွက်ခဲ့ကြရပြီး အချို့သူများမှာ ကာကွယ်နိုင်သည့်ရောဂါများနှင့် အသက်အန္တရာယ်ရှိစေသည့် ဆာလောင်မွတ်သိပ်မှုများကို ရင်ဆိုင်နေရကြသည်။ ထို့အပြင် ၎င်းတို့သည် အရေးတကြီးလိုအပ်နေသော ထောက်ပံ့မှုများကို အနည်းငယ်သာရရှိနေကြပါသည်။ ဤအခြေအနေများကြောင့် မိသားစုဘဝနှင့် လူမှုအသိုက်အဝန်း၏တည်ငြိမ်မှုများ ချို့ယွင်းသွားခဲ့ရပြီး ကလေးသူငယ်များသည် ကြောက်ရွံ့မှု၊ စိတ်ဒဏ်ရာနှင့် မိမိတို့အနာဂတ်အပေါ် မသေချာမှုများဖြင့် ရင်ဆိုင်နေကြရပါသည်။ တစ်ဆက်တည်းတွင် ကလေးသူငယ်များသည် ဗမာစစ်တပ်၏ သတ်ဖြတ်မှုခံရခြင်း၊ ညှဉ်းပမ်းနှိပ်စက်မှုခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံရခြင်း၊ လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် မြေမြှုပ်မိုင်းပေါက်ကွဲ ထိခိုက်ဒဏ်ရာရရှိမှုစသည့်အကြမ်း ဖက်မှုပုံစံများကို တိုက်ရိုက်ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ SAC တပ်ဖွဲ့များမှ အသက်မပြည့်သေးသော ကလေးသူငယ်များကို စစ်တပ်ထဲသို့ အတင်းအဓမ္မစုဆောင်းခေါ်ယူခြင်းသည် ကလေးသူငယ်များကို စစ်ရေးဘက်သို့ ပိုမိုဆွဲဆောင်သွားစေပြီး ပြင်းထန်သောအန္တရာယ်များနှင့် ရင်ဆိုင်နေရစေသည်။ အခြားလက်နက်ကိုင်တပ်ဖွဲ့များဖြစ်သော ကရင်အမျိုးသားအစည်းအရုံး (KNU)[4] လက်အောက်ရှိ ကရင်အမျိုးသား

---

[3] ဒေသတွင်းသတ်မှတ်ထားသည့်ကရင်ပြည်နယ်တွင် အောက်ပါနေရာဒေသများဖြစ်သည့် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၏အစိတ်အပိုင်းများပါဝင်သည်။ ကရင်ပြည်နယ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး တိုင်းရင်းသားကရင်လူမျိုးများ အဓိကအားဖြင့် မှီတင်းနေထိုင်ကြသည်။ ကရင်လူမျိုးအများစုသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသအများစုတွင် အခြားတိုင်းရင်းသားများဖြစ်သည့် ဗမာ၊ ရှမ်း၊ မွန်၊ ပအိုဝ်အပါအဝင် တိုင်းရင်းသားလူမျိုးစုများနှင့်အတူ နေထိုင်ခဲ့ကြသည်။

[4] ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ - KNU) သည် အဓိက ကရင်နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ ၎င်းအား ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်မှစတင်၍ ဗမာအစိုးရနှင့် ပဋိပက္ခပဲလိုခဲ့သည်။ KNU သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရာဒေသကြီးများတွင် အာဏာစွဲကိုင်နိုင်ခဲ့ပြီး ၁၉၇၆ ခုနှစ်မှစတင်၍ ဒီမိုကရေစီဖက်ဒရယ်စနစ်တည်ဆောက်ရေးအတွက် တောင်းဆိုခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်အား လက်မှတ်ထိုးခဲ့သော်လည်း ၂၀၂၁ ခုနှစ် မြန်မာ့တပ်မတော်မှ အာဏာသိမ်းပြီးနောက် KNU သည် NCA ပျက်ပြယ်သွားပြီဟု တရားဝင်ထုတ်ပြန်ခဲ့သည်။

လွတ်မြောက်ရေးတပ်မတော် (KNLA)[5] နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)[6] များသည်လည်း ဖမ်းဆီးခြင်း၊ မြေမြှုပ်မိုင်းများထောင်ခြင်း သို့မဟုတ် လူငယ်များကိုစစ်သားစုဆောင်း ခေါ်ယူခြင်းစသည့် ချိုးဖောက်မှုအချို့ကို ကျူးလွန်နေကြသည်ဟု တင်ပြသည့် အချက်အလက်များရှိနေပြီး ၎င်းတို့၏ကျူးလွန်သည့်အတိုင်းအတာသည် အလွန်နည်းပါးလှပါသည်။

ရှိနှင့်ပြီးသားအခက်အခဲများကို ပိုမိုဆိုးရွားစေသည့်အရာတစ်ခုမှာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီ သယ်ယူပို့ဆောင်ခြင်းကို SAC မှ ကန့်သတ်တားမြစ်ထားခြင်းကြောင့် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်ရှင်သန်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများ အထူးဖြင့် အစားအစာ၊ ဆေးဝါးများနှင့် ကျောင်းသုံးပစ္စည်းများ ရရှိနိုင်မှုမရှိကြတော့ပါ။ ရလာဒ်အနေဖြင့် ကလေးသူငယ်များသည် အန္တရာယ်ရှိသောအခြေအနေဖြင့် ပို၍ရင်ဆိုင်ကြရပြီး ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါသည်။ အဓိကကူညီထောက်ပံ့မှုပေးသူများအဖြစ် ဆက်လက်ဆောင်ရွက်နေသည့် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများသည် SAC စစ်တပ်၏လက်အောက်ရှိ ဆိုးရွားသောစိန်ခေါ်မှုများဖြစ်သည့် စစ်ဆေးရေးဂိတ်များ၌ နှောက်ယှက်မှုခံရခြင်းနှင့် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်များကို အမြဲတစေရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ၎င်းတို့ဆောင်ရွက်နေသည့်ကူညီ ထောက်ပံ့မှုများ ဆက်လက်တည်မြဲစွာရှိနေရန် နိုင်ငံတကာတာဝန်ရှိပုဂ္ဂိုလ်များထံမှ ပို၍အားကောင်းသော ထောက်ပံ့မှုကို လိုအပ်နေပါသည်။

ဤတိုက်ခိုက်မှုများကို ကြုံတွေ့နေရသော်လည်း ကလေးသူငယ်များနှင့် ၎င်းတို့၏လူမှုအသိုက်အဝန်းများသည် ထူးခြားပေါ်လွင်သော ကြံ့ကြံ့ခံနိုင်စွမ်းကို ဆက်လက်တင်ပြကြပါသည်။ ရွာသားများသည် လျှို့ဝှက်ကျောင်းများနှင့်ပြောင်းရွှေ့ဆေးခန်းများကို စီမံခန့်ခွဲကြပြီး ရှားပါးသောအရင်းအမြစ်များရှိလျှင့်ကစား အဆိုပါအရင်းအမြစ်များကိုမျှဝေကာ အပြန်အလှန်ထောက်ပံ့မှုများ ပေးခဲ့ကြပါသည်။ ကလေးသူငယ်များသည် အကြမ်းဖက်မှုကင်းဝေးသောအနာဂတ်တစ်ခုအတွက် ဆက်လက်အိပ်မက်မက်နေကြပြီး ထိုအနာဂတ်တွင် ၎င်းတို့အနေဖြင့် ပညာသင်ကြားနိုင်ခြင်း၊ ကစားနိုင်ခြင်းနှင့် ဘေးကင်းလုံခြုံမှုရှိစွာ ကြီးပြင်းနိုင်ခြင်းစသည်တို့ ပါဝင်ပါသည်။ ဖြစ်ရပ်မှန်များကို မှတ်တမ်းပြုစုခြင်းအားဖြင့် ဤအစီရင်ခံစာတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးသူငယ်များအပေါ် SAC ၏ဆက်လက်ကျူးလွန်နေသော အကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခတို့၏ ဆိုးကျိုးသက်ရောက်မှုများကို ဖော်ပြထားသည့်အပြင် အန္တရာယ်အလွန်များသောအခြေအနေများကြားတွင်ရှိသည့်တိုင် ၎င်းတို့ကိုကာကွယ်ရန် လူမှုအသိုက်အဝန်းများ၏ စိတ်ပိုင်းဖြတ်မှုကိုလည်း ဖော်ပြထားပါသည်။ သက်သေခံချက်များအားလုံးတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များသည် ချိုးဖောက်ကျူးလွန်မှုနှင့် အခြေခံလိုအပ်ချက်ချို့တဲ့မှုများအား မည်ကဲ့သို့ ကြုံတွေ့နားလည်သည့်အပေါ် အခြေအမြစ်ရှိသည့် သဘောထားတစ်ခုကိုဖော်ပြထားပါသည်။

ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ပထမနှစ်ဝက်အတွင်း ကလေးသူငယ်များအား ထိခိုက်နစ်နာစေသောပြဿနာများနှင့် ၎င်းတို့၏အတွေ့အကြုံများကို နားလည်သဘောပေါက်နိုင်ရန်အတွက် မိတ်ဆက်တင်ပြထားပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးသူငယ်များအတွက် အခြေခံအခွင့်အရေးများကို ရရှိနိုင်စေရန် လိုအပ်သောအဆင့်များအကြောင်းကို နိုင်ငံတကာတာဝန်ရှိ ပုဂ္ဂိုလ်များသိရှိနိုင်ရန် အထောက်အကူဖြစ်စေပါသည်။ ကလေးသူငယ်များနှင့် ၎င်းတို့၏လူမှုအသိုက်အဝန်းများ၏အသံများကို ပိုမိုပေါ်လွင်အောင် ဖော်ပြခြင်းအားဖြင့် ဤအစီ

5 ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

6 ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) သည် လက်နက်ကိုင်တောင်လှန်ရေးတစ်ခုဖြစ်ပြီး နိုင်ငံအနှံ့အပြားတွင် လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ထားသည့် ဒေသခံပြည်သူ့စစ်များဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းခြင်းနှင့် စစ်အာဏာရှင်၏ဆက်တိုက်ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်လုပ်ရပ်များကြောင့် ထိုအဖွဲ့၏အများစုသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဟုအခိုင်အမာဆိုထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စတင်ပူးပေါင်းဆောင်ရွက်လာကြပြီး ၂၀၂၁ ခုနှစ်၊ မေလ (၅) ရက်နေ့တွင် NUG မှ အနာဂတ်ဖက်ဒရယ်အတွက်ရှေးရှုရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) များအား တရားဝင်သတ်မှတ်ပေးခဲ့သည်။

ရင်ခံစာသည် ၎င်းတို့ကြုံတွေ့နေရသည့် အန္တရာယ်များကို မှတ်တမ်းတင်ဖော်ပြ သည့်အပြင် ဘေးကင်းလုံခြုံသော အနာဂတ်တစ်ခုအတွက် ၎င်းတို့၏ တောင်းဆိုချက်များနှင့် မျှော်မှန်းချက်များကိုလည်း အလေးပေးဖော်ပြထား ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိကလေးသူငယ်များကို အကာအကွယ်ပေးခြင်းသည် ပဋိပက္ခဖြေရှင်းရေး အတွက် ဒုတိယအရေးကြီးရာမဟုတ်ဘဲ စစ်မှန်၍ အဓိပ္ပယ်ပြည့်ဝသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတစ်ရပ် ဆီသို့ရောက်ရှိနိုင်ရန် လိုအပ်သောအဆင့်တစ်ခုဖြစ်သည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဗမာစစ်တပ်၏ စစ်ရေးတိုက်ခိုက်မှုများကြောင့် ကလေးသူငယ်များ ပဋိပက္ခဒဏ်ကို အများဆုံးခံစားရသည့်အဖွဲ့ ဖြစ်လာခဲ့ပါသည်။ SAC မှ ကျေးရွာများကို တိုက်ရိုက်နှင့် ခွဲခြားမှုမရှိ ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ကလေးသူငယ်များသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ မကြာခဏဖြစ်ပေါ်လာပြီး ကလေးသူငယ်များ၏ အသက်ရှင်သန်ရေးအတွက် ၎င်းတို့အားကိုးနေသော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစနစ်များ ပျက်စီးခြင်း သို့မဟုတ် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း KHRG အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ သတ်မှတ်ထားသည့် ကလေးသူငယ်များအပေါ် ကြီးလေးသောချိုးဖောက်မှု ခြောက်ခုအတွင်း အကျုံးဝင်သော အကြမ်းဖက်ကျူးလွန်မှုများကို မကြာခဏပြုလုပ်လေ့ရှိကြောင်း မှတ်တမ်းပြုစုခဲ့ပြီး ထိုအကြမ်းဖက်ကျူးလွန်မှုအများစုကို ဗမာစစ်တပ်မှ အဓိကကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။ SAC ၏ မကြာခဏပြုလုပ်သော အကြမ်းဖက်မှုများသည် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေများကိုလည်း ချိုးဖောက်နေပြီး ၎င်းတို့ကို စစ်ရာဇဝတ်မှုများ သို့မဟုတ် လူသားမျိုးနွယ်ဆန့်ကျင်သောရာဇဝတ်မှုများအဖြစ် သတ်မှတ်နိုင်ပါသည်။

အထူးသဖြင့် SAC မှ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများအသုံးပြုခြင်းဖြင့် ကျောင်းများကို ပစ်မှတ်ထားတိုက်ခဲ့သောကြောင့် ကျောင်းသားများ၏ပညာရေးသင်ယူခွင့်ကို ပြင်းထန်စွာ အကန့်အသတ်ဖြစ်စေခဲ့ပါသည်။ ထိုတိုက်ခိုက်မှုများကြောင့် ကလေးများသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ပြီး ကျောင်းအဆောက်အဦးများနှင့် ပစ္စည်းကိရိယာများပျက်စီးသွားကာ ကျောင်းထွက်သူများ၏ အချိုးအစားမြင့်တက်လာခဲ့သည်။ SAC ၏ တိုက်ခိုက်မှုခံရသောကျောင်းများသည် ဒေသခံရွာသားများ သို့မဟုတ် ကရင်အုပ်ချုပ်ရေးမှ အဓိကတာဝန်ယူဆောင်ရွက်သောကျောင်းများဖြစ်သည်။ ထို့အပြင် တိုက်ခိုက်မှုများနှင့် ပဋိပက္ခများကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်နေရမှုများနှင့် ဆင်းရဲမွဲတေမှုများတိုးလာခြင်းကြောင့် ကလေးသူငယ်များ၏ပညာရေးသင်ယူခွင့်ကို အဟန့်အတားဖြစ်စေခဲ့ပါသည်။

ထိုနည်းတူ SAC ၏ စစ်ရေးတိုက်ခိုက်မှုများသည် ကလေးသူငယ်များ၏ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အခြေခံအသက်ရှင်သန်ရန် လိုအပ်ရာများအပေါ် ဆိုးရွားစွာထိခိုက်စေခဲ့ပါသည်။ SAC မှ ကျေးရွာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အဆောက်အဦးများကို တိုက်ခိုက်ခြင်း၊ စစ်ဆေးရေးဂိတ်များနှင့် ခရီးသွားလာမှုကန့်သတ်မှုများအပြင် SAC စီမံအုပ်ချုပ်သောကျန်းမာရေးစောင့်ရှောက်ကုသမှုစရိတ် မြင့်မားသောကြောင့် ၂၀၂၄ မှ ၂၀၂၅ အတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးများအကြား ကာကွယ်နိုင်သောရောဂါများနှင့် သေဆုံးမှုများ မြင့်တက်လာခဲ့သည်။ ထိုတိုက်ခိုက်မှုများသည် အစားအစာမလုံလောက်မှုကို မြင့်တက်စေပြီး ကလေးများကို ဘေးကင်းလုံခြုံမှုမရှိသောနှင့် သန့်ရှင်းမှုမရှိသော နေထိုင်မှုအခြေအနေများတွင်ရှိနေစေကာ အရေးပါသည့် ဆေးခန်းများ၊ ဆေးဝါးများနှင့် ကာကွယ်ဆေးထိုးခြင်းများကို ရရှိခွင့်ဖြတ်တောက်စေပြီး မျိုးပွားကျန်းမာရေးကာကွယ်မှုရရှိခွင့်ကိုလည်း အကန့်အသတ်ဖြစ်စေခဲ့ပါသည်။

SAC ၏ ကျေးရွာများအပေါ် တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာလူမှုကျန်းမာရေးအတွက် ကြီးမားသော ဆိုးကျိုးသက်ရောက်မှုရှိလာခဲ့ပါသည်။ ကလေးသူငယ်များသည် အကြမ်းဖက်မှုများကို မျက်မြင်ကိုယ်တွေ့ခဲ့ကြရပြီး ချစ်ရသောမိသားစုဝင်များ ဒဏ်ရာရသေဆုံးခြင်း၊ ၎င်းတို့မိသားစုဘဝ၏တည်ငြိမ်မှုပျက်စီးသွားခြင်း၊ ၎င်းတို့၏နေအိမ်များဆုံးရှုံးသွားရခဲ့ရခြင်းနှင့် စောင့်ရှောက်မှုရရှိခွင့်မရှိခြင်း စသည်တို့နှင့်ကြုံတွေ့နေကြရပါသည်။ တိုက်ခိုက်မှုများဖြစ်ပွားနိုင်သော အန္တရာယ်ကြောင့်လည်း ကလေးသူငယ်များသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီကကဲ့သို့ ကစားခြင်း၊ ပညာရေးရယူခြင်းနှင့် လူမှုဆိုင်ရာပွဲများသို့ တက်ရောက်ခြင်းများပြုရန် အတားအဆီးဖြစ်စေခဲ့ပါသည်။ တိုက်ခိုက်မှုများကြောင့် ဆင်းရဲမွဲတေမှု၊ နေရပ်ရွှေ့ပြောင်းနေထိုင်နေရမှုအပြင် ကလေးသူငယ်များအကြား မူးယစ်ဆေးဝါးအသုံးပြုမှုများ များပြားလာခဲ့

ပါသည်။ ဤကဲ့သို့သောအတွေ့အကြုံများကြောင့် ကလေးသူငယ်များစွာသည် အလွန်အမင်းကြောက်ရွံ့မှု၊ စိုးရိမ်မှု အပြင် အိပ်မပျော်ခြင်း၊ အမျက်ဒေါသထွက်ခြင်း သို့မဟုတ် စိတ်ပင်ပန်းမှုများကို ခံစားနေကြရပါသည်။

တစ်ချိန်တည်းတွင် အစိုးရင်ခံစာတင်ပြသည့်ကာလအတွင်း SAC ၏ တိုက်ခိုက်မှုများနှင့် အကြမ်းဖက်မှုများကြောင့် ကလေးသူငယ်ရာနှင့်ချီစွာ ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ထဲတွင် ထာဝရမသန်မစွမ်းဖြစ်သွားကြသူများ၊ စိတ်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများပါဝင်သည်။ ထိုတိုက်ခိုက်မှုများတွင် လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ သေနတ်ဖြင့်ပစ်ခတ်မှုများနှင့် မြေမြှုပ်မိုင်းများပေါက်ကွဲမှုပါဝင်ပြီး ၎င်းတို့သည် အိမ်များ၊ ကျောင်းများ၊ ကျေးရွာများ၊ လယ်ယာများနှင့် ဘုရားရှိခိုးရာနေရာများတွင် ဖြစ်ပွားခဲ့သည်။ SAC မှ အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အတင်းအဓမ္မပျောက်ဆုံးစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများနှင့် ကလေးသူငယ်များကို အတင်းအဓမ္မစစ်သား စုဆောင်းခေါ်ယူခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။ ထို့အပြင် KNLA အပါအဝင် တခြားလက်နက်ကိုင်အဖွဲ့များမှလည်း အစီရင်ခံစာတင်ပြသည့် ကာလအတွင်း အသက်မပြည့်သေးသော ကလေးသူငယ်များကို စစ်သားအဖြစ် စုဆောင်းခေါ်ယူခဲ့ကြသည်။

ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများသည် ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် မရပ်မနားကြိုးစားဆောင်ရွက်နေသော်လည်း SAC ၏ ဆက်တိုက်တိုက်ခိုက်မှု အန္တရာယ်များနှင့် ငွေကြေးထောက်ပံ့မှုအကန့်အသတ်သာရှိခြင်းတို့ကြောင့် မိခင်များနှင့် ကလေးများသည် အသက်ရှင်သန်ရန်အတွက် လိုအပ်သောအထောက်အပံ့များမရှိ ဖြစ်နေခဲ့ကြပါသည်။ ထို့အပြင် SAC မှ လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်သူများကိုလည်း ခြိမ်းခြောက်မှုပြုလုပ်ခဲ့ခြင်းတို့ကြောင့် ဝေးလံခေါင်ဖျားသည့်ဒေသ၌ရှိသော အထူးအကူအညီလိုအပ်နေသူများထံသို့ အကူအညီရောက်ရှိရန် ကြီးမားသည့်အခက်အခဲကို ဖြစ်ပေါ်စေခဲ့ပါသည်။

ဤအခြေအနေများအောက်တွင် ရွာသားများသည် ၎င်းတို့၏အသိုင်းအဝိုင်းအတွင်းရှိ ကလေးသူငယ်များကို ကာကွယ်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို ဆက်လက်ရရှိနိုင်ရေးအတွက် နည်းလမ်းအမျိုး အမျိုးတို့ကို ဆက်လက်အသုံးပြုနေကြပါသည်။ ၎င်းတို့မှ ကျောင်းများနှင့်ဆေးခန်းများကို ပြောင်းရွှေ့ခြင်း၊ ဗုံးခိုကျင်းများတူးခြင်း၊ ဆရာ/ဆရာမများအားထောက်ပံ့ရန်နည်းလမ်းရှာခြင်း၊ ဒဏ်ရာရရှိသောကလေးများကို နယ်စပ်ရှိ ဝန်ဆောင်မှုများရယူနိုင်ရန် သယ်ယူပို့ဆောင်ခြင်း၊ ကလေးများကိုအားပေးခြင်းနှင့် ဘေးကင်းလုံခြုံ သောနေရာများတွင် လူစုလူဝေးများ ကျင်းပခြင်းစသည့်နည်းလမ်းများကို အသုံးပြုနေကြပါသည်။

# အကြံပြုချက်များ

***ကမ္ဘာ့ကုလသမဂ္ဂ၊ အလှူရှင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ -***

- မြန်မာနိုင်ငံနှင့် ပတ်သက်ဆက်ဆံမှုများအားလုံးတွင် ကလေးသူငယ်များအခြေပြု ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ကို ဦးစားပေးဆောင်ရွက်ရန်။ ထို့အပြင် အာဏာသိမ်းစစ်တပ် သို့မဟုတ် ၎င်း၏နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းများကို တရားဝင်အသိအမှတ်ပြုခြင်းမှ ပြတ်သားစွာ ရှောင်ကြဉ်ရန်။
- အရပ်သားများ အထူးသဖြင့် ကလေးသူငယ်များကို တိုက်ခိုက်နိုင်သော အာဏာသိမ်းစစ်တပ်၏ စွမ်းအား လျော့နည်းသွားစေရန် လက်နက်နှင့်လေယာဉ်ဆီများအပေါ် လုံးဝတားမြစ်မှုများနှင့် ထိရောက်ပြီးဦးတည်မှု ရှိသော ပူးပေါင်းအရေးယူမှုများကို အာဏာသိမ်းစစ်တပ်နှင့် ၎င်းနှင့်ဆက်နွယ် ပတ်သက်သူများအပေါ် ဆောင်ရွက်ရန်။
- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပမည့် ဒီမိုကရေစီနည်းလမ်းမကျသော ရွေးကောက်ပွဲများကို အများပြည်သူရှေ့တွင် ပူးပေါင်းရှုတ်ချကြောင်း ထုတ်ဖော်ကြေညာရန်။ ထိုရွေးကောက်ပွဲများသည် အာဏာသိမ်းစစ်တပ်၏ တရားမဝင်အုပ်ချုပ်မှုကို တည်မြဲစေလိုသော ရည်ရွယ်ချက်သာဖြစ်ပြီး ပြည်သူများ၏ သဘောဆန္ဒမပါဝင်ကြောင်း အလေးပေးဖော်ပြရန်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း စစ်မှန်သောဒီမိုကရေစီကိုသာ ထောက်ခံကြောင်း ထပ်မံအတည်ပြုရန်။
- မြန်မာနိုင်ငံအတွက် ချိန်ဆညှိ၍ရနိုင်သော ငွေကြေးထောက်ပံ့မှုကို ထိန်းသိမ်းပြီး အရေးပေါ်အနေဖြင့် တိုးမြှင့်ပေးရန်။ ဖြစ်ပေါ်နေသော လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းအပေါ် ဆင်ခြင်သုံးသပ်ခြင်းအားဖြင့် ပဋိပက္ခကြောင့် ဆိုးကျိုးသက်ရောက်မှုကြုံတွေ့ရသူများ၊ ထွက်ပြေးတိမ်းရှောင် နေကြရသူများ အထူးသဖြင့် ကလေးသူငယ်များအတွက် လိုအပ်သောကာကွယ်မှု၊ ဝန်ဆောင်မှုများနှင့် အသက်ကယ်ဆယ်ရေး အထောက်အပံ့များရရှိကြောင်း သေချာစေရန်။
- ပဋိပက္ခဒဏ်ခံစားနေရသူများနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ကလေးသူငယ်များအတွက် နယ်စပ်ဖြတ်ကျော်နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှ ဦးစီး စီစဉ်ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှု များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ အစာအာဟာရ၊ နေရာထိုင်ခင်းနှင့် စိတ်ကျန်းမာရေးအစီအစဉ်များအတွက် ရေရှည်ထောက်ပံ့မှုကို ဦးစားပေးဆောင်ရွက်ရန်။
- ကလေးသူငယ်များအတွက် အမှန်တကယ် အကျိုးကျေးဇူးများ ရရှိနိုင်မှုအပေါ် အကူအညီများနှင့် သံတမန်ဆိုင်ရာဆက်ဆံရေးများကို အခြေခံရန်နှင့် ထောက်ပံ့မှုများကို အာဏာသိမ်းစစ်တပ်ထံသို့ ရောက်ရှိခြင်းမရှိရန် သေချာစွာဆောင်ရွက်ပြီး တာဝန်ယူမှုတာဝန်ခံမှုအတွက် အာမခံပေးခြင်းနှင့် အကျိုးအမြတ်အဖြစ် အသုံးချခြင်းနှင့် အန္တရာယ်ကာကွယ်နိုင်ရေးကို အာမခံရန်။
- စာသင်ကျောင်းများနှင့် ဆေးခန်းများပေါ် တိုက်ခိုက်ခြင်း ကလေးစစ်သားခေါ်ယူစုဆောင်းခြင်း၊ ကူညီထောက်ပံ့မှုများကို ငြင်းပယ်ခြင်းအပါအဝင် ကလေးသူငယ်များအပေါ် ပြင်းထန်သောချိုးဖောက်ကျူးလွန်မှုများကို စောင့်ကြည့်ပြီး အများပြည်သူထံသို့တင်ပြနိုင်ရန် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- အာဏာသိမ်းစစ်တပ်၏ အတင်းအဓမ္မစစ်သားစုဆောင်းမှုများနှင့် လူအစုလိုက်အပြုံလိုက် နေရပ်ရွှေ့ပြောင်းနေထိုင်နေမှုများကို ပြန်လည်ပို့ဆောင်ခြင်းမပြုရန်မူဝါဒကို တင်းကျပ်စွာလိုက်နာဆောင်ရွက်ရန်နှင့် ပဋိပက္ခကြောင့်ထွက်ပြေးတိမ်းရှောင်နေရသောကလေးသူငယ်များနှင့် မိသားစုများအတွက် ကာကွယ်ပေးကြောင်း သေချာစေရန်။
- ဒုက္ခသည်များနှင့် ထွက်ပြေးတိမ်းရှောင်နေသော ကလေးသူငယ်များအား နိုင်ငံမဲ့ခြင်းနှင့် အသိအမှတ်ပြုမခံရခြင်းတို့မှ တားဆီးကာကွယ်နိုင်ရန် ပညာရေးရရှိနိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ခွင့်နှင့် မွေးစရင်းမှတ်ပုံတင်ခွင့် ရရှိနိုင်ခြင်းတို့အတွက် အာမခံပေးရန်။
- နိုင်ငံတကာတရားစီရင်ရေးစနစ်များ၊ နိုင်ငံတာကာတရားစွဲခွင့်နှင့် ကလေးသူငယ်များအပေါ် ထိခိုက်မှုများ

ကို စုံစမ်းစစ်ဆေးနိုင်သော လုပ်ငန်းစဉ်များအားဖြင့် တာဝန်ယူမှုတာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ထောက်ပံ့ရန်။

- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လူ့အခွင့်ရေးချိုးဖောက်ကျူးလွန်မှုအခြေအနေအား နိုင်ငံတာရာဇဝတ်တရားရုံး (ICC) အပိုဒ် ၁၃ (က) အောက် အရေးတယူဆောင်ရွက်ရန်၊ အပိုဒ် ၁၃ (ခ) အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လွှဲပြောင်းညွှန်ပြနိုင်ရေးအတွက် သံတမန်ဆိုင်ရာဖိအားပေး ဆောင်ရွက်ရန်နှင့် ကလေးသူငယ်များအပေါ် ထိခိုက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ သက်သေအထောက် အထားများစုဆောင်းခြင်း၊ သက်သေများအားကာကွယ်ခြင်းနှင့် ကျူးလွန်ခံရသူများ၏ အခိုပွယ်ပြည့်ဝသောပါဝင်ခြင်းတို့အတွက် နိုင်ငံရေးနှင့် ငွေကြေးအရ အထောက်အပံ့များပေးရန်။

***နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) အပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေး ဆောင်ရွက်နေသူများထံသို့ -***

- မရှိမဖြစ်လိုအပ်သော ကျန်းမာရေး၊ အစာအာဟာရနှင့် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများကို နယ်စပ်ဖြတ်ကျော်ပို့ဆောင်ခြင်းနှင့် ရွှေ့ပြောင်းပို့ဆောင်ခြင်းဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံများအားလုံးထံသို့ ရောက်ရှိစေရန် ကူညီဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများအတွက် ရရှိနိုင်သောထောက်ပံ့မှုများကို တိုးချဲ့ပေးရန်။
- စာသင်ကျောင်းအဆောက်အဦးများ ပြန်လည်တည်ဆောက်ခြင်းနှင့် သင်ကြားရေးပစ္စည်းများပေးခြင်း တို့ကို အဓိကထားဆောင်ရွက်ခြင်းအားဖြင့် အရေးပေါ်အခြေအနေများအတွင်း ပညာရေးကိုထောက်ပံ့မှုတိုးမြှင့်ပေးရန်နှင့် ပဋိပက္ခနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်နေရခြင်းရှိနေသော်လည်း ကလေးသူငယ်များ ပညာဆက်လက်ဆည်းပူးနိုင်ရန်အတွက် ပညာသင်ဆုများပေးအပ်ရန်။
- ဆယ်ကျော်သက်အရွယ်ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကာကွယ်ပေးရေးများကို စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ အသိပညာပေးသည့်ချဉ်းကပ်မှုမှတစ်ဆင့် အရေးတကြီးကိုင်တွယ်ဆောင်ရွက်ပေးရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စိတ်ဒဏ်ရာများကို ကြုံတွေ့ခံစားရသောကလေးများ ပို၍ကောင်းမွန်သောကူညီပံ့ပိုးမှုများရရှိရန်အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်နေသောဒေသခံလူထုအဖွဲ့အစည်းများနှင့် အရေးပေါ်ကူညီဆောင်ရွက်ပေးနေသူများ၏စွမ်းဆောင်ရည်များအားမြင့်တင်ရန် လိုအပ်သောရန်ပုံငွေများ တိုးမြင့်ပေးရန်။
- ထိုင်းနိုင်ငံအခြေစိုက်သည့် ကလေးအခွင့်အရေးလှုပ်ရှားသူများအပါအဝင် အထူးသဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းမှ နေရပ်စွန့်ခွာရသော ကလေးသူငယ်များနှင့် ပြည်သူလူထုများ မှီခိုအားထားရသည့် နယ်စပ်ဒေသရှိစာသင်ကျောင်းများနှင့် ဆေးပေးခန်းများကို ကူညီထောက်ပံ့မှုများပေးရန်။

***နိုင်ငံတကာ တရားစီရင်ရေးယန္တရားများနှင့် အမျိုးသားရှေ့နေများအပါအဝင် သက်ဆိုင်ရာတာဝန်ခံ၊ တာဝန်ရှိသူ များထံသို့ -***

- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကလေးအခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ သက်သေအထောက်အထားများကို မှတ်တမ်းပြုစုပြီး ကာကွယ်ပေးနေသော ဒေသခံမိတ်ဖက်အဖွဲ့အစည်းများကို ပံ့ပိုးပေးခြင်းဖြင့် တာဝန်ခံမှုရှိသောယန္တရားများကို ပိုမိုအားကောင်းလာစေရန်။
- ပြစ်ဒဏ်ကင်းလွတ်ခွင့်အား တားဆီးရန်အတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်နေသော မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များအားလုံးကို တာဝန်ခံမှုရှိစေရန်နှင့် စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်နေစဉ်တွင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့် ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေး စံချိန်၊ စံနှုန်းများအား အကောင်အထည်ဖော်ဆောင်နေသော KNU အတွက် စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ၎င်းတို့၏လုပ်ငန်းများကို လွတ်လပ်စွာလေ့လာစောင့်ကြည့်နေသည့် ယန္တရားများကို ကူညီပံ့ပိုးပေးရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားနေသောရာဇဝတ်မှုများကို နိုင်ငံတကာစုံစမ်းစစ်ဆေးမှုများအတွင်း ပါဝင်လာစေရန်အတွက် စုံစမ်းစစ်ဆေးမှုနယ်ပယ်အား ကျယ်ပြန့်အောင်လုပ်ဆောင်ရန်နှင့် ထိခိုက်နစ်နာရ

သောတိုင်းရင်းသားလူထုများအားလုံးပါဝင်ခြင်းနှင့် ၎င်းတို့အားအပြည့်အဝအသိအမှတ်ပြု၍ အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးနှင့်အခြားတည်ရှိနေသော တရားဥပဒေလမ်းကြောင်းများမှတစ်ဆင့် တာဝန်ခံ၊ တာဝန်ယူမှုရှိစေအောင် ဖော်ဆောင်ပေးရန်။

- စုံစမ်းစစ်ဆေးမှုများနှင့် တရားဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် ကလေးသူငယ်များအပေါ် အလေးထားမှုရှိစေရန်၊ အသက်ရှင်ကျန်ရစ်သူများ၏ဘေးကင်းလုံခြုံရေး၊ ၎င်းတို့၏ဂုဏ်သိက္ခာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုကာကွယ်ရန်အတွက် သေချာလုပ်ဆောင်ပေးရန်။
- ထိခိုက်နစ်နာရသောကလေးများနှင့် မိသားစုဝင်များအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုနှင့် စားဝတ်နေရေးများအား လက်လှမ်းမီရရှိရန် ဆောင်ရွက်ပေးရာတွင် ဒေသခံအရပ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးမူဝါဒများကို ရေးဆွဲချမှတ်ရန်။

### *လူထုအခြေပြုအဖွဲ့အစည်းများ (CBO) နှင့် တိုင်းရင်းသားဝန်ဆောင်မှုပေးသူများထံသို့ -*

- နည်းပညာပံ့ပိုးမှု၊ အသိပညာပေးသင်တန်းများ၊ အမှုဖြစ်စဉ်များအား မှန်ကန်တိကျစွာ လွှဲပြောင်းသည့် လမ်းကြောင်းများမှတစ်ဆင့် လူထုအပေါ်အခြေပြု၍ ကလေးသူငယ်များအား ကာကွယ်ပေးသည့် ကွန်ရက်များအားကောင်းလာစေရန်နှင့် စောင့်ကြည့်လေ့လာခြင်းနှင့်တာဝန်ခံမှုယန္တရားများ ခိုင်မာလာစေရန်။
- ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်ရှိ ခရိုင်များအားလုံးတွင်နေထိုင်ကြသော ထိခိုက်နစ်နာရသည့်ကလေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လှုပ်ရှားနေသော မတူကွဲပြားသည့်ဝန်ဆောင်မှုပေးသူများအကြား ညှိနှိုင်းဆောင်ရွက်ပူးပေါင်းမှုများကို ဆက်လက်မြှင့်တင်ရန်။

### *ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ခေါင်းဆောင်များသို့ -*

- ကလေးစစ်သားများ စုဆောင်းခြင်းနှင့်အသုံးပြုခြင်းကို အဆုံးသတ်ပေးနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်မူဝါဒများ အားကောင်းလာအောင်လုပ်ဆောင်ပေးရန်နှင့် ကလေးစစ်သားများအနေဖြင့် ၎င်းတို့၏တပ်ရင်း၊ တပ်ဖွဲ့မှ နုတ်ထွက်ခိုင်းစေခြင်း၊ လွှတ်ပေးစေခြင်း၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းရေးအတွက် ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသောလုပ်ငန်းစဉ်များ သေချာစွာဆောင်ရွက်ပေးရန်။
- ကလေးများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးနေသော ဒေသခံအဖွဲ့အစည်းများနှင့် လူထုများကိုဘေးကင်းလုံခြုံမှုပေး၍ အတားအဆီးမရှိဘဲ ဝင်ရောက်ခွင့်ပေးရန်၊ အကူအညီလိုအပ်နေသူများထံသို့ ကူညီထောက်ပံ့မှုများရောက်ရှိအောင် သေချာဆောင်ရွက်ပေးရန်နှင့် ကလေးများ ကို ဗဟိုပြုထား၍ ဆေးဖက်ဆိုင်ရာဝန်ဆောင်မှု၊ အာဟာရရရှိရေးနှင့်ပညာရေးဝန်ဆောင်မှုများကို ဦးစားပေးရန်။
- နိုင်ငံရေး၊ စစ်ရေး သို့မဟုတ် အခြားသောအရေးများအားလုံးထက် ကလေးများအတွက် အကောင်းဆုံးဖြစ်စေသောအကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ရန်။
- လက်နက်ကိုင်တပ်ဖွဲ့များအားလုံးအနေဖြင့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘာသာရေးဆိုင်ရာနေရာများနှင့်အခြားသောရပ်ရွာအဆောက်အဦးများကို စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းအားရှောင်ကျဉ်ရန်အတွက် တင်းတင်းကြပ်ကြပ် သေချာဆောင်ရွက်ပေးရန်။
- လွတ်လပ်စွာကစားခွင့်၊ အနားယူခွင့်၊ ပညာသင်ကြားခွင့်နှင့် ဘေးကင်းလုံခြုံသော လူမှုဘဝပိုင်ဆိုင်ခွင့် အစရှိသောကလေးသူငယ်များ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပြီး မြှင့်တင်ပေးရန်၊ ၎င်းအပြင် ဥပဒေမူဝါဒများရေးဆွဲရာတွင်ဖြစ်စေ၊ ရန်ပုံငွေနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံဆောင်ရွက် ရာတွင်ဖြစ်စေ ကလေးများ၏အခွင့်အရေးများကို ဦးစားပေး၍ ထည့်သွင်းစဉ်းစားပေးရန်။

## အစီရင်ခံစာပြုစုပုံနည်းစနစ်

စစ်ပဋိပက္ခကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင်နေထိုင်ကြသော ကလေးသူငယ်များကြုံတွေ့ရသည့်အခက်အခဲစိန်ခေါ်မှုများကို ပိုမိုသိရှိနားလည်ရန်အတွက် KHRG သည် ၂၀၂၅ ခုနှစ်၊ မေလနှင့်ဇွန်လတွင် ကလေးများ၊ မိဘပြည်သူများ၊ ရပ်ရွာအကျိုးလုပ်ဆောင်သူများ (၉၃) ဦးကိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဤတွေ့ဆုံမေးမြန်းမှုများတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ ဒေသတွင်းသတ်မှတ်ထား သောကရင်ပြည်နယ်ရှိ ကလေးသူငယ်များ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့်အကာအကွယ်ပေးရေးဆိုင်ရာ အခွင့်အရေးများနှင့်ဆိုင်သောအခြေအနေကို လေ့လာဆန်းစစ်ထားပါသည်။ KHRG တွေ့ဆုံမေးမြန်းခဲ့သည့် အရွယ်ရောက်ပြီးသော လူကြီး (၅၄) ဦးထဲတွင် အမျိုးသား (၁၉) ဦးနှင့် အမျိုးသမီး (၃၅) ဦးပါဝင်ပါသည်။ ထိုနည်းတူ တွေ့ဆုံမေးမြန်းသည့် အရွယ်မရောက်သေးသော ကလေး (၃၉) ဦးထဲတွင် ယောကျ်ားလေး (၁၈) ဦးနှင့်မိန်းကလေး (၂၁) ဦးပါဝင်ပါသည်။ ဤတွေ့ဆုံမေးမြန်းမှုထဲတွင် KHRG ဝန်ထမ်းများမှ ပြင်ဆင်ထားသည့်မေးခွန်းများနှင့် ပြင်လွယ်ပြောင်းလွယ်စေရန် ပုံစံချထားသည့်မေးခွန်းများ (semi-structured interviews) ကိုအသုံးပြု၍ တွေ့ဆုံမေးမြန်းမှုခဲ့ပါသည်။ KHRG လေ့ကျင့်သင်ကြားပေးသောဒေသခံအဖွဲ့ဝင်များဖြစ်သည့် KHRG သတင်းစုဆောင်းသူများမှ အဆိုပါတွေ့ဆုံ မေးမြန်းမှုများကိုပြုလုပ်၍ ဒေသတွင်း ကလေးသူငယ်များ ကြုံတွေ့ရသောအခက်အခဲစိန်ခေါ်မှုများကို မှတ်တမ်းပြုစုခဲ့ခြင်းဖြစ်သည်။[7] အစီရင်ခံစာ၏ရည်ရွယ်ချက်ကို တွေ့ဆုံမေးမြန်းခဲ့သည့်သူအားလုံးအား အသိပေးထားပြီး ၎င်းတို့၏အချက်အလက်များကို အသုံးပြုရန်ခွင့်ပြုချက်ရယူပြီးဖြစ်သည်။ ထို့အပြင် ၂၀၂၅ ခုနှစ်၊ မေလတွင် KHRG သည် မူတြော်ခရိုင်နှင့်ဒူးပလာယာခရိုင်တို့တွင် ကလေးများနှင့်အတူအဖွဲ့လိုက်ဆွေးနွေးပွဲ (၅)ခုကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွေ့ဆုံမေးမြန်းမှုများကို KHRG လုပ်ရှားရာနယ်မြေများ ခရိုင် (၇) ခုစလုံးတွင် ပြုလုပ်ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာ၌ မြေပြင်အခြေအနေတွင် လုံခြုံရေးအန္တရာယ်များနှင့်ကြုံတွေ့ရသောကြောင့် ဤအစီရင်ခံစာအတွက် သုတေသနပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုများသည် ခရိုင်များအားလုံးကို အချိုးတူစွာကိုယ်စားပြုနိုင်ခြင်း မရှိပါ။ KHRG အနေဖြင့် ဒူးသထူ (သထုံ)ခရိုင်တွင် တွေ့ဆုံမေးမြန်းမှု (၁၁) ခု၊ တောအူး (တောင်ငူ) ခရိုင်တွင် တွေ့ဆုံမေးမြန်းမှု (၁၄) ခု၊ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်တွင် တွေ့ဆုံမေးမြန်းမှု (၇) ခု၊ မြိတ်-ထားဝယ်ခရိုင်တွင် တွေ့ဆုံမေးမြန်းမှု (၆) ခု၊ မူတြော် (ဖာပွန်) ခရိုင်တွင် တွေ့ဆုံမေးမြန်းမှု (၃၂) ခု၊ ဒူးပလာယာခရိုင်တွင် တွေ့ဆုံမေးမြန်းမှု (၁၇) ခုနှင့်ဘားအံခရိုင်တွင် တွေ့ဆုံမေးမြန်းမှု (၆) ခုပြုလုပ်နိုင်ခဲ့ပါ သည်။[8] ဤခရိုင်များ၏အမည်နာမများကို ကျေးလက်နေရွာသားများနှင့် ဒေသခံကရင်အဖွဲ့အစည်းအများစုက ခေါ်ဝေါ်သုံးနှုန်းကြပါသည်။ KHRG အနေဖြင့် ဤခရိုင်များ၏အမည်များကို ခေါ်ဝေါ်သုံးနှုန်းခြင်းသည် နိုင်ငံရေးအယူအဆနှင့်မသက်ဆိုင်ပါကြောင်း ရှင်းလင်းလိုပါသည်။

ဤအစီရင်ခံစာအတွက် လေ့လာသုံးသပ်ချက်များပို၍ပြုလုပ်နိုင်ရန် KHRG သည် ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များအတွင်း ကလေးသူငယ်များအပေါ် ထိခိုက်နစ်နာသောအခြေအနေများပါရှိသည့် ယခင်ကရွာသားများနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှု (၁၅၇) ကိုလည်း ပြန်လည်ကြည့်ရှု၍ လိုအပ်သောအချက်အလက်များကို ထည့်သွင်းရေးသားထားပါသည်။ ထို့အပြင် ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များအတွင်း ဒေသခံအဖွဲ့ဝင်များမှ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းပြုစု၍ ပေးပို့လာသော မြေပြင်အစီရင်ခံစာ (၇၆) စောင်ကိုဖတ်ရှုပြီး ဤအစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားပါသည်။ ထိုမြေပြင်အစီရင်ခံစာများတွင် မှုခင်းဖော်ပြသည့် မှတ်တမ်းလွှာ၊ နောက်ဆုံးရဒေသတွင်းသတင်းတိုနှင့် ဒေသတွင်းနောက်ဆုံးရအခြေအနေတင်ပြချက်များ ပါဝင်သည်။

---

7 KHRG ၏ သတင်းအချက်အလက်မှတ်တမ်းပြုစုပုံအပြည့်အစုံနှင့် အစီရင်ခံစာရေးသားမှုနည်းလမ်းများကို စာဖတ်သူများ သိရှိလိုပါက KHRG ထံသို့ ခွင့်တောင်းရယူနိုင်ပါသည်။

8 ရှင်းလင်းချက်အနေဖြင့် ဤခရိုင်များအတွက် ဗမာအသုံးအနှုန်းများကို ကွင်းထဲတွင် ထည့်သွင်းထားသော်လည်း မြန်မာအစိုးရ၏ စီမံအုပ်ချုပ်မှုနယ်မြေများနှင့် ဆက်စပ်ခြင်းမရှိပါ။

နောက်ဆုံးအနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ကရင်ပြည်နယ်တွင် လူမှုရေးရာဝန်ဆောင်မှုပေးသူများ၊ ဒေသခံအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ တွေ့ဆုံမေးမြန်းမှု (၄) ခုပြုလုပ်ခဲ့ပါသည်။ ထိုအဖွဲ့အစည်းများသည် ပြည်တွင်းနေရပ်စွန့်ခွာရသူကရင်ပြည်သူများဆိုင်ရာကော်မတီ (CIDKP)၊ ကရင်အမျိုးသမီးအစည်း အရုံး (KWO)၊ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) နှင့် ကရင်ကျန်းမာရေးနှင့်လူမှုကယ်ဆယ်ရေးဌာန (KDHW) တို့ဖြစ်သည်။ ထို့အပြင် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ကိုယ်စားလှယ်တစ်ဦးကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဤအစီရင်ခံစာတွင်ပါဝင်သည့်တစ်ချို့သုတေသနသည် အကန့်အသတ်များရှိပါသည်။ KHRG သတင်းမှတ်တမ်းခြင်းဆိုင်ရာမူဘောင်သည် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကျေးလက်ဒေသများရှိ ရွာသားများ၏အခြေအနေများကိုသာအဓိကထား၍ မှတ်တမ်းပြုစုပါသည်။ သို့ဖြစ်ပါ၍ SAC အုပ်ချုပ်သောမြို့ပြဒေသများရှိ ကလေးများကြုံတွေ့ရသောအခက်အခဲစိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်မှတ်တမ်းပြုစုထားခြင်းမရှိပါ။ ထို့အပြင် ဤအစီရင်ခံစာတွင် ကလေးလူကုန်ကူးမှု သို့မဟုတ် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု ပြဿနာများကို ဖော်ပြထားခြင်းမရှိပါ။ ထို့အတူ ဤအစီရင်ခံစာတွင်ဖော်ပြထားသော စစ်ပဋိပက္ခနှင့်ဆက်စပ်၍ ကလေးသူငယ်များနှင့် ရပ်ရွာလူထုအား အကြမ်းဖက်တိုက်ခိုက်သည့်ဖြစ်စဉ်အရေအတွက်များသည် မြေပြင်အခြေအနေနှင့်အများကြီးကွာခြားမှုရှိပါသည်။ အကြောင်းမှာ ဒေသခံလူထုများအနေဖြင့် သတင်းမှတ်တမ်းပြုစုရာတွင်ဖြစ်စေ၊ သတင်းမှန်တင်ပြရာတွင်ဖြစ်စေ အခက်အခဲစိန်ခေါ်မှုများရှိနေပါသည်။

တွေ့ဆုံမေးမြန်းခဲ့သည့်သူများနှင့်ရွာသားများ၏လုံခြုံရေးအတွက် ၎င်းတို့၏နာမည်များနှင့်ရပ်ရွာအမည်များကို အက္ခရာ တစ်လုံး သို့မဟုတ် နှစ်လုံးဖြင့် အစားထိုးအသုံး၍ဆင်ဆာဖြတ်ထားပါသည်။ ဤသို့ဆင်ဆာဖြတ်ထားပြီး အသုံးပြုသည့်စကားရပ်များသည် အမည်နာမအစစ်အမှန်များနှင့် ဆက်စပ်အသုံးပြုခြင်းမရှိသကဲ့သို့ KHRG ၏ယခင်အစီရင်ခံစာများတွင် အသုံးပြုခဲ့သောစကားလုံးများနှင့်လည်းသက်ဆိုင်မှုမရှိပါ။ ဤကဲ့သို့ ဆင်ဆာဖြတ်တောက်ထားသည့်အမည်နာမများနှင့် နေရာများ၏အမည်အစစ်အမှန်များကို KHRG ၏ဖိုင်ထဲတွင် သိမ်းဆည်းထားပါသည်။

## ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| AAPP | နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း |
| BGF | နယ်ခြားစောင့်တပ် |
| BPHWT | နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CDM | အာဏာဖီဆန်ရေးအကြမ်းမဖက်လူထုလှုပ်ရှားမှု |
| CIDKP | ပြည်တွင်းနေရပ်စွန့်ခွာရသူ ကရင်ပြည်သူများဆိုင်ရာကော်မတီ |
| UNCRC | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း |
| CSO | အရပ်ဘက်အဖွဲ့အစည်း |
| FBR | Free Burma Rangers |
| IB | ခြေလျင်တပ်ရင်း |
| ICC | နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး |
| ICRC | အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ |
| IDP | ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ |
| IED | တီထွင်ဖန်တီးထားသော ဖောက်ခွဲရေးပစ္စည်း |
| IHL | နိုင်ငံတကာလူသားချင်းစာနာထောက် ထားမှု ဥပဒေ |
| KDHW | ကရင်ကျန်းမာရေးနှင့်လူမှုကယ်ဆယ်ရေးဌာန |
| KECD | ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| KYO | ကရင်လူငယ်အဖွဲ့အစည်း |
| LIB | ခြေမြန်တပ်ရင်း |
| LID | ခြေမြန်တပ်မ (တမ) |
| MCH | မိခင်နှင့်ကလေးကျန်းမာရေးအစီအစဉ် |
| MOC | စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့ |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ်မတော် |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| SRHR | လိင်နှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးများ |
| UDHR | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း |
| UN | ကုလသမဂ္ဂ |
| USAID | United States Agency for International Development |

## မြေပုံ ၁- KHRG ၏လှုပ်ရှားရာနယ်မြေ (ဒေသတွင်း သတ်မှတ်ထားသောကော်သူးလေ နှင့် မြန်မာအစိုး ရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ)



## အခန်း ၁။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပဋိပက္ခဖြစ်ပွားမှုနောက်ခံသမိုင်းကြောင်း

ဤအခန်းတွင် လူ့အခွင့်အရေးအခြေအနေများအပါအဝင် မြန်မာစစ်တပ်မှ ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် ဖိနှိပ်ချုပ်ချယ်ခြင်း၊ တိုက်ခိုက်ခြင်း စသည့်နောက်ခံသမိုင်းကြောင်းများကို ခြုံငုံတင်ပြထားပါသည်။ ထို့နည်းအတူ ၂၀၂၁ ခုနှစ် ကတည်းက ကလေးသူငယ်များအပေါ် တိုက်ခိုက်မှုများအကြောင်းကိုလည်း ဆွေးနွေးတင်ပြထားပါသည်။

### နောက်ခံသမိုင်းကြောင်း (၁၉၄၈ ခုနှစ်မှ -၂၀၁၁ ခုနှစ်) - ဖြတ်လေးဖြတ် နည်းဗျူဟာအောက်မှ ကလေးသူငယ်များအပေါ် ချိုးဖောက်သည့် ကျူးလွန်မှုများ

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများသည် မြန်မာစစ်တပ်၏ အကြမ်းဖက်မှုများကို ရာစုနှစ်ဝက်နီးပါး ကြာခံခဲ့ရပါသည်။ ယင်းအား တုံ့ပြန်သည့်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့သည် ၁၉၄၉ ခုနှစ်တွင် နိုင်ငံရေးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် လက်နက်စွဲကိုင်သည့် လှုပ်ရှားမှုကို စတင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များမှစတင်၍ မြန်မာ့စစ်တပ်သည် တော်လှန်ရေးတပ်ဖွဲ့များအား အစားအစာ၊ ငွေကြေး၊ ထောက်လှမ်းသတင်းပေးမှုနှင့် လူသစ်စုဆောင်းမှုများမှ တားဆီးကန့်သတ်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သော "ဖြတ်လေးဖြတ်" နည်းဗျူဟာကို အကောင်အထည်ဖော်ခဲ့သည်။ မြေလှန်မီးရှို့တိုက်ခိုက်သည့် စစ်ဆင်ရေးတစ်ခုအနေဖြင့် အတင်းအကျပ်အသုံးပြုခဲ့သည့် ဤမူဝါဒကြောင့် မြို့နယ်အားလုံးကို 'အနက်ရောင်နယ်မြေများ' အဖြစ် ကြေညာခဲ့ပြီး ပြည်သူအားလုံးကို တော်လှန်ရေးသမားများအဖြစ် ပစ်မှတ်ထားခဲ့သည်။ မြန်မာ့စစ်တပ်သည် ရွာသားများ၊ ကလေးသူငယ်များအပါအဝင် ဒေသခံပြည်သူများအား အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာထွက်ပြေးစေခြင်း၊ လူမှုအသိုက်အဝန်းတစ်ခုလုံးအား အတင်းအဓမ္မပြောင်းရွှေ့နေထိုင်ခြင်းများနှင့် ကြုံတွေ့စေခဲ့ပြီး စစ်ဘက်အရပ်ဘက်ဆိုင်ရာများကို ခွဲခြားခြင်းမရှိဘဲ ရမ်းသမ်းပစ်ခတ် တိုက်ခိုက်ခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ အိမ်များနှင့် စိုက်ပျိုးသီးနှံများဖျက်ဆီးခြင်း၊ အကူအညီများကို တားဆီးပိတ်ပင်ခြင်းနှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း စသည့် ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်။[9]

၁၉၉၂ ခုနှစ်တွင်၊ ထိုစဉ်က စစ်အာဏာရှင်အစိုးရဖြစ်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ - SLORC) သည် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများ သဘောတူစာချုပ် (CRC) ကို အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် နိုင်ငံတကာဖိအားများကို ကန့်သတ်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင်၊ ကလေးသူငယ်များအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ကွပ်မျက်ခြင်းတို့ကို တားမြစ်ထားသော ပုဒ်မအချို့အပေါ် ကန့်ကွက်ချက်ထားရှိခဲ့သောကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခံခဲ့ရသည်။[10] အဆိုပါစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးပြီးနောက်၊ SLORC သည် စာချုပ်ကိုလိုက်နာရန် အာမခံချက်ပေးရန် မည်သည့်လိုက်နာဆောင်ရွက်မှုတစ်ခုမျှမရှိဘဲ၊ ကလေးသူငယ်များ၏အခွင့်အရေးများကို အမြင့်ဆုံးနှုန်းထားဖြင့် ချိုးဖောက်ကျူး လွန်မှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။[11] SLORC သည် ထိုကာလများအတွင်း ကရင်ကျောင်းများကိုလည်း ပိတ်သိမ်းခဲ့ပြီး ကရင်ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများကိုလည်း ထိန်းချုပ်ခဲ့သည်။[12]

---

9 KHRG မှ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "ငြင်းဆို၍မရနိုင်တော့သော မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သောစစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုနှင့် ဆယ်စုနှစ်သုံးခုအတွင်း ဒေသခံပြည်သူတို့၏သက်သေခံချက်များ" တွင် ကြည့်ပါ။

10 International Commission of Jurists မှ ၁၉၉၄ ခုနှစ်၊ ထုတ်ဝေထားသော၊ "Reservations to the Convention on the Rights of the Child: A Look at the Reservations of Asian State Parties" စာမျက်နှာ ၂၄ တွင်ကြည့်ပါ။

11 အထက်တွင်ဖော်ပြထားသော KHRG, "ငြင်းဆို၍မရနိုင်တော့သော" နှင့် KHRG မှ ၂၀၀၈ ခုနှစ်၊ ဧပြီလတွင်ထုတ်ဝေထားသော၊ "Growing up under militarisation: Abuse and agency of children in Karen State" တွင်ကြည့်ပါ။

12 KWO မှ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေထားသော၊ "State of Terror" တွင်ကြည့်ပါ။

အခွင့်အရေးချိုးဖောက်မှုများ ရှိခဲ့သော်လည်း ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုများသည် တိုက်ရိုက်ချိုးဖောက်ခံရမှုများမှ ရှောင်ရှားရန်၊ လူမှုအသိုက်အဝန်းကို ပြန်လည်ထိန်းသိမ်းရန်နှင့် ၎င်းတို့၏ အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ရန် နည်းဗျူဟာများကို ချမှတ်ကျင့်သုံးခဲ့ကြပါသည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံနှင့် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးကာလများအတွင်း ကရင်ပြည်နယ်မှ လူငယ်များသည်လည်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက် နိုင်ငံတဝန်းဆန္ဒပြမှုများတွင် ပါဝင်ခဲ့ကြသည်။[13]

**အပစ်ခတ်ရပ်စဲရေးကာလ (၂၀၁၂ - ၂၀၂၁ ခုနှစ်) - ကလေးသူငယ်အခွင့်အရေးများ တိုးတက်မှု ရှိခဲ့သော်လည်း အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်တည်ရှိနေ**

၂၀၁၂ ခုနှစ်တွင် KNU နှင့် မြန်မာ့စစ်တပ်ခေါင်းဆောင်များကြား ပဏာမ အပစ်ခတ်ရပ်စဲရေး သဘောတူညီမှုလက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် ကလေးသူငယ်အခွင့်အရေးများ အတိုင်းအတာတစ်ခုအထိ တိုးတက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် KNU သည် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခုနှစ်ဖွဲ့နှင့်အတူ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး  သဘောတူညီချက် (NCA) ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲများသည်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အရပ်သားအစိုးရကို ပေါ်ထွက်လာစေခဲ့ပါသည်။ ဤအချက်များကြောင့် ဒေသအချို့တွင် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများတိုးတက်လာခဲ့ပြီး ရွာသားများအားတိုက်ခိုက်မှုများလျော့နည်းသွားခဲ့သည်။[14]

တချိန်တည်းမှာပင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ရှိနေပါသည်။ ကရင်ပြည်နယ်ရှိရွာသားများသည် စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်ခြင်းနှင့် စစ်တပ်ကျောထောက်နောက်ခံပေးထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် မကြာခဏဆက်စပ်နေသည့် ခွဲခြားဆက်ဆံမှု၊ မြေယာသိမ်းဆည်းခံရမှုနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုများကို ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ ပြစ်မှုကျူးလွန်သူများသည် အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရှိစွာဖြင့် ချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေခဲ့ကြသည်။[15] စိန်ခေါ်မှုများရှိခဲ့သော်လည်း ကလေးသူငယ်များသည် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ရန် ဆက်လက် ကြိုးပမ်းခဲ့ကြပြီး များစွာသော ကလေးများသည် ကျောင်းပညာရေးသို့ ပိုမိုလက်လှမ်းမီလာခဲ့ကာ အခြားသူများသည် အခွင့်အရေး အသိပညာပေးသင်တန်းများနှင့်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တိုင်းရင်းသားဝန်ဆောင်မှုပေးအဖွဲ့အစည်းများနှင့်  ပြုလုပ်လာခဲ့ကြသည်။[16]

ထိုကာလများအတွင်း မြန်မာအစိုးရသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကတိပြုချက်များစွာကိုလည်း ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ကလေးစစ်သားစုဆောင်းမှုရပ်စဲရေး အစီအစဉ် (၂၀၁၂) ကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် ကလေးအလုပ်သမားများဆိုင်ရာ ILO သဘောတူညီချက် အမှတ် ၁၈၂ အဆိုးဆုံး အကြမ်းဖက်မှုပုံစံ (၂၀၁၃)ကို လည်းကောင်း လက်နက်ကိုင် ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်မှုဆိုင်ရာ ပရိုတိုကော (၂၀၁၅ တွင်လက်မှတ်ရေး၍ ၂၀၁၉ တွင်အတည်ပြု) ကိုလည်းကောင်း အလုပ်လုပ်နိုင်သော အနိမ့်ဆုံးအသက်အရွယ်ဆိုင်ရာ ILO သဘောတူညီချက် အမှတ် ၁၃၈ (၂၀၂၀) တို့ကိုလည်းကောင်း အသီးသီးအတည်ပြုခဲ့သည်။ အရေးပါသည့်အချက်မှာ ၂၀၁၉ ခုနှစ်[17]၊ ကလေးသူငယ် အခွင့်အရေး ဥပဒေသည် ကလေးအလုပ်သမား ကာကွယ်မှုများကို အားကောင်းစေခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးစစ်သား စုဆောင်းခြင်းကို တားမြစ်ထားခြင်းဖြစ်သည်။ သို့ရာတွင် ဤကတိပြုချက်များကို ညီမျှမှုမရှိစွာ အကောင်အထည်ဖော်ခဲ့ပြီး ကလေးသူငယ်အခွင့်အရေး

---

13 KHRG မှ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေထားသော၊ "Village Agency: Rural rights and resistance in a militarized Karen State" တွင်ကြည့်ပါ။

14 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေထားသော၊ "အကြောက်တရား၏အုတ်မြစ် - ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှရွာသားများ၏အသံများ" တွင်ကြည့်ပါ။

15 အထက်တွင်ဖော်ပြထားသော KHRG, "ငြင်းဆို၍မရနိုင်တော့သော" စာမျက်နှာ ၁၁ တွင်ကြည့်ပါ။

16 အထက်တွင်ဖော်ပြထားသော KHRG, "အကြောက်တရား၏အုတ်မြစ်" တွင်ကြည့်ပါ။

17 Myanmar: The Child Rights Law (The Pyidaungsu Hluttaw Law No. 22, 2019) [Accessed online] တွင်ကြည့်ပါ။

များအတွက် ခြိမ်းခြောက်မှုများ ဆက်လက်ရှိနေခဲ့သည်။[18] KNU သည်လည်း ၂၀၁၃ ခုနှစ်တွင် ဂျီနီဗာကော်လ်နှင့် ကတိသစ္စာပြုလွှာသဘောတူလက်မှတ်အား ရေးထိုးခဲ့ပြီး ယင်းတွင် ကလေးစုဆောင်းခြင်းကို တားမြစ်ထားသည်[19]။

## ၂၀၂၁ စစ်အာဏာသိမ်းမှုကြောင့် ကလေးသူငယ်များ စစ်တပ်၏ဖိနှိပ်မှုအသစ်နှင့် ပြန်လည်ရင်ဆိုင်ရခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာ့စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ထပ်ခါတလဲလဲ ချိုးဖောက်လျက်ရှိပြီး ပြည်သူများကိုတိုက်ခိုက်ခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခြင်းများနှင့် အစုလိုက်အပြုံလိုက်တရားလက်လွတ် ဖမ်းဆီးထောင်ချခြင်းများ[20] ပြုလုပ်ခဲ့သည်။ ယင်းကို တုံ့ပြန်သည့်အနေဖြင့် ကလေးသူငယ်များအပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူများသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို တောင်းဆိုသည့် ခုခံတော်လှန်ရေးလှုပ်ရှားမှု ဖြစ်သော နွေဦးတော်လှန်ရေးအရေးတော်ပုံကို စတင်ခဲ့ကြသည်[21] ။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်တပ်သည် ၎င်း၏ 'ဖြတ်လေးဖြတ်' နည်းဗျူဟာကို ပြန်လည် အသက်သွင်း ကာ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ၊ ကြိုတင်ခွဲခြားခြင်းမရှိသော ပစ်ခတ်တိုက်ခိုက်မှုများ၊ တွေ့လျှင်ပစ် မူဝါဒများ၊ မြေမြှုပ်မိုင်းများ ချထားခြင်းနှင့် အစားအစာ၊ ဆေးဝါးပစ္စည်းများနှင့် အကူအညီများကို ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်းနှင့် ကန့်သတ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိနေပါသည်။ ကျောင်းများနှင့် ဆေးခန်းများသည်လည်း စစ်တပ်၏ ပစ်မှတ်ထားတိုက်ခိုက်မှုများ[22] ခံနေရဆဲဖြစ်သည်။ ကလေးသူငယ်များသည် လက်နက်ကိုင်အဖွဲ့များ၏ပေါ် တာဆွဲခြင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုခံ ရခြင်းများနှင့် တပ်သားသစ်အဖြစ် အတင်းအကျပ်စုဆောင်းခံရခြင်း စသည့်ချိုးဖောက်မှုများခံနေရပါသည်။[23] ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအထိ ကရင်ပြည်နယ်တွင် လူပေါင်းတစ်သန်းကျော်မှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပါ သည်။[24]

---

18 KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေထားသော၊ "အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းမှုကိုမျှော်လင့်ခြင်း" နှင့် အထက်တွင် ဖော်ပြထားသော KHRG, "အကြောက်တရား၏အုတ်မြစ်" တွင်ကြည့်ပါ။

19 Geneva Call မှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေထားသော၊ "Deed Of Commitment Under Geneva Call for the Protection of Children from the Effects of Armed Conflict" တွင်ကြည့်ပါ။ လက်ရှိတွင် KNU သည် သီးခြား "ကလေးများကာကွယ်ရေး ဥပဒေ" တစ်ခုရေးဆွဲနေသောလုပ်ငန်းစဉ်အတွင်းရှိပါသည်။

20 AAPP မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေထားသော၊ "Accountability for the Junta Criminals" နှင့် OHCHR မှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေထားသော၊ "Situation of human rights of Rohingya Muslims and other minorities in Myanmar (A/HRC/60/20)" တွင်ကြည့်ပါ။

21 KHRG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေထားသော၊ "စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုများနှင့်ပြည်သူများ၏ ခုခံတွန်းလှန်မှု-၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း ဖြစ်ပွားခဲ့သောမတရားမှု၊ မလုံခြုံမှုနှင့် အကြမ်းဖက်မှုများ ၏သက်သေခံချက်များ" နှင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေထားသော၊ "ခံနိုင်ရည်ရှိခြင်းနှင့်ခုခံတွန်းလှန်ခြင်း - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ (HRDs) များကြုံတွေ့ရသော စိန်ခေါ်မှုများနှင့်ခြိမ်းခြောက်မှုများ" တွင်ကြည့်ပါ။

22 KHRG မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေထားသော၊ "အကြမ်းဖက်တိုက်ခိုက်ခံရသော စာသင်ကျောင်းများ ၊ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကြုံတွေ့ရသော ပညာရေးဆိုင်ရာစိန်ခေါ်မှုများ (၂၀၂၃ ခုနှစ်၊ ဇွန်လမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ)" နှင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေထားသော၊ "အရေးပေါ်အသက်ကယ်ခြင်း - မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်စိန်ခေါ်မှုများနှင့် ဒေသခံတို့၏ကြိုးပမ်းအားထုတ်မှုများ (ဇန်နဝါရီလ - အောက်တိုဘာလ ၂၀၂၄)" တွင်ကြည့်ပါ။

23 KHRG မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေထားသော၊ "သေမင်း၏အရိပ် - စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ အရပ်သားပြည်သူများအားလူသားဒိုင်းအဖြစ်အသုံးပြုခြင်း" နှင့် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ထုတ်ဝေထားသော၊ "တပါးသူအားထိခိုက်နာကျင်အောင်အတင်းအကြပ်ခိုင်းစေခံရခြင်း - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှု (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ)" HRW မှ ၂၀၂၅ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေထားသော၊ "Myanmar: Stop Recruitment, Use of Child Soldiers" တွင်ကြည့်ပါ။

24 CIDKP မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေထားသော၊ "IDPs Dashboard" တွင်ကြည့်ပါ။

၂၀၂၅ ခုနှစ်တွင်၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံ[25] ၏ ပဋိပက္ခကာလအတွင်း ကလေးများအပေါ် ကျူးလွန်သည့် ကြီးလေးသောချိုးဖောက်မှု ခြောက်မျိုးအတွက် အဓိကတာဝန်ရှိသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)ဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ အခြားအုပ်စုများကိုလည်း ချိုးဖောက်မှုများအတွက် တာဝန်ရှိသည်ဟု မှတ်ချက်ပြုခဲ့သော်လည်း ပမာဏအားဖြင့် များစွာနည်းပါးနေပါသည်။

[25] UN Secretary General မှ ၂၀၂၅ ခုနှစ်၊ မတ်လတွင်ထုတ်ဝေထားသော၊ "Children and armed conflict in Myanmar" တွင်ကြည့်ပါ။

## မြေပုံ ၂- ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်တွင်းရှိ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ ကလေးများအပေါ် လက်နက်ကိုင်တိုက်ခိုက်မှုအစီရင်ခံတင်ပြထားခြင်း



# အခန်း ၂။ ပညာရေးအခွင့်အရေးချိုးဖောက်ခံရခြင်း

ဆက်လက်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခနှင့် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်ရှိကလေးများသည် ပညာရေးအခွင့်အလမ်းများအား လက်လှမ်းမီမှုရရှိရန် မြောက်များစွာသောအတားအဆီးများနှင့်ကြုံတွေ့နေရသည်။ ထိုအထဲတွင် အဓိကအားဖြင့် SAC မှ ပညာရေးအဆောက်အဦးများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများကို လေကြောင်းဖြင့်တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းနှင့် မြေပြင်စစ်ဆင်ရေးများအား တိုက်ရိုက်တိုက်ခိုက်မှုများရှိသလို ရမ်းသမ်းပစ်ခတ်ခြင်းများလည်းပါဝင်သည်။ ဤသို့တိုက်ခိုက်မှုများကြောင့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် အရပ်သားများသေဆုံး၊ ဒဏ်ရာရခြင်း၊ စာသင်ကျောင်းများ ထိခိုက်ပျက်စီးခြင်း၊ ပညာသင်ယူခွင့်အား နှောင့်ယှက်ခြင်း၊ ပြည်သူလူထုများ နေရပ်စွန့်ခွာရခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့်ရှင်သန်နေထိုင်ရခြင်းများလည်း ဖြစ်ပေါ်စေပါသည်။ ဤလုပ်ရပ်များသည် ကလေးသူငယ်များ၏ အခမဲ့ပညာသင်ကြားခွင့်နှင့် ဘေးကင်းလုံခြုံစွာ ပညာသင်ယူခွင့်ကို ငြင်းပယ်သလိုဖြစ်နေပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိတွင် SAC တပ်ဖွဲ့များသည် အနည်းဆုံးစာသင်ကျောင်း (၄၈) ကျောင်းကိုတိုက်ခိုက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ(၄) ဦးသေဆုံးပြီး (၁၀) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ SAC စစ်သားများသည် စာသင်ကျောင်းပိုင်ပစ္စည်းဥစ္စာများကိုသိမ်းယူခဲ့ပြီး စာသင်ကျောင်းအဆောက်အဦးများကိုလည်း စစ်ရေးရည်ရွယ်ချက်အတွက်အသုံးပြုခဲ့သည်။ ထို့အပြင် စစ်ပဋိပက္ခကြောင့်ကြုံတွေ့ရသော စိန်ခေါ်မှုများတွင် စားဝတ်နေရေးအခက်အခဲများ၊ လွတ်လပ်စွာသွားလာခွင့်အား ပိတ်ပင်ကန့်သတ်ခြင်းများ၊ အသက်မပြည့်သေးပဲ အိမ်ထောင်ကျခြင်း စာသင်ကျောင်းများပိတ်သိမ်းခြင်း၊ နေရပ်စွန့်ခွာရခြင်းများနှင့် အစရှိသောအခြေအနေများသည်လည်း ကလေးသူငယ်များ၏ပညာရေးကို ထိခိုက်စေပါသည်။ အခြားသော လက်နက်ကိုင်တပ်ဖွဲ့များမှ ကလေးများ၏ပညာရေးကို တိုက်ခိုက်သည့်ဖြစ်စဉ်နှစ်ခုကို KHRG မှ သတင်းမှတ်တမ်းယူနိုင်ခဲ့သည်။

ဤအခန်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးသူငယ်များ ပညာသင်ယူရာတွင်ကြုံတွေ့ရသော အတားအဆီးများကို ခေါင်းစဉ်ငယ်များခွဲ၍ ရေးသားဖော်ပြထားပါသည်။ ပထမဦးစွာ SAC တပ်ဖွဲ့နှင့် လက်နက်ကိုင်တပ်ဖွဲ့များမှ စာသင်ကျောင်းများကိုတိုက်ခိုက်၍ အရပ်သားများသေဆုံး၊ ထိခိုက်ဒဏ်ရာရခြင်း၊ ကျောင်းအဆောက်အဦးများပျက်စီးခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်ခြင်းအစရှိသော ချက်ချင်းသက်ရောက်သည့် ထိခိုက်ဆုံးရှုံးမှုများကို အခန်းငယ် (၂.၁) တွင် ဆွေးနွေးဖော်ပြထားသည်။ ဒုတိယအပိုင်းနေဖြင့် အရပ်သားများနေရပ်စွန့်ခွာစဉ်တွင် ကြုံရသည့်အခက်အခဲများနှင့် ဘေးကင်းလုံခြုံမှုမရှိခြင်း၊ ခရီးသွားလာမှုဆိုင်ရာအတားအဆီးများနှင့် ဘာသာစကားအခက်အခဲများရှိခြင်း အစရှိသည်တို့ကြောင့် စဉ်ဆက်မပြတ်ပညာ သင်ကြားရေးကို အဟန့်အတားဖြစ်စေသည့်အကြောင်းများအား အခန်းငယ် (၂.၂) တွင် အကျဉ်းချုပ်ဖော်ပြထားသည်။ တတိယအပိုင်းအနေဖြင့် စားဝတ်နေရေးအခက်အခဲများ၊ ကျောင်းသင်ထောက်ကူပစ္စည်း ကိရိယာများလုံလောက်စွာမရှိခြင်း၊ အသက်မပြည့်သေးပဲအိမ်ထောင်ကျခြင်းနှင့် စစ်သားစုဆောင်းခံရခြင်းတို့အပါအဝင် ကလေးများကျောင်းထွက်လိုက်ရသည့် အခြေအနေကို ဦးတည်စေသည့် အခြားသောစစ်ပဋိပက္ခ ဆိုင်ရာစိန်ခေါ်မှုများကို အခန်းငယ် (၂.၃) တွင်ဖော်ပြထားသည်။ နောက်ဆုံးအနေဖြင့် ကလေးများပညာဆက်လက်သင်ယူနိုင်ရန်အတွက် စာသင်ကျောင်းများပြောင်းရွှေ့၍စာသင်ကြားပေးခြင်း၊ ကျောင်းဆရာ၊ ဆရာမများ ၏စားဝတ်နေရေးကို ကူညီထောက်ပံ့ပေးခြင်းနှင့်ကလေးများကို နယ်စပ်ဒေသသို့ပို့၍ ကျောင်းထားပေးခြင်း အစရှိသောလူထုအသိုက်အဝန်းများ၏ကြိုးစားအားထုတ်မှုများကို အခန်းငယ် (၂.၄) တွင် မီးမောင်းထိုးတင်ပြထားသည်။

## ၂.၁။ SAC နှင့်လက်နက်ကိုင်တပ်ဖွဲ့များမှ စာသင်ကျောင်းများအား တိုက်ခိုက်ခြင်း

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်တွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စာသင်ကျောင်းများ တိုက်ခိုက်ခံရခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာသည်။ မြန်မာစစ်တပ်သည် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး

ပစ်ခတ်မှုများကို အဓိကအသုံးပြုပြီး စာသင်ကျောင်းများကို ရည်ရွယ်ချက်ရှိရှိသော်လည်း ကောင်း၊ စစ်ရေးပစ်မှတ်နှင့်အရပ်သားပစ်မှတ်များကိုမခွဲခြားပဲရမ်းသမ်း၍သော်လည်းကောင်း တိုက်ခိုက်ခဲ့ သည်။ ဤသို့တိုက်ခိုက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ သေဆုံးရခြင်း၊ ဒဏ်ရာရခြင်း၊ ပညာရေးအဆောက်အဦးများ ပျက်စီးရခြင်းနှင့် လူမှုအသိုက်အဝန်းများအကြား ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်ခြင်းရှိခဲ့သည်။ စာသင်ကျောင်းများအားတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်အများစုသည် ကျောင်းတက်နေစဉ်အတွင်းဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဖွန်လအထိတွင် SAC သည် လေယာဉ်နှင့်ဒရုန်းများကိုအသုံးပြု၍ KNU သတ်မှတ်အုပ်ချုပ်သော ခရိုင် (၇) ခုစလုံးအတွင်းရှိ စာသင်ကျောင်းများကို တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် အနည်းဆုံး (၄၀) ကို KHRG အနေဖြင့် သတင်းမှတ်တမ်းပြုစုနိုင်ခဲ့သည်။ ကရင်ပြည်နယ်ရှိ စာသင်ကျောင်းများသည် ပုံမှန်အားဖြင့် အရွယ်အစားကြီး၍ အရောင်အမျိုးမျိုးနှင့်တောက်ပသောခေါင်မိုးများနှင့်ကျယ်ဝန်းသော အားကစားကွင်းများရှိသောကြောင့် ဝေဟင်မှကြည့်လျှင် လွယ်ကူစွာမြင်တွေ့နိုင်သည်။ တစ်ချို့ဖြစ်စဉ်များတွင် SAC သည် လေယာဉ်ဖြင့်ဝေဟင်ကင်းထောက်လှမ်းမှုများပြုလုပ်၍ စုံစမ်းပြီးမှသာလျှင် စာသင်ကျောင်းများကို တိုက်ခိုက်ခဲ့သည့်အခြေအနေကိုလည်း မကြာခဏတွေ့ရှိရသည်။ သို့သော်လည်း SAC အနေဖြင့် ကလေးသူငယ်များအား ကာကွယ်ရန်အတွက် ကြိုတင်သတိပေးခြင်း သို့မဟုတ် အခြားလိုအပ်သောအကာအကွယ်အစီအစဉ်များ ပြုလုပ်ပေးခြင်းမရှိဘဲ စာသင်ကျောင်းများကိုတိုက်ခိုက်လေ့ရှိသည်။ တစ်ချို့ဖြစ်စဉ်များတွင် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များမှ SAC တပ်စခန်းများကိုတိုက်ခိုက်သိမ်းယူပြီးနောက် SAC သည် စာသင်ကျောင်းများကို တိုက်ခိုက်ခြင်းလည်း တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ လက်နက်ကိုင်တပ်ဖွဲ့များမှ စာသင်ကျောင်းများကို စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုသောကြောင့် SAC သည် ကျောင်းများအားတိုက်ခိုက်ရသည့်ဖြစ်စဉ်မျိုး မရှိခဲ့ပါ။

မြေပြင်တိုက်ပွဲများဖြစ်ပွားနေသည့် ရောယှက်ထိန်းချုပ်နယ်မြေများတွင်ရှိသော စာသင်ကျောင်းများသည် လက်နက်ကြီးပစ်ခတ်မှုအစရှိသောတိုက်ခိုက်မှုများကြောင့် ပျက်စီးသွားခြင်း သို့မဟုတ် ပိတ်ပင်ရခြင်းစသည့် ဖြစ်စဉ် (၆) ခုကို သတင်းပြုစုခဲ့သည်။ ဖြစ်စဉ် (၂)ခုမှာ SAC ခြေလျင်တပ်သားများက စာသင်ကျောင်းများကို တိုက်ခိုက်၍ထိခိုက်ပျက်စီးခဲ့သည်။ အခြားဖြစ်စဉ် (၄)ခုမှာ တိုက်ပွဲဖြစ်ပွားခြင်းကြောင့် စာသင်ကျောင်းများ ပိတ်ပင်ရခြင်း၊ ပြောင်းရွှေ့၍စာသင်ကြားရခြင်း သို့မဟုတ် ကလေးများအား စာသင်ကြားပေးခြင်းကို ရပ်တန့်ခဲ့ရခြင်းလည်းရှိသည်။ ထို့အပြင် မြန်မာစစ်တပ်နှင့်ပတ်သက်မှုမရှိသော လက်နက်ကိုင်တပ်ဖွဲ့များမှ စာသင်ကျောင်းကို စစ်ရေးရည်ရွယ်ချက်အတွက်အသုံး၍ဖြစ်စေ၊ SAC ခန့်အပ်ထားသောကျောင်းဆရာ၊ ဆရာများကို သတိပေးခြိမ်းခြောက်၍ဖြစ်စေ ကလေးပညာရေးကို သွယ်ဝိုက်နည်းဖြင့်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် (၂)ခုကိုလည်း သတင်းလက်ခံရရှိခဲ့သည်။

KHRG လက်ခံရရှိသည့်သတင်းမှတ်တမ်းများအရ SAC တိုက်ခိုက်ခဲ့သည့်စာသင်ကျောင်းအများစုသည် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန(KECD)[26] မှ စီမံခန့်ခွဲ၍ကူညီထောက်ပံ့ပေးသော စာသင်ကျောင်းများဖြစ်သည်။ SAC တိုက်ခိုက်ခဲ့သည့်စာသင်ကျောင်းအများစုသည် မူတြော်ခရိုင်နှင့်ဒူးပလာယာခရိုင်တွင်တည်ရှိ၍ အထူးသဖြင့် ဖွဲ့လိုးမြို့နယ်နှင့် ကော်တရီ (ကော့ကရိတ်) မြို့နယ်တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားပြီး ထိခိုက်ဆုံးရှုံးမှုအများဆုံး ရှိသည်။ ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်အတွင်း ကော်တရီမြို့နယ်ရှိ ရောယှက်ထိန်းချုပ်နယ်မြေများတွင် တိုက်ပွဲများ လတိုင်းလိုလိုဖြစ်ပွားနေသည့်အတွက် စာသင်ကျောင်းများတိုက်ခိုက်ခံရသည့်အခြေ အနေကို အများဆုံးတွေ့ရလေ့ရှိသည်။

[26] ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ပညာရေးဌာနဖြစ်သည်။ ၎င်း၏အဓိကရည်မှန်းချက်မှာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသကရင်လူမျိုးများအတွက် မိခင်ဘာသာစကား ပညာရေးဝန်ဆောင်မှုများပေးဆောင်ရန်နှင့် ကရင်ဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်းကိုထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်သည်။ ဒေသတွင်း အရေးပါသော ပညာရေး ပံ့ပိုးပေးသူဖြစ်သော်ငြားလည်း မြန်မာနိုင်ငံအစိုးရမှ တရားဝင်အသိအမှတ်မပြုပေ။

## (က) စာသင်ကျောင်းထဲရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သေဆုံး၊ ဒဏ်ရာရခြင်း

စာသင်ကျောင်းများကိုတိုက်ခိုက်သောကြောင့် အကျိုးဆက်တိုက်ရိုက်ဖြစ်သွားသည့်အရာတစ်ခုမှာ ကျောင်းထဲတွင်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကိုထိမှန်၍ သေဆုံး၊ ဒဏ်ရာရရှိခြင်းဖြစ်သည်။ လက်ခံရရှိသည့်သတင်းမှတ်တမ်းအရ SAC သည် စာသင်ကျောင်းများကိုတိုက်ခိုက်၍ အနည်းဆုံး ကျောင်းသား၊ ကျောင်းသူ (၄)ဦးနှင့်ကျောင်းဆရာ တစ်ဦးထိမှန်သေဆုံးခဲ့ပြီး အနည်းဆုံး ကျောင်းသား၊ ကျောင်းသူ (၁၀) ဦးနှင့် ကျောင်းဆရာ (၃) ဦးဒဏ်ရာရရှိခဲ့သည်။ ဤသို့စာသင်ကျောင်းများအားတိုက်ခိုက်မှုများထဲတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူ (၄) ဦးသေဆုံးရပြီး (၆) ဦးဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျောင်းသား၊ ကျောင်းသူ (၄)ဦးလည်းဒဏ်ရာရရှိခဲ့သည်။ စာသင်ကျောင်းများအား တိုက်ခိုက် ခြင်းသည် ကျောင်းဝင်းထဲတွင်လုံခြုံမှုမရှိတော့သည့်အပြင် ကလေးများ ပညာသင်ယူခွင့်ကိုတားဆီးစေပါသည်။

ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ မနက် (၉း၁၅)မိနစ်တွင် SAC ဒရုန်းတစ်စီးသည် ခလယ်လွိထူခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ တောကျော်ပေါ်ကျေးရွာအုပ်စု၊ ဘအ--- ကျေးရွာရှိ စာသင်ကျောင်းကို ကျောင်းသား၊ ကျောင်းသူများစားစရာမုန့်များကို လက်ခံရရှိရန်စုဝေးနေသည့်အချိန်တွင် ဗုံးနှစ်လုံးပစ်ချခဲ့သည်။ အကျိုးဆက်အနေဖြင့် အသက် (၉)နှစ်အရွယ်ကျောင်းသူတစ်ဦးဖြစ်သည့် နော်အ---နှင့် အသက် (၈) အရွယ်ကျောင်းသူတစ်ဦးဖြစ်သူ မဘ--- တို့ကိုထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ နော်အ--- သည် သူမ၏ပခုံးတွင်ဒဏ်ရာရရှိခဲ့ပြီး မဘ--- သည် သူမ၏ဦးခေါင်းတွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ ထို့အပြင် စာသင်ကျောင်းနှင့်ခန်းမဆောင်တစ်လုံးလည်း ထိမှန်ပျက်စီးခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဘအ--- စာသင်ကျောင်းမှ ဒုကျောင်းအုပ်ဖြစ်သူ နော်ဆ--- မှ ယခုလိုရှင်းပြသည်။ *"ဒရုန်းတိုက်ခိုက်တဲ့အချိန်မှာ ကျွန်မဘာကိုမှမစဉ်းစားနိုင်ဘူးဖြစ်နေတယ်။ အရာအားလုံးကိုမေ့သွားသလိုခံစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအခြေအနေမျိုးကို အရင်က ကျွန်မတစ်ခါမှ မကြုံဖူးဘူးလေ။ ဒရုန်းတိုက်ခိုက်မှုဖြစ်သွားပြီးနောက်မှာ (ပေါက်ကွဲမှုကြောင့်) ယမ်းငွေ့ကြားထဲက ကျွန်မထွက်လာတယ်။ ထွက်လာတော့ ကလေးတွေ သူတို့မိဘကိုအော်ခေါ်ပြီး ငိုယိုနေကြတယ်။ ပြီးတော့ ကျွန်မနောက်ကိုလိုက်တယ်။ ကျွန်မက သူတို့ကိုစုဝေးခိုင်းပြီး ဘယ်သူဒဏ်ရာရသွားလဲလို့မေးတယ်။ ကလေးနှစ်ယောက်ဒဏ်ရာရသွားတယ်။"* ဒဏ်ရာရရှိသည့်အသက် (၉) နှစ်အရွယ်ကျောင်းသူတစ်ဦးသည် သူမ၏ဒဏ်ရာပြင်းထန်သည့်အတွက်ကြောင့် သူမအား လယ်ဒိုမြို့နယ်၊ လောမူသောကျေးရွာအုပ်စု၊ ဘဆ--- ကျေးရွာရှိ ဘဆ--- ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ မဘ--- သည် စာသင်ကျောင်းဝင်းရှိ ဆေးခန်းမှာပင် ဆေးကုသမှုခံယူခဲ့သည်။

ဒရုန်းတိုက်ခိုက်မှုမဖြစ်ပွားမီ နိုဝင်ဘာလ ၁၉ ရက်နေ့ မနက် (၃)နာရီတွင် လယ်ဒိုမြို့နယ်၊ နံ့သာကွင်းကျေးရွာအုပ်စု၊ ဘဒ--- ကျေးရွာတွင်အခြေစိုက်သော SAC စစ်သားများသည် ဘအ---ကျေးရွာတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ထို့ကြောင့် ကျောင်းတာဝန်ရှိသူများသည် ကျောင်းကိုပိတ်ထားရန်စီစဉ်ခဲ့သည်။ သို့သော် ရွာသားများက ကျောင်းမပိတ်ခင် ခဏအတွင်း ကျောင်းသား၊ ကျောင်းသူများအား စားစရာမုန့်များလျူဒါန်း၍ ကျွေးမွေးချင်သည်ဟုဆိုခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများစားစရာမုန့်များကို လက်ခံရယူပြီးနောက် အဆိုပါဒရုန်းတစ်စီးသည် ကျောင်းပေါ်သို့ပျံဝဲလာပြီး ဗုံးများပစ်ချခဲ့ခြင်းဖြစ်သည်။ KNU ထိန်းချုပ်ထားသော ထိုဒေသတွင် တိုက်ပွဲများမဖြစ်သော်လည်း SAC သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတစ်လလုံးနီးပါး လယ်ဒိုမြို့နယ် အတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ဒရုန်းတိုက်ခိုက်မှုဖြစ်ပွားပြီးသော်လည်း SAC သည် ထိုကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့ပြန်သည်။ ဆက်လက်၍ ဒုကျောင်းကြီးကယခုလိုရှင်းပြသည်။ *"ကျွန်မဒီကိစ္စကို ဘယ်လိုမှစဉ်းစားလို့မရဘူး (SAC မှ ဘာကြောင့်ဒရုန်းဖြင့် တိုက်ခိုက်လဲဆိုတာ)။ အမှန်တကယ်ဆိုရင် သူတို့က (SAC) ကလေးတွေရှိတဲ့နေရာကို ဗုံးမပစ်ချသင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေရာကသူတို့ရဲ့ရန်သူနေတဲ့နေရာမဟုတ်ဘူးလေ။ သူတို့ဘာတွေတွေးနေလဲ ကျွန်မအနေနဲ့မသိဘူး။ အဲဒီကိစ္စကိုစဉ်းစားမိတိုင်း ကျွန်မစိတ်မကောင်းဖြစ်မိတယ်။"*

အခြားဖြစ်စဉ်တစ်ခုမှာ ၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက် တနင်္ဂနွေနေ့ မနက် (၁၁း၃၀) မိနစ်ဝန်းကျင်၌ SAC ဂျက်လေယာဉ်တစ်စီးသည် တောအူးခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ကလေလိုမူထော် (ကလေဝါးမူထော်) ကျေးရွာအုပ်စု၊ ဘဗ--- ကျေးရွာအနီးရှိ ဘဃ--- အထက်တန်းကျောင်းဝင်းထဲကို ပေါင် (၅၀၀) ဗုံး နှစ်လုံးပစ်ချခဲ့

သည်။ ပစ်ချလိုက်သည့်ဗုံးတစ်လုံးသည် ပေါက်ကွဲသွားခဲ့ပြီး ကျောင်းအုပ်ကြီးဖြစ်သူ စောနလ--- အား ဗုံးစထိမှန်၍ သူ၏ပခုံးတွင်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဗုံးပေါက်ကွဲမှုကြောင့် ကျောင်းဝင်းထဲ ရှိလူနေအိမ်နှစ်လုံး၊ တစ်ချို့ဝါးပင်နှင့်ကွမ်းပင်များ၊ အိမ်သာတစ်လုံးပျက်စီးခဲ့ရသည်။ အခင်းဖြစ်ပွားသည့်အချိန်တွင် ကျောင်းဝင်းထဲတွင် ကျောင်းသား၊ ကျောင်းသူများ၊ ကျန်းမာရေးလုပ်သားများနှင့်ဆရာ၊ ဆရာမများအပါအဝင် လူအယောက် (၂၀)ခန့်ရှိနေခဲ့သည်။ သို့သော် ကျောင်းအုပ်ကြီးတစ်ဦးသာ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဘဃ--- အထက်တန်းကျောင်းမှ KECD ကျောင်းဆရာတစ်ဦးဖြစ်သူ စောဒ--- က ဤသို့ ရှင်းပြသည်။ *“ကျွန်တော်က သူ့ (စောနလ---) အိမ်ကနေပြန်တော့မယ်ဆဲဆဲမှာ လေယာဉ်လာတဲ့အသံကိုကြားရတယ်။ ကျွန်တော်လည်း (အိမ်အနီးနား) တစ်နေရာမှာပြေးပြီးပုန်းနေလိုက်တယ်။ ဗုံးတစ်လုံးကျပြီး ပေါက်ကွဲသွားပြီးနောက်မှာ သူအော်ခေါ်ပြီးအကူအညီတောင်းနေတာကိုကြားရတယ်။ ပြီးတော့ သူကျွန်တော့်ကိုခေါ်တယ်။ သူဗုံးထိပြီးဒဏ်ရာရနေတယ်လို့ပြောတယ်။ (…) သူသွေးတွေထွက်နေတယ်။ (…) လေကြောင်းတိုက်ခိုက်မှုက အင်မတန်ကြောက်ဖို့ကောင်းတယ်။ တစ်ခြားဆရာ၊ ဆရာမတွေလည်း ချောင်းထဲကိုပြေးသွားတယ်။ သူတို့က ချောင်းဘေးနားလုံခြုံတဲ့တစ်နေရာမှာပြေးပုန်းရှောင်နေကြတယ်။ ဆရာတစ်ယောက်က ကျောင်းသားတွေကို ခေါ်ပြီး ချောင်းဖက်ခြမ်းကိုပြေးသွားတယ်။ ကျောင်းသားတစ်ယောက်မှ ဒဏ်ရာမရဘူး။ ဒါပေမဲ့ သူတို့အရမ်းကြောက်သွားတယ်။ သူတို့လေးတွေ ရှိုက်ကြီးတငင်ငိုယိုနေကြတယ်။”* ဆက်လက်၍ စောဒ--- က ယခုလိုထပ်မံပြောပြသည်။ *“အရင်တုန်းက သိပ်ပြီးမစိုးရိမ်ရဘူး။ ကျွန်တော်တို့တွေ ကျောင်းကိုလုံလုံခြုံခြုံနဲ့သွားလို့ရတယ်။ (…) အခုဒီလိုလေကြောင်းတိုက်ခိုက်မှုတွေဖြစ်တော့ ကျောင်းသားမိဘတွေက သူတို့ကလေးတွေကို ကျောင်းမပို့ရဲကြတော့ဘူး။ (…) ဆရာတစ်ယောက်အနေနဲ့ပြောရရင် ကျွန်တော်တို့တွေက ကျွန်တော်တို့ရဲ့ကျောင်းသားတွေကို ကာကွယ်ပေးရမယ်။ (…) ကျောင်းသားတွေဟာ ပညာရေးကိုရဖို့ ဘေးကင်းလုံခြုံဖို့အရေးကြီးတယ်။”* ဒေသခံရွာသားများသည် ဤသို့လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားသွားမည်ဟု မထင်မိခဲ့ကြပါ။ အကြောင်းမှာ ဘဇ --- ကျေးရွာဒေသအတွင်းတွင် တိုက်ပွဲတစ်ခါမှ မဖြစ်ပွားခဲ့သလို ယခုတစ်ကြိမ်ဖြစ်ပွားသည့်လေကြောင်းတိုက်ခိုက်မှုသည်လည်း ပထမဆုံးအကြိမ်သာဖြစ်ကြောင်း တင်ပြခဲ့သည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် SAC ဂျက်လေယာဉ်များသည် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ဘဂ--- ကျေးရွာထဲတွင် အနည်းဆုံးဗုံး (၆)လုံးကြဲချတိုက်ခိုက်ခဲ့သည်။ ည (၇) နာရီ ခန့်တွင် ထိုထဲမှဗုံးတစ်လုံးသည် ကျေးရွာတွင်းရှိ ကျောင်းဘော်ဒါဆောင်တစ်လုံးအနီးနားတွင် ကျရောက်ပေါက်ကွဲ၍ ကျောင်းသား (၃)ဦးအား ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့်ကျောင်းသား (၃) ဦးသည် စောဃ--- (၁၄ နှစ်)၊ စောဂ--- (၁၅ နှစ်) နှင့် စောဟ--- (၁၆ နှစ်) တို့ဖြစ်ကြသည်။ အခင်းဖြစ်ပွားပြီးနောက် ဒေသခံအာဏာပိုင်များနှင့် KNLA စစ်သားများသည် ဒဏ်ရာရရှိသည့်ကျောင်းသားများကို ဆေးကုသမှု ရရှိစေရန်အတွက် သေ့ဘောဘိုးကျေးရွာအုပ်စုရှိ ဘဟ--- ကျေးရွာသို့ပို့ဆောင်ခဲ့သည်။ စောဃ--- ၏ဘယ်ဖက် ပေါင်တွင်ရရှိသည့်ဒဏ်ရာသည် အလွန်ပြင်းထန်သည့်အတွက် ၎င်းအား ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်ရှိ ဘဇ--- ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဒုကျောင်းအုပ်ဖြစ်သူ စောသ--- က သူ၏ခံစားချက်ကို ဤသို့ပြောပြသည်။ *“သူတို့တွေက ကျွန်တော့်ရဲ့ကျောင်းသားတွေလေ။ သူတို့တွေအဲလိုဖြစ်သွားတော့ ကျွန်တော်အရမ်းဝမ်းနည်းတာပေါ့။ (…) သူတို့ဒဏ်ရာရပြီးနောက်မှာ (ရက်အတော်ကြာ) ကျောင်းမသွားနိုင်ခဲ့ဘူး။”* ထို့အပြင် အဆိုပါလေကြောင်းတိုက်ခိုက်မှုတွင် ရွာသားတစ်ဦးကိုလည်း ထိမှန်ဒဏ်ရာရရှိပြီး စာသင်ကျောင်းအဆောက်အဦးတစ်လုံး၊ လူနေအိမ်များ၊ ဆိုင်တစ်ဆိုင်နှင့် စိုက်ပျိုးခြံများထိမှန်ပျက်စီးခဲ့ရသည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင် ကျောင်းသားများဒဏ်ရာရရှိခဲ့သည့်အတွက် တစ်ချို့ကလေးများ ကျောင်းထွက်လိုက်ခြင်း သို့မဟုတ် ယာယီခေတ္တကျောင်းမသွားတော့ခြင်း စသည့်အခြေအနေများရှိကြောင်း အခြားရွာသားများကလည်း တင်ပြခဲ့သည်။[27]

[27] *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ “တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် အသက် (၁၃) နှစ်အရွယ်ကလေးတစ်ဦးနှင့် ရွာသားတစ်ဦး မြေမြှုပ်မိုင်းထိမှန်၍ ဒဏ်ရာပြင်းထန်စွာရရှိ (၂၀၂၅ ခုနှစ်၊ မေလ)” တွင်ကြည့်ပါ။

ဤအခင်းမဖြစ်ပွားမီတွင် သေ့ဘောဘိုးကျေးရွာအုပ်စုအတွင်း SAC နှင့် KNLA စစ်သားများအကြား တိုက်ပွဲဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။ သို့သော် ဘဂ--- ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းမဟုတ်ပါ။ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း KNLA နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ပူးပေါင်းတပ်ဖွဲ့များသည် ဘလယ်ဒိုတပ်စခန်းအပါအဝင် အခြားသော SAC တပ်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်းသိရှိရသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်၊ မေလ ၂၅ ရက်နှင့် ၂၉ ရက်နေ့တွင် SAC ဂျက်လေယာဉ်များသည် ဘဂ--- ကျေးရွာအနီးရှိ ဘသ--- ကျေးရွာတွင်းသို့ အနည်းဆုံးဗုံး (၁၀)လုံးပစ်ချ၍ ရွာသားနှစ်ဦးထိမှန်ဒဏ်ရာရရှိပြီး လူနေအိမ်များပျက်စီးခဲ့ရကြောင်း ဒေသခံရွာသားများကလည်းတင်ပြခဲ့သည်။ SAC သည် အဆိုပါကျေးရွာများထဲတွင် ဗုံးသီးများအဆက်မပြတ်ကြဲချတိုက်ခိုက်သည့်အချိန်တွင် ကျေးရွာများထဲတွင် တော်လှန်ရေးလက်နက်ကိုင် စစ်သားများရှိမနေခဲ့ပါ။







အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက်ဖြာကျေးရွာအုပ်စု၊ ဘက--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ညနေ (၄း၃၀) မိနစ်ဝန်းကျင်တွင် SAC သည် ဘက--- ကျေးရွာရှိ မူလတန်းကျောင်းကိုလေကြောင်းဖြင့်တိုက်ခိုက်ခဲ့၍ အဆိုပါကျောင်းပျက်စီးသွားသည့်အပြင် ကျောင်းအနီးရှိ ဆေးပေးခန်းတစ်လုံးလည်း ပျက်စီးသွားခဲ့သည်။ ဤကျောင်းသည် KECD စီမံခန့်ခွဲမှုအောက်တွင်ရှိသောကျောင်းတစ်ကျောင်း ဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရွာသားများသည် ဘေးကင်းလုံခြုံသည့်နေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ သည်။ လေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီတွင် SAC Y-12 လေယာဉ်တစ်စီးသည် ကျောက်ဖြာကျေးရွာအုပ်စုပေါ်သို့ နေ့စဉ်လိုလို ပျံသန်း၍ ဝေဟင်ကင်းထောက်လှမ်းမှုများပြုလုပ်ခဲ့ကြောင်း ရွာသားများကတင်ပြခဲ့သည်။ ပုံတွင် SAC လေကြောင်းတိုက်ခိုက်မှု ကြောင့် ဘက--- မူလတန်းကျောင်းပျက်စီး သွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

SAC အနေဖြင့် လူထုအသိုက်အဝန်းများကြားတွင် ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပွားအောင် ဖန်တီးရန်ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများကိုတိုက်ခိုက်ရခြင်းဖြစ်ကြောင်း ရွာသားတော်တော်များများက တင်ပြခဲ့သည်။ ဥပမာဆိုလျှင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒွေဘူနို့ဒေသ၊ ဘလ--- ကျေးရွာမှ ကျောင်းဆရာမတစ်ဦးဖြစ်သူ နော်က--- က ယခုလိုတင်ပြသည်။ *“သူတို့က ကျွန်မတို့ကျောင်းကို လေကြောင်းနဲ့တိုက်ခိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့သူတို့က ကျွန်မတို့ပြည်သူတွေကို နာကျင်အောင်လုပ်ချင်တယ်လေ။ သူတို့က ကျွန်မတို့ကြောက်သွားအောင်လုပ်ချင်နေတယ်။ သူတို့က ကျွန်မတို့ရဲ့နယ်မြေတွေကိုလည်း သိမ်းယူချင်တယ်။”* ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ ဘမ--- စာသင်ကျောင်းမှ ကျောင်းဆရာမတစ်ဦးဖြစ်သူ နန်းလ--- ကလည်း ဤသို့ရှင်းပြသည်။ *“ကျောင်းသားနဲ့ဆရာတွေက ဘောပင်ပဲကိုင်ကြတယ်။ ဒါပေမဲ့ သူတို့က (SAC) ကျွန်မတို့ကို တိုက်ခိုက်တယ်။ (…) သူတို့ကို ဘာမှပြန်မလုပ်နိုင်တဲ့ကျောင်းကို ဘာကြောင့်များတိုက်ခိုက်ရလဲဆိုတာ ကျွန်မကိုယ်တိုင်သူတို့ကိုမေးချင်တယ်။ ကျောင်းကိုပစ်မှတ်ထား တိုက်ခိုက်တာ သူတို့ရဲ့ရည်ရွယ်ချက်ကဘာလဲ။ သူတို့က ဒီနိုင်ငံ*

*မှာရှိတဲ့ကျောင်းသားတွေကို အသက်မရှင်ချင်တော့ဘူးလား။ ဒါမှမဟုတ် ဒီကျောင်းကိုပညာသင်ကြားပေး နေတဲ့ ဆရာ၊ ဆရာမတွေကို ပစ်မှတ်ထားချင်တာလား။ ကျွန်မတို့က သူတို့ကို ဘာအန္တရာယ်များပေးနိုင်မှာလဲ။"* ဘမ--- စာသင်ကျောင်းသည် ယခင်က မြန်မာအစိုးရကျောင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် KECD သင်ရိုးညွှန်းတမ်းကိုအသုံးပြု၍ KECD စာသင်ကျောင်းအဖြစ် ပြောင်းလဲကျင့်သုံးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် SAC သည် ဘမ--- ကျေးရွာရှိ စာသင်ကျောင်းကို ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား လုံးကျောင်းတွင်ရှိနေစဉ်တွင် လက်နက်ကြီးပစ်ခတ်၍တိုက်ခိုက်ခြင်းကြောင့် ကျောင်းသားနှစ်ဦး၏မိခင်ဖြစ်သူ မမ--- အား ထိမှန်ဒဏ်ရာရရှိခဲ့သည်။

## (ခ) ပညာရေးအဆောက်အဦးများ ပျက်စီးခြင်း သို့မဟုတ် ပြန်လည်အသုံးပြု၍မရခြင်း

မြန်မာစစ်တပ်မှ စာသင်ကျောင်းများ၊ ပညာရေးစင်တာများနှင့်ကျောင်းဘော်ဒါဆောင်များကို တိုက်ခိုက်ခြင်းသည် ပညာသင်ကြားမှု၊ ပညာရေးဆိုင်ရာ နီးနှောဖလှယ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာအသိပညာဖွံ့ဖြိုးမှုတို့ကို ကူညီပံ့ပိုးပေးသောပတ်ဝန်းကျင်များနှင့် ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ပေးသော အရေးကြီးသည့် ဝန်ဆောင်မှုများနှင့်နည်းလမ်းစနစ်များကို နှောက်ယှက်ဖျက်ဆီးစေပါသည်။ ဤသို့ပညာရေး ဆိုင်ရာနေရာများအား နှောက်ယှက်ဖျက်ဆီးခြင်းသည် လက်နက်ကိုင်ပဋိပက္ခကြားတွင်ရှင်သန်ရသော ကလေးများအတွက် ကာကွယ်ပေးမှုမရှိဘဲဖြစ်နေပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း KHRG လက်ခံရရှိသောသတင်းမှတ်တမ်းများအရ SAC တိုက်ခိုက်မှုကြောင့် အနည်းဆုံး စာသင်ကျောင်း (၁၇) လုံးလုံးဝပျက်စီးသွားပြီး (၂၉) လုံးအနည်းငယ်ပျက်စီးသွားခဲ့သည်။

SAC မှ စာသင်ကျောင်းများကိုတိုက်ခိုက်၍ပျက်စီးသွားသည့်အတွက်ကြောင့် ကလေးများအနေဖြင့် ပညာရေးရရှိရန် အခက်အခဲစိန်ခေါ်မှုများကြုံတွေ့ရကြောင်း ရွာသားများက တင်ပြခဲ့သည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နှင့် ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် SAC သည် စာသင်ကျောင်းကို လေကြောင်းဖြင့်တိုက်ခိုက်၍ စာသင်ကျောင်းအဆောက်အဦးများနှင့်ကျောင်းပစ္စည်းကိရိယာများ ပျက်စီးသွားခဲ့သည်။ ထိုစာသင်ကျောင်းသည် KECD ကျောင်းဖြစ်ပြီး ခလယ်လွိထူခရိုင်၊ ဆောထိ (ရွှေကျင်) မြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စု၊ ဘန--- ကျေးရွာတွင် တည်ရှိသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါ KECD ကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သူ ဒေါ်န--- မှ ယခုလိုရှင်းပြသည်။ *"လေယာဉ်က နှစ်ခါလာပြီးပစ်သွားတယ်။ ကျောင်းလည်း နှစ်ခါပျက်စီးသွားတယ်။ ပထမတစ်ကြိမ်မှာ ဗုံးတစ်လုံးက ကျောင်းအနောက်ဖက်ခြမ်းကို ကျသွားတယ်။ ကျောင်းပြတင်းပေါက်နှင့် အိမ်သာပျက်စီးသွားတယ်။ ဒုတိယအကြိမ်မှာ ကျောင်းမျက်နှာကျက်အပါအဝင် ကျောင်းအဆောက်အဦးတစ်ခုလုံးပျက်စီးသွားတယ်။ (...) ကျောင်းပျက်စီးသွားတော့ ကျွန်မတို့တွေ ကျောင်းထဲမှာစာသင်လို့မရတော့ဘူး။"*

ပျက်စီးသွားသောကျောင်းများကို ပြန်လည်ပြုပြင်ရန်အတွက် အဆင်မပြေကြောင်း ရွာသားများက တင်ပြခဲ့သည်။ အကြောင်းမှာ ရွာသားများအနေဖြင့် နောက်ထပ်တိုက်ခိုက်မှုများဖြစ်ပွားလာမည်ကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ဖြစ်သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလဲ့ (မင်းစောင်း) ကျေးရွာအုပ်စု၊ ဘဝ--- ကျေးရွာတွင်နေထိုင်သော ကျောင်းဆရာတစ်ဦးဖြစ်သူ စောဝ--- မှ ဤသို့တင်ပြသည်။ *"ကျွန်တော်တို့တွေ အခုချိန်ထိပဲ ပြန်မပြင်ဘူး။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းပျက်စီးသွားတယ်။ ကျောင်းမှာ အပေါက်ကြီးနှစ်ပေါက်ဖြစ်သွားတယ်။ ကျွန်တော်တို့က အဲဒါကိုပြန်ပြင်ချင်တာပေါ့။ ဒါပေမဲ့ ပြန်ပြင်လို့အဆင်မပြေဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က (SAC) နောက်တစ်ခါ လေကြောင်းနဲ့လာတိုက်ခိုက်မှာကို စိုးရိမ်ရတယ်။"* ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ည (၁၁း၃၀) မိနစ်၌ ရွာသားများအိပ်မောကျနေသည့်အချိန်တွင် SAC သည် ဘဝ--- ကျေးရွာကို လေကြောင်းဖြင့်လာရောက်တိုက်ခိုက်ခဲ့သည်။ SAC လေယာဉ်တစ်စီးသည် ဘဝ--- ကျေးရွာထဲကို ဗုံးနှစ်လုံးပစ်ချခဲ့ပြီး ပထမတစ်လုံးမှာ ကျေးရွာစာသင်ကျောင်းဝင်းထဲတွင် ကျရောက်ပေါက်ကွဲ၍ ကျောင်းအဆောက်အဦးနှစ်လုံးနှင့် ကျောင်းခန်း မဆောင်တစ်လုံးပျက်စီးသွားခဲ့သည်။ ဒုတိယဗုံးတစ်လုံးမှာ ကျေးရွာထဲတွင်ကျရောက်ပေါက်ကွဲ၍ အသက် (၁၄) နှစ်အရွယ် နော်ပ--- ၏ညာဖက်ခြေထောက်တွင် ထိမှန်ဒဏ်ရာရရှိပြီး လူနေအိမ် (၂၁)လုံးနှင့်ဆိုင်တစ်ဆိုင်

လည်း အနည်းငယ်ပျက်စီးသွားခဲ့သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်နေ့တွင် တိုက်ပွဲများမဖြစ်ပွားသလို ထိုကျေးရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် မည်သည့်တပ်စခန်းမှ မရှိပါ။




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလဲ့ကျေးရွာအုပ်စု၊ ဘပ--- ကျေးရွာတွင် ရိုက်ယူခဲ့ သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ည (၁၀) နာရီခန့်တွင် SAC လေယာဉ်နှစ်စီးသည် ဘပ--- ကျေးရွာကို ဗုံး (၁၂) လုံးပစ်ချ၍တို က်ခိုက်ခဲ့သဖြင့် ရွာသားတစ်ဦးထိမှန်ဒဏ်ရာရရှိပြီး စာသင်ကျောင်းအဆောက်အဦး (၄) လုံးနှင့်လူနေအိမ် (၂) လုံးအများပျက်စီးသွားခဲ့ သည်။ ထို့အပြင် ဘုန်းကြီးကျောင်း (၂) လုံးနှင့်အခြား လူနေအိမ် (၅) လုံးလည်း အနည်းငယ်ပျက်စီးသွားခဲ့သည်။ ပုံတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်း များပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ အဆိုပါကျောင်းသည် ယခင်ကမြန်မာအစိုးရကျောင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် KECD သင်ရိုးညွှန်းတမ်းကို ပြောင်းလဲကျင့်သုံး၍ စာသင်ကြားပေးခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

SAC ခြေလျင်တပ်ဖွဲ့များကလည်း စာသင်ကျောင်းများကို အကာအကွယ်တစ်ခုအဖြစ် အသုံးပြုသည့်အခြေအနေလည်းရှိသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် တပ်ရင်းအမှတ်မသိရသောတပ်ရင်းတစ်ရင်းမှ SAC စစ်သားများ (၂၀၀) ခန့်သည် KNLA အား ချေမှုန်းတိုက်ခိုက်ရန်အတွက် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပရော လိုကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာသို့စစ်ကြောင်းထိုးလာခဲ့သည်။ ၎င်းတို့သည် ဘခ--- ကျေးရွာရှိ အလယ်တန်းကျောင်းထဲတွင် တပ်စွဲ၍စခန်းချခဲ့သည်။ ဤစာသင်ကျောင်းသည် ယခင်က မြန်မာအစိုးရကျောင်းဖြစ်ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်တွင် ကျောင်းကိုပိတ်ပင်ခဲ့ရသည်။ ထို့အပြင် ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်အတွင်း ထိုကျေးရွာအနီးတွင်တည်ရှိသော SAC တပ်စခန်းတွင်အခြေစိုက်သည့် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၆) မှ SAC စစ်သားများသည်လည်း အဆိုပါကျောင်းထဲကိုလာရောက်တပ်စွဲလေ့ရှိသည်။ တစ်ခါတစ်ရံတွင် KNLA စနိုက်ဘာသမားများသည် ထိုကျောင်းတွင်တပ်စွဲထားသော SAC စစ်သားများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ SAC သည် ထိုကျောင်းကို အကာအကွယ်တစ်ခုအဖြစ်အသုံးပြုနေကြောင်း ဒေသခံရွာသားများက တင်ပြခဲ့သည်။ အကြောင်းမှာ KNLA သည် ထိုကျောင်းကိုလက်နက်ကြီးများဖြင့်ပစ်ခတ်လျှင် အနီးနားရှိ ရွာသားများကို ထိခိုက်မည်စိုး၍ လက်နက်ကြီးဖြင့်ပစ်ခတ်မည်မဟုတ်ကြောင်း SAC စစ်သားများအနေဖြင့် နားလည်ထားပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များကလည်း အထူးသဖြင့် မူတြော်ခရိုင်ရှိ စစ်ပဋိပက္ခဒဏ်ခံစားရသောဒေသများတွင် တည်ရှိသော စာသင်ကျောင်းများကို အိပ်စက်နားခိုရန်အတွက် အသုံးပြုသည့်အခြေအနေလည်းရှိကြောင်း တွေ့ဆုံမေးမြန်းခံရသူနှစ်ဦးက တင်ပြခဲ့သည်။ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာတွင် နေထိုင်သော အလယ်တန်းကျောင်းသားတစ်ဦးသည် KHRG တွေ့ဆုံမေးမြန်းသည့် အုပ်စုဖွဲ့ဆွေးနွေးပွဲတစ်ခုတွင် ယခုလိုပြောပြသည်။ *“PDF စစ်သားတွေ သားတို့ရွာထဲကိုဝင်လာရင် အရမ်းကြောက်တယ်။ သူတို့က ရွာထဲမှာနေတယ်။ ပြီးတော့ သားတို့စာသင်ကျောင်းထဲမှာ ဝင်အိပ်တယ်။ PDF စစ်သားတွေအများကြီးပဲ။ သူတို့တွေ လက်နက်ကိုင်ထားကြတယ်။ (SAC) လေယာဉ်တွေက ကျောင်းထဲမှာရှိနေတဲ့သူတို့တွေကို လာပြီးပစ်ခတ်သွားမှာစိုးရိမ်မိတယ်။ (PDF စစ်သားတွေရွာထဲကိုဝင်လာရင်) သားတို့လည်း တောထဲကိုသွား ပုန်းပြီးအိပ်ခဲ့ရတယ်။”*

တိုက်ပွဲများဖြစ်ပွားနေသည့်အချိန်တွင် တစ်ချို့စာသင်ကျောင်းများ ပိတ်ခဲ့ရသည့်အခြေအနေလည်းရှိသည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO)[28] တပ်ရင်း (၈)၊ KNLA တပ်ရင်း (၂၈) နှင့် PDF ပူးပေါင်းတပ်ဖွဲ့များသည် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ သေ့ဘောဘိုး ကျေးရွာအုပ်စု၊ ဘစ--- ကျေးရွာအနီးရှိ SAC တပ်စခန်းကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားနေစဉ်အတွင်း SAC သည် ရဟတ်ယာဉ်နှင့်ဂျက်လေယာဉ်များကိုအသုံးပြု၍ ဘစ--- ကျေးရွာဒေသ အတွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ SAC သည် တိုက်ပွဲဖြစ်ပွားသည့်နေရာတွင် လေကြောင်းဖြင့်မတိုက်ခိုက်ဘဲ ရွာသားများ၏နေအိမ်များနှင့်စိုက်ပျိုးခြံများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲမဖြစ်ပွားမီတွင် ဒေသခံ KNU အာဏာပိုင်များသည် ရွာသားများကိုအခြားနေရာသို့ပြောင်းရွှေ့ရန် သတိပေးလမ်းညွှန်ခဲ့သည်။ ထို့ကြောင့် မည်သည့်ရွာသားမှထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ပါ။ သို့သော်လည်း ဘစ--- ကျေးရွာတွင် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့နှင့် SAC တပ်ဖွဲ့တို့ကြား မကြာခဏတိုက်ပွဲဖြစ်ပွားသောကြောင့် ဘစ--- စာသင်ကျောင်းကို ပိတ်ပင်ခဲ့ရသည်။

ဤအခြေအနေကိုပြန်လည်သုံးသပ်ရာတွင် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ ဘမ--- ကျေးရွာမှ ကျောင်းဆရာမတစ်ဦးဖြစ်သူ နန်းလ--- သည် ယခုလက်ရှိအချိန်တွင် စစ်ဘေးရှောင်စခန်းဖြစ်သည့် သဟ--- နေရာတွင် စစ်ဘေးရှောင်ကလေးများကို ပညာသင်ကြားပေးနေလျှက်ရှိပြီး သူမအနေဖြင့်ယခုလို ပြောပြသည်။ *"ကျေးရွာထဲမှာ တိုက်ပွဲမဖြစ်ပွားသင့်ဘူး။ တိုက်ပွဲဖြစ်တဲ့နေရာအတွက် စစ်မြေပြင်လိုပုံစံမျိုး သီးသန့်လုပ်ပေးရမယ်။ သူတို့သာစစ်မြေပြင်မှာပစ်ခတ်တိုက်ခိုက်ကြရင် ရွာသားတွေကိုထိခိုက်နစ်နာမှာ မဟုတ်ဘူး။ (…) ဒါပေမဲ့ အခုအခြေအနေကအကုန်လုံးရောထွေးနေတယ်။ စစ်တိုက်တဲ့သူရော၊ စစ်မတိုက်တဲ့ သူရောအကုန်လုံးတစ်နေရာထဲမှာနေထိုင်ကြတယ်။ ကျွန်မတို့ပြည်သူအတွက် နေထိုင်ရတာအဆင်မပြေဘူး။ ဘယ်လိုနေထိုင်ရမလဲမသိတော့ဘူး။ အဲဒါကြောင့် သူတို့ကစစ်တိုက်ချင်တယ်ဆိုရင် ကျွန်မတို့ပြည်သူတွေအတွက် လုံခြုံတဲ့နေရာတစ်ခုပေးပါ။ အဲဒါမှမဟုတ်ဘူးဆိုရင် ကျွန်မတို့ပြည်သူနေထိုင်တဲ့နေရာမှာ စစ်လာမတိုက်နဲ့။ အခြားနေရာမှာစစ်တိုက်ပါ။"*

လွန်ခဲ့သည့်နှစ်များတွင် KNLA သည် SAC ထိန်းချုပ်နယ်မြေများကို တိုက်ခိုက်သိမ်းယူမှုမပြုလုပ်မီတွင် SAC စီမံခန့်ခွဲသောစာသင်ကျောင်းများကို ပိတ်ပင်ထားရန် သတိပေးခဲ့သည့်အခြေအနေလည်းရှိသည်။ ဥပမာဆိုရင် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ဒူးပလာယာခရိုင်ရှိ SAC ခန့်အပ်ထားသော ကျောင်းဆရာ၊ ဆရာမများအပါအဝင် ဝန်ထမ်းများအားလုံးကို အလုပ်ထွက်ပေးရန်၊ ပြောင်းရွှေ့ပေးရန် သို့မဟုတ် KNU နှင့်လာရောက်ပူးပေါင်းပေးရန် သတိပေးသည့် ကြေညာချက်စာတစ်စောင်ကို KNU အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ်အထိမှာ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် *"အစိုးရနှစ်ရပ် ပူးတွဲအုပ်ချုပ်သောစာသင်ကျောင်းများ"* တစ်လုံးမှမရှိတော့ပါ။ ယခုလက်ရှိတွင် စာသင်ကျောင်းတော်တော်များများသည် KECD စီမံခန့်ခွဲမှုအောက်တွင် လည်ပတ်နေပါသည်။

## (ဂ) စာသင်ကျောင်းများအားတိုက်ခိုက်မည်ကိုကြောက်ရွံ့သောကြောင့် ပညာသင်ယူခွင့်အား နှောက်ယှက်ခြင်း

ကလေးတိုင်းသည် အကြောက်တရားမရှိပဲ ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်တွင် ပညာသင်ယူခွင့်ရှိသည်။ သို့သော်လည်း ကရင်ပြည်နယ်ရှိ ကလေးများသည် ကျောင်းတက်နေရသည့်အချိန်တွင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့်တိုက်ပွဲများကို အမြဲတစေကြောက်ရွံ့နေရပါသည်။ KHRG တွေ့ဆုံမေးမြန်းခဲ့သော (၁၁၄ ဦးအနက် ၉၂ ဦး) လူဦးရေ (၈၁)ရာခိုင်းနှုန်း၏တင်ပြချက်အရ ရွာသားများအနေဖြင့် ၎င်းတို့လူမှုအသိုက်အဝန်းများ တိုက်ခိုက်ခံရမည်ကိုကြောက်ရွံ့သောကြောင့် ပညာရေးအခွင့်အလမ်းများကိုရရှိရန် စိန်ခေါ်မှုများ ကြုံတွေ့ရကြောင်းသိရှိရသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလဲ့ကျေးရွာအုပ်စု၊ ဘဝ--- ကျေးရွာမှ KECD ကျောင်းဆရာတစ်ဦးဖြစ်သူ စောဝ--- က ယခုလိုပြောပြသည်။ *"ကျောင်းမှာခံစားရတဲ့အရာတစ်ခုက အကြောက်တရားပဲ။ ကလေးတွေက လေယာဉ်သံကိုအမြဲတမ်းကြားနေရတယ်။ ဒီမနက်မှာ သူတို့တွေ လေယာဉ်သံကိုကြား*

28 ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO) သည် ၁၉၄၇ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် KNLA ကဲ့သို့ KNU ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

*တာနဲ့ ထွက်ပြေးကြတာပဲ။ ဒီအခြေအနေကဘာကိုပြောနေလဲဆိုတော့ ကလေးတွေဟာ စာသင်ယူလေ့လာဖို့ အခက်အခဲဖြစ်နေတယ်ဆိုတာပဲ။ သူတို့ဟာ လွတ်လွတ်လပ်လပ်နဲ့စာသင်ယူခွင့် မရှိကြဘူး။ အမြဲတမ်းအကြောက် တရားနဲ့ပဲ ကျောင်းတက်နေရတယ်။ အမြဲတမ်းသတိထားနေထိုင်ရတယ်။"*

SAC ပစ်မှတ်ထားတိုက်ခိုက်မှုနှင့်တိုက်ပွဲများကြောင့် စာသင်ကျောင်းတွင်လုံခြုံမှုမရှိတော့သည့်အတွက်ကြောင့် ကလေးများကျောင်းထွက်ရသည့်အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း ရွာသားများက တင်ပြကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဘတ--- ကျေးရွာမှ စစ်ဘေးရှောင်နေရသော ကလေး (၅) ဦး၏ မိခင်ဖြစ်သူ နော်ခ--- သည် *"လက်နက်ကိုင်ပဋိပက္ခကြောင့်၊ လေယာဉ်တွေလည်းပုံမှန်လာဝဲနေတဲ့ အတွက်ကြောင့် တစ်ချို့ရွာသားတွေက သူတို့ကလေးတွေကို ကျောင်းမပေးသွားကြတော့ဘူး"* ဟုရှင်းပြသည်။ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာတွင်နေထိုင်သော အသက် (၁၇)နှစ်အရွယ် ကျောင်းသူတစ်ဦးဖြစ်သူ နော်ရ--- ကလည်း ယခုလိုပြောပြသည်။ *"(၂၀၂၃ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဘဌ--- ကျေးရွာစာသင်ကျောင်းကို) လေယာဉ်နဲ့တိုက်ခိုက်ခံရပြီးနောက် ဘဌ--- စာသင်ကျောင်းမှာရှိတဲ့ ကျောင်းသား ဦးရေတွေလျော့နည်းလာတယ်။ တစ်ချို့ကျောင်းသားတွေလည်း ဒဏ်ရာရကြတယ်။ တစ်ချို့ကျောင်းသား လည်းကျောင်းထွက်လိုက်တယ်။ ဒါကြောင့် ကျောင်းသားအရေအတွက်နည်းလာတာ။"* အဆိုပါလေကြောင်း တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နော်ရ--- သည် ဘုသိုမြို့နယ်၊ ထီးလယ်ပူကျေးရွာအုပ်စုရှိ စစ်ဘေးရှောင်စခန်းရှိ သော ဒသ--- နေရာတွင် ရွှေ့ပြောင်းနေထိုင်ခဲ့သည်။



KHRG မှ ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ တနောသရီ (တနင်္သာရီ) မြို့နယ်၊ တကဲ (သကျက်) ကျေးရွာအုပ်စု၊ ဘဌ--- ကျေးရွာရှိ ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် SAC သည် တကဲ ကျေးရွာအုပ်စု၊ သဇ--- ကျေးရွာကို လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သဖြင့် တကဲကျေးရွာအုပ်စုရှိ သဇ---၊ ဘဖ---၊ ဘထ--- နှင့် ဘည--- ကျေးရွာများတို့မှရွာသားများထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ကျောင်းသားများသည် ကျောင်းတက် နိုင်ခြင်းမရှိတော့ပေ။ ပုံတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် သဇ--- ကျေးရွာစာသင်ကျောင်းအနီးရှိ ကတုတ်ကျင်းထဲမှာပုန်းခိုပြီးနောက် အပြင်ထွက်လာသော ကျောင်းသား၊ ကျောင်းသူများကို ဖော်ပြထားသည်။ တစ်ချိန်ထဲတွင် SAC သည် (မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့ နယ်၊) ကလဲမူထီဒေသ၊ ဘယ--- ကျေးရွာမှစ၍ လမ်းများကို ပိတ်ဆို့ခဲ့သည့်အတွက်အကြောင့် ရွာသားများသည် ခရီးသွားလာရေးမှာ အခက်အခဲများနှင့်ကြုံတွေ့ရသည်။ ထွက်ပြေးတိမ်းရှောင်ရသည့် ရွာသားများထဲတွင် သက်ကြီး ရွယ်အိုများ၊ မကြာမီကလေးမီးဖွားခဲ့သောမိခင်များလည်းပါဝင်ပြီးငင်းတို့၏ကျန်းမာရေးအခြေအနေ အရစားစရာနှင့် ဆေးဝါးများလိုအပ်နေပါသည်။ *(ဓာတ်ပုံ- ဒေသခံ ရွာသား)*

လေကြောင်းတိုက်ခိုက်မှုတစ်ခါမှမဖြစ်ပွားသည့်နေရာဒေသတွင်လည်း ကလေးများသည် ၎င်းတို့ကျေးရွာတွင် စာသင်ကြားရန်လုံခြုံမှုမရှိဟုခံစားရသည်။ ဘားအံခရိုင်၊ တနေးဆါး (နဘူး) မြို့နယ်၊ ထီးကလေးကျေးရွာအုပ်စု၊ ဘဇ--- ကျေးရွာမှ အသက် (၁၈)နှစ်အောက်ကလေးနှစ်ဦး၏မိခင်ဖြစ်သူ နော်စ--- မှ ယခုလိုတင်ပြသည်။ *"သူတို့မှာ (ကျောင်းသားများ) ဘေးကင်းလုံခြုံမှုအပြည့်အဝမရှိဘူး။ လေယာဉ်တွေကိုကြောက်နေရတယ်။ လေယာဉ် သံကြားရင် ဆရာ၊ ဆရာမတွေက သူတို့ကိုကျောင်းထဲမှာနေပြီး မြေပြင်မှာဝပ်နေခိုင်းတယ်။ အပြင်မထွက်ခိုင်း*

*ဘူး။"* ကော်တရီးမြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဆအ--- ကျေးရွာတွင်နေထိုင်သော အသက် (၁၆)နှစ်အရွယ် ကျောင်းသူတစ်ဦးဖြစ်သူ နော်တ--- ကလည်း ယခုလိုပြောသည်။ *"ဆရာမတွေစာသင်နေတဲ့အချိန်မှာ တစ်ခြားနေရာမှာ သွားပြောင်းရွှေ့ခိုင်းတယ်။ သမီးတို့လည်း စာသင်တာကိုရပ်ပြီးပြောင်းရွှေ့ခဲ့ရတယ်။ ဒီလိုအဖြစ်များတာက လေယာဉ်တွေလာတဲ့အချိန်ပဲ။ (…) လေယာဉ်လာပြီးလို့သတိပေးပြီးဆိုရင် သမီးတို့က ကျောင်းလွယ်အိတ်ကိုဆွဲပြီး ပြေးခဲ့ရတယ်။"*

SAC ပစ်မှတ်ထားတိုက်ခိုက်ခြင်းကြောင့် စာသင်ကျောင်းများတွင် အခမ်းအနားများကိုကျင်းပရာတွင် ကြောက်ရွံ့နေရပြီး အခက်အခဲစိန်ခေါ်မှုများကြုံတွေ့ရကြောင်းလည်း ရွာသားများက တင်ပြကြသည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နေ့လယ် (၁း၁၅) မိနစ်ဝန်းကျင်တွင် (အမြောက်ကုန်းတပ်စခန်းတွင် အခြေစိုက်သော) SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၇၅) နှင့် (၁၁၈) တို့သည် ကော်တရီးမြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ ဘမ--- ကျေးရွာတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ခမရ (၂၇၅) နှင့် (၁၁၈) တပ်ရင်းများသည် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) အမှတ် (၁၂) မှ လက်အောက်ခံတပ်ရင်းများဖြစ်သည်။ SAC တပ်ရင်းများသည် လက်နက်ကြီး (၁၂၀) မမ သုံးလုံးပစ်ခတ်၍ ပထမတစ်လုံးသည် စာသင်ကျောင်းအနီးရှိ ကျေးရွာဆေးပေးခန်းအား ထိမှန်ပျက်စီးခဲ့သည်။ သို့သော် မည်သူမှထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ပါ။ ဆေးပေးခန်းထိမှန်ပြီးနောက် ကျောင်းဆရာ၊ ဆရာမများသည် ကျောင်းပေါ်တွင်လက်နက်ကြီးကျမည်စိုးသဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းပြင်သို့ ခေါ်ထုတ်ပေးခဲ့သည်။ ထိုသို့မကြာမီအတွင်း SAC တပ်ဖွဲ့သည် နောက်ထပ်လက်နက်ကြီးတစ်လုံးပစ်ခတ်၍ စာသင်ကျောင်းအားထိမှန်ပြီး ကျောင်းခေါင်မိုးပြိုကျပျက်စီးသွားခဲ့သည်။ ထို့အပြင် ကျောင်းဝင်းထဲရှိ ကျောင်းသားမိခင်တစ်ဦးကိုလည်း ထိမှန်၍ဒဏ်ရာရရှိခဲ့သည်။ ထိုနေ့တွင် SAC တပ်ဖွဲ့များသည် ကျောင်းကို လက်နက်ကြီးတစ်လုံးထပ်မံပစ်ခတ်၍ ကျောင်းအဆောက်အဦးပို၍ပျက်စီးသွားခဲ့သည်။ အခင်းဖြစ် ပွားသည့်နေ့တွင် ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းဆရာ၊ ဆရာမများသည် အောက်တိုဘာ ၅ ရက်နေ့ တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကျင်းပရန်အတွက် စာသင်ကျောင်းထဲတွင်ကြိုတင်၍ သန့်ရှင်းရေးလုပ်နေကြသည်။ SAC သည် ဤသို့စာသင်ကျောင်းအား ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ဘမ--- ကျေးရွာရှိ ကျောင်းသားများနှင့်ဆရာများတို့သည် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကျင်းပရန်ကြောက်ရွံ့နေရသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါစာသင်ကျောင်းမှ ကျောင်းဆရာမတစ်ဦးဖြစ်သူ နန်းလ--- က ဤသို့ရှင်းပြသည်။ *"ကျွန်မက ကျောင်းထဲမှာရှိနေတယ်။ စာသင်နေတယ်။ တစ်ခြားကျောင်းသားတွေလည်း ဆရာများနေ့အခမ်းအနားကို ကျင်းပဖို့ ကျောင်းကိုသန့်ရှင်းရေးလုပ်နေကြတယ်။ တစ်ချို့ကျောင်းသားတွေ လည်း ဆရာများနေ့ကိုဂုဏ်ပြုတဲ့ သီချင်းတွေကို လေ့ကျင့်သီဆိုနေကြတယ်။ အဲဒီချိန်မှာ လက်နက်ကြီး တစ်လုံးက (ကျောင်းဝင်းထဲကို) ကျပြီးပေါက်ကွဲသွားတယ်။"*

## ၂.၂။ ရွှေ့ပြောင်းစာသင်ကြားရခြင်းနှင့် ကျောင်းပုံမှန်မတက်ရောက်နိုင်ခြင်း

ကလေးများအနေဖြင့် ပညာရေးဆက်လက်ဆည်းပူးနိုင်ရန်နှင့် ဘေးကင်းလုံခြုံသောပညာရေးကိုရယူရာတွင် ကြုံတွေ့ရသောအခြားစိန်ခေါ်မှုတစ်ရပ်မှာ နေရပ်ရွှေ့ပြောင်းရခြင်းနှင့် စာသင်ကျောင်းများပိတ်ပင်ထားရခြင်း တို့ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူတော်တော်များများသည် စစ်ဘေးရှောင်နေရသည့်အတွက် ဂူထဲတွင်ဖြစ်စေ၊ တောထဲတွင်ဖြစ်စေ သို့မဟုတ် အခြားရပ်ရွာတွင်အစရှိသော ဘေးကင်းလုံခြုံမှုရှိသည်ဟု ခံစားရသော နေရာတွေမှာ ကျောင်းစာကိုလေ့လာသင်ယူရသည်။ KHRG တွေ့ဆုံးမေးမြန်းခဲ့သော ရွာသား (၄၁) ဦးသည် စစ်ဘေးရှောင်ရသည့်အချိန်တွင် ကလေးများအခြေခံပညာရေးကိုရရှိရန်အတွက် ကောင်းမွန်သည့်စာသင်ကြား မည့်နေရာများမရှိခြင်း၊ ခရီးသွားလာမှုအခက်အခဲများ သို့မဟုတ် ဘာသာစကားအခက်အခဲများကြုံတွေ့ရကြောင်း တင်ပြကြသည်။ စာသင်ကျောင်းများအား တိုက်ခိုက်ခြင်းနှင့်လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးများကျောင်းပုံမှန်တက်၍မရနိုင်ကြောင်း တွေ့ဆုံမေးမြန်းခဲ့သည့်ရွာသား (၄၈) ဦးက တင်ပြကြသည်။

## (က) ကျောင်းသွားတက်ရာတွင် ကြုံတွေ့ရသောလမ်းခရီးအခက်အခဲများ

လမ်းခရီးအခက်အခဲများနှင့်လမ်းများပိတ်ဆို့မှုကြောင့် ပညာရေးလက်လှမ်းမီရန် အခက်အခဲစိန်ခေါ်မှုများ ကြုံတွေ့ရကြောင်း ရွာသားများကတင်ပြကြသည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၃ ခုနှစ်တွင် ဒေသတွင်း တိုက်ပွဲများဖြစ်ပွား၍ ခလယ်လွိုထူခရိုင်၊ မူး (မုန်း) မြို့နယ်၊ နို့ညလားကျေးရွာအုပ်စု၊ ဆဘ--- ကျေးရွာတွင် နေထိုင်ကြသောရွာသားများသည် တောတောင်ထဲသို့ထွက်ပြေးပုန်းရှောင်ခဲ့သည်။ ၎င်းတို့ပြေးပုန်းရှောင်သည့် နေရာသည်အလွန်ဝေးသောကြောင့် ဆဘ--- ကျေးရွာတွင်ဆက်လက်လည်ပတ်နေသော စာသင်ကျောင်းသို့ ၎င်းတို့ သားသမီးများကို ကျောင်းပို့ရန်အခက်အခဲများနှင့်ကြုံတွေ့ရသည်။ ဤအခြေအနေနှင့်ပတ်သက်၍ ဆဘ--- ကျောင်းမှ KECD ကျောင်းဆရာတစ်ဦးဖြစ်သူ စောဖ---က ယခုလိုရှင်းပြသည်။ *"တစ်ချို့မိဘပြည်သူတွေက တောထဲမှာနေကြတယ်။ တောထဲမှာ သူတို့ရဲ့စိုက်ပျိုးခြံတွေရှိတယ်။ တောက ရွာနဲ့ဝေးတယ်။ သူတို့က ရွာထဲမှာမနေကြဘူး။ အဲဒါကြောင့် သူတို့သားသမီးတွေကို ကျောင်းပို့ပေးဖို့ လမ်းခရီးကဝေးတော့ သိပ်အဆင်မပြေဘူး။"*

အလားတူစွာ ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ ဝင်းကကျေးရွာအုပ်စု၊ ဆဆ--- ကျေးရွာတွင်နေထိုင်သော အသက် (၁၅)နှစ်အရွယ် (၉) တန်းကျောင်းသူတစ်ဦးဖြစ်သူ မထ--- သည် ရွာနှင့်ဝေးသော မြို့ထဲသို့သွား၍ကျောင်းတက်ရသည်။ အကြောင်းမှာ သူမ၏ရပ်ရွာဒေသတွင် အလယ်တန်းကျောင်းတစ်ကျောင်းသာရှိပြီး အထက်တန်း ကျောင်းမရှိသောကြောင့်ဖြစ်သည်။ မထ--- က ဤသို့ရှင်းပြသည်။ *"လမ်းခရီးအခက်အခဲရှိတယ်။ သမီးက (ဘားအံခရိုင်၊ လှုပလယ်မြို့) လှိုင်းဘွဲ့မြို့မှာ ကျောင်းသွားတက်တယ်။ တစ်ခါတစ်လေမှာ (လက်နက်ကိုင်ပဋိပက္ခကြောင့်) လမ်းပိတ်ထားတယ်။ အဲဒါကြောင့် တစ်ခြားလမ်းကနေသွားပြီး ကျောင်းသွားတက်ရတယ်။ အဲဒီလမ်းက အရမ်းဝေးတယ်။"*

ကျေးလက်နေဒေသများတွင်နေထိုင်ကြသော ကလေးများသည် မူလတန်းကျောင်းနှင့်အလယ်တန်းကျောင်း (ပထမတန်းကနေ နဝမတန်းအထိ) အောင်ပြီးနောက်တွင် ကျောင်းထွက်လေ့ရှိကြသည်။ အကြောင်းမှာ ၎င်းတို့ရပ်ရွာဒေသမှနေ၍ အထက်တန်းကျောင်းသို့သွားလျှင် အလွန်ဝေးသောကြောင့်ဖြစ်သည်။ ထိုဒေသတွင် အထက်တန်းကျောင်းများ အနည်းငယ်သာရှိပြီး ရပ်ရွာများနှင့်အလွန်ဝေးကွာလှသည်။ ပုံမှန်အားဖြင့် ကျေးရွာအုပ်စုတစ်ခုအတွင်းမှ ကျောင်းသား၊ ကျောင်းသူတော်တော်များများသည် ထိုအထက်တန်းကျောင်းသို့ သွားရောက်တက်ကြသည်။ မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဆဒ---ကျေးရွာတွင်နေထိုင်သော အသင်းအုပ်ဆရာဖြစ်သူ စောယ--- က ဤသို့ရှင်းပြသည်။ *"ကျွန်တော်တို့နိုင်ငံမှာ ပညာရေးကနိမ့်ပါးတော့ ကျွန်တော်တို့ရဲ့လူနေမှုအဆင့်အတန်းကလည်း နိမ့်ကြတယ်။ ကျွန်တော်တို့ရဲ့အတွေးအခေါ်၊ အသိပညာနဲ့နည်းပညာဗဟုသုတလည်း နိမ့်ကြတယ်။ အဲဒါကြောင့် ကျွန်တော့်အမြင်နဲ့ပြောရင် ပညာရေးက အခြေခံကျပြီး အရမ်းအရေးကြီးပါတယ်။"*(၁၂) တန်းအောင်ပြီးသည့်တစ်ချို့မိန်းကလေးများ လည်း ၎င်းကျောင်းပညာရေးကိုရပ်နားပြီး အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ယူနိုင်ခွင့်မရှိကြပေ။

## (ခ) စစ်ဘေးရှောင်ရသည့်တောထဲတွင်ပညာသင်ကြားရာ၌ ကြုံတွေ့ရသောအခက်အခဲများ

ကလေးများအားတောထဲတွင် ပညာသင်ကြားရာ၌ လုံခြုံမှုအနည်းငယ်ရှိသော်လည်း ပညာသင်ကြားရန်အတွက် ကောင်းမွန်သောကျောင်းအဆောက်အဦးနှင့်အမိုးအကာများမရှိခြင်းသည် ကလေးများ၏ပညာရေးကိုလည်း ထိခိုက်စေပါသည်။ စစ်ဘေးရှောင်နေရသည့်ကလေးများသည် ကောင်းမွန်သောစာသင်ခန်းများ၊ ကျောင်းအဆောက်အဦးပရိဘောဂများနှင့်သင့်တင့်သော အလင်းရောင်များမရရှိခြင်းတို့ကြောင့် ပညာသင် ကြားရာတွင် အခက်အခဲများနှင့်ကြုံတွေ့ရလေ့ရှိသည်။ ထို့အပြင် တောထဲတွင်ခြင်ပေါ်များ၍ ခြင်ကိုက်ခံရလျှင် ရရှိနိုင်သော ရောဂါများကိုလည်းကလေးများက ကြုံတွေ့ရပြန်သည်။ တောထဲတွင် တာလပတ်၊ ဝါးနှင့် သက်ကယ်မိုးများဖြင့် ဆောက်လုပ်ထားသောကျောင်းအဆောက်အဦးများသည် ယာယီခေတ္တသာဖြစ်သည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခများဆက်လက်ဖြစ်ပွားနေသည့်အတွက်ကြောင့် စစ်ဘေးရှောင်ရွာသား များသည် အဆိုပါဆောက်လုပ်ထားသောယာယီကျောင်းများကို အချိန်ကာလကြာမြင့်စွာအသုံးပြုနေရပြီး လက်ရှိအချိန်တွင် နှစ်အတော်ကြာပြီးဖြစ်သည်။




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း တောအူးခရိုင်၊ ထောတထူ (ထန်းတပင်) မြို့နယ်၊ ဒေးလိုကျေးရွာအုပ်စုရှိ ရွာသားတစ်ဦး၏စိုက်ပျိုးခြံထဲတွင် ရိုက်ယူခဲ့သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဒေးလိုကျေးရွာအုပ်စု၊ ဆဗ--- ကျေးရွာတွင် SAC တပ်ဖွဲ့နှင့် PDF စစ်သားများကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ခလရ (၃၉) တပ်ရင်းအပါအဝင် SAC ပူးပေါင်းတပ်ဖွဲ့များသည် ဒေးလိုကျေးရွာအုပ်စု၊ ဆဃ--- ကျေးရွာ၊ ဆဗ--- ကျေးရွာ နှင့် ဆဂ--- ကျေးရွာတို့တွင် စစ်ကြောင်းထိုးလာခဲ့သည်။ SAC စစ်သားများရောက်ရှိလာသည်ကိုသိရှိ၍ အဆိုပါကျေးရွာများရှိ ရွာသားများသည် ကြောက်ရွံ့ကြပြီး အနီးနားရှိလုံခြုံသည့်နေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ကလေးများ၏ပညာရေးကိုရှေ့ရှု၍ ကျောင်းသားမိဘများသည် ဆဃ--- ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အစည်းအဝေးထိုင်ခဲ့သည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးသည် ဒေသခံ KNU အာဏာပိုင်များ နှင့်တိုင်ပင်ဆွေးနွေးခဲ့သည်။ နောက်ဆုံးတွင် ပုံတွင်ပြထားသည့်အတိုင်း ရွာသားများသည် ကလေးများစာသင်ကြားနိုင်ရန်အတွက် စိုက်ပျိုးခြံထဲတွင် တဲကလေးများထိုး၍ စာသင်ပေးခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ ညနေ (၅း၂၅) မိနစ်တွင် SAC သည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ဆဟ--- ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် ရွာသားများထိခိုက်ဒဏ်ရာရခြင်း၊ နေရပ်စွန့်ခွာရခြင်းနှင့် လူနေအိမ်များလည်း ပျက်စီးခဲ့ရသည်။ ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်တွင် ဆဟ--- ကျေးရွာတွင် နေထိုင်ကြသော ရွာသားများသည် KNLA နှင့် SAC တပ်ဖွဲ့တို့ကြားတိုက်ပွဲဖြစ်ပွား၍ ထွက်ပြေးတိမ်းရှောင်ခဲ့ဖူးသည်။ အကျိုးဆက်အနေဖြင့် ကျေးရွာစာသင်ကျောင်း မကြာခဏပိတ်ပင်ခဲ့ရပြီး ကလေးများလည်း ကျောင်းပုံမှန်တက်ရောက်နိုင်ခြင်းမရှိတော့ပါ။ ဤအခြေအနေနှင့်ပတ်သက်၍ သားသမီး (၇)ဦးရှိသော မိခင်တစ်ဦးဖြစ်သူ နော်စျ--- က ယခုလိုရှင်းပြသည်။ *“၂၀၂၃ ခုနှစ်မှာ ကျွန်မရဲ့ကလေးတွေ တောထဲမှာ တစ်နှစ်လုံးကျောင်းတက်ခဲ့ရတယ်။ ၂၀၂၄ ခုနှစ်မှာ ကလေးတွေက ကျောင်းတက်လိုက်၊ ပြေးပုန်းရှောင်လိုက်တဲ့အခြေအနေရှိတယ်။ ပြီးရင် ကျောင်းပြန်တက်၊ ပြန်ပြီးစစ်ဘေးရှောင်လိုက်နဲ့ပဲ တစ်နှစ်လုံးအချိန်ကုန်သွားခဲ့ရတယ်။ ပုံမှန်အားဖြင့် ကျောင်းတက်ခွင့်ရခဲ့တယ်။ ဒါပေမဲ့တစ်ခါတစ်လေမှာ စစ်ဘေးရှောင်ကြရတယ်။ ၂၀၂၃ ခုနှစ်မှာဆိုရင် တစ်နှစ်လုံးတောထဲမှာပဲ ကျောင်းတက်ခဲ့ရတယ်။ (...) တစ်ချို့ကလေးတွေက ကျောင်းသွား တက်ရမှာကြောက်နေကြတယ်။”* ဆက်လက်၍ သူမ၏သားသမီးများအနေဖြင့် တောထဲမှာကျောင်းတက်ရချိန်တွင် အခက်အခဲများနှင့်ကြုံတွေ့ရကြောင်း သူမကဆက်ပြောသည်။ *“ကလေးတွေက တောထဲမှာပဲကျောင်းတက်ရတယ်။ မိုးရာသီဆိုရင် အင်းဆက်တွေ၊ ခြင်တွေအကိုက်ခံရတာရှိတယ်။ စာသင်ရတာအဆင်မပြေဘူး။”*

အလားတူစွာ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာတွင်နေထိုင်သော ကျောင်းသားတစ်ဦးသည် တောထဲမှာကျောင်းတက်ရသည့်အချိန်ကာလအတွင်း ကလေးများ အခက်အခဲ၊ ဒုက္ခများနှင့်ကြုံတွေ့ရကြောင်း KHRG ပြုလုပ်ခဲ့သည့်အုပ်စုဖွဲ့ဆွေးနွေးပွဲတွင် ယခုလိုရှင်းပြသည်။ *“တစ်ခါတစ်လေမှာ ကျောင်းသွားတက်ရတာအဆင်မပြေဘူး။ ဘာဖြစ်လို့လဲဆိုတော့ လေယာဉ်တွေက ကျေးရွာအပေါ်မှာလာပြီးပျံသန်းနေတယ်။ (...) လေယာဉ်တွေလာပြီးဆိုရင် ဆရာမတွေက သားတို့ကို တောထဲမှာသွားခိုင်းပြီးစာသင်ကြားရတယ်။ (...) တောထဲမှာစာသင်ကြားရတဲ့အခြေအနေမှာ ခြင်တွေက သားတို့ကိုကိုက်တယ်။ ပြီးတော့ တောထဲမှာအရမ်းအေးတယ်။ တောက ရွာနဲ့ဆိုအဝေးကြီးပဲ။ မိုးရာသီဆိုရင် တောထဲမှာကျောင်းတက်ရရင် လယ်ကွင်းကိုဖြတ်ပြီးသွားရတယ်။ လယ်ကွင်းကိုဖြတ်ရတဲ့အချိန်မှာ အကုန်လုံးစိုကုန်တယ်။ (...) တောထဲမှာ ကျောင်းတက်ရင် နေ့လယ်စာအတွက် ကိုယ့်*

*ထမင်းကိုယ်ယူသွားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ကိုပြန်လာပြီးထမင်းစားဖို့ အရမ်းဝေးတယ်လေ။ တောထဲမှာ စာရေး၊ စာဖတ်ဖို့အတွက်နေရာမရှိဘူး။ တောထဲမှာကျောင်းတက်ရတာ အဆင်မပြေဘူး။"*




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စုရှိ ဆဇ--- ကျောက်ဂူအနီးတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ဆဇ--- ကျောက်ဂူ အနီးတွင် စစ်ဘေးရှောင်ကလေးများအား စာသင်ကြားပေးနေသော အခြေအနေကိုဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များက ဒွဲ့လိုးမြို့နယ်ရှိ ထီးကဆောမဲတပ်စခန်း (ကတိုင်တိကျေးရွာအုပ်စု) နှင့် တောင်သုံးလုံးတပ်စခန်း (ထီးသဘလုထကျေးရွာအုပ်စု) များအပါအဝင် အခြား SAC တပ် စခန်းများကို တိုက်ခိုက်သိမ်းပိုက်ရန်ကြိုးစားပြီးနောက် KNLA၊ PDF ပူးပေါင်းတပ်ဖွဲ့များနှင့် SAC တပ်ဖွဲ့တို့ကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းကြောင့် ဒွဲ့လိုးမြို့နယ်ရှိရွာသားမြောက်များစွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ကတိုင်တိကျေးရွာအုပ်စုမှ တစ်ချို့ရွာသားများသည် ဆဇ--- ကျောက်ဂူသို့ထွက်ပြေးပုန်းရှောင်ခဲ့သည်။ ပုံတွင်ပြထားသည့်အတိုင်း စစ်ဘေးရှောင်ရွာသားများသည် ကလေးများပညာရေးရရှိရန် ၎င်းတို့အား ကြိုးစား၍ စာသင်ပေးနေသည်ကို တွေ့မြင်နိုင်သည်။
*(ဓာတ်ပုံ- KHRG)*

ကလေးများသည် တောထဲတွင် ကျောင်းတက်ရသော်လည်း လုံခြုံမှုအပြည့်အဝမရှိဟုခံစားရကြောင်း ရွာသားတော်တော်များများက တင်ပြကြသည်။ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဘတ--- ကျေးရွာမှ အသက် (၁၈) အောက် သားသမီး (၄)ဦး၏မိခင်ဖြစ်သူ နော်ခ--- က ယခုလိုရှင်းပြသည်။ *"အခုချိန်မှာ အခြေအနေက ပိုပြီးဆိုးလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေက စာသင်လိုက်၊ ပြေးပုန်းလိုက်၊ ပြီးရင် စာပြန်သင်လိုက်၊ ပြန်ပြီးပုန်းရှောင်ရတဲ့အခြေအနေရှိလာပြီး။ စာမေးပွဲဖြေရတဲ့အချိန်မှာဆိုရင် ကလေးတွေက တောထဲမှာပဲစာသင်ပြီးနေကြရတယ်။ လေယာဉ်လာပြီးဆိုရင် သူတို့ကို ဖရောင်းတိုင်မီးမထွန်းခိုင်းဘူး။ ဖရောင်းတိုင်မီးထွန်းရင် လူတွေက သူတို့ကိုဆူကြတယ်။ အဲဒါကြောင့် ကလေးတွေက စာကောင်းကောင်း သင်ယူလို့မရဘူး။ အကြောက်တရားနဲ့ပဲ စာကိုလေ့လာသင်ယူနေရတယ်။"* အလားတူစွာ ၂၀၂၃ ခုနှစ်တွင် SAC သည် လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဆသ--- ကျေးရွာကိုလေကြောင်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာစာသင်ကျောင်းအား ထိမှန်ပျက်စီးသွားခဲ့သည်။ ဆသ--- ကျေးရွာတွင် နေထိုင်သည့်ကျောင်းသား၊ ကျောင်းသူများသည် တောထဲသို့ထွက်ပြေး၍ ကျောင်းတက်ခဲ့ရသည်။ KHRG ပြုလုပ်ခဲ့သည့်အုပ်စုဖွဲ့ ဆွေးနွေးပွဲတွင်ပါဝင်ခဲ့သော ဆသ--- ကျေးရွာမှ စစ်ဘေးရှောင်ကျောင်း သားတစ်ဦးသည် ဤသို့ပြောပြသည်။ *"သားတို့တွေ တောထဲမှာစာသင်ရပေမဲ့ လေယာဉ်တွေကိုကြောက်နေရတုန်းပဲ။ […] တောထဲမှာကျောင်း တက်ခဲ့တာသုံးနှစ်တောင်ပြည့်တော့မယ်။"*

## (ဂ) စစ်ဘေးရှောင်ကျောင်းသားများကြုံတွေ့ရသော ဘာသာစကားအခက်အခဲများ

စာသင်ကျောင်းများတွင် မတူညီသည့်သင်ရိုးညွှန်းတမ်းများကိုသင်ကြားပေးသည့်အတွက် ကလေးများအနေဖြင့် ဘာသာစကားအခက်အခဲများနှင့်ကြုံတွေ့ရကြောင်း တစ်ချို့စစ်ဘေးရှောင်ရွာသားများက တင်ပြကြသည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်တွင် ကျောင်းသားမိဘတော်တော်များများသည် ၎င်းတို့သားသမီးများကို KECD ကျောင်းများတွင် ကျောင်းထားပေးလာကြသည်။[29] သို့သော်လည်း မြန်မာအစိုးရကျောင်းတွင် ကျောင်းတက်ခဲ့ဖူးသည့်ကျောင်းသားများသည် ကရင်စာပေကို လေ့လာခွင့်မရကြခဲ့ပေ။ မြန်မာအစိုးရကျောင်း တွင် ကရင်

[29] အထက်တွင်ဖော်ပြထားသော KHRG, "အကြမ်းဖက်တိုက်ခိုက်ခံရသော စာသင်ကျောင်းများ" တွင် ကြည့်ပါ။

စာပေများသင်ကြားပေးခြင်းမရှိခဲ့ပေ။ ဤအခြေအနေကြောင့် KECD ကျောင်းသို့လာတက်ရောက် ကြသော ထို ကျောင်းသားများသည် ပညာသင်ကြားမှုတွင် ဘာသာစကားအခက်အခဲရှိလာသည်။ ဒူးပလာယာခရိုင်၊ ကရူတူး မြို့နယ်၊ ကော့ဝလှိုင်ကျေးရွာအုပ်စု၊ ဆလ--- ကျေးရွာမှ အသက် (၁၈)နှစ်အောက် သားသမီးလေးဦး၏မိခင်ဖြစ် သူ နော်အအ--- သည် ထိုဒေသတွင် တိုက်ပွဲဖြစ်ပွား၍ သူမ၏သားသမီးများနှင့်အတူ ကော်တရီမြို့နယ်၊ ဆမ--- ကျေးရွာသို့ စစ်ဘေးရှောင်ခဲ့ရသည်။ ထိုကျေးရွာတွင် သူမ၏သားသမီးများကို KECD ကျောင်းတွင် ကျောင်းထား ပေးခဲ့သည်။ သူမ၏သားသမီးများသည် ဆလ--- ကျေးရွာတွင်နေထိုင်ခဲ့စဉ်က မြန်မာအစိုးရကျောင်းတွင် တက် ခဲ့ရသည်။ သူမက ယခုလိုတင်ပြသည်။ *"ကျွန်မကလေးတွေပြောတာက သူတို့က (KECD ကျောင်းမှာသင်ပေးတဲ့) သင်ရိုးညွှန်းတမ်းတွေကို တစ်ခါမှ သင်ဖူးဘူးတဲ့။ ဒါပေမဲ့ ကျောင်းတက်ရင်းနဲ့မကြာခင်မှာ သူတို့တွေနားလည်သွား မှာပါ။ ကျွန်မက တစ်ခြားဘာသာရပ်တွေကော လိုက်လို့ရလားလို့ သူတို့ကိုမေးတယ်။ သူတို့ပြန်ပြောတာက အင်္ဂလိပ်စာနဲ့ မြန်မာစာကို ကောင်းကောင်းနားလည်တယ်တဲ့။ ဘာဖြစ်လို့ဆိုလဲဆိုတော့ အဲဒီဘာသာရပ်တွေကို အရင်က သူတို့သင်ယူခဲ့ဖူးတယ်လေ။ သူတို့ပြောတာက ကရင်ဘာသာရပ်ကိုတော့ သူတို့ပိုပြီးကြိုးစားလေ့လာ သင်ယူဖို့လိုတယ်တဲ့။"*

၂၀၂၄ ခုနှစ်တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ ဆန--- ကျေးရွာနှင့် ဆဝ--- ကျေးရွာ တို့မှ ဂေဘားလူမျိုးဖြစ်ကြသော ရွာသားများကလည်း ၎င်းတို့သားသမီးများ ဘာသာစကား အခက်အခဲနှင့်ကြုံတွေ့ ရကြောင်း တင်ပြခဲ့သည်။ ထိုကျေးရွာနှစ်ရွာသည် ရောယှက်ထိန်းချုပ်နယ်မြေတွင်တည်ရှိ၍ ၎င်းတို့စာသင် ကျောင်းများသည် မြန်မာအစိုးရပညာရေးစနစ်အောက်တွင်ရှိပြီး မြန်မာဘာသာဖြင့် သင်ကြားခဲ့ရသည်။ စစ်တပ် အာဏာသိမ်းပြီးနောက်တွင် ထိုစာသင်ကျောင်းများသည် KECD ပညာရေးစနစ် အောက်တွင်လည်းပတ်၍ စကော ကရင်ဘာသာဖြင့် သင်ကြားပေးနေလျက်ရှိသည်။ ထို့ကြောင့် ထိုကျေးရွာများရှိ ဂေဘားလူမျိုးဖြစ်ကြသော ကလေး များသည် ကျောင်းသင်ခန်းစာကို ကောင်းစွာနားမလည်သဖြင့် တစ်ချို့ကျောင်းဆရာများနှင့် ကျောင်းသားများ သည် ကျောင်းထွက်လိုက်သည့်အခြေအနေတွင်ရှိသည်။ ဤအခက်အခဲများကိုဖြေရှင်းရန်အတွက် ရွာသားများ သည် KNU ခေါင်းဆောင်များအား အကြောင်းကြား၍ ကရင်စာသင်ပေးနိုင်သော ဆရာ၊ ဆရာမများကို ထားရှိ ပေးရန် အကူအညီတောင်းဆိုခဲ့ဖူးသည်။

## ၂.၃။ စစ်ပဋိပက္ခကြောင့်ကြုံတွေ့ရသော စားဝတ်နေရေးအခက်အခဲများနှင့်အခြေခံ လိုအပ်ချက်များ ပျက်ကွက်မှု

၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်အတွင်း ထောင်ပေါင်းများစွာသော ကလေးများသည် စစ်ပဋိပက္ခဒဏ်ကိုခံစားနေရပါသည်။ မြန်မာစစ်တပ်လည်း ကျေးရွာများနှင့်စိုက်ပျိုးခြံများကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ဤသို့သော အခက်အခဲများ သည် ရွာသားများ၊ ကျောင်းဆရာများနှင့်ပညာရေးအဖွဲ့အစည်းများ၏ ငွေကြေးအခြေအနေကို များစွာထိခိုက်စေ ပြီး ကျောင်းသားမိဘများကလည်း ၎င်းတို့သားသမီးများအား ကျောင်းထားပေးရန်အတွက် ကျောင်းစရိတ်မတတ် နိုင်သည့်အတွက်ကြောင့် ကျောင်းသားတော်တော်များများ ကျောင်းထွက်လိုက်ရသည့် အခြေအနေရှိသည်။ စီးပွားရေးမပြေလည်မှုနှင့်ငွေကြေးအခက်အခဲများသည် ကျောင်းသင်ထောက်ကူပစ္စည်းများနှင့် အရည်အချင်းရှိ သောဆရာ၊ ဆရာမများလုံလောက်စွာမရှိခြင်း စသည့်အခြေအနေကိုတွန်းပို့စေပြီး ကလေးများ၏အခြေခံလိုအပ် ချက်များကိုလည်း မဖြည့်ဆည်းပေးနိုင်သည့်အတွက်ကြောင့် ၎င်းတို့၏ပညာရေး ကဏ္ဍကို ပို၍ထိခိုက်စေပါသည်။ KHRG တွေ့ဆုံမေးမြန်းခဲ့သော ခရိုင် (၇) ခုစလုံးမှ ရွာသားများ (၇၄) ဦး၏တင်ပြချက်အရ မိသားစုစားဝတ်နေ ရေးအခက် အခဲများနှင့် ပဋိပက္ခကြောင့်ကြုံတွေ့ရသောစိန်ခေါ်မှုများ ကြောင့်ကလေးများသည် ကျောင်းထွက်ခဲ့ ရသည်။

## (က) စစ်ပဋိပက္ခကြောင့်ကြုံတွေ့ရသော ဆင်းရဲမွဲတေမှုများ

၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်အတွင်း ကလေးများကျောင်းထွက်ရသည့်အဓိကအကြောင်းရင်းတစ်ခုမှာ ဆင်းရဲမွဲတေမှုဖြစ်ကြောင်းတွေ့ရှိရသည်။ ကရင်ပြည်နယ်ရှိ ရွာသားအများစုသည် စားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။ သို့သော် ရွာသားများသည် စစ်ဘေးရှောင်ရပြီး ၎င်းတို့အိမ်ယာပိုင်ဆိုင်မှုများနှင့် အလုပ်အကိုင်များကို ထားရစ်ခဲ့ရသည်။ စစ်ဘေးရှောင်နေစဉ်အတွင်း ရွာသားများသည် အလုပ်လက်မဲ့ဖြစ်ခြင်း သို့မဟုတ် အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် ၎င်းတို့စားဝတ်နေရေးကိုများစွာ ထိခိုက်စေပါသည်။ ဤအခြေအနေသည် ခရိုင် (၇)ခု စလုံးတွင် ဖြစ်ပွားခဲ့သည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ မူးကပိုဒေသ၊ ဆပ--- ကျေးရွာကို SAC မှ လေကြောင်းဖြင့်တိုက်ခိုက်ခြင်းကြောင့် ဆပ--- ကျေးရွာတွင်နေထိုင်ကြသော ဒေါ်အဘ---၊ သူမ၏မိသားစုဝင်များနှင့် အခြားရွာသားများသည် မူးကပိုဒေသ၊ ဆခ--- ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ဒေါ်အဘ--- သည် သူမ၏ကလေးပညာရေးနှင့်ပတ်သက်ပြီး ကြုံတွေ့ရသည့်အခက်အခဲများကို ယခုလိုရှင်းပြသည်။ *“တစ်ချို့ကလေးတွေက ကျောင်းမတက်နိုင်ကြတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မိဘတွေက စားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်။ ပြီးတော့လည်း ကျွန်မတို့က ကိုယ့်ကလေးတွေလိုအပ်တဲ့ စာအုပ်ကအစ ကျောင်းပစ္စည်းအားလုံးကို ဝယ်ပေးရတယ်။ အဲဒါကြောင့် ကျွန်မတို့ မတတ်နိုင်တော့ဘူး။ (...) ကလေးတွေက ကျောင်းတက်ချင်တယ်။ ဒါပေမဲ့ ကျွန်မတို့မှာလည်း အခက်အခဲရှိတယ်။ နောက်တစ်ခုက ကျွန်မတို့မှာ အိမ်နဲ့လယ်ယာမရှိတော့ဘူး။ အခုတောင်မှ တာလပတ်နဲ့တဲထိုးပြီးနေနေရတယ်။ အဲဒါကြောင့် အခက်အခဲလေးတွေရှိတယ်။”* မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒွေဘူနီဒေသ၊ ဘလ--- ကျေးရွာမှ KECD ကျောင်းဆရာမတစ်ဦးဖြစ်သူ နော်က--- ကလည်း ယခုလိုတင်ပြသည်။ *“တစ်ချို့ကလေးတွေ သူတို့မိဘရဲ့စားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းထွက်လိုက်ရတယ်။ စားဝတ်နေရေးအတွက်သူတို့မိဘရဲ့ အလုပ်တွေကိုကူညီပြီး လုပ်ကိုင်ပေးနေရတယ်။ သူတို့ကကျောင်းတက်ချင်ပေမဲ့ စားဝတ်နေရေးအတွက် အလုပ်လုပ်နေရတယ်။”*

အလားတူစွာ ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ဝင်းကကျေးရွာအုပ်စု၊ ဆဆ--- ကျေးရွာမှ အသက် (၁၅) နှစ်အရွယ်ကျောင်းသူတစ်ဦးဖြစ်သူ မထ--- ကလည်း ယခုလိုရှင်းပြသည်။ *“ကျောင်းသားအများစုက ကျောင်းထွက်လိုက်တယ်။ တစ်ချို့က ထိုင်းနိုင်ငံမှာ ကျောင်းသွားတက်တယ်။ တစ်ချို့က ကိုယ့်ရွာမှာပဲအလုပ်လုပ်ကြတယ်။ (...) ကျောင်းထွက်တဲ့ကျောင်းသားအများစုက ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်ကြတယ်။ (...) ကျွန်မအသက်အရွယ်က ပညာရေးလေ့လာသင်ယူရမယ့်အရွယ်ပါ။ တစ်ချို့တွေလည်း အခက်အခဲကြောင့် ကျောင်းမတတ်နိုင်ဘူး။ သူတို့ကို ကူညီပြီးကျောင်းပို့ပေးပါလို့ (သက်ဆိုင်ရာတွေကို) တောင်းဆိုချင်တယ်။”* ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် SAC သည် ဆဆ--- ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာစာသင်ကျောင်းနှင့် လူနေအိမ်များ ထိမှန်ပျက်စီးခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် မမ--- အပါအဝင် တစ်ခြားကလေးများလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ကျောင်းထွက်ခဲ့ရသည့်တစ်ချို့ကလေးများက ပညာရေးသည် ၎င်းတို့ဘဝအတွက်အရေးကြီးပြီး ပညာရေးကိုဆက်လက်လေ့လာသင်ယူလိုသည့်ဆန္ဒရှိကြောင်း KHRG အား တင်ပြခဲ့သည်။ တစ်ချို့ဒေသများတွင် မိဘများက သူတို့ကလေးတစ်ဦးကိုသာ ကျောင်းထားပေးနိုင်ကြသည်။ ထိုအခြေအနေတွင် သမီးဖြစ်သည့်ကလေးများ က မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်၍ မိသားစုကိုကျွေးမွေးပြုစုစောင့်ရှောက်ရကြောင်း တွေ့ရှိရသည်။

## (ခ) ကျောင်းသင်ထောက်ကူပစ္စည်းများနှင့် ကျောင်းဆရာများလုံလောက်စွာမရှိခြင်း

ကျောင်းသင်ထောက်ကူပစ္စည်းများနှင့်ကျောင်းဆရာ၊ ဆရာမများလုံလောက်စွာမရှိခြင်းကြောင့် ရွာသားများနှင့် ကလေးသူငယ်များသည်လည်း အရည်အသွေးရှိသောပညာရေးကိုရရှိရန်အခက်အခဲစိန်ခေါ်မှုများနှင့်ကြုံတွေ့ရသည်။ SAC မှ စာသင်ကျောင်းများကိုတိုက်ခိုက်သည့်အတွက်ကြောင့် ကျောင်းဆရာ၊ ဆရာမတော်တော်များများလည်း အလုပ်ထွက်လိုက်ကြသည်။ ထို့အပြင် SAC စစ်သားများသည် ကျောင်းသင်ထောက်ကူပစ္စည်းများအား

သယ်ယူပို့ဆောင်ရာတွင် ပိတ်ပင်တားဆီးသည့်အခြေအနေလည်းရှိသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဆစ--- ကျေးရွာအုပ်စု၊ ဆရ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ စိုင်းအဆ--- က ဤသို့ရှင်းပြသည်။ *“ပညာရေးအရည်အသွေးကတော့ မကောင်းဘူး။ ကလေးတွေလည်း လွတ်လွတ်လပ်လပ်စာသင်ယူခွင့်မရှိဘူး။ (…) သူတို့မှာ စာသင်ကြားဖို့လုံလောက်တဲ့ပစ္စည်းကိရိယာလည်းမရှိဘူး။ ဥပမာဆိုရင် ဖတ်စာအုပ်အလုံအလောက်မရှိဘူး။ အဲဒါကြောင့် အခက်အခဲဖြစ်တာက ကလေး (၅) ဦးဆိုရင် ဖတ်စာအုပ်တစ်အုပ်ထဲကို ကော်ပီကူးပြီးရေးယူနေရတယ်။ (…) စာသင်ကျောင်းလည်း ပျက်စီးသွားတယ်။ ရွာသားတွေအခြားလုံခြုံတဲ့ နေရာမှာပြေးပုန်းရှောင်နေရတယ်။ စစ်ဘေးရှောင်တဲ့နေရာမှာ သူတို့က ကျောင်းအသစ် (ကိုယ်ထူကိုယ်ထကျောင်း) ကို ဝါး၊ သစ်တွေနဲ့ ဆောက်လုပ်ကြတယ်။ သူတို့ဟာ ကလေးပညာရေးကို တတ်နိုင်တဲ့ဖက်က ဝိုင်းဝန်းကူညီပံ့ပိုးကြတယ်။”* (အဆိုပါပျက်စီးသွားသည့်ကျောင်းသည် KECD ကျောင်းတစ်ကျောင်းဖြစ်ပြီး ဒွဲ့လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ဆတ--- ကျေးရွာတွင်တည်ရှိသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ဒုတိယအပတ်တွင် SAC သည် ထိုကျောင်းကိုလေကြောင်းဖြင့်တိုက်ခိုက်၍ ပျက်စီးသွားခြင်းဖြစ်သည်။)

ကျောင်းသုံးအရင်းအမြစ်များနှင့်ကျောင်းဆရာများလုံလောက်စွာမရှိခြင်းသည်ကလေးများ၏ပညာရေးအရည်အသွေးများအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိစေသည်။ ကော်တရီမြို့နယ်၊ လေးကေကော်မြို့မှ ကျောင်းဆရာမတစ်ဦးဖြစ်သူ နန်းလ--- သည် ယခုလက်ရှိအချိန်တွင် ဖလူးကျေးရွာအုပ်စုရှိ သဟ--- စစ်ဘေးရှောင်စခန်းရှိ KECD စာသင်ကျောင်းတွင်ကလေးများအား အခြေခံတရုတ်စာသင်ကြားပေးနေပါသည်။ သူမက ယခုလိုရှင်းပြသည်။ *“စစ်ပဋိပက္ခအတွင်းမှာ ဆရာ၊ ဆရာမတွေအတွက် ကူညီထောက်ပံ့မှုတွေ နည်းနေတယ်။ အဲဒါကြောင့် ကျွန်မတို့က ဘာသာရပ်တိုင်းကိုမသင်ကြားနိုင်ဘူးဖြစ်နေတယ်။ ကလေးတွေကို အဓိကကျတဲ့ဘာသာရပ်တွေဖြစ်တဲ့ အင်္ဂလိပ်စာ၊ မြန်မာစာနဲ့သင်္ချာတွေကိုပဲ သင်ပေးနိုင်တယ်။ တစ်ခြား ဘာသာရပ်ဖြစ်တဲ့ကွန်ပြူတာနဲ့တရုတ်စာကိုလည်း သင်ကြားပို့ချပေးနိုင်ပါတယ်။”* အလားတူစွာ မြိတ်-ထားဝယ်ခရိုင်၊ စတိန်ကျေးရွာအုပ်စုမှ ဆဒ--- ကျေးရွာတွင်နေထိုင်သော အသင်းအုပ်ဆရာဖြစ်သူ စောယ---ကလည်း ဤသို့ရှင်းပြသည်။ *“တစ်ချို့နေရာတွေမှာ ဆရာတစ်ဦးက အတန်းတစ်ခုကိုပဲ သင်ကြားပေးသင့်တယ်။ ဒါပေမဲ့သူတို့က အတန်းနှစ်ခု၊ သုံးခုလောက်ကို စာသင်ပေးနေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာ၊ ဆရာမဦးရေမလုံလောက်ဘူးလေ။ (…) ကျွန်တော်တို့ရွာမှာ စစ်ပဋိပက္ခတွေ ဖြစ်ပွားနေတယ်။ အဲဒါကြောင့် (မြန်မာ) အစိုးရကျောင်းဆရာ၊ ဆရာမတွေက ကျွန်တော်တို့ရွာကို မလာချင်ဘူး။ (…) ကျွန်တော်တို့ကိုကူညီဖို့ ရွာကနေလာတဲ့ဆရာတွေ၊ စေတနာ့ဝန်ထမ်းကျောင်းဆရာတွေရှိတယ်။ (…) ဆရာတစ်ဦးက လစာ (၁၅၀,၀၀၀) ကျပ်လောက်ပဲရတယ်။ စစ်ပဋိပက္ခနဲ့အခြားပြဿနာတွေကြောင့် အခုအခြေအနေက အဲလိုပဲဖြစ်နေတယ်။ ရွာသားတွေအားလုံးလဲ ငွေကြေးအခက်အခဲတွေရှိနေတယ်။ အဲဒါကြောင့် သူတို့လည်း ကျောင်းဆရာတွေကို လစာအနည်းငယ်ပဲပေးနိုင်တယ်။”*

ထို့အပြင် SAC တပ်ဖွဲ့များက ကျောင်းသုံးဖတ်စာအုပ်များကိုလည်း သိမ်းယူခဲ့ကြောင်း တစ်ချို့ကျောင်းဆရာများက တင်ပြကြသည်။ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ကော်သေးဒဲ (ရေသိုးကြီး) ကျေးရွာအုပ်စု၊ ဆဌ--- ကျေးရွာမှ ကျောင်းအုပ်ကြီးဖြစ်သူ နော်အဒ--- က ယခုလိုပြောပြသည်။ *“၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ကျွန်မတို့မှာ ကျောင်း သားတွေအတွက်ဖတ်စာအုပ်အလုံအလောက်မရှိဘူး။ အဲဒါကြောင့် ဆရာမအနေနဲ့ နည်းလမ်းတွေရှာပြီး ဖတ်စာအုပ်များကိုရအောင်လုပ်ကြတယ်။ ကျွန်မတို့တွေ ဆဖ--- မြို့ကိုသွားပြီး မိတ္တူဆိုင်မှာ ဖတ်စာအုပ်ကို မိတ္တူသွားကူးကြတယ်။ (…) တစ်ခါမှာဆိုရင် (၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း) ဆထ--- မြို့မှာရှိတဲ့ SAC စစ်ဆေးရေးဂိတ်အရောက်မှာ SAC စစ်သားတွေက ကျွန်မတို့အိတ်တွေကိုစစ်ဆေးတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ကျောင်းသုံးဖတ်စာအုပ်မိတ္တူတွေကို တွေ့သွားတယ်။ (…) အဲဒါနဲ့ သူတို့က ဖတ်စာအုပ်မိတ္တူတွေကို သိမ်းယူလိုက်တယ်။ (…) ကျွန်မတို့အတွက် ဖတ်စာအုပ်တွေ၊ A4 စာရွက်တွေနဲ့ ကျောင်းသုံးပစ္စည်းတွေကို သယ်ယူဖို့မလွယ်ဘူး။ အဲဒီအရာတွေကို (ကျောင်း သုံးပစ္စည်းများ) သယ်ဆောင်ပေးပို့ ကားသမားတွေကို လွယ်လွယ်နဲ့ငှားလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကားသမားတွေလည်း အဲဒီအရာတွေကို သယ်ဆောင်ရမှာ ကြောက်နေတယ်။ SAC စစ်သားတွေက အဲဒီအရာတွေကို တင်းတင်းကြပ်ကြပ်စစ်ဆေးနေကြလို့လေ။”*

ကလေးများ၏ပညာရေးအတွက် ကူညီထောက်ပံ့ပေးမှုနည်းပါးကြောင်း KHRG တွေ့ဆုံမေးမြန်းသည့်ရွာသား (၁၂) ဦးက တင်ပြကြသည်။ KECD နှင့်အခြားသောအဖွဲ့အစည်းများက မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စာသင်ကျောင်းများကို ကူညီထောက်ပံ့မှုများပေးသော်လည်း လုံလောက်မှုမရှိခဲ့ပေ။ ဘားအံခရိုင်၊ တာကရယ် (ပိုင်ကျုံ) မြို့နယ်မှ KECD မြို့နယ်တာဝန်ခံတစ်ဦးဖြစ်သူ စောအဃ--- က ယခုလိုရှင်းပြသည်။ *"တစ်ချို့ကျောင်းဆရာ၊ ဆရာ မတွေက KECD ကနေ ထောက်ပံ့မှုတွေရကြတယ်။ တစ်ချို့လည်း ရွာသားတွေဆီကနေ ထောက်ပံ့မှုတွေ ရတယ်။ ကျွန်တော်တို့မှာ ဖတ်စာအုပ်အလုံအလောက်မရှိသေးဘူး။ ဥပမာဆိုရင် ကျောင်းသားနှစ်ယောက်၊ သုံး ယောက်က ဖတ်စာအုပ်တစ်အုပ်ထဲကို အတူတူမျှဝေသုံးစွဲကြတယ်။"* အလားတူစွာပျက်စီးသွားသည့်စာသင်ကျောင်းများကို ပြန်လည်ပြုပြင်ရန် အတွက် ကူညီထောက်ပံ့မှုမှာ မရှိသလောက်ရှားသည်။ စောအဃ--- က ဤသို့ ထပ်မံရှင်းပြသည်။ *"စာသင်ကျောင်းတွေမှာ လိုအပ်ချက်တွေအများကြီးရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချို့ ကျောင်းတွေက ပျက်စီးသွားကြတယ်။ ခေါင်မိုးနဲ့ကြမ်းပြင်တွေပျက်စီးကုန်တယ်။ အဲဒါကြောင့် ပျက်စီးသွားတဲ့ ကျောင်းတွေကို ပြန်လည်ပြုပြင်ဖို့လိုတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ငွေကြေးမတတ်နိုင်ဘူး။ ပြီးတော့ ကျောင်း ပြုပြင်ဖို့အတွက် ကူညီထောက်ပံ့ပေးမဲ့အလှူရှင်တွေကိုလည်း မတွေ့ရသေးဘူး။ အဲဒါကြောင့် ကျောင်းသားတွေ က ပျက်စီးနေတဲ့ကျောင်းထဲမှာပဲ စာသင်နေရတယ်။"*

## (ဂ) အသက်မပြည့်ပဲအိမ်ထောင်ကျ၍ ကလေးများ၏ပညာရေးအား နှောက်ယှက်စေခြင်း

ကလေးများသည် အသက်မပြည့်ပဲအိမ်ထောင်ကျသွား၍ ကျောင်းထွက်လိုက်ရသည့်အခြေအနေလည်း ရှိကြောင်း ရွာသားများက တင်ပြခဲ့သည်။ အထူးသဖြင့် KHRG တွေ့ဆုံမေးမြန်းခဲ့သော ရွာသား (၂၇) ဦးသည် ၎င်းတို့ရပ်ရွာ ဒေသတွင် ကလေးများအသက်မပြည့်ပဲ၊ အရွယ်မရောက်သေးပဲ အိမ်ထောင်ကျခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင် ရခြင်း စသည့်အခြေအနေကို အကျယ်တဝင့်ပြောပြခဲ့သည်။ ဤသို့ဖြစ်ရပ်များသည် ကျား၊မ ခလေ့စရိုက်တွင် အခြေခံ၍ အဖြစ်များပြီး အမျိုးသားများကို ၎င်းတို့၏အိမ်ထောင်ဖက်နှင့်သားသမီးများကို ကျွေးမွေးစောင့်ရှောက် ရသည့် တာဝန်ရှိသည်ဟု မြင်တွေ့လေ့ရှိကြသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် စားဝတ်နေရေးအခက်အခဲများသည် အဆိုပါ ကျား၊မ ခလေ့စရိုက်ကို ပို၍တွန်းအားပေးစေသောကြောင့် တစ်ချို့ကလေးများသည် အရွယ်မရောက် သေးပဲအိမ်ထောင်ကျ၍ ကျောင်းထွက်လိုက်ရသည့်စံနှုန်း ပို၍များလာပါသည်။

စစ်ပဋိပက္ခ၊ ဆင်းရဲမွဲတေမှုနှင့် အရွယ်မရောက်ပဲ အိမ်ထောင်ကျခြင်းတို့၏ဆက်စပ်ပတ်သက်မှုအကြောင်းများ ကို ဒေသခံလူထုအသိုက်အဝန်းများက မီးမောင်းထိုးရှင်းပြခဲ့သည်။ KWO တွင် လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေး မှူးအဖြစ်တာဝန်ယူရသော နော်ဖြိုးဖြိုးသည် SAC တိုက်ခိုက်မှုများနှင့်တိုက်ပွဲများကြောင့် ရွာသားများ၏ စားဝတ် နေရေး ဆုံးရှုံးနစ်နာရပြီး ကလေးများအိမ်ထောင်ကျရသည့်အခြေအနေကို မည်ကဲ့သို့တွန်းပို့စေကြောင်း ယခုလို ရှင်းပြသည်။ *"ကလေးတွေအသက်မပြည့်ပဲ အိမ်ထောင်ကျသွားတဲ့နှုန်းက တစ်ဖြည်းဖြည်းနဲ့ များလာတယ်။ (...) အဲဒါ ဘယ်လိုဖြစ်ရလဲဆိုတာ ပြန်ပြီးလေ့လာကြည့်မယ်ဆိုရင် တိုက်ပွဲတွေကြောင့်ဖြစ်တယ်။ ပြီးတော့ ရန်သူ (မြန်မာစစ်တပ်)တွေရဲ့လုပ်ရှားမှုကြောင့် ကြုံတွေ့ရတဲ့အခက်အခဲတွေကြောင့်ဖြစ်တယ်။ တစ်ချို့ကလေးတွေက အိမ်ထောင်မကျချင်ဘူး။ ဒါပေမဲ့ သူတို့မိဘတွေက သူတို့ကိုပြောတာက တကယ်လို့အိမ်ထောင်စောစောကျရင် သူတို့ ရဲ့ယောကျာ်းတွေက မိသားစုအလုပ်ကိုဝိုင်းဝန်းကူညီပြီး စားဝတ်နေရေးအဆင်ပြေသွားမယ်တဲ့။"*

အလားတူစွာ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဆစျ--- ကျေးရွာမှ စစ်ဘေးရှောင်ရ သည့် ကျောင်းအုပ်ကြီးဖြစ်သူ နော်အဂ--- သည် ယခုလက်ရှိတွင် ဒအ--- ကျေးရွာတွင်နေထိုင်ပါသည်။ သူမအနေ ဖြင့် သူမ၏ရပ်ရွာဒေသတွင် အခက်အခဲများကြောင့် ဆက်ကျော်သက်ကလေးများ အိမ်ထောင်ကျ၍ သားသမီး များရရှိသည့်အခြေအနေကို ဤသို့ရှင်းပြသည်။ *"ကျွန်မရဲ့တူမတောင်မှ အသက် (၁၄)နှစ်လောက်မှာ အိမ်ထောင် ကျသွားတယ်။ (...) သူ့မှာ ကလေးတွေတောင်အများကြီးရှိနေပြီ။ (...) ဒီဒေသမှာ မိန်းကလေးအများစုက အသက် ၁၆၊ ၁၇၊ ၁၈ အရွယ်မှာ အိမ်ထောင်ကျပြီးကလေးရသွားတာများတယ်။ (...) ကျွန်မအိမ်ထောင်ကျတုန်းက အသက် (၂၄) နှစ်ရှိပြီ။ (...) အခုခေတ်ကလေးတွေက အိမ်ထောင်ကျတာ အရမ်းငယ်လွန်းတယ်။ သူတို့ကို အဲလိုပြော*

*တော့ သူတို့ကဘာပြန်ပြောလဲဆိုတော့ 'ဘယ်တတ်နိုင်မှာလဲ။ ဒါကငါတို့ရဲ့ 'တာဟဲဝီး' (ကံကြမ္မာ)ပဲလေ'တဲ့။ အဲလိုနဲ့ပဲ သူတို့အလုပ်သွားလုပ်နေရတယ်။"* ကရင်ဘာသာလို 'တာဟဲဝီး' ဆိုသည်မှာ ရွာသားများအတွက် သူတို့၏ဖြစ်တည် မှုအခြေအနေအရ ရှောင်လွဲလို့မရသောအရာကို လက်ခံရမည့်ယုံကြည်မှုတစ်ခုဖြစ်သည်။

စစ်ပဋိပက္ခဒဏ်ခံစားရသော နေရာဒေသများတွင်နေထိုင်ကြသည့်ကလေးများသည် ၎င်းတို့ဒေသတွင် ပညာရေးလက်လှမ်းမီမှုနည်းပါးခြင်းကြောင့် အရွယ်မရောက်ခင် အိမ်ထောင်ပြုရသည့်အခြေအနေရှိကြောင်း တစ်ချို့ရွာသားများက တင်ပြခဲ့သည်။ မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာမှ မူလတန်းစာသင်ကျောင်းအုပ်ကြီးဖြစ်သူ နော်အဟ--- က ယခုလိုရှင်းပြသည်။ *"ကလေးတွေက ကျောင်းတက်သင့်တယ်။ ဒါပေမဲ့သူတို့က ကျောင်းမတက်ရဘူး။ အဲဒါကြောင့် သူတို့တွေအလုပ်ကိုရှာဖွေနေရတယ်။ ခရီးတွေအများကြီးသွားရတယ်။ သူတို့ကအလုပ်လုပ်ရင်လည်း ရည်မှန်းချက်မရှိကြဘူး။ သူတို့မိဘတွေက သူတို့ကိုအတင်းအလုပ်လုပ်ခိုင်းတာမဟုတ်ဘူး။ သူတို့ဘာသာသူတို့အလုပ်လုပ်ချင်တာ။ တစ်ချို့ကလေးတွေ အိမ်ထောင်ကျသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရည်မှန်းချက်ကဘာလဲမသိကြဘူး။ (...) အဆိုးဆုံးက သူတို့ရဲ့ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ ဘယ်လိုသွားရမလဲမသိကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကျောင်းမတက်ခဲ့ရဘူး။"* ယခင်က SAC သည် ဒဘ--- ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့ပြီး လက်နက်ကြီးဖြင့်လည်း ပစ်ခတ်ခဲ့သည်။[30]

ဤအခြေအနေကြောင့် တစ်ခါတစ်ရံတွင် မိန်းကလေးငယ်များသည် သူတို့၏အနာဂတ်အိမ်မက်များကို လက်လွတ်ဆုံးရှုံးသွားကြသည်။ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ ဒဆ--- ကျေးရွာမှ အသက် (၁၇) နှစ်အရွယ် နော်အဇ--- သည် သူမအိမ်ထောင်မကျခင်တွင် သူမဖြစ်ချင်သည့်အိမ်မက်ကို ယခုလိုရှင်းပြသည်။ *"ကျွန်မယောကျ်ားရသွားတယ်။ (...) ကျွန်မကျောင်းမတက်ရတော့ဘူး။ ကျွန်မကျောင်းတက်ခဲ့တုန်းက ကျောင်းပြီးရင် ဆေးနယ်ပယ်တစ်ခုမှာ အလုပ်ဝင်လုပ်မယ်လို့အိမ်မက်ရှိခဲ့တယ်။"* သူမသည် ကျောင်း(၇) တန်းတက်နေသည့်အချိန်တွင် အိမ်ထောင်ကျသွားပြီး ကျောင်းထွက်ခဲ့သည်။

အသက် (၁၈)နှစ်မပြည့်ပဲ ကိုယ်ဝန်ရသွားသည့်မိန်းကလေးများသည်လည်း ကျောင်းထွက်ခဲ့သည့်အခြေအနေရှိသည်။ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ကော်သေးဒဲကျေးရွာအုပ်စု၊ ဆဌ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ နော်အဟ--- က ဤသို့ပြောပြသည်။ *"မနှစ်တုန်းက (၂၀၂၄) မိန်းကလေးငယ်တစ်ယောက် ကျောင်းထွက်ခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမကိုယ်ဝန်ရသွားတယ်လေ။ ဒါပေမဲ့ (ကျန်းမာရေးအခြေအနေကြောင့်) ကိုယ်ဝန်ပျက်ကျသွားတယ်။ (...) အဲဒီကစပြီး သူကျောင်းမပြန်တက်တော့ဘူး။"*

## (ဃ) စစ်သားစုဆောင်းခံရမှုကြောင့် ကလေးများ ကျောင်းထွက်ရခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မတူညီသည့်လက်နက်ကိုင်တပ်ဖွဲ့များက ကလေးများအား စစ်သားစုဆောင်းခြင်းကြောင့် ကလေးများသည် ၎င်းတို့ပညာရေးကိုဆက်လက်သင်ယူခွင့်မရနိုင်သည့်အခြေအနေလည်း ရှိသည်။ KHRG တွေ့ဆုံမေးမြန်းခဲ့သော ရွာသား (၂၁) ဦးသည် ၎င်းတို့ရပ်ရွာဒေသတွင် ဆယ်ကျော်သက်ကလေးများသည် လက်နက်ကိုင်တပ်ဖွဲ့များတွင် စစ်မှုထမ်းရန်အတွက် ကျောင်းထွက်ခဲ့ရကြောင်း တင်ပြကြသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးစစ်သားစုဆောင်းရေးအခြေအနေကို အခန်း (၆) တွင် အကျယ်တဝင့်ရေးသားဖော်ပြထားသည်။

---

[30] KHRG မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေထားသော၊ "မူတြော်ခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ဘူးသိုနှင့် ဒွယ်လိုးမြို့နယ်များရှိ အရပ်သားအိုးအိမ်ပစ္စည်းများထိခိုက်ပျက်စီးခြင်း၊ ရွာသားများနေ ရပ်စွန့်ခွာရခြင်းနှင့် စားဝတ်နေရေးစိန်ခေါ်မှုများကြုံတွေ့ရခြင်း (၂၀၂၄ ခုနှစ်၊ ဧပြီလ)" နှင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေထားသော၊ "Mu Traw District Situation Update: Air strikes, indiscriminate shelling, displacement, landmine explosions, retaliation against civilians and arbitrary taxation, December 2021 to February 2022" တွင်ကြည့်ပါ။

ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ဒေသခံ ကရင်လူငယ်အဖွဲ့အစည်း (KYO) ခေါင်းဆောင်ဖြစ်သူ စောအက--- က ယခုလိုပြောပြသည်။ *"တစ်ချို့ကလေးတွေက မိမိဆန္ဒအလျောက် စစ်ထဲကိုဝင်လာတယ်။ အသက် (၁၈) နှစ် မပြည့်တဲ့ကလေးတွေက စစ်ထဲဝင်လာဖို့ဆန္ဒရှိကြတယ်။ တစ်ချို့ကလေးလည်း ကျောင်းမတက်ချင်လို့စစ်ထဲဝင်လာတယ်။ တစ်ချို့ကလေးက (SAC) ကိုမုန်းလို့ (လက်နက်ကိုင်တပ်ဖွဲ့ထဲကို) ဝင်လာတယ်။ သူတို့က သူတို့ခံစားချက်နဲ့စစ်ထဲကိုဝင်လာတယ်။"* ဆယ်ကျော်သက်ကလေးများကို စစ်သားစုဆောင်းခြင်းသည်လည်း ၎င်းတို့၏အနာဂတ်ပညာရေးကို ထိခိုက်စေပါသည်။ တောအူးခရိုင်၊ ကော်သေးဒဲကျေးရွာအုပ်စု၊ ဆဌ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ နော်အသ--- က ယခု လိုရှင်းပြသည်။ *"တစ်ချို့ကလေးတွေက အသက် (၁၈)နှစ်ပြည့်လျှင် (KNLA) တပ်ဖွဲ့ထဲမှာ စစ်မှုထမ်းရမယ်။ အဲဒါကြောင့် သူတို့က ပညာရေးမှာ ရှေ့ဆက်လို့မရတော့ဘူး။ (...) တစ်ချို့မိဘတွေကလည်း သူတို့သားသမီးတွေကို ကျောင်းပြီးတဲ့အထိ ပညာရေးဆုံးခန်းတိုင်သင်ယူနိုင်ဖို့ လိုလားကြတယ်။"*

## ၂.၄။ ပညာရေးလက်လှမ်းမီရန်အတွက် ဒေသခံလူထု၏ကြိုးပမ်းမှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားတော်တော်များသည် ၎င်းတို့ကလေးများအတွက် ပညာရေးသည်အရေးကြီးကြောင်းပြောပြလာပြီး ကလေးများကျောင်းတက်နိုင်ရန်အတွက် နည်းလမ်းများရှာဖွေ၍ကြိုးပမ်းခဲ့ကြသည်။ ထိုနည်းလမ်းများတွင် တောထဲသို့ကျောင်းပြောင်းရွှေ့၍စာသင်ကြားပေးခြင်း၊ SAC တိုက်ခိုက်မှုအောက်မှ လွတ်မြောက်ရန် ကလေးများအတွက် ဗုံးခိုကျင်းများဆောက်လုပ်ပေးခြင်း၊ ကျောင်းဆရာ၊ ဆရာမများ၏စားဝတ်နေရေးကို ကူညီထောက်ပံ့ပေးခြင်း သို့မဟုတ် ကလေးများကို နယ်စပ်ဒေသနှင့်ထိုင်းနိုင်ငံသို့ပို့၍ ကျောင်းသွားထားပေးခြင်းတို့ပါဝင်ပါသည်။

### (က) ကျောင်းကို တောထဲသို့ပြောင်းရွှေ့၍ စာသင်ကြားပေးခြင်း

ရွာသားများသည် ကလေးများဘေးကင်းလုံခြုံစွာစာသင်ကြားနိုင်ရန်အတွက် မကြာခဏဆိုသလို ကျောင်းများကိုတောထဲသို့ပြောင်းရွှေ့ခဲ့သည်။ ရွာသားများသည် ကျောင်းများကိုတောထဲသို့ပြောင်းရွှေ့၍ ကလေးများအား ဘေးကင်းလုံခြုံစွာ စာသင်ကြားပေးနေသည့်အခြေအနေကို တွေ့ဆုံမေးမြန်းခံရသူ (၃၀) ဦးက တင်ပြကြသည်။ များသောအားဖြင့် ရွာသားများသည် ငွေကြေးအပါအဝင် သက်ကယ်မိုးများ ကူညီလှူဒါန်းကြပြီး ကျောင်းအဆောက်အဦးများကိုကိုယ်တိုင်ဝင်ပါ၍ကူညီဆောက်လုပ်ပေးလေ့ရှိသည်။ တောထဲတွင် ကျောင်းဆောက်ရန် ငွေကြေးမတတ်နိုင်သည့်အခြေအနေတွင် ရွာသားများသည် ကရင်ကျောင်းဆရာ၊ ဆရာမလုပ်သားအဖွဲ့ (KTWG)၊ KECD နှင့် အခြားပညာရေးအဖွဲ့အစည်းများထံသို့ အကူအညီများတောင်း၍ ရန်ပုံငွေရှာဖွေလေ့ရှိသည်။ ဒေသခံ KNU ခေါင်းဆောင်များသည်လည်း တောထဲတွင် မည်သည့်နေရာတွင်ကျောင်းဆောက်လျှင်လုံခြုံစိတ်ချမှုရှိကြောင်း အကြံဉာဏ်များပေး၍ ကူညီပေးကြပါသည်။

SAC သည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေးရွာအုပ်စုရှိ ဘမ--- ကျေးရွာစာသင်ကျောင်းကို လက်နက်ကြီးပစ်ခတ်ပြီးနောက် ကျောင်းဆရာ၊ ဆရာမတွေအနေဖြင့် ကလေးပညာရေးအတွက် ဘယ်လိုအဆင့်ဆင့်လုပ်ဆောင်ခဲ့ကြောင်း လေးကေကော်မြို့မှ ကျောင်းဆရာတစ်ဦးဖြစ်သူ နန်းလ--- က ယခုလိုရှင်းပြသည်။ *"ကျောင်းကို လက်နက်ကြီးနဲ့ပစ်ပြီးနောက်မှာ (ဒေသခံ KNU အာဏာပိုင်တွေက) ကျွန်မတို့ကို အခြားလုံခြုံတဲ့နေရာမှာပြောင်းရွှေ့ဖို့ပြောတယ်။ နောက်ထပ်ပစ်ခတ်မှုတွေ ကိုရှောင်ရှားဖို့အတွက်ပေါ့။ (...) အဲဒါနဲ့ ကလေးပညာရေးအတွက် ဘယ်လိုဆက်လုပ်သင့်လဲ ကျွန်မတို့တွေ တိုင်ပင်ဆွေးနွေးကြတယ်။ ကလေးတွေအတွက် ပညာရေးရပ်နားထားရန်အဆင်မပြေဘူး။ ကလေးတွေက ကျောင်းတက်ရမယ်။ (...) အဲဒါကြောင့် ကလေးတွေကို သဟ--- စစ်ဘေးရှောင်စခန်းမှာ တတ်နိုင်သလောက် စာသင်ကြားပေးမယ်လို့ ကျွန်မတို့ဆုံးဖြတ်လိုက်တယ်။ အဲဒီမှာ ယာယီကျောင်းတစ်ကျောင်းဆောက်ပြီး ကလေးတွေကိုစာသင်ကြားသွားမယ်။ ပျက်စီးသွားတဲ့ကျောင်းကိုပြန်လည်တည်ဆောက်ဖို့ အချိန်အများကြီးလို တယ်လို့ကျွန်မထင်တယ်။"*

မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူကျေးရွာအုပ်စု၊ ဒဃ--- ကျေးရွာမှ ရွာသားတစ်ဦးသည် ရွာသားများစစ်ပြေး ရှောင်ရပြီးနောက် ကလေးပညာရေးအတွက် တောထဲတွင် ကျောင်းဆောင်လုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ခဲ့ ကြောင်း ယခုလိုပြောပြသည်။ *"ကျွန်တော်တို့တွေ မြင့်မားတဲ့သစ်ပင်အောက်မှာ ကျောင်းသေးတစ်လုံးကို ဆောက် လုပ်ပေးခဲ့တယ်။ သစ်ပင်တွေကမြင့်တော့ ဒရုန်းတွေ၊ ရဟတ်ယာဉ်တွေ၊ ဂျက်လေယာဉ်တွေကနေတစ်ဆင့် ကျောင်းကိုမမြင်နိုင်အောင် ကာကွယ်ထားပေးတယ်။ ပညာတတ်တဲ့လူတွေကိုအကူအညီတောင်းပြီး ကျွန်တော် တို့ကလေးတွေကို အခမဲ့ပညာသင်ကြားပေးဖို့တောင်းဆိုထားတယ်။"* ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပီတီခီး ကျေးရွာအုပ်စု၊ ဒဗ--- ကျေးရွာမှ ရွာသားတစ်ဦးသည် ၎င်း၏ရပ်ရွာတွင် ကျောင်းဖွင့်လှစ်ရန်အတွက် ရွာသားများ မည်မျှဆန္ဒရှိကြောင်း ဤသို့မျှဝေပြောပြခဲ့သည်။ *"ကျွန်တော်တို့တွေ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကိုယ် ထူကိုယ်ထကျောင်းတစ်ကျောင်းဆောက်လုပ်မယ်။ ဘဝကိုအရှုံးမပေးပဲလာမယ့်မျိုးဆက်သစ်တွေအတွက် နည်း လမ်းတွေရှာပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်တစ်ခုချမယ်။"*

ကျောင်းသားမိဘများ၊ ကျောင်းဆရာများနှင့်ဒေသခံအာဏာပိုင်များသည်လည်း ကလေးများအား ပညာရေးကို အရှုံးမပေးရန် အားပေးစကားပြောကြလေ့ရှိသည်။ ဒူးပလာယာခရိုင်၊ နို့တကောကျေးရွာအုပ်စု၊ ဒဒ--- ကျေးရွာ မှ ဒေသခံ KYO ခေါင်းဆောင်ဖြစ်သူ စောအက--- က ယခုလိုပြောပြသည်။ *"အရင်တုန်းက ကလေးတွေဟာ သွား လာဆော့ကစားခွင့်ရကြတယ်။ ဒါပေမဲ့အခုတော့ သူတို့လွတ်လွတ်လပ်လပ် ဆော့ကစားခွင့်မရတော့ဘူး။ ဒီ တိုင်းပြည်က ဒီလိုပဲဆက်သွားနေမယ်လို့ တစ်ချို့ကလေးတွေက ထင်ကြမယ်။ ပညာရေးက ဘာအပြောင်းအလဲ မှမလုပ်နိုင်ဘူးလို့ တစ်ချို့ကလေးကလည်း တွေးမိကြမယ်။ ဒါပေမဲ့ ကျွန်တော်တို့တွေက ကလေးတွေကို စာသင် ယူဖို့ အမြဲတမ်းအားပေးစကားပြောတယ်။ 'စိတ်အားမငယ်နဲ့။ တစ်နေ့ကျရင် တိုင်းပြည်က အခြေအနေပြန်ကောင်း သွားမှာ'။ အဲလိုနဲ့ ကလေးတွေကို အားပေးစကားပြောဖြစ်တယ်။"*

## (ခ) စာသင်ကျောင်းအနီးတွင် ဗုံးခိုကျင်းများဆောက်လုပ်ခြင်း

SAC လက်နက်ကြီးပစ်ခတ်မှုနှင့်လေကြောင်းတိုက်ခိုက်မှုရန်မှ လွတ်မြောက်ရန်၊ ကာကွယ်ပေးရန် ရွာသားများ သည် ကျောင်းသား၊ ကျောင်းသူများအတွက် စာသင်ကျောင်းအနီးတွင် ဗုံးခိုကျင်းများဆောက်လုပ်ပေးကြသည်။ ရွာသားများသည် ကျောင်းအနီးပတ်ဝန်းကျင်းတွင်သော်လည်းကောင်း၊ ကလေးများစာသင်ကြားပေးနေသည့် စစ် ဘေးရှောင်နေရာများတွင်သော်လည်းကောင်း ဗုံးခိုကျင်းများဆောက်လုပ်ပေးသည့်အခြေအနေရှိကြောင်း တွေ့ ဆုံမေးမြန်းခံရသူ (၂၅) ဦးက တင်ပြကြသည်။ များသောအားဖြင့် ရွာသားများသည် ဗုံးခိုကျင်းများ ဆောက်လုပ် ရန် ငွေကြေးကူညီပေးသည်ရှိသော်လည်း တစ်ချို့ရွာသားများလည်း ဒေသခံအာဏာပိုင်များ၊ ဒေသခံလူထုအခြေပြု အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတကာအလှူရှင်များထံမှ အကူအညီရယူပြီး ဗုံးခိုကျင်းများဆောက်လုပ်နိုင် ကြောင်းတွေ့ရှိရသည်။

မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ အသက် (၁၇) နှစ်အရွယ် ကျောင်းသူ တစ်ဦးဖြစ်သူ နော်အဓ--- က ယခုလိုရှင်းပြသည်။ *"ထိုနေရာမှာ (လုံခြုံရေးအရ ဆင်ဆာဖြတ်ထားသည်) ဗုံးခိုကျင်း တစ်ခုရှိတယ်။ စစ်ကောင်စီလေယာဉ်တွေလာပြီဆိုရင် အဲဒီဗုံးခိုကျင်းမှာ သွားပုန်းနေလိုက် တယ်။ လေယာဉ်လာ တဲ့အချိန်မှာ အိမ်မှာဆော့ကစားနေတဲ့သူတွေလည်း ဒီဗုံးခိုကျင်းတွေကိုပြေးဝင်ပုန်းကြတယ်။"* အလားတူစွာ ဒဂ--- ကျေးရွာမှ KECD ကျောင်းဆရာမတစ်ဦးဖြစ်သည့် နော်အမ--- ကလည်း ဤသို့ရှင်းပြသည်။ *"ကျွန်မတို့ရွာမှာ ဒဏ်ရာရကြတဲ့ကလေးမရှိသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ (KNU) ခေါင်းဆောင်တွေက သတိနဲ့သွားလာနေထိုင် ဖို့ ကျွန်မတို့ကိုအမြဲတမ်းသတိပေးတယ်။ (SAC က) လက်နက်ကြီးပစ်ခတ်တာတွေ၊ လေကြောင်းနဲ့တိုက်ခိုက်တဲ့ အချိန်တွေမှာ ဗုံးခိုကျင်းထဲကို ပြေးပြီးပုန်းနေလိုက်တယ်။ ကျောင်းသားတွေထမင်းစားတဲ့အချိန်ပဲဖြစ်ဖြစ်၊ စာသင် နေတဲ့အချိန်မှာပဲဖြစ်ဖြစ် ဗုံးခိုကျင်းထဲကိုပြေးပြီး ပုန်းကြရတယ်။ အဲဒါကြောင့် သူတို့တွေဘာမှမထိခိုက်ပဲ ဘေး ကင်းသွားတယ်။"* မည်သို့ပင်ဖြစ်စေ ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ကလေးများသည် ဗုံးခိုကျင်းထဲတွင် ပုန်းရှောင်

ရသော်လည်း လုံခြုံစိတ်ချမှု အပြည့်အဝမရှိကြောင်း၊ အန္တရာယ်ရှိနေသေးကြောင်း တင်ပြခဲ့သည်။[31]

## (ဂ) ကျောင်းဆရာများ၏စားဝတ်နေရေးကို ကူညီထောက်ပံ့ပေးခြင်း

ကျောင်းဆရာ၊ ဆရာမများ၏အခက်အခဲများကိုဖြေရှင်းရန်အတွက် ရွာသားများသည် ကျောင်းဆရာများကို ငွေကြေး၊ စားစရာများနှင့်နေရာထိုင်ခင်းများပေး၍ ကူညီထောက်ပံ့လေ့ရှိသည်။ သို့မှသာလျှင် ကျောင်းဆရာများသည် ကလေးများကို ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်သည်။ KECD သည် KECD စီမံခန့်ခွဲသော ကျောင်းများတွင် စာသင်ကြားပေးနေသည့်ဆရာ၊ ဆရာမများကို ငွေကြေးထောက်ပံ့မှုပေးသည်။ သို့သော်လည်း တစ်နေရာနှင့်တစ်နေရာတွင် တူညီမှုမရှိပေ။ ကရင်ပြည်နယ်ရှိ ကျေးလက်နေဒေသများတွင် နေထိုင်ကြသော ကျောင်းဆရာ၊ ဆရာမများသည် စာသင်ကြားသည့်အလုပ်ရှိသော်လည်း တစ်ဖက်တွင်လည်း စားဝတ်နေရေးအတွက် လယ်ယာလုပ်ငန်းများလုပ်ကိုင်ကြသည်။ ကော်တရီမြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဆအ--- ကျေးရွာမှ အသက် (၁၇) နှစ်အရွယ် ကျောင်းသူတစ်ဦးဖြစ်သူ နော်အန--- က ယခုလိုတင်ပြသည်။ *"ဆအ--- ရွာမှာ ရွာသားတွေက ကျောင်းဆရာတွေကို ငွေကြေးဖြင့်ထောက်ပံ့ပေးကြတယ်။ ဒဟ--- ရွာက ရွာသားတွေက ကျောင်းဆရာတွေကို ဆန်၊ စားစရာတွေပေးပြီး ထောက်ပံ့ကြတယ်။ (...) ဆန်ဆယ်အိတ်လောက်ပေးကြတယ်။ အဲဒါအပြင် ငွေကြေးအချို့ထောက်ပံ့ပေးကြ တယ်။"* မူတြော်ခရိုင်လိုမျိုး ဖြစ်သည့် တစ်ချို့ဒေသတွေမှာ ဆယ်ကျော်သက်ကလေးများသည် ကျောင်းဆင်းချိန်တွင် စိုက်ပျိုးခြံထဲတွင် ဝင်ရောက်လုပ်ကိုင်၍ ကျောင်းဆရာများ၏စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပေးကြသည့် အခြေအနေလည်းရှိသည်။



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောမကျေးရွာအုပ်စု၊ ဒဧ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ မောမကျေးရွာအုပ်စုတွင် SAC မှ လက်နက်ကြီးများပစ်ခတ်ခြင်း၊ လေကြောင်းဖြင့်တိုက်ခိုက်ခြင်းနှင့် တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် ကျေးရွာအုပ်စုအတွင်းရှိ စာသင်ကျောင်းများပိတ်ပင်ခဲ့ရသည်။ ထို့ကြောင့် ကလေးများအား ဘုန်းကြီးကျောင်းထဲတွင် စာသင်ကြားပေးနေလျက်ရှိသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း SAC ခလရ (၉၇) သည် မောမကျေးရွာအုပ်စုအတွင်းသို့ နေ့စဉ်နှင့်အမျှ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ထို့ကြောင့် ကလေးများသည် ကျောင်းမတတ်နိုင်ကြတော့ပါ။ ပုံတွင်ပြထားသည့်အတိုင်း တစ်ချို့ကလေးများသည် ၎င်းတို့ဆွေမျိုးသားချင်းများက ၎င်းတို့ကို အိမ်တွင်စာသင်ပေးနေလျက်ရှိသည်။ ပုံတွင်ပြထားသည့် အဖြူရောင်သင်ပုန်းများတွင် ဆောင်ပုဒ်နှင့်ကဗျာတစ်ပုဒ်ကို ဖော်ပြထားသည်။ ဆောင်ပုဒ်ကို ပိုးကရင်လို ရေးသားထားပြီး မျိုးဆက်သစ်လူငယ်များသည် မိမိတို့ဘိုးဘွားဘင်ဘောမှ ကျန်ထားခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးရန်တာဝန်ရှိ ကြောင်းဖော်ပြထားသည်။ ကဗျာကို မြန်မာလို ရေးသားထားပြီး 'ယုန်ကလေးကနားရွက်ထောင်' ဆိုသည့်ကဗျာကို ကလေးများက သင်ယူနေကြသည်။ *(ဓာတ်ပုံ- KHRG)*

31 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော၊ "<u>တောအူးခရိုင် နောက်ဆုံးရဒေသတွင်း သတင်းတို - ထောတထူမြို့နယ်နှင့် ဒေါ်ဖားခိုမြို့နယ်တွင် SAC စစ်သားများမှ ရွာသားတစ်ဦးကိုပစ်ခတ်၍ ဒဏ်ရာရရှိခြင်းနှင့် SAC လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှုကြောင့် အိုးအိမ်နှင့်စိုက်ပျိုးပင်များပျက်စီးခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လ)</u>" တွင်ကြည့်ပါ။

## (ဃ) ထိုင်းနိုင်ငံ သို့မဟုတ် နယ်စပ်ဒေသသို့သွား၍ ကျောင်းတက်ရခြင်း

ကလေးများသည် ၎င်းတို့ဒေသများတွင် စစ်ပဋိပက္ခကြောင့် ဘေးကင်းလုံခြုံမှုမရှိခြင်း၊ အဆင့်မြင့်ပညာရေး လက်လှမ်းမီမှုအခွင့်အလမ်းနှင့်စာသင်ကျောင်းများ နည်းပါးခြင်းတို့ကြောင့် ထိုင်းနိုင်ငံ သို့မဟုတ် နယ်စပ်ဒေသသို့သွားရောက်၍ ကျောင်းတက်ခဲ့ရသည်။ ကျောင်းသား၊ ကျောင်းသူများသည် နယ်စပ်ဒေသ သို့မဟုတ် ထိုင်းနိုင်ငံသို့ သွား၍ ကျောင်းတက်ခဲ့ရသည့်အခြေအနေရှိကြောင်း တွေ့ဆုံမေးမြန်းခံရသူ (၁၄) ဦးက တင်ပြကြသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ထီးလယ်ပူကျေးရွာအုပ်စု၊ ဒသ--- အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သူ နော်အဝ--- က ယခုလိုပြောပြသည်။ *"၂၀၂၁ ခုနှစ်နောက်ပိုင်း ကျွန်မတို့ကျောင်းမှာ ကျောင်းသားဦးရေတွေလျော့နည်းလာတယ်။ (...) အဲဒါဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာစာကို လွတ်လွတ်လပ်လပ်သင်ယူခွင့်မရှိဘူးလေ။ အဲဒါကြောင့်မို့ ကလေးတွေလွတ်လွတ်လပ်လပ် ပညာသင်ကြားနိုင်မယ့်ကျောင်းတွေကို ကူညီလိုက်ရှာပေးခဲ့တယ်။ ဥပမာဆိုရင် တစ်ချို့ကလေးတွေက (ထိုင်းနိုင်ငံရှိ) ဒုက္ခသည်စခန်းတွေမှာ ကျောင်းသွားတက်တယ်။ တစ်ချို့ကျလည်း သူးမွဲခီးကျောင်း၊ CDC ကျောင်း (ကလေးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ)နဲ့ CDTC ကျောင်း (ကလေးများဖွံ့ဖြိုးတိုးတက်ထိန်းသိမ်းစောင့် ရှောက်ရေးစင်တာ) အစရှိတဲ့ရွှေ့ပြောင်းကျောင်းတွေမှာ ကျောင်းသွားတက်ကြတယ်။"*

# အခန်း ၃။ ကျန်းမာရေး အခွင့်အရေးရရှိခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စိန်ခေါ်မှုများ

KHRG မှ ပြုလုပ်သော တွေ့ဆုံမေးမြန်းချက်များအရ ကျေးရွာများရှိ ကလေးများသည် ရောဂါမျိုးစုံ ပုံမှန်ရင်ဆိုင်ကြုံတွေ့ခံစားနေရကြောင်း ရွာသားများမှ တင်ပြခဲ့ကြသည်။ အဆိုပါရောဂါများမှာ နှာရည်ယိုခြင်း၊ ဝမ်းလျှောခြင်း၊ အရေပြားယားယံခြင်းကဲ့သို့သော အပေါ့စားရောဂါများမှ ငှက်ဖျား၊ ဝက်သက်၊ သွေးလွန်တုပ်ကွေးနှင့် အာဟာရ ချို့တဲ့ခြင်း ကဲ့သို့သော ပိုမိုပြင်းထန်သည့် ရောဂါများအထိ ပါဝင်ပါသည်။ ဤရောဂါများ၏ ဖြစ်ပွားမှုနှုန်းများသည် ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်း၊ တကိုယ်ရေသန့်ရှင်းရေး၊ အစားအစာနှင့် အသက်မွေးဝမ်းကြောင်းပြုမှု အခြေအနေများအပါအဝင် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများနှင့် နီးကပ်စွာ ဆက်စပ်နေပါသည်။ မှတ်တမ်းပြုစုသည့် ကာလ (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ –၂၀၂၅ ခုနှစ်၊ ဇွန်လ) အတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် SAC သည် ကလေးများကြား ရောဂါဖြစ်ပွားနှုန်းများ မြင့်တက်စေမှုနှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် အခြေခံအကြောင်းတရားဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဤသည်မှာ ကျေးရွာများကို တိုက်ခိုက်ခြင်း၊ ခရီးသွားလာခွင့်အား ကန့်သတ်ချက်များချမှတ်ခြင်းနှင့် ဆေးခန်းများတွင် ကုသမှုစရိတ်များမြင့်မားခြင်းများကြောင့် ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးစနစ်များနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အဦးများကို တိုက်ရိုက်တိုက်ခိုက်ဖျက်ဆီးခြင်းများလည်း ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု ဖြစ်စေကြောင်း မှတ်တမ်းပြုစုချက်များအရ သိရှိရပါသည်။

ဤအခန်းတွင် SAC ၏ လွှမ်းမိုးမှုများရှိသော ကရင်ပြည်နယ်ရှိကလေးသူငယ်များ၏ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် အခြေခံအချက်များနှင့် စပ်လျဉ်းသည့် အထောက်အထားများကို တင်ပြထားပါသည်။ အခန်း (၃) ၏ အပိုင်း (၃.၁) တွင် SAC ၏ ကျေးရွာများအပေါ် တိုက်ခိုက်မှုများနှင့် ဆက်လက်ဖြစ်ပွားနေသောလက်နက်ကိုင်ပဋိပက္ခများအပေါ် (က) ဆေးခန်းများနှင့် ဆေးရုံများကို တိုက်ခိုက်ဖျက်ဆီးခြင်းများကြောင့် ကလေးများအတွက် ကျန်းမာရေးဝန်ဆောင်မှုရရှိခြင်းအား ချို့တဲ့စေခြင်း၊ (ခ) ကလေးများ၏ အစားအစာရရှိမှုကို ကန့်သတ်ခြင်းဖြင့် အစားအစာမှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် အာဟာရချို့တဲ့မှုနှုန်း မြင့်တက်စေခြင်း၊ (ဂ) ကလေးများအနေဖြင့် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအကူအညီနှင့် ပညာရေးရရှိမှုများမှ ဟန့်တားပိတ်ပင်ခံရခြင်း၊ (ဃ) နေရပ်စွန့်ခွာတိမ်းရှောင်ရပြီး သန့်ရှင်းမှုအပြည့်အဝမရှိသော ခိုလှုံရာနေရာများနှင့် ပုန်းကွယ်ရာဒေသများသို့ နေထိုင်ရခြင်း၊ (င) ယားယံခြင်းနှင့် မူးဝေခြင်းကိုဖြစ်စေသော ဓာတုပစ္စည်းများပါဝင်သည့် ဗုံးကြဲချခြင်းများကြောင့် ကလေးများအား ဗုံးခိုကျင်းများထဲသို့ ပုန်းခိုနေထိုင်စေခြင်း စသည့်အကြောင်းတရားများကြောင့် ကလေးများ၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။ ထို့အပြင် အပိုင်း (၃.၂) တွင် SAC ၏ ခရီးသွားလာခွင့် ကန့်သတ်ချက်များကြောင့် (က) ကျေးရွာသားများအနေဖြင့် ဆေးရုံများသို့ သွားရောက်ခွင့် ပိတ်ပင်ခံရခြင်း၊ (ခ) ဆေးဝါးများရှားပါးခြင်း၊ (ဂ) ကာကွယ်ဆေးထိုးနှံခြင်း ရရှိနိုင်မှု နည်းပါးခြင်းနှင့် (ဃ) ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများလိုအပ်ချက်ရှိခြင်း စသည့်အခြေအနေများကြောင့် ကလေးများ၏ ကျန်းမာရေးကို ထိခိုက်စေကြောင်း ဖော်ပြထားပါသည်။ အပိုင်း (၃.၃) တွင် ပဋိပက္ခကြောင့် အသက်မွေးဝမ်းကြောင်းအပေါ် ထိခိုက်မှုဖြစ်စေပြီး SAC ထိန်းချုပ်မှုအောက်ရှိ ဆေးကုသစရိတ်မြင့်မားခြင်းသည့် ဆေးခန်းများတွင် ဝင်ငွေနည်းသည့်မိသားစုများအတွက် ကလေးများအား ကုသမှုခံယူရန် မကြာခဏအဟန့်အတားဖြစ်စေကြောင်း ဖော်ပြထားပါသည်။ အပိုင်း (၃.၄) တွင်မှာမူ ကျေးရွာသားများ၏ ကျန်းမာရေးဆိုင်ရာ စသည့်တုန့်ပြန်ဆောင်ရွက်မှု နည်းဗျူဟာများဖြစ်သည့် ရွှေ့ပြောင်းကျန်းမာရေးဝန်ဆောင်မှုပေးသည့်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် နယ်စပ်ဖြတ်ကျော် လူနာများပို့ဆောင်ရေး လုပ်ငန်းများအကြောင်းကို တင်ပြခြင်းဖြင့် အဆုံးသတ်ထားပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များမှ ကလေးများအပေါ် ရုပ်ပိုင်းဆိုင်ရာတိုက်ရိုက်ထိခိုက်ဒဏ်ရာရစေသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို (အခန်း ၅) တွင် သီးသန့် ဆွေးနွေးဖော်ပြထားပြီး ဤအခန်းတွင် ၎င်းတို့အား ဖော်ပြခြင်း မရှိပါ။

## ၃.၁။ တိုက်ပွဲများနှင့် SAC ၏တိုက်ခိုက်မှုများကြောင့် ရွာသားများအပေါ် ဖြစ်ပွားသည့် သက်ရောက်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကြီးမားကျယ်ပြန့်သည့် SAC ၏ တည်ရှိမှုကို ကျေးရွာများနှင့် လယ်ယာစိုက်ခင်းများအပေါ် မကြာခဏပြုလုပ်လေ့ရှိသော လေကြောင်းတိုက်ခိုက်မှုများဖြင့် မြင်တွေ့နိုင်ပါသည်။ ဤတိုက်ခိုက်မှုများကြောင့် ကျန်းမာရေးဝန်ဆောင်မှုများပျက်စီးခဲ့ရခြင်း၊ ရွာသားများနှင့် ကျန်းမာရေးဝန်ထမ်းများကို ထွက်ပြေးတိမ်းရှောင်နေရခြင်း၊ မိသားစုများ၏ အသက်မွေးဝမ်းကြောင်းပြုမှု အရင်းအမြစ်များ ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်စေပါသည်။ ဤအခြေအနေများအောက်တွင် ကလေးသူငယ်များသည် ဆေးခန်းများနှင့် ဆေးရုံများသို့ သွားရောက်ကုသခွင့် ဆုံးရှုံးရခြင်း၊ အာဟာရချို့တဲ့မှုပြဿနာများ ပိုမိုဆိုးရွားလာစေခြင်း၊ လိင်ပိုင်းနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအကူအညီများမရရှိနိုင်ခြင်း၊ ရွှေ့ပြောင်းခိုလှုံစဉ်တွင် သန့်ရှင်းမှုမရှိသောနေရာထိုင်ခင်းများမရရှိခြင်း၊ ဖုံးကြဲချမှုများကြောင့် ဖြစ်ပွားသောရောဂါများနှင့် လေဝင်လေထွက်မကောင်းသောဖုံးခိုကျင်းများ၏ အန္တရာယ်ကို ရင်ဆိုင်ရခြင်းစသည့်ဆိုးကျိုးသက်ရောက်မှုများကို ကြုံတွေ့ကြရပါသည်။

### က) ဆေးပေးခန်းနှင့် ဆေးရုံများအပေါ် တိုက်ခိုက်မှုများ

ဆေးပေးခန်းများအပေါ် SAC ၏ တိုက်ခိုက်မှုများကြောင့် ဆေးဘက်ဆိုင်ရာအဆောက်အဦးများ ပျက်စီးခဲ့ပြီး ဆေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းများပုံမှန်လည်ပတ်နိုင်စွမ်းကို ဟန့်တားမှုများ ဖြစ်စေပါသည်။ ရလဒ်အနေဖြင့် ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမှီနိုင်ခွင့် မရှိခဲ့ပါ။ ဤတိုက်ခိုက်မှုများကြောင့်လည်း ရွာသားများသည် တိုက်ခိုက်မှုအတွင်း ဖမ်းဆီးခံရမည်ကို စိုးရိမ်နေကြရသဖြင့် ဆေးခန်းများနှင့် ဆေးရုံများသို့ ကုသမှုသွားရောက်ခံယူရန် ကြောက်ရွံ့နေကြရပါသည်။ ဆေးခန်းများသည်လည်း မကြာခဏဆိုသလို ပြောင်းရွှေ့နေရသောကြောင့် ရွာသားများအနေဖြင့် ၎င်းတို့၏ဒေသရှိ ဆေးခန်းများကို အားထားရန် ခက်ခဲစေပါသည်။ KHRG ၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ မှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ မှတ်တမ်းပြုစုချက်အရ SAC မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဆေးရုံ ၈ ခုအား တိုက်ခိုက်ခဲ့ပြီး ဆေးရုံ ၆ ခု ထိခိုက်ကာ ဆေးရုံ ၂ ခုမှာ လုံးဝပျက်စီးသွားခဲ့ပါသည်။

SAC ၏ အကြောင်းမဲ့တိုက်ခိုက်မှုများသည် ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန (KDHW) သို့မဟုတ် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင်ပါဝင်သော ဆရာဝန်များ လုပ်ကိုင်ကြသည့် ဆေးရုံများကို ထိခိုက်စေခဲ့ပါသည်။ ဆေးရုံများနှင့် ကျေးရွာအုပ်စုအဆင့်ရှိကျန်းမာရေးဌာနခွဲ (VTHCs) များကို ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ၎င်းတို့၏ အသက်အန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေကြောင်း ကျန်းမာရေးဝန်ဆောင်မှုပေးသော ဆေးပေးခန်းများအနီးတွင်နေထိုင်ကြသည့် ရွာသားများမှ တင်ပြကြပါသည်။ ဥပမာဖြစ်ရပ်တစ်ခုတွင် ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့၊ ညသန်းခေါင်ယံအချိန်၌ SAC မှ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတ္တာလိုက်ကျေးရွာအုပ်စု၊ ဒက--- ကျေးရွာအနီးရှိ ဒက--- ဆေးရုံအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် ဆေးရုံအဆောက်အဦးထိခိုက်ပျက်စီးခဲ့ပါသည်။ အဆိုပါဆေးရုံသည် ယခင်တွင် မြန်မာဗဟိုအစိုးရ ဆေးရုံဖြစ်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်အာဏာသိမ်းမှု နောက်ပိုင်းတွင် CDM ပြုလုပ်သူများနှင့် လည်ပတ်သည့်ဆေးရုံဖြစ်လာခဲ့ပါသည်။ ဤတိုက်ခိုက်မှုသည် အဆိုပါဆေးရုံအား CDM ဝန်ထမ်းများနှင့်လည်ပတ်သည်ဟူသောအကြောင်းပြချက်ဖြင့် SAC မှ ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံရသည်ဟု ရွာသားများက ယုံကြည်ကြသည်။ ထို့အပြင် အဆိုပါဆေးရုံသည် ထိခိုက်ဒဏ်ရာရသည့် KNLA စစ်သားများအား ရံဖန်ရံခါဆိုသလို ကုသမှုပေးခဲ့သည့် ဆေးရုံလည်းဖြစ်ပါသည်။ ဒက--- ဆေးရုံသည် ဘားအံမြို့နယ်ရှိ အကြီးဆုံးဆေးရုံများအနက်တစ်ခုဖြစ်ပြီး သထုံနှင့် ဘီးလင်းမြို့နယ်များမှ ကျေးရွာသားများမှ ကုသမှုခံယူကြသည့် ဆေးရုံလည်းဖြစ်ပါသည်။

SAC ၏တိုက်ခိုက်မှုခံရနိုင်ကြောင်း ရွာသားများအား KNU ၏ဒေသခံအုပ်ချုပ်ရေးမှူးများမှ နှုတ်ဖြင့်သတိပေးခြင်းများကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အရေးကြီးသောပစ္စည်းကိရိယာများအားလုံးကို ဆေးရုံမှ ကြိုတင်

ရွှေ့ပြောင်းနိုင်ခဲ့ပြီး ရွာသားများအနေဖြင့်လည်း ထိုဒေသမှထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ကြပါသည်။ သို့သော် ဤတိုက်ခိုက်မှုကြောင့် ဆေးရုံရှိကျန်းမာရေးဝန်ထမ်းများနှင့် ဒက--- ကျေးရွာရှိ ဆေးခန်းတွင် ဝန်ဆောင်မှုပေးနေသူများအား လျှို့ဝှက်ဆေးရုံအသစ်တစ်ခုတည်ထောင်ရန် ဖိအားပေးခံခဲ့ရပါသည်။ ဤသည်မှာ ရွာသားများအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် လက်လှမ်းမီနိုင်စေရန် ခက်ခဲစေခဲ့ပါသည်။ ဤဖြစ်စဥ်နှင့်ပတ်သက်ပြီး ဒက--- ကျေးရွာမှ စောကတ--- အမည်ရှိ အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦးမှပြောကြားခဲ့သည်မှာ၊ *"ကျွန်တော်တို့မှာ (လေကြောင်းတိုက်ခိုက်မှုမတိုင်မီ) ဆေးခန်းရှိခဲ့ပေမယ့် အခုတော့ ဘယ်သူ (ကျန်းမာရေးဝန်ထမ်း) မှ မရှိတော့ဘူး။ သူတို့တွေက လေကြောင်းတိုက်ခိုက်မှုဖြစ်ပြီးတဲ့နောက် ဆေးရုံ(အသစ်)ကို ပြောင်းသွားကြတယ်။ [...] ကျွန်တော် အင်ဂျင်နီယာဖြစ်ပြီးမှ အဆောက်အဦးတည်ဆောက်နည်းတွေ သင်ယူပြီးတဲ့အခါကြမှ ပျက်စီးသွားတဲ့ဆေးရုံကိုပြန်လည်တည်ဆောက်မယ်"* ဟူ၍ ဖြစ်ပါသည်။





ဤဓာတ်ပုံများကို KHRG သည် ဒေသခံ ရွာသားတစ်ဦးထံမှ ရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့၊ ညနေ ၆:၂၀ အချိန်ခန့်တွင် ပိန်းဇလုပ်မြို့၌ အခြေစိုက်သော SAC တပ်ရင်း အမှတ် (၂၆၄) သည် ခလယ်လွီထူခရိုင်၊ မူး (မုန်း) မြို့နယ်၊ ဂစ--- ကျေးရွာအုပ်စုရှိ၊ ဒဝ--- ကျေးရွာအပေါ်သို့ ဒရုန်းဖြင့် ဗုံးများကြဲချခဲ့ပါသည်။ ဗုံးသီးတစ်လုံးသည် ဆေးရုံတစ်ခုအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အခြားဗုံးတစ်လုံးမှာမူ ကျောင်းတစ်ကျောင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပါသည်။ ဓာတ်ပုံထဲတွင် SAC ၏ ဒရုန်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျေးရွာဆေးရုံအား မြင်တွေ့နိုင်ပါသည်။ ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်များအတွင်း ခြေမြန်တပ်ရင်း အမှတ် (၂၆၄) မှ ကျေးရွာအများအပြားရှိ ကျေးရွာအုပ်စုများအပေါ်သို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် ရွာသူရွာသားအများအပြားအားထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးစေခဲ့သလို စာသင်ကျောင်းများနှင့် ဆေးရုံများအပါအဝင် လူမှုအသိုက်အဝန်း၏နေရပ်များစွာကို ထိခိုက်ပျက်စီးခဲ့ပါသည်။ တိုက်ပွဲများဖြစ်ပွားနေခြင်း မရှိသော်လည်း PDF နှင့် KNLA စစ်သားများ ဒေသအတွင်းတွင်ရှိနေသည်ဟု သံသယရှိခဲ့သည့်အပေါ် SAC တပ်များက ထိုကဲ့သို့ ရမ်းသမ်းတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိကြောင်းလည်း တင်ပြကြပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် KDHW ဆေးရုံတစ်ခု နေရာရွှေ့ပြောင်းခြင်းခံရသည့်အပေါ် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများနှင့်စပ်လျဥ်း၍ ခလယ်လွီထူခရိုင်၊ မူး (မုန်း)မြို့နယ်၊ နို့ညလားကျေးရွာအုပ်စုရှိ ဆဘ--- ရွာမှ ကျောင်းအုပ်ဖြစ်သူ စောဖ--- က ရှင်းပြသည်မှာ *"အရင်တုန်းက ဒလ--- ကျေးရွာမှာ [KNU က] ဆေးရုံတစ်လုံးဆောက်ခဲ့တယ်။ ဒါပေမယ့် အဲ့ဒီဆေးရုံက ဒမ--- ကျေးရွာကိုပြောင်းရွှေ့ထားခဲ့တဲ့အတွက်ကြောင့် အခုကျတော့အဲ့ဒီဆေးရုံကို မတွေ့ရတော့ဘူး။ အရေးပေါ်လိုအပ်ချက်တွေရှိရင် အဲ့ဒီဆေးရုံကို သွားဖို့အတွက် ဒီကနေနည်းနည်းအလှမ်းဝေးတဲ့အတွက်ကြောင့် ကျွန်တော်တို့အတွက်ခက်ခဲတယ်"* ဟု တင်ပြခဲ့ပါသည်။ ထို့နည်းအတူ *"ကျွန်တော်တို့သာ [ကျန်းမာရေးစောင့်ရှောက်မှု ရနိုင်တဲ့နေရာကို] သွားနိုင်ခဲ့ရင် အဲ့ဒီကလေး မသေဆုံးနိုင်*

*ပါဘူး။ ဒါကြောင့် ကလေးတွေကောင်းမွန်တဲ့ကျန်းမာရေးစောင့်ရှောက်မှုရှိပြီး ဆေးဝါးတွေရနိုင်ဖို့ ကျွန်တော်တို့ လိုလားပါတယ်"* ဟု စောဖ--- က ထိုဒေသရှိဆေးခန်းတစ်ခုသို့ သွားရောက်ရန် ကြိုးစားစဉ် ကလေးတစ်ဦးသေဆုံးခဲ့ကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

အခြား ဖြစ်ရပ်တစ်ခုတွင် SAC ၏ (ရဲ) လုံခြုံရေးဌာနနှင့် ခလရ အမှတ် (၆၀၃) တို့မှ ၂၀၂၄ခု နှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ တာဖူး (လိပ်သို) မြို့အတွင်းသို့ လက်နက်ကြီးပစ်ခတ်ခဲ့သောကြောင့် SAC ထိန်းချုပ်မှုအောက်မှလည်ပတ်နေသောဆေးရုံအားထိခိုက်ခဲ့ပါသည်။ တိုက်ခိုက်မှုကြောင့် ခြေထောက်ဖြတ်တောက်လိုက်ရသည့် အသက် (၉) နှစ်အရွယ်ရှိယောကျ်ားလေး တစ်ဦးအပါအဝင် ရွာသားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် လူနေအိမ် ၁၅ လုံးသည်လည်း ပစ်ခတ်တိုက်ခိုက်မှုကြောင့်ထိခိုက်ပျက်စီးခဲ့ရပါသည်။ ဒပ--- ရွာမှ စောအပ--- အမည်ရှိ ရွာသားက ရှင်းပြသည်မှာ *"ရဲစခန်းကလက်နက်ကြီးပစ်ခတ်ခဲ့တာကြောင့် လူနေအိမ်တော်တော်များများထိခိုက်ခဲ့တယ်။ ရဲစခန်းအနီးတဝိုက်မှာ ရှိတဲ့လူနေအိမ်အပါအဝင် ဆေးရုံလည်းထိခိုက်ခဲ့တယ်။"* ဟူ၍ဖြစ်ပါသည်။ ထိခိုက်မှုရှိခဲ့သည့် အဆိုပါဆေးရုံသည် လုံခြုံမှုမရှိတော့သည့်အပေါ် ရွာသားများသည် မိမိတို့၏မြို့တွင် ကုသမှုမပြုကြတော့ပေ။ ထို့အတွက် တောင်ငူမြို့ သို့မဟုတ် ရွှေကူမြို့သို့ သွားရောက်ကုသမှုခံယူကြပါသည်။[32]

ရွာသားများမှ ၎င်း၏ဒေသအတွင်းရှိ SAC စစ်သားများသည် ကျန်းမာရေးဝန်ထမ်းများအား နှုတ်ဖြင့်ခြိမ်းခြောက်မှုများပြုလုပ်ကြောင်းလည်း တင်ပြကြပါသည်။ အဆိုပါခြိမ်းခြောက်မှုများကြောင့် ရွာသားများအား ဆေးပေးခန်းများတွင် ဆေးဝါးကုသမှုခံယူပါက တိုက်ခိုက်ခံရမှုမှ ပစ်မှတ်ထားခံရမည်ကို စိုးရိမ်မှုများ ဖြစ်စေပါသည်။ တောအူး (တောင်ငူ)ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ကလေလိုမှုနူကျေးရွာအုပ်စုရှိ ဒခ--- ရွာမှ နော်အခ--- အမည်ရှိ ရွာသူတစ်ဦးမှ ဆိုသည်မှာ *"ကျွန်မတို့ဒေသမှာတော့ မြန်မာစစ်တပ်တွေက ကျန်းမာရေးဝန်ထမ်းနဲ့ ကျောင်းဆရာ၊ ဆရာမတွေကို ခြိမ်းခြောက်နေတယ်။ ဒစ--- ဆေးပေးခန်းမှာရှိတဲ့ တစ်ချို့ကျန်းမာရေးလုပ်သားတွေက CDM လုပ်ကြတယ်လေ။ ဆေးပေးခန်းနဲ့ကျောင်းတွေ ဘယ်မှာရှိနေလဲ ဆိုတာကို သူတို့ [မြန်မာစစ်တပ်] ကသိကြတယ်။ အဲဒီကျောင်းနဲ့ ဆေးပေးခန်းတွေကို သူတို့ကြိုက်တဲ့အချိန်မှာ တိုက်ခိုက်လို့ရတယ်။ ဒါက ခြိမ်းခြောက်မှုတစ်မျိုးဘဲ။ ဒါက လူတွေကိုကြောက်အောင် သူတို့လုပ်တာဘဲ။"* ဟူ၍ ဖြစ်ပါသည်။

အခြား ဥပမာဖြစ်စဉ်တစ်ခုတွင် ခလယ်လွီထူခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ သူးကဘီးကျေးရွာအုပ်စုရှိ ဒတ--- ကျေးရွာအား SAC မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီးနောက် ကျေးရွာအား ပစ်မှတ်ထားခံခဲ့ရသည့်အပေါ် ရွာသားများကစိုးရိမ်ကြောက်ကြနေကြရပါသည်။ အကြောင်းမှာ ကျေးရွာအတွင် KDHW ၏ ဆေးပေးခန်းအား တိုက်ခိုက်မှုမဖြစ်ပွားခင်အချိန်တိုအတွင်း ဖွင့်လှစ်ခဲ့သောကြောင့်ဖြစ်ပါသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် လူနေအိမ် ၆ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ရွာသားတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ နော်အရ--- မှ *"ကျွန်မအမြင်မှာတော့ သူတို့ [SAC] က ကျွန်မတို့ကျေးရွာထဲမှာ ဆေးခန်းတည်ရှိတဲ့သတင်းအချက်အလက်တွေရလို့ လေကြောင်းတိုက်ခိုက်မှုလုပ်တာဖြစ်တယ်။ အရင်တုန်းက လက်နက်ကြီး [ကျေးရွာအနား]တစ်ခါမှ မကျဖူးဘူး။ [ဆေးခန်းမတည်ဆောက်ခင်] ဒီမတိုင်ခင် ဆေးခန်းက ဒဌ--- ကျေးရွာ [သူးကဘီးကျေးရွာအုပ်စုအတွင်း] မှာ တည်ရှိတာလေ။ ဒါကြောင့် ဒရုန်းနဲ့တိုက်ခိုက်မှုတွေက ဒဌ--- ကျေးရွာမှာဘဲ ဖြစ်ခဲ့တာပေါ့။ အဲ့ဒီနောက်ပိုင်း ဆေးခန်းကို ဒတ--- ရွာမှာ ပြန်တည်ဆောက်လိုက်တယ်။ ဆေးခန်းကို ဒတ--- ရွာမှာပြန်ရွှေ့ပြီး တစ်လကျော်အကြာမှာဘဲ ရွာသားတွေက ကြောက်နေကြတယ်။ ကျွန်မတို့ရွာသားတွေက ဆေးခန်းကို အဲ့ဒီမှာပြန်ရွှေ့လာခဲ့တယ်ဆိုတဲ့အကြောင်း ကြားမိလားဆိုပြီး အချင်းချင်းမေးမြန်းကြတယ်။ မြန်မာစစ်တပ်က ညဘက်မှာ လာတိုက်ခဲ့ရင် ထိခိုက်ဒဏ်ရာရရှိတဲ့စစ်သား [တော်လှန်ရေးတပ်ဖွဲ့] တွေကို ကျွန်မတို့*

32 KHRG မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော၊ "<u>အရေးပေါ်အသက်ကယ်ခြင်း - မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်စိန်ခေါ်မှုများနှင့် ဒေသခံတို့၏ ကြိုးပမ်းအားထုတ်မှုများ (ဇန်နဝါရီလ - အောက်တိုဘာလ ၂၀၂၄)</u>" ၏စာမျက်နှာ ၀၄ တွင်ကြည့်ပါ။

*ဆေးခန်းမှာ လာရောက်ကုသမှုခံယူပြီး အဲ့ဒီအတွက် [SAC] က ကျွန်မတို့ကို လာတိုက်မှာကို ကြောက်နေကြရတယ်။”* ဟူ၍ ဖြစ်ပါသည်။[33]




ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဇရပ်ကြီးတောင်ခြမ်းကျေးရွာအုပ်စု၊ ဒဖ--- ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် SAC ၏ MI-35 ရဟတ်ယာဉ်တစ်စင်းနှင့် တိုက်လေယာဉ်တစ်စင်းတို့သည် ဒဖ--- ကျေးရွာရှိဆေးရုံအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ SAC ၏ လေယာဉ်များသည် ဗုံးလေးလုံးပစ်ခတ်ချခဲ့ပြီး ဆေးရုံကိုလည်းအကြိမ်ကြိမ်ပစ်ခတ်ဖျက်ဆီးခဲ့ပါသည်။ ဇရပ်ကြီးတောင်ခြမ်းကျေးရွာအုပ်စုတွင် ၂၀၂၄ ခုနှစ်အတွင်း ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် SAC တပ်ဖွဲ့များ အကြား တိုက်ပွဲများဖြစ်ပွားခဲ့သော်လည်း တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့်တိုင်အောင် SAC ဘက်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါဆေးရုံသည် SAC ၏ အုပ်ချုပ်မှုအောက်တွင် ရှိပါသည်။ ရွာသားများက ဒဏ်ရာရရှိထားသောလက်နက်ကိုင်တော်လှန်ရေးတပ်သားများအား ထိုဆေးရုံတွင် အခါအားလျော်စွာကုသမှုပေးခဲ့သည် ဟူသောအကြောင်းပြချက်ဖြင့် အဆိုပါဆေးရုံအား ဗုံးကြဲတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ *(ဓာတ်ပုံ- KHRG)*

နောက်ဆုံးတွင် ဤတိုက်ခိုက်မှုများကြောင့် ရွာသားများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ထွက်ပြေးတိမ်းရှောင်ကြရပြီး သူတို့အတွက်ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်စေပါသည်။ မူတြော်(ဖာပွန်) ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စုရှိ ဒဘ--- ကျေးရွာမှ နော်အဟ--- က သူမ၏ရွာတွင် ထပ်ခါတလဲလဲ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျန်းမာရေးဝန်ထမ်းများရရှိရေးအပေါ်သက်ရောက်မှုအကြောင်း ဤသို့ပြောကြားခဲ့သည်။ *“လေကြောင်းတိုက်ခိုက်မှုတွေကြောင့် ကျန်းမာရေးဝန်ထမ်းတွေကိုရှာရတာ အရမ်းခက်ခဲပါတယ်။ ပဋိပက္ခကာလအတွင်းမှာ လိုအပ်တဲ့အချိန် ရွာထဲမှာဆရာဝန်တွေ၊ သူနာပြုတွေမရှိကြပါဘူး။ ရလဒ်အနေနဲ့ ကလေးတွေကုသဖို့အတွက် ဆရာဝန်ရဖို့ နောက်ကျသွားကြတယ်။ တချို့မိဘတွေက သူတို့ဘာသာကုသလို့ရတယ်လို့ထင်ကြတော့ ကလေးတွေရဲ့ကျန်းမာရေးအခြေအနေက ပိုပိုပြီးဆိုးရွားလာပါတယ်။”* ဒေသခံရွာသားများ၏ပြောကြားချက်အရ၊ ထီးသဘလုထကျေးရွာအုပ်စုတွင် ကျေးရွာ ၁၅ ရွာအတွက် နယ်လှည့်ကျောပိုးအိတ်အဖွဲ့ (BPHWT) ၏ ဆေးခန်းတစ်ခုသာရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အလွန်ခက်ခဲကြောင်း သိရပါသည်။ အလားတူပင် မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဆစ--- ကျေးရွာအုပ်စုရှိ ဆရ--- ကျေးရွာမှ စိုင်းအဆ--- က ရှင်းပြခဲ့သည်မှာ *“KWO ကနေမွေးကင်းစကလေးတွေနဲ့ မိခင်တွေကို ကူညီပေးခဲ့တာတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် တိုက်ပွဲဖြစ်နေချိန်မှာတော့ လူတိုင်းကထွက်ပြေးနေကြရတယ်၊ အရာရာဟာပရမ်းပတာဖြစ်နေပြီး ဘယ်သူမှတစ်ဦးကိုတစ်ဦး မကူညီနိုင်ကြဘူး”* ဟု ရှင်းပြခဲ့သည်။

အနည်းဆုံး ဥပမာဖြစ်ရပ်တစ်ခုတွင် SAC တပ်ဖွဲ့များသည် စစ်ရေးရည်ရွယ်ချက်ဖြင့် ဆေးရုံများကို သိမ်းပိုက်ခဲ့

---

[33] KHRG မှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော၊ “အန္တရာယ်အောက်ကျရောက်နေသော ရပ်ရွာလူထုနေရာများ - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရပ်ရွာအဆောက်အဦးများနှင့် ရိုးရာယဉ်ကျေးမှုအခမ်းအနားများအား တိုက်ခိုက်ဖျက်ဆီးခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ မှ ဇွန်လအထိ)” ၏စာမျက်နှာ ၁၁ တွင်ကြည့်ပါ။

သည်။ SAC စစ်သားများက ဆေးရုံတစ်ရုံကိုသိမ်းပိုက်ထားခြင်းကြောင့် ကျန်းမာရေးဝန်ဆောင်မှုရရှိရန် မည်မျှ ခက်ခဲခဲ့ကြောင်း ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဒထ--- ကျေးရွာရှိ ရွှေ့ပြောင်းနေထိုင်သည့် ရွာသား စောအတ--- မှ ဤသို့ရှင်းပြခဲ့သည်။ *"တစ်ခါတစ်ရံ ကျွန်တော်တို့မှာ သေလုနီးပါး ဖျားနာနေတဲ့ လူနာတွေရှိတယ်။ သူတို့ကို ဆေးရုံပို့ချင်ပေမယ့် မြန်မာစစ်သားတွေက ဆေးရုံ [ကြာအင်းဆိပ်ကြီးမြို့မှ SAC ထိန်းချုပ်မှုအောက်တွင်ရှိသော ကြာအင်းဆိပ်ကြီး ပြည်သူ့ဆေးရုံ] မှာနေထိုင်နေတာကြောင့် မပို့နိုင်ခဲ့ဘူး။ နေ့ဘက်အချိန်တွင်မှာတော့ သူတို့ [မြန်မာစစ်သားများ] က လူနာတွေကို [ဆေးရုံတွင်ကုသမှုခံယူရန်] ပို့ခွင့်ပြုပေးတယ်။ ဒါပေမယ့် ညဘက်အချိန်မှာတော့ လူနာတွေကိုအတင်းအကျပ်အိမ်ပြန်ခိုင်းစေခဲ့တယ်။"* [34]

## ခ) စားနပ်ရိက္ခာမလုံခြုံမှု တိုးပွားလာခြင်း

SAC ၏ ကျေးရွာများနှင့် စိုက်ခင်းများအပေါ်တိုက်ခိုက်မှုများကြောင့် ရွာသားများသည် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းပြုမှုများကိုမထိန်းသိမ်းနိုင်တော့ဘဲ ၎င်းတို့အတွက်နှင့် ၎င်းတို့၏ကလေးများအား ကျွေးမွေးရန် ကြိုးပမ်းရုန်းကန်နေကြရပါသည်။ ထို့အပြင် နေရပ်စွန့်ခွာထွက်ပြေးနေရခြင်းသည်လည်း ရွာသားများအား ၎င်းတို့၏ပုံမှန်အစားအစာရရှိမှုလမ်းကြောင်းများရရှိမှုကိုဟန့်တားစေပြီး ကလေးငယ်များအား ငတ်မွတ်မှုဖြစ်ပွားနိုင်ခြေကို မြင့်တက်စေပါသည်။ ကလေးများတွင် အာဟာရချို့တဲ့ခြင်းသည် ရွာသားများအတွက် အဓိကစိုးရိမ်စရာကိစ္စရပ်တစ်ခုဖြစ်ပါသည်။ KHRG မှ ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု ၁၁၄ ခုအနက် ၃၁ ခု တွင် အစားအသောက်အခက်အခဲ (၂၇ ရာခိုင်နှုန်း) ရှိကြောင်းဖော်ပြခဲ့ကြပြီး ၎င်းသည် ကလေးများအတွက် အများဆုံးညွှန်းဆိုခံရသော ကျန်းမာရေးအန္တရာယ်မြင့်မားမှုကိုပြနေပါသည်။ ဤအခြေအနေသည် အထူးသဖြင့် မူတြော်ခရိုင်တွင် ပိုမိုထင်ရှားခဲ့ပြီး တွေ့ဆုံမေးမြန်းခံယူခံရသူ ၃၈ ဦးအနက် ၁၅ ဦး (၄၀ ရာခိုင်နှုန်းနီးပါး) က ကလေးငယ်များအတွက် အစားအစာဖူလုံမှုမရှိခြင်းနှင့် ဆက်စပ်နေသောအခက်အခဲများအကြောင်း ဆွေးနွေးပြောဆိုခဲ့ကြသည်။

ခလယ်လွိထူခရိုင်၊ လယ်ဒို(ကျောက်ကြီး) မြို့နယ်၊ သူးကဘီးကျေးရွာအုပ်စုရှိ ဒည--- စောအဌ--- မှ *"အရင်တုန်းက ကျနော်တို့ကလယ်လုပ်စားကြတယ်။ ဒါပေမယ့် စပါးတွေကဖျက်ဆီးခံရတော့ အဲ့ဒီကတည်းက နေစားအလုပ်ဘဲလုပ်တော့တယ်။ တခါတလေ စားစရာမရှိတော့တဲ့အခါကြရင် သူများဆီကချေးငှားယူနေရပြီး နောက်မှပြန်ဆပ်နေရတယ်ပေါ့"* ဟူ၍ ရှင်းပြပါသည်။ အခြားဖြစ်ရပ်တစ်ခုတွင်မှာလည်း ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ကြတ်ကဝ့်ကျေးရွာအုပ်စုရှိ ဒယ--- ကျေးရွာမှ စောအဖ--- ကလည်း သူနှင့် သူ၏အမျိုးသမီးသည် ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စုရှိ ဘသ--- ကျေးရွာတွင် ရွှေ့ပြောင်းနေထိုင်စဥ် ၎င်းတို့၏ကလေးအတွက် သူများထံမှအစားအစာတောင်းစားခဲ့ ရသည်ဟု တင်ပြခဲ့ပါသည်။ နို့တကောမြို့နယ်၊ တခါကလိုး (ကျခတ်ချောင်း) ကျေးရွာအုပ်စုအတွင်းရှိ သအ--- ကျေးရွာမှ မိဘတစ်ဦးတည်းကျန်ရှိသည့် အသက် ၁၃ နှစ် ရွယ်ရှိ နော်နက--- မှ *"ကျွန်မ ဝမ်းနည်းတယ်၊ ကျွန်မ ဖျားလည်းဖျားတယ်။ ခေါင်းကိုက်ပြီး အရေပြားယားယံတယ်။ အမေတစ်ယောက်ထဲဆိုတော့ ဆေးဖိုးမတတ်နိုင်ဘူး။ ကျွန်မတို့က ဆင်းဆင်းရဲရဲနေရတယ်။ တခါတလေကြရင် ကျွန်မအဖွားလည်း ဖျားတယ်။ ကျွန်မအငယ်ဆုံးညီမကလည်း သွားနာပြီး အအေးမိနေတာ။ သူများတွေလို စားစရာလည်း မရှိတော့ သူများလိုလည်း ကျွန်မတို့မစားရဘူး။ ကြက်ဥဆိုလည်း သိပ်စားရလေ့မရှိဘူး"* ဟူ၍ ရှင်းပြခဲ့ပါသည်။

အလားတူပင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများပေါ်တွင် SAC မှ ပိတ်ဆို့တားဆီးခြင်းနှင့် အစားအစာများသိမ်းဆည်းခြင်းတို့ကြောင့် ကျေးရွာများအတွင်းသို့ အစားအစာများ ဝင်ရောက်စီးဆင်းရောက်ရှိမှုကန့်သတ်ခံရပြီး ကျေးရွာများအတွင်းရရှိနိုင်သောအစားအစာများ၏ဈေးနှုန်းများကို မြင့်တက်လာစေခဲ့ပါသည်။[35] ဤသည်ကား ရွာသားများအတွက်အစားအစာများကိုဝယ်ယူနိုင်ရန် ခက်ခဲလာစေခဲ့ပါသည်။ KDHW တွင် မိခင်နှင့်ကလေးကျန်းမာရေး (MCH) အစီအစဉ်ကို ကြီးကြပ်ကွပ်ကဲသူ နော်အင်တီဂျာ့၏အဆိုအရ၊

---

[34] အထက်တွင်ဖော်ပြထားသော KHRG, "အရေးပေါ်အသက်ကယ်ခြင်း" ၏ စာမျက်နှာ ၀၅ တွင်ကြည့်ပါ။

[35] အထက်တွင်ဖော်ပြထားသော KHRG, "ဆာလောင်မှုအားတွန်းလှန်ခြင်း" တွင် ကြည့်ပါ။

ဤအခြေအနေသည် အထူးသဖြင့် မိခင်များနှင့် မွေးကင်းစကလေးများအပေါ် သက်ရောက်မှုရှိနေပါသည်။ မိခင်များတွင် မိမိကိုယ်ကို ပြန်လည်အားဖြည့်ရန် အစားအစာလုံလောက်စွာ မရှိပါက၊ ၎င်းတို့၏ မွေးကင်းစကလေးများအား နို့တိုက်ကျွေးရန် လုံလောက်သောနို့ထွက်ရှိမှုမရှိတော့ပေ။ ဒူးပလာယခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ ကော်ဝါးလိုင်ကျေးရွာအုပ်စုရှိ ဆလ--- ကျေးရွာမှ နော်အအ--- က ဤအခက်အခဲများအကြောင်း ပြန်လည်သုံးသပ်ပြောကြားခဲ့သည်မှာ *"ကျွန်မက ကလေးတိုက်ကျွေးဖို့အတွက် နို့လိုအပ်တယ်။ ကျွန်မသူတို့ [သူမ၏ကလေးများ] ကို နို့လုံလောက်အောင်မဝယ်ဖြစ်ဘူး [အဘယ်ကြောင့်ဆိုသော် သူမသည် အခြားအစားအစာလိုအပ်ချက်များအတွက် ငွေကုန်ကျခံရမည်ဖြစ်သောကြောင့်]။ [...] ဒါကြောင့်က သူတို့ကိုကန့်သတ်ချက်နဲ့ပဲဝယ်တိုက်တယ် [နို့အလုံအလောက်မဟုတ်ဘူး]။ [...] သူတို့ နို့လုံလောက်အောင်မသောက်ရဘူး"* ဟု ပြောကြားခဲ့သည်။

ရွာသားများသည် ပုပ်သိုးနေသော သို့မဟုတ် သန့်ရှင်းလတ်ဆတ်မှုမရှိသော အစားအစာများကို စားသုံးနေရမှုကြောင့် အစားအစာမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကျယ်ပြန့်စွာ ဖြစ်ပွားနေပါသည်။ ဤသို့သော စားစရာများ မရရှိနိုင်သည့်အခါ ကလေးများအား ဝေဒနာခံစားမှုဖြစ်စေပြီး အာဟာရချို့တဲ့မှုနှင့် သေဆုံးမှုရှိသည်အထိ ဖြစ်လာနိုင်ပါသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်မှ KDHW ၏ မြို့နယ်ညှိနှိုင်းရေးမှူး စောအညာ--- က ဤသို့ ရှင်းပြခဲ့သည်။ *"ဒီအနီးနားတိုက်ပွဲဖြစ်ပွားမှုနဲ့ဆက်စပ်ပြီး ရွာသားတွေက ထိတ်လန့်ကြတယ်။ ဒါကြောင့် မိဘအချို့ဟာ သူတို့ကလေးတွေကို လုံလုံလောက်လောက်ကျွေးမွေးဖို့အတွက် အခက်အခဲတွေနဲ့ကြုံခဲ့ရတယ်။ ရလဒ်ကတော့ ကလေးအချို့မှာ အာဟာရလုံလောက်အောင်မရကြတဲ့အတွက် အာဟာရချို့တဲ့ရောဂါဖြစ်လာကြတယ်။ ဒါကအရမ်းကြီးမားတဲ့အခက်အခဲပါပဲ။ မိဘအချို့ရဲ့ လူမှုရေးစီးပွားဘဝဟာဆိုရင်လည်း တကယ်ကို ဆိုးဝါးနေပါတယ်။ သူတို့ရဲ့စပါးခင်းတွေ ပျက်စီးသွားကြတယ်။ ဒါကြောင့် သူတို့တွေဟာ နေ့စားလုပ်သားတွေ ဖြစ်လာကြတယ်။ ဒီအချက်ကြောင့် သူတို့ဟာ ကလေးတွေအတွက် အာဟာရပြည့်ဝတဲ့အစားအစာတွေ ဝယ်ယူဖို့မတတ်နိုင်ကြတော့ပါဘူး။ [...] ဒေသအများစုမှာတော့ဆေးခန်းတွေရှိပါတယ်။ ကလေးအချို့မှာ အာဟာရချို့တဲ့တဲ့ရောဂါရှိကြပေမယ့် တည်ငြိမ်မှုမရှိသေးတဲ့အခြေအနေ (ဆက်လက်ဖြစ်ပွားနေသောပဋိပက္ခ) ကြောင့် တစ်ချို့နေရာတွေမှာ ဒီကလေးတွေအတွက် အဟာရဓာတ်ရရှိရေးအစီအစဉ်တွေမရှိသေးပါဘူး။ ဒါကြောင့် သူတို့ထဲက တစ်ချို့ (အာဟာရချို့တဲ့နေတဲ့ကလေးတွေ) ဆုံးပါးသွားခဲ့ကြရတယ်။"*

တိုက်ပွဲနှင့် SAC ၏ တိုက်ခိုက်မှုများကြောင့် နေရပ်ပြောင်းရွှေ့နေထိုင်မှုကို ဖြစ်ပေါ်စေပြီး ရွာသားများအတွက် အစားအစာရရှိမှုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိစေပါသည်။ ရွာသားများသည် ပြောင်းရွှေ့နေထိုင်စဉ်ကာလအတွင်း မကြာခဏဆိုသလို ဝင်ငွေရရှိရေးလမ်းကြောင်းများ အနည်းအပါးရရှိသလို ၎င်းတို့အတွက် စားစရာများကို ကိုယ်တိုင် ထွက်ရှာရလေ့ရှိသည်။ ရွာသားအများအပြားက တင်ပြသည်မှာ ကလေးများသည် ပုံမှန် စားစရာများ မရရှိကြပေ။ ကလေးများသည် အထူးအခါသမယများတွင်သာလျှင် အာဟာရရှိသော အစားအစာများကို စားသုံးခွင့် ရကြကြောင်း ရွာသားများက တင်ပြခဲ့သည်။ တောအူး (တောင်ငူ) ခရိုင်၊ ထောတထူ(ထန်းတပင်) မြို့နယ်၊ ကော်သေးဒဲ ကျေးရွာအုပ်စု၊ ဆဌ--- ရွာမှ နော်အသ--- ပြောကြားခဲ့သည်မှာ *"ကလေးတွေ အာဟာရမရကြဘူး။ တစ်ခါတလေတော့လည်း ရွာထဲမှာတစ်စုံတစ်ယောက်က သူတို့ရဲ့ မွေးနေ့ပွဲ အခမ်းအနားလုပ်တဲ့အခါ အစားအစာလှူဒါန်းကြတယ်၊ အဲဒီအခါကြရင်တော့ ကလေးတွေအာဟာရပြည့်တဲ့ အစားအစာ စားရပါတယ်။ တစ်ခါတလေ ကလေးတွေ (ခရစ်ယာန်ဘုရားကျောင်း) မှာ တနင်္ဂနွေကျောင်း (Sunday school) သွားတဲ့အခါ မုန့်ပဲသွားရည်စာတွေရကြတယ်။"* ဟူ၍ဖြစ်ပါသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည်လည်း ကိုယ်ဝန်ဆောင်စဉ်ဗီတာမင်များနှင့် အာဟာရပြည့်ဝသောအစားအစာများ လိုအပ်နေပါသည်။

## ဂ) ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုနှင့် လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး စိန်ခေါ်မှုများ

SAC ၏ တိုက်ခိုက်မှု၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် တိုက်ပွဲများဖြစ်ပွားနေမှုများနှင့် ပညာရေးလက်လှမ်းမှီနိုင်စွမ်း မရှိခြင်းများသည် ကလေးအရွယ်အိမ်ထောင်ကျခြင်းနှင့် လိင်ပိုင်းဆိုင်ရာကျန်းမာရေး ပြဿနာများဖြစ်ပွားမှုကို မြင့်တက်စေပါသည်။ ရွာသားများမှ ဆွေးနွေးတင်ပြသည်မှာ SAC ၏ တိုက်ခိုက်မှုများနှင့် ကျေးရွာ

များအနီးတိုက်ပွဲများ ဖြစ်ပွားမှုများသည် ရွာသားများအတွက် အသက်မွေးဝမ်းကြောင်းပြုမှုအား ဟန့်တားပိတ်ပင်စေပြီး ကလေးများအတွက်လည်း ကျောင်းတက်နိုင်သည့်အခွင့်အလမ်းများ နည်းပါးစေပါသည်။ ပညာရေးဝန်ဆောင်မှုများ လက်လွှတ်ဆုံးရှုံးရခြင်းသည် လူငယ်လူရွယ်များအတွက် လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် အဆိုပါအရေးကိစ္စရပ်များကိုကိုင်တွယ်ဖြေရှင်းရန် အသိပညာဗဟုသုတနည်းပါးမှုကို ဖြစ်စေပါသည်။

လူတွေသည် မည်သည့် အသက်အရွယ်တွင်မဆို အိမ်ထောင်ကျပြီးနောက် မကြာခဏဆိုသလို ကလေးရလေ့ ရှိကြပါသည်။ ဤသည်မှာ အသက်ငယ်ရွယ်သော မိခင်များ၏ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်ကြောင်းကို ရွာသားများက ထောက်ပြခဲ့ကြပါသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဆစျ--- ရွာမှ ရွှေ့ပြောင်းအခြေချနေထိုင်ရသူ ကျောင်းဆရာမတစ်ဦးလည်းဖြစ်သည့် မိခင်ဖြစ်သူ နော်အဂ--- က ငယ်ရွယ်သည့် မိန်းကလေးငယ်များအတွက် ကလေးမွေးဖွားခြင်း၏ရှုပ်ထွေးမှုများအကြောင်းကို ဤသို့ဖြည့် စွက်ပြောကြားခဲ့သည်မှာ *“သားအိမ်မှာ ပြဿနာရှိသူတွေအတွက်က ခက်ခဲပါတယ်။ သူတို့ရဲ့ သားအိမ်တွေ ‘ကျ’ သွားတတ်ပါတယ် (သားအိမ်ကျွံခြင်း)။ တစ်ချို့ (မိန်းကလေးငယ်) ကြတော့ (သူတို့ရဲ့ကလေးကို မှန်ကန်တဲ့အနေအထားရောက်အောင်) သားဖွားက ဗိုက်ကိုနှိပ်နယ်ပေးတဲ့အခါမှာ အတွင်းပိုင်းမှာ ဒဏ်ဖြစ်သွားတတ်ပါတယ်။ သူတို့က အသက်အရွယ်အရမ်းငယ်နေလို့ပါ။ တစ်ချို့လူတွေကျတော့ ဆီးအိမ်နေရာမှာ ထိခိုက်မှုဖြစ်သွားကြတယ်။ သူတို့က အသက်အရမ်းငယ်နေလို့လေ။ [...] သူတို့ ကလေးမွေးဖို့ နီးကပ်တဲ့အခါ (အောင်မြင်သည့်ကလေးမွေးခြင်း) ကိုင်တွယ်ဖို့ခက်ခဲပါတယ်။ ဒါကြောင့် သူတို့ကျန်းမာရေးကသိပ်မကောင်းကြဘူး။ ‘အသားအရောင်ဖြူဖတ်ဖြူရော်’ (ကျန်းမာရေးမကောင်းခြင်း) နဲ့ ဖြစ်နေကြတယ်။”* ဟူ၍ဖြစ်ပါသည်။

အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာအပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများအကြောင်းကိုလည်း မိန်းကလေးငယ်များက တင်ပြကြပါသည်။ ဥပမာဖြစ်ရပ်အနေဖြင့် တွေ့ဆုံမေးမြန်းခံရသူ ၇ ဦးတို့မှ ဓမ္မတာလာသည့်အချိန်တွင် နာကျင်မှုနှင့် သက်တောင့်သက်သာ မရှိမှုများ ခံစားရကြောင်း တင်ပြကြပါသည်။ တွေ့ဆုံမေးမြန်းခံရသူ ၃ ဦးမှာမူ ထိုအခြေအနေအပေါ် အမျိုးသမီးလစဉ်သုံးပစ္စည်းနှင့် ဆေးဝါးကုသမှုခံယူကြကြောင်း ထုတ်ဖော်ပြောဆိုပြီး အနည်းဆုံးမိန်းကလေး ၂ ဦးမှာ ထိုကဲ့သို့ အခက်အခဲများကြုံတွေ့ပါက ကျန်းမာရေးပညာရှင်များနှင့်ပြသမှုမရှိကြောင်း တင်ပြခဲ့သည်။ ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဆအ---ကျေးရွာမှ အသက် ၁၇ အရွယ်ရှိ နော်အန--- မှ *“ဓမ္မတာလာရင် လုံးဝမပျော်ဘူး။ ဆီးအိမ်အရမ်းနာတယ်။ နှစ်လတစ်ကြိမ်ပုံမှန်ဓမ္မတာလာတယ်။ ဒါပေမယ့် ဆေးစစ်ဖို့တော့ မသွားပါဘူး”* ဟု ဆိုပါသည်။

## ဃ) ရွှေ့ပြောင်းနေထိုင်စဉ် လုံလောက်သော နေရာထိုင်ခင်းနှင့် သန့်ရှင်းရေးမရှိခြင်း

တိုက်ပွဲများနှင့် SAC ၏ တိုက်ခိုက်မှုများသည် ရွာသားများ၏ အသက်အန္တရာယ်ကို တိုက်ရိုက်ခြိမ်းခြောက်နေရုံသာမက ကျေးလက်နေလူထုအနေဖြင့် ကလေးများတွင် သာမန်ဖြစ်တတ်သော်လည်း အသက်အန္တရာယ် စိုးရိမ်ရသည့်ရောဂါဘယများအား ကာကွယ်နိုင်ရန်လိုအပ်သောနေထိုင်မှုအခြေအနေများကိုလည်း တိုက်ရိုက်ထိခိုက်စေပါသည်။ ရွှေ့ပြောင်းခိုလှုံနေရချိန်တွင် ကလေးများသည် မလုံလောက်သောနေရာထိုင်ခင်း၊ မသန့်ရှင်းသောရေနှင့် ယေဘုယျအားဖြင့် သန့်ရှင်းမှုအားနည်းခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့ရသည်။ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးကဲ့သို့သောခြင်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများကိုလည်း ကလေးများတွင် ခံစားရကြောင်းကို ရွှေ့ပြောင်းနေထိုင်သည့်ရွာသားများမှ မကြာခဏတင်ပြကြသည်။ ထိုသို့သော အတွေ့အကြုံများကြောင့် ကလေးများတွင် ကူးစက်ရောဂါများ၊ အရေပြားရောဂါပိုးဝင်ခြင်းများနှင့် အစားအသောက်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ပိုမိုအဖြစ်များလာခဲ့ပါသည်။

ရွာသားများ ရွှေ့ပြောင်းခိုလှုံရာနေရာများတွင် သန့်ရှင်းသော သုံးရေ မရှိခြင်းသည် ကလေးငယ်များတွင် အရေပြားရောဂါများနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း ရှုမြင်ကြသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ထီးလယ်ပူကျေးရွာအုပ်စု၊ ဒသ--- ရွှေ့ပြောင်းခိုလှုံရာစခန်းတွင် (၂၀၂၄ ခုနှစ်တွင်

ကျေးရွာအဖြစ်တည်ထောင်ခဲ့) နေထိုင်ခဲ့သူ အသက် ၁၇ နှစ်အရွယ် နော်ရ---မှ ၂၀၂၃-၂၄ ခုနှစ်တုန်းက သူမနေထိုင်ရာနေရာတွင် သန့်ရှင်းသောရေမရှိခြင်းကြောင့် ဖျားနာခဲ့ရကြောင်း ဤသို့ပြောကြားခဲ့သည်။ *“ကျွန်မတို့မှာ သောက်ဖို့နဲ့ရေချိုးဖို့ သန့်ရှင်းတဲ့သောက်သုံးရေမရှိပါဘူး။ ချောင်းငယ်လေးထဲက ရေကိုပဲသောက်နေရတယ်။ ချောင်းနားမှာ ရေတွင်းငယ်လေးတစ်တွင်းတူးထားတယ်။ နွေရာသီမှာတော့ ရေကလျှော့နည်းသွားတယ်။ မိုးရွာတဲ့အခါမှာ ရေလျှံတယ်။ ကျွန်မတို့မှာ ရေတွင်းနည်းနည်းပဲရှိတော့ လူအများအပြား သုံးတဲ့အခါ ပြဿနာဖြစ်လာတယ်။ […] အဲ့ဒီမှာ (ဒဟ---) ပညာသင်တဲ့ပထမနှစ်မှာဘဲ ရေညစ်ညမ်းလို့ အရေပြားရောဂါဖြစ်ခဲ့တယ်။ ၈ တန်းတက်ရတဲ့နှစ်တစ်နှစ်လုံး ဖျားနေခဲ့တယ်။ (သူမ၏ ကျေးရွာကို ဘရ--- ကျေးရွာသို့) ရွာပြန်ရောက်တော့မှ သက်သာသွားတယ်။”* ဒူးသထူခရိုင်၊ ဘီလင်းမြို့နယ်၊ ပယရောကျေးရွာ အုပ်စု၊ ဃဘ--- ရွာမှ အသက် ၁၅ နှစ်အရွယ် နော်အစျ--- အမည်ရှိ အခြားမိန်းကလေးငယ်တစ်ဦးကလည်း KNU/KNLA နှင့် SAC တို့အကြား တိုက်ပွဲများကြောင့် မိသားစုနှင့်အတူ အိုးအိမ်စွန့်ခွာခဲ့ရပြီးနောက် အလားတူပြဿနာများကို ကြုံတွေ့ခဲ့ရကြောင်း ပြောကြားခဲ့သည်။ *“ရွာမှာပဲ နေချင်ပါတယ်။ သန့်ရှင်းတဲ့ရေဘဲ သောက်ချင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့မှာ သောက်ဖို့နဲ့ ရေချိုးဖို့ သန့်ရှင်းတဲ့သောက်သုံးရေ မရှိလို့ပါ။ ကျွန်မတို့ ထွက်ပြေးပြီး ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ထွက်ပြေးခဲ့ရတယ်။”*

ရွာသားများသည် ရွှေ့ပြောင်းခိုလှုံနေစဉ် ခြောက်သွေ့သော ခိုလှုံရာနေရာများ မရှိခြင်းနှင့် ခြင်ထောင်များ မရှိခြင်းဆိုင်ရာ စိုးရိမ်မှုများကို တင်ပြခဲ့ကြသည်။ ခိုလှုံရာနေရာထိုင်ခင်းများတွင် လုံခြုံသော အမိုးအကာများ မရှိသောကြောင့် မိုးဒဏ်ကာကွယ်နိုင်စွမ်းမရှိသည့်အပေါ် ကလေးများတွင် ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် တုပ်ကွေးရောဂါများ ဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်တက်စေပါသည်။ မကွေး-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဆဒ--- ရွာမှ ရွာသားတစ်ဦးဖြစ်သူ စောယ--- က ဤသို့ပြောကြားခဲ့သည်။ *“တစ်ခါတစ်လေ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားတဲ့အခါ ရွာသားတွေကလွတ်မြောက်ရာနေရာကို ထွက်ပြေးတိမ်းရှောင်ကြရပါတယ်။ သူတို့ဟာ အဲဒီနေရာမှာပဲ နေထိုင်စားသောက်ကြရပြီး ခိုလှုံရာ အဆောက်အဦးတွေ လည်းမရှိ၊ ခြင်ထောင်လည်း မပါတဲ့အတွက် ခြင်ကိုက်ခံကြရပါတယ်။ ရလဒ်အနေနဲ့ ကလေးတွေမှာ ငှက်ဖျားနဲ့ သွေးလွန်တုပ်ကွေးရောဂါတွေ ဖြစ်ပွားခဲ့ပါတယ်။”*

ဘိတ်-ထားဝယ် (မြိတ်ထားဝယ်) ခရိုင် ၊ တနောသရီ မြို့နယ်၊ မူးကပိုဒေသရှိ ဆပ--- ရွာမှ ရွာသူတစ်ဦးဖြစ်သည့် မကအ--- က ၂၀၂၄ ခုနှစ်တွင် သူမ၏ ရွာအတွင်း SAC မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်ရချိန်တွင် သူမမိသားစုနှင့် နေထိုင်ခဲ့ရသည့်အခြေအနေအား ဤသို့ဆွေးနွေးတင်ပြခဲ့ပါသည်။ သူမမှ *“ကျွန်မတို့ ပထမဆုံး တောထဲကိုထွက်ပြေးခဲ့ရတယ်။ တခါတလေကြတော့ တစ်ယောက်ယောက်ရဲ့လယ်ကွင်းထဲ၊ နွားတင်းကုပ်ထဲမှာ ခိုလှုံခဲ့ရတယ်။ တို့ဟာ ဒီလိုမျိုး မကြာခဏထွက်ပြေးပြောင်းရွှေ့ နေကြရတာပါ။ နောက်ဆုံးမှာတော့ အဲဒီနေရာတွေထဲက တစ်ခုမှ ဆက်ပြီးနေလို့မရတော့လို့ တို့က ဆခ--- ကျေးရွာ (မူးကပိုဒေသ) ကို ပြောင်းရွှေ့ပြီး တစ်စုံတစ်ယောက်ရဲ့ အိမ်အောက်မှာ ခိုလှုံခွင့်တောင်းခံခဲ့ရတယ်။ […] ကျွန်မတို့က မြေကြီးပေါ်မှာ တာလပတ်ခင်းပြီး တစ်စုံတစ်ယောက်ရဲ့ (အိမ်မြင့်) အိမ်အောက်မှာ နေခဲ့ကြတယ်။ […]တို့ကို ခြင်တွေက ကိုက်ကြတယ်။ ရွာသားအချို့က သစ်ပင်တွေအောက်မှာ တာလပတ်ခင်းပြီးခိုလှုံရာနေရာ လုပ်ခဲ့ကြတယ်။ (တစ်ခါတစ်ရံ) မိုးအရမ်းရွာတယ်။ ဒါကြောင့် ကျွန်မတို့အတွက် တကယ့်ကို အဆင်မပြေဖြစ်ရတယ်။ စောင်မလုံလောက်တဲ့ပြဿနာလည်း ကြုံရတယ်။ […] ကလေးတွေအတွက် အစားအစာမလုံလောက်သလို၊ ကလေးတွေအတွက် ခြင်ထောင်တောင် မလုံလောက်ပါဘူး။ ဒါကြောင့် ခြင်တွေကိုက်တဲ့အတွက် ကျွန်မတို့ကလေးတွေရဲ့ ကျန်းမာရေးကိုထိခိုက်စေပါတယ်။ သူတို့မှာ သွေးလွန်တုပ်ကွေးနဲ့ ငှက်ဖျားရောဂါတွေလည်း ဖြစ်ခဲ့ကြရတယ်။”*

SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသော ကလေးမွေးပြီး ရက် ၂၀ သာရှိသေးသည့် ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး)မြို့နယ်၊ ကော်ဝလှိုင်ကျေးရွာအုပ်စု၊ ဆလ--- ရွာမှ နော်အအ--- သည် သူမနှင့် သူမ၏မွေးကင်းစအမွှာကလေးတို့မှ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများအကြောင်းကို ပြန်ပြောပြသည်မှာ *“ကျွန်မထွက်ပြေးတုန်းက မိုးရေတွေနဲ့ စိုနေတယ်။ ကျွန်မကလေးတွေဆိုရင်လည်း မွေးပြီးတာ ရက်ပိုင်းဘဲရှိသေးတယ်လေ။ ရောက်လာတဲ့အချိန်မှာ ကျွန်မရော ကျွန်မကလေးတွေပါ ဖျားပါလေရော။ ကလေးတွေကတော့ အဲ့လိုပါ*

*ဘဲ၊၊ မိုးမိထားတဲ့အတွက်ကြောင့် သူတို့ တုပ်ကွေးဖြစ်ပြီး ဖျားတက်သွားတယ်။ အစာမှားစားခဲ့တော့လည်း သူတို့ ဗိုက်နာကြတယ်။ ကျွန်မတို့က အသစ်ရောက်လာတဲ့ သူတွေ ဖြစ်တဲ့အခါကြတော့ ဒီကပတ်ဝန်းကျင်အခြေအနေနဲ့ မရင်းနှီးသေးဘူးလေ။ ဒါကြောင့် ရေသောက်တဲ့အခါ အစာစားတဲ့အခါ တခါတလေကြရင် ဖျားသွားတယ်။"* ဟူ၍ဖြစ်ပါသည်။ သန့်ရှင်းရေးပြဿနာသည် ရွှေ့ပြောင်းခိုလှုံစဥ်ကာလအတွင်း ကလေးသူငယ်များ အထူးသဖြင့် မသန်စွမ်းကလေးများ၊ ရွှေ့ပြောင်းနေထိုင် ရန်အခက်အခဲရှိသူများ သို့မဟုတ် အနီးကပ်ပြုစုစောင့်ရှောက်သူများ ကို မှီခိုနေရသူများအတွက် အကျိုးသက်ရောက်မှု ရှိစေပါသည်။ မိန်းကလေးများသည်လည်း ရွှေ့ပြောင်းနေထိုင် စဥ်ကာလအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးမရှိခြင်းကြောင့် ၎င်းတို့၏ဓမ္မတာလာခြင်းများအား ကိုင်တွယ်ဖြေ ရှင်းရန် အခက်အခဲများရှိပြီး ဗိုက်အောင့်ခြင်း၊ ဗိုက်နာခြင်းအပါအဝင် ကျန်းမာရေး ပြဿနာများ ကြုံတွေ့ရကြောင်း ရွာသားများက တင်ပြကြပါသည်။

## င) SAC ၏ ဖုံးကြဲတိုက်ခိုက်မှုကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများနှင့် ဖျားနာမှုများ

ဥပမာ ဖြစ်စဥ်အချို့တွင် ကလေးသူငယ်များ ဖျားနာရခြင်းသည် SAC ၏တိုက်ခိုက်မှုများအတွင်း ကြဲချခဲ့သည့် ဖုံး သီးများမှ ဓာတုပစ္စည်းများနှင့် ဆက်စပ်မှုရှိနေသည်ကို သံသယဖြစ်မိကြောင်း ရွာသားများက တင်ပြကြပါသည်။ SAC ၏ တိုက်ခိုက်မှုများကြောင့် ရွာသားများသည် လေဝင်လေထွက်မကောင်းသော ဖုံးခိုကျင်းများထဲတွင် ကြာရှည် စွာနေထိုင်ခဲ့ရသည့်အပေါ် ကလေးများအကြား အရေပြားနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါပိုးကူးစက်မှု အန္တရာယ်ကို မြင့်တက်စေပါသည်။

မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာတွင် ရွှေ့ပြောင်းနေထိုင်သည့် အသက် ၁၇ နှစ် အရွယ်ရှိ နော်ရ--- က ပြောကြားခဲ့သည်မှာ *"(၂၀၂၂ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တုန်းက) လေကြောင်းတိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တဲ့အချိန် လက်နက်ခဲယမ်းကနေတစ်ဆင့် ထွက်ရှိလာတဲ့အနံ့ကြောင့် ခေါင်းမူးဝေတာမျိုးတွေ ဖြစ်ခဲ့တယ်။ ရွာထဲမှာ စာသင်ချင်ပေမယ့် စာမသင်နိုင်တဲ့သူတွေလည်း ရှိပါတယ်။ အခြားနေရာကို ပြောင်းရွှေ့ သွားရတဲ့သူတွေလည်း ရှိပါတယ်။ ဟဗ--- ရွာမှာ စာသင်တဲ့ ကျောင်းသူကျောင်းသားတချို့လည်း လေကြောင်း တိုက်ခိုက်မှုကနေ ထွက်လာတဲ့ မီးခိုးငွေ့အနံ့တွေကို ရှူမိခဲ့ကြပါတယ်။ သူတို့တွေဟာ ခန္ဓာကိုယ်တွင်းမှာ ဖျားနာမှုဝေဒနာတွေ ခံစားခဲ့ကြရပါတယ်။"* ဟူ၍ဖြစ်ပါသည်။ တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလို မူနူကျေးရွာအုပ်စု၊ ဒခ--- ရွာမှ မိခင်တစ်ဦးဖြစ်သူ နော်အခ--- ကလည်း အလားတူစိုးရိမ်မှုကို တင်ပြခဲ့သည်။ *"ကျွန်မ အကြီးဆုံးသားရဲ့ ကျန်းမာရေးအခြေအနေကသိပ်မကောင်းပါဘူး။ ဒီရွာက လူအတော်များများလည်း နောက်ပိုင်းတွေမှာ ယားယံတဲ့ဝေဒနာကို ခံစားနေကြရတယ်။ နား၊ မျက်စိတွေ စတာတွေ ယားယံကြတယ်။ ဒါတွေဖြစ်ရတဲ့ အဓိကအကြောင်းရင်းကိုတော့ ကျွန်မတို့ အတိအကျ မသိရပေမယ့် (SAC) လေယာဉ်တွေက ဓာတု အဆိပ်ငွေ့ ပါဝင်တဲ့ ပစ္စည်းတစ်ခုခုကို ကြဲချခဲ့တာကြောင့် လူတွေယားယံရတယ်လို့ ကျွန်မထင်ပါတယ်။ [...] ကျွန်မကလေးတွေရဲ့အရေပြားပေါ်မှာလည်း အနာတွေပေါက်နေပါတယ်။ နောက်တော့ သူတို့တွေ ဖျားနာပါတယ်။ သူတို့တွေ အသက်လည်း ကောင်းကောင်းမရှူနိုင်တော့ဘူး။ သူတို့တွေ လွယ်လွယ်နဲ့ ပင်ပန်းနွမ်းနယ်နေတတ်ပြီးတော့ အားအင်တွေ ကုန်ခမ်းနေကြပါတယ်။"*

ဆက်လက်ဖြစ်ပွားလျက်ရှိသည့် SAC ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသားများသည် ယာယီဖုံးခိုကျင်း များထဲတွင် မကြာခဏနေထိုင်ရသည့်အတွက် ၎င်းတို့၏ နေ့စဥ်ကျန်းမာရေးအပေါ် ဆိုးရွားစွာ ထိခိုက်မှုရှိစေပါ သည်။ အဆိုပါ ဖုံးခိုကျင်းများသည် ပုံမှန်အားဖြင့် ကျဥ်းကြပ်ပြီး တိမ်တိမ်လေးတူးထားသည့် သစ်သားများနှင့် မြေကြီးများဖြင့် ယာယီတည်ဆောက်ထားခြင်းဖြစ်ပါသည်။ ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ တခါကလိုး (ကျခတ်ချောင်း) ကျေးရွာအုပ်စု၊ ဃဆ--- ရွာမှ မိခင်တစ်ဦးဖြစ်သူ နော်ကဘ--- က ယင်း ဖုံးခိုကျင်းများထဲတွင် နေထိုင်ရခြင်းကြောင်း ကလေးများ၏ကျန်းမာရေးအပေါ် ဖြစ်ပေါ်လာသည့် အကျိုးသက် ရောက်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဤသို့ပြောကြားခဲ့သည်။ *"လက်နက်သံ ကြားရင် (ကလေးတွေက) ဖုံးခိုကျင်း*

*ထဲကို ပြေးဝင်နေရတယ်။ ဖုံးခိုကျင်းထဲ ဝင်ထွက်နေရတော့ သူတို့မှာ အိပ်ရေးမဝကြဘူး။ သူတို့ရဲ့ စောင်၊ ခေါင်းအုံး တွေယူဆောင်ပြီး ခိုအောင်းရတာကြောင့် ညစ်ပေကုန်ကြတယ်။ [...] သူတို့ဟာ လက်နက်သံကို ကြောက်ရွံ့နေ ကြရတယ်။ [...] တို့ သန့်ရှင်းလုပ်ထားတောင်မှ ဖုံးခိုကျင်းထဲက အနံ့က ဆိုးနေတယ်။ [...] ဖုံးခိုကျင်းထဲမှာနေရ တဲ့အခါ ကျွန်မသမီးက ခန္ဓာကိုယ်မှာယားယံတာကို ခံစားရတယ်။ ပြီးတော့ ခေါင်းမူးတာလည်း ခံစားရတယ်။"*

## ၃.၂။ ခရီးသွားလာနေစဉ် စစ်ဆေးရေးဂိတ်များတွင်ကြုံတွေ့ရသော ခြိမ်းခြောက်မှုများ

မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများနှင့် ကျန်းမာရေးဝန်ထမ်းများသည် သယ်ယူပို့ဆောင်ရေး လမ်းကြောင်း များပေါ်တွင် ခရီးသွားလာသည့်အခါတွင် SAC စစ်သားများနှင့် ရင်ဆိုင်ရခြင်း၊ SAC စစ်ဆေးရေးဂိတ်များကို ဖြတ် ကျော်ရခြင်း၊ SAC ၏ တိုက်ခိုက်မှုများကြားတွင် ဖမ်းဆီးခံရခြင်း သို့မဟုတ် သူတို့၏ကုန်ပစ္စည်းများအား စစ်သား များ၏ သိမ်းဆည်းခံရခြင်း စသည့်အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ပါသည်။[36] ဤသို့သော အန္တရာယ်များကို ကြောက်ရွံ့ရသည့်အတွက် ရွာသားများသည် ကျန်းမာရေးကုသမှုခံယူရန် သွားလာသည့်အခါ မကြာခဏဆိုသလို ပိုမိုဝေးကွာမှုရှိပြီး အရည်အသွေးနိမ့်သော လမ်းကြောင်းများကို အသုံးပြုရန် ဖြစ်လာရပါသည်။ တောင်ကုန်း ဒေသများရှိ လမ်းအခြေအနေညံ့ဖျင်းမှုများကြောင့်လည်း ဆေးခန်းများသို့ သွားရောက်ရန် အထူးသဖြင့် ဖျားနာ နေသည့် ကလေးနှင့် ထိခိုက်ဒဏ်ရာရရှိထားသော ကလေးငယ်များအတွက် ခက်ခဲလှပါသည်။ ရွှေ့ပြောင်းနေထိုင် ရခြင်းသည်လည်း ခရီးသွားလာရာရေးအတွက် ပို၍ပင်ခက်ခဲမှုများ ဖြစ်စေပါသည်။ အကြောင်းမှာ ထွက်ပြေးတိမ်း ရှောင်နေရသော ရွာသားအများစုသည် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း လုံးဝနီးပါးမရှိသည့် တောထဲတောင်ထဲ ရှိ ပုန်းအောင်းရာနေရာများတွင် ခိုလှုံနေထိုင်ကြရသောကြောင့် ဖြစ်ပါသည်။

### က) ရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုရှိသည့် ဆေးပေးခန်းများထံသို့ သွားရောက်ရန် တားဆီးပိတ်ပင်ခြင်း

SAC ၏ စစ်ဆေးရေးဂိတ်များ၊ ညမထွက်ရအမိန့်ချထားခြင်းနှင့် အဓိကလမ်းမကြီးများပေါ်ရှိ လက်နက်ကိုင်တပ်ဖွဲ့ များ တပ်စွဲနေခြင်း စသည်တို့ကြောင့် ရွာသားများသည် အရေးပေါ်ကျန်းမာရေး ကုသမှုခံယူရန် ဟန့်တားမှုများ မကြာခဏဖြစ်ပွားပြီး ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရယူရန် အလွန်ပင်ခက်ခဲစေပါသည်။ ထို ကဲ့သို့သော တင်းကြပ်ကန့်သတ်ချက်များ၊ ကျန်းမာရေးဝန်ဆောင်မှုဌာနများနှင့် အလှမ်းဝေးကွာမှုများစသည့် အခက်အခဲများကြောင့် ဆေးရုံများသို့ သွားရောက်ရာလမ်းတွင် ကလေးငယ်များနှင့် မွေးကင်းစကလေးများ သေဆုံးခဲ့ရကြောင်း ရွာသားများက တင်ပြခဲ့ကြပါသည်။[37]

SAC ၏ ခရီးသွားလာရေး ကန့်သတ်ချက်များနှင့် စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများသည် ဆေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများထံရောက်ရှိရန် ကန့်သတ်ချက်များကို ပိုမိုနက်ရှိုင်းစေကြောင်း ရွာသားအများအပြားက တင်ပြကြပါသည်။ ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်မှ စောအက--- အမည်ရှိ ဒေသခံ KYO ခေါင်းဆောင်တစ်ဦးမှ *"ဒီမှာ ဆေးခန်းမရှိပါဘူး။ အနီးဆုံး ဆေးခန်းက ဆိပ်ကြီးမြို့ပါ။ ညဘက်မှာ ဆိပ်ကြီး မြို့ကိုသွားဖို့ကလည်း မလွယ်ပါဘူး။ မသွားရဲတဲ့ သူတွေရှိပါတယ်။ သွားဖို့လည်း မလွယ်ပါဘူး။ ကျွန်တော်တို့ ရွာ မှာ ဆေးခန်းရှိရင်တော့ အထောက်အကူများကြီး ဖြစ်ပါလိမ့်မယ်"* ဟု ပြောကြားခဲ့သည်။ ဆိပ်ကြီးမြို့ (ကြာအင်း ဆိပ်ကြီး)သည် နို့တကောမြို့နယ်ရှိ SAC စစ်သားများ ခိုင်မာစွာတပ်စွဲထားသော မြို့တစ်မြို့ဖြစ်သည်။

---

36 အထက်တွင်ဖော်ပြထားသော KHRG, "ဆာလောင်မှုအားတွန်းလှန်ခြင်း" တွင်ကြည့်ပါ။

37 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ "တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါဖားခို မြို့နယ်တွင် တိုက်ပွဲဖြစ်ပွားခြင်း၊ SAC မှ ရွာသားများ၏အိမ်များအား မီးရှို့ခြင်း၊ ပိုင်ဆိုင်မှုများအား လုယက်ခြင်းနှင့် UXO ပေါက်ကွဲမှု ကြောင့် ကလေးနှစ်ဦးသေဆုံးခဲ့ခြင်း (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လ)" တွင်ကြည့်ပါ။



ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မေလတွင် တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဒေးလိုမူနူလာ ကျေးရွာအုပ်စု၊ ဃဒ--- ကျေးရွာအနီး ရှိလမ်းတစ်လမ်းအပေါ်၌ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် စောကဆ--- အမည်ရှိ အသက် ၁၃ နှစ်အရွယ် ရွာသားတစ်ဦးသည် သူ၏သူငယ်ချင်းနှစ်ဦးနှင့်အတူ (၁၃) မိုင်မြို့သို့ သွားရောက်စဉ် ကလေလိုမူနူ ကျေးရွာအုပ်စု၊ ဃဃ--- ရွာတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သူ၏ညာဘက်ခြေထောက်၊ ညာဘက်လက်မောင်းနှင့် ရင်ဘတ် စသည့်နေရာများတွင် ဒဏ်ရာရရှိခဲ့သည်။ ဤဓာတ်ပုံသည် ရွာသားများက စောကဆ--- အား ဃဒ--- ရွာမှ ဒေးလိုမူထော်ကျေးရွာအုပ်စု၊ ဃဗ--- ရွာရှိ ဆေးခန်းသို့ ပုခက်ဖြင့် သယ်ဆောင်သွားသည့်ပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ တခါကလိုး (ကျခတ်ချောင်း) ကျေးရွာအုပ်စု၊ ဃဆ--- ရွာမှ နော်ကဘ--- က မီးဖွားခါနီး ဗိုက်နာနေသည့်အမျိုးသမီးတစ်ဦး ညမထွက်ရအမိန့်ချထားချိန် SAC ၏ စစ်ဆေးရေးဂိတ်တွင်ရောက်ရှိချိန် ကြုံတွေ့ရသောအခက်အခဲများနှင့်ပတ်သက်၍ ရှင်းပြသည်မှာ *"ညနေ ၆ နာရီကနေ [...] မနက် ၆ နာရီအထိ [...] သွားလာခွင့်မရတော့ပါဘူး။ အဲ့ဒီမှာ ကလေးမွေးဖို့ အခက်အခဲရှိတဲ့အမျိုးသမီးတစ်ယောက်က ဆိပ်ကြီးမြို့ကို သွားရတယ်။ သူတို့ [SAC] ရဲ့ စစ်ဆေးရေးဂိတ်ကိုရောက်တဲ့အခါ သူတို့က [SAC] စစ်သားတွေကိုခေါ်ပြီး တံခါးဖွင့်ခိုင်းခဲ့တယ်။"* SAC စစ်သားများက ကလေးမွေးဖွားမည့်အမျိုးသမီးအတွက် နောက်ဆုံးတွင် တံခါးဖွင့်ပေးခဲ့သော်လည်း ဤဖြစ်ရပ်က ရွာသားများအား SAC ထိန်းချုပ်ထားသောလမ်းများပေါ် သွားလာခြင်း၏အန္တရာယ်များကို ထပ်မံထင်ဟပ်စေခဲ့ပါသည်။ သူမက ဆက်လက်ပြောကြားခဲ့သည်မှာ *"အရေးပေါ်ကျန်းမာရေးပြဿနာများရှိလာရင် သူတို့က လမ်းပိတ်ထားရင်တောင် [အခြားရွေးချယ်စရာမရှိ၍] လူတွေက သွားလာနေကြရပါတယ်။ ဒါပေမယ့် သွားရတဲ့အခါ ကြောက်ရွံ့နေကြရပါတယ်။"* နောက်ထပ်ဖြစ်ရပ်တစ်ခုအကြောင်းကိုလည်း နော်ကဘ--- က ဆက်လက်ပြောကြားသည်မှာ ဃဂ--- ရွာတွင် အခြားအမျိုးသမီးတစ်ဦးသည် ကျေးရွာအတွင်းမှာပင် ကလေးမွေးဖွားချိန်ရောက်သော်လည်း ဆေးရုံသို့မသွားနိုင်ခဲ့ပေ။ *"လေယာဉ်တွေလာတယ်။ (ကိုယ်ဝန်ဆောင်အမျိုးသမီး) ကလည်း တစ်ချိန်တည်းမှာပဲကြောက်နေရတယ်။ သူမရဲ့ဗိုက်ကလည်း (ကလေးမွေးဖွားရန် အလွန်နီးကပ်၍) တအားနာနေပြီး။ ဒါကြောင့် ရွာထဲမှာပဲ ဝမ်းစွဲဆရာမကို ရှာခိုင်းခဲ့ရတယ်။ [...] အဲဒီအချိန်က သူမဗိုက်နာကျင်နေပေမယ့် ဘယ်ကိုမှမသွားနိုင်ခဲ့ဘူး။ ဒါကြောင့် ကျေးရွာထဲက ဝမ်းစွဲဆရာမဆီကို အကူအညီတောင်းခဲ့ရတယ်။"*

ဒူးပလာယာခရိုင်၊ ဝေါ်ရေ(ဝင်းရေး) မြို့နယ်၊ ဝေးခနာကျေးရွာအုပ်စု၊ ဃဟ--- ရွာမှ မိခင်တစ်ဦးဖြစ်သူ နော်ကဒ--- ကလည်း SAC တပ်များရှိနေခြင်းကြောင့် အဓိကလမ်းမကြီးများကိုအသုံးပြုရန် ထိုကဲ့သို့ ကြောက်ရွံ့နေရကြောင်းကိုလည်း ဤသို့ပြောကြားခဲ့သည်။ *"အခုချိန်မှာတော့ ကျွန်မတို့က သူနာပြုတစ်ယောက်ယောက်နဲ့ မကြာခဏတွေ့ဆုံခွင့်ရနေတယ်။ ဒါပေမယ့် ဆေးရုံကိုတော့မရောက်ဖူးဘူး။ [...] အရမ်းဝေးလွန်းတယ်။ [...] ဆေးရုံကိုသွားရင်းလမ်းမှာ လေကြောင်းတိုက်ခိုက်မှုတွေကြုံရမှာကိုလည်း စိုးရိမ်နေကြတယ်။ ကျွန်မတို့ ထိခိုက်မိမှာကိုလည်း ကြောက်နေရတယ်။ [...] လမ်းတွေကို ကွေ့ဝိုက်ပြီး (ရွာလမ်း၊ သွားရလာရ ခက်ခဲတဲ့လမ်း) သွားကြရတယ်။ [...] ဗမာ (SAC စစ်သား) တွေကို ကျွန်မတို့ ကြောက်နေရလို့ပါ။"*

မွေးကင်းစကလေးငယ်များနှင့် မိခင်များ၏ ကျန်းမာရေးအခြေအနေသည် ရွှေ့ပြောင်းနေထိုင်စဉ်ကာလ အတွင်း ပိုမိုဆိုးရွားလာကြောင်း ရွာသားအများအပြားက တင်ပြကြပါသည်။ ဘိတ်-ထားဝယ် (မြိတ်ထားဝယ်) ခရိုင်၊ တနောသရီမြို့နယ်၊ မူးကပိုဒေသ၊ ဆပ--- ရွာမှ မိခင်တစ်ဦးဖြစ်သူ ဒေါ်အဘ--- သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလကုန်

ပိုင်းတွင် SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် မိသားစုနှင့်အတူ ရွှေ့ပြောင်းနေထိုင်ခဲ့ရ သည်။ သူမကရှင်းပြခဲ့သည်မှာ *"(မွေးကင်းစကလေးမိခင်တွေအတွက်) အခြေအနေက ပိုဆိုးပါတယ်။ သူတို့တွေဟာ တောထဲမှာရွှေ့ပြောင်းနေထိုင်ရတဲ့အတွက် ဆေးခန်းကိုလာရတာမလွယ်ကူပါဘူး။ ဒါကြောင့် သူတို့ရဲ့ ကျန်းမာရေးအခြေအနေက တကယ်ကိုမကောင်းပါဘူး။ ဆိုလိုတာက ခရီးသွားရတာခက်ခဲပြီး လမ်းတွေကလည်းမကောင်းပါဘူး။ ဒါကြောင့် မော်တော်ဆိုင်ကယ်နဲ့သွားရတာလည်း မလွယ်ကူပါဘူး။"*

## ခ) ဆေးဝါးရယူမှုအပေါ် SAC မှ ကန့်သတ်ခြင်း

SAC ၏ အဆက်မပြတ်တိုက်ခိုက်ခြင်းများ၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများပေါ်တွင် တည်ရှိနေခြင်းများနှင့် စစ်ဆေးရေးဂိတ်များရှိ SAC စစ်သားများမှ ကုန်ပစ္စည်းများနှင့် ဆေးဝါးဆိုင်ရာပစ္စည်းကိရိယာများကို သိမ်းဆည်းခြင်းများ စသည်တို့ကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အထူးသဖြင့် ကျေးလက်ဒေသရှိဆေးခန်းများအတွက် ကလေးများ၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လုံလောက်သော ဆေးဝါးများ စုဆောင်းထားရှိရန် ခက်ခဲစေပါသည်။ တွေ့ဆုံမေးမြန်းခံရသူ ၃၆ ဦးက ဆေးဝါးများ ရယူနိုင်စွမ်းမရှိခြင်းအပေါ် ၎င်းတို့၏ စိုးရိမ်မှုများနှင့်ပတ်သက်ပြီး တင်ပြခဲ့ကြသည်။ KDHW ဆေးခန်းမှတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုရယူခဲ့ကြောင်း တင်ပြခဲ့သော တွေ့ဆုံမေးမြန်းခံရသူ ၆၂ ရာခိုင်နှုန်း (၄၄ ဦးအနက် ၂၆ ဦး) က ဆေးဝါးရရှိရေးအခက်အခဲသည် ၎င်းတို့အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ KDHW တွင် မိခင်နှင့်ကလေးကျန်းမာရေးအစီအစဉ်ကို ကြီးကြပ်ရသည့် နော်အင်တီဂျာက တောအူး (တောင်ငူ) ခရိုင်သည် ကျန်းမာရေးဝန်ထမ်းများအတွက် သွားလာရအခက်ခဲဆုံးခရိုင်ဖြစ်ပြီး မကွေး-ထားဝယ်ခရိုင်မှာ ဒုတိယသွားလာရေးအခက်ခဲဆုံးခရိုင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

SAC စစ်သားများသည် ရွာသားများ၏ သွားလာရေးကို ဟန့်တားခြင်း၊ ရွာသားများမှလည်း ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းခံရမည်ကို ကြောက်ရွံ့နေရခြင်းအပြင် စစ်ဆေးရေးဂိတ်များရှိ စစ်သားများမှ ၎င်းတို့၏ အစားအသောက်၊ ဆေးဝါးများနှင့် ဆေးဝါးပစ္စည်းများကိုပါ သိမ်းဆည်းလေ့ရှိပါသည်။ တောအူး (တောင်ငူ) ခရိုင်၊ ထောတထူ (ထန်းတပင်) မြို့နယ်၊ ဇရပ်ကြီးတောင်ခြမ်းကျေးရွာအုပ်စု၊ ဃဇ--- ရွာတွင် နေထိုင်သူ ဦးကဃ--- က *"ဆေးဝါးတွေ ပို့ဆောင်ဖို့ လမ်းမရှိပါဘူး။ သူတို့ (SAC) က ဒီကို ဆေးဝါးတွေ သယ်ပို့ခွင့်မပြုဘူး။ ဒါကြောင့် လူတွေက မိမိတို့နဲ့ အနီးဆုံး ဆက်သွယ်ရေးလမ်းကြောင်းကိုဘဲ အသုံးပြုပြီး ဆေးဝါးတွေ ပို့ဆောင်ကြရတယ်"* ဟု ပြောကြားခဲ့သည်။ အလားတူပင်၊ ခလယ်လွိထူခရိုင်၊ လယ်ဒို(ကျောက်ကြီး) မြို့နယ်၊ လက်ခတ်ကျေးရွာအုပ်စု၊ ဃသ--- ရွာရှိ ရွာသားများသည်လည်း မြို့ပြမှ ကျေးရွာများထံသို့ ဆေးဝါးများပို့ဆောင်ခြင်းကို SAC မှ တားမြစ်ထားသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရသည်။ ဃသ--- ရွာမှ နော်ကဗ--- က *"ပဋိပက္ခတွေကြောင့် ဆေးဝါးရဖို့ ဒါမှမဟုတ် ဆေးရုံသွားဖို့ လမ်းမရှိပါဘူး။ ခရီးသွားရင်း ဗမာ (မြန်မာစစ်တပ်) စစ်သားတွေက တို့ကို ခဏခဏ နှောင့်ယှက်တတ်ပါတယ်"* ဟု ရှင်းပြခဲ့သည်။[38]

ဘိတ်ထားဝယ်ခရိုင်၊ မူးကပို ဒေသ၊ ဆခ--- ရွာသို့ ရွှေ့ပြောင်းနေထိုင်သည့် ရွာသူတစ်ဦးဖြစ်သော ဒေါ်အဘ---မှလည်း သူမနှင့် အခြားရွာသူရွာသားများအနေဖြင့် ဆေးဝါးရယူရန် ခရီးသွားလာရသည့်အခါ ကုန်ပစ္စည်းများကို SAC သိမ်းဆည်းခြင်း သို့မဟုတ် ခရီးသွားလာသူများအား တိုက်ခိုက်ခြင်းစသည့် ခြိမ်းခြောက်မှုများရှိသည့်အပေါ် ခရီးမသွားလိုကြောင်း ဖော်ပြခဲ့ပါသည်။ *"ဆေးဝယ်လို့ရတဲ့ နေရာမရှိတော့တဲ့အခါကြတော့ ကျွန်မတို့လည်းဆေးဝါးတွေလိုအပ်တယ်လေ။ (အနီးနားတွင်) ဆေးဆိုင်ရှိရင်တောင်မှ ဆေးဆိုင်မှာဆေးမရှိဘူး။ ဒါကြောင့် သူတို့က [ကျန်းမာရေးလုပ်သား] ညဘက်အချိန်မှာ ကျွန်မတို့အတွက် ဆေးသွားဝယ်ပေးရတယ်။ ကျွန်မပြောချင်တာကတော့ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေက ကုန်ကျစရိတ်ပိုများပါတယ်။ ရွာရဲ့ အထက်ပိုင်းဘက်မှာတော့ ခရီးသွားလာရတာလွယ်ကူပေမယ့် အောက်ပိုင်းမှာတော့မလွယ်ကူဘူး။ ဘာလို့လဲ ဆိုတော့ အဲ့ဒီဘက်မှာက ဗမာစစ်သား [ဗမာစစ်တပ်] တွေ ယာယီတပ်စွဲထားလို့လေ။"*

---

38 အထက်တွင်ဖော်ပြထားသော KHRG, "အရေးပေါ်အသက်ကယ်ခြင်း" ၏စာမျက်နှာ ၁၀ တွင်ကြည့်ပါ။

ထိုအခြေအနေသည် တောအူး (တောင်ငူ) ခရိုင်တွင် ပို၍ပင် ပေါ်လွင်နေပါသည်။ အကြောင်းမှာ SAC မှ လက်နက်နှင့်စားနပ်ရိက္ခာများကို အရှေ့တန်းသို့သယ်ယူပို့ဆောင်သည့်အခါ ရွာသားများအား မြို့ထဲသို့ ဆေးဝါးများသွားရောက်ဝယ်ယူခွင့်အား တားမြစ်ထားသောကြောင့်ဖြစ်ပါသည်။ တောအူး (တောင်ငူ) ခရိုင်၊ ထေတထူမြို့နယ်၊ ကော်သေးဒဲကျေးရွာအုပ်စု၊ ဆဌ--- ရွာမှ မိခင်တစ်ဦးဖြစ်သူ နော်အသ--- မှ တင်ပြသည်မှာ *"လူတွေကို လွယ်လွယ်နဲ့ဆေးဝယ်ခွင့်မပြုပေးဘူး။ [တခါတလေ] ဝယ်လို့ရခဲ့ရင်တော့ ကျွန်မတို့ဆေးဝယ်ဖို့ ခရီးသွားနိုင်ပါတယ်။ ဈေးကတော့ကြီးတာပေါ့။"* ဟူ၍ ဖြစ်ပါသည်။ တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ကလေလိုမူထော်ကျေးရွာအုပ်စု၊ ဘဇ--- ရွာမှ မိခင်တစ်ဦးဖြစ်သူ နော်အယ--- က သူမ၏သားဗိုက်နာသဖြင့် ကုသမှုခံရန်ဆေးဝါးများရှာဖွေပုံအား ဤသို့ဆွေးနွေးတင်ပြခဲ့သည်။ *"သူက ဘဃ--- ဆေးခန်းကနေကုသမှုရရှိခဲ့တယ်။ တခါတလေကြတော့လည်း သူတို့မှာ ဆေးဝါးအလုံအလောက်မရှိဘူး။ ဘာလို့လဲဆိုတော့ ဆေးဝါးတွေကို သယ်ယူပို့ဆောင်ဖို့က လမ်းတွေပိတ်ထားလို့လေ။"*

မူတြော်ခရိုင်၊ လူသော မြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဆဈ--- ရွာမှ ဒအ--- ရွာသို့ ရွှေ့ပြောင်းနေထိုင်သည့် ကျောင်းဆရာမတစ်ဦးလည်းဖြစ်သည့် မိခင်ဖြစ်သူနော်အဂ--- မှ ဆေးဝါးနည်းပါးမှုအပေါ် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အန္တရာယ်ဖြစ်စေကြောင်း တင်ပြသည်မှာ *"ကူညီမှုတွေက လမ်းမှာပျောက်သွားလို့ [သိမ်းဆည်းခံရခြင်း] ဖြစ်မှာပါ။ ဒါမှမဟုတ် သယ်ယူပို့ဆောင်ရတာ ခက်လို့ဖြစ်မှာပါ။ ကျွန်မကလေးနှစ်ယောက်က အဟာရလိုအပ်တယ်လေ။ လူတွေက အချက်အလက်လာကောက်ခဲ့ကြတယ်။ ဒါပေမယ့် ကူညီမှုတွေကပျောက်သွားတယ်။ ကျွန်မက တခြားနေရာတွေကနေ 'အားဆေး' [ပါးစပ်ဖြင့်သောက်ရသည့် ဗီတာမင်ဆေးများ] စတဲ့ဆေးဝါးတွေရအောင် ကြိုးစားခဲ့တယ်။ ကျွန်မရဲ့ တခြားကလေးတွေ အတွက်ကတော့ အရင်တုန်းက [ကူညီမှု] ဘာမှမရခဲ့ဘူး။ [...] ဒီမှာတော့ 'ဆေး' ဆိုတာ လုံးဝမရနိုင်ဘူး။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေက ငိုကြွေးငြီးတွားနေရပြီး။ သူတို့မှာ 'ဆေးရည်ကြို' [သွေးကြောထဲထိုးရတဲ့ ဆားရည်နဲ့ဓာတ်ဆေးရည်] ပဲရှိတယ်။ [...] တစ်ချို့ [ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ] က ပစ္စည်းတွေ မဝယ်နိုင်တဲ့အတွက် အခက်တွေ့နေရတယ်။ တစ်ချို့ကလေးတွေအတွက်ဆို အင်္ကျီစုတ်တွေနဲ့ စောင်အဟောင်းတွေကိုပဲ အသုံးပြုကြတယ်"* ဟူ၍ ဖြစ်ပါသည်။

## ဂ) SAC မှ ကာကွယ်ဆေးထိုးနှံခြင်းအား တင်းကြပ်ကန့်သတ်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများမှ ကလေးများအတွက် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စွမ်း လျော့နည်းသွားစေသည့် အကြောင်းအရင်းတစ်ရပ်မှာ လမ်းများတစ်လျှောက်တွင် SAC ၏ တိုက်ခိုက်မှု သို့မဟုတ် ပစ္စည်းကိရိယာများ သိမ်းဆည်းခံရခြင်း စသည့်အန္တရာယ်များကြောင့် ဖြစ်ပါသည်။ KDHW နှင့် BPHWT တို့သည် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရောနှောထိန်းချုပ်နယ်မြေများနှင့် KNU ထိန်းချုပ်နယ်မြေများတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ၂၀၂၅ ခုနှစ်တွင် ပဋိပက္ခအခြေအနေများနှင့် ရန်ပုံငွေဖြတ်တောက်ခံရမှု များကြောင့် လူထုအခြေပြုအဖွဲ့အစည်းများသည် ကျေးရွာများစွာထံသို့ သွားရောက်၍ဆောင်ရွက်နိုင်စွမ်း မရှိတော့ပါ။

ကာကွယ်ဆေးထိုးနှံရေးအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ရာတွင် တွေ့ဆုံမေးမြန်းမှုအားလုံးအနက် ၃၉ ရာခိုင်နှုန်း (၄၄ ဦးတွင် ၁၇ ဦး) က ၎င်းတို့၏ဒေသရှိ ကလေးများသည် ကာကွယ်ဆေးလုံးဝမထိုးရသေးကြောင်း ဟူ၍လည်းကောင်း၊ ၅၂ ရာခိုင်နှုန်း (၄၄ ဦးတွင် ၂၃ ဦး) က ကာကွယ်ဆေးအချို့ ထိုးနှံခံထားရသည်ဟူ၍ လည်းကောင်း၊ သို့မဟုတ် ၎င်းတို့၏ဒေသရှိ ကာကွယ်ဆေးအချို့အကြောင်းကို ကြားသိထားကြောင်း ဟူ၍လည်းကောင်း ဖြေကြားခဲ့ကြပါသည်။ ထို့အပြင် ၂၃ ရာခိုင်နှုန်း (၄၄ ဦးတွင် ၁၀ ဦး) က ၎င်းတို့၏ ဒေသရှိ ကလေးများအတွက် ကာကွယ်ဆေးရရှိရန် စိန်ခေါ်မှုများရင်ဆိုင်နေရကြောင်းလည်း တင်ပြကြပါသည်။ KDHW ကမူ ၎င်းတို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ပုံမှန်ကာကွယ်ဆေးထိုးနှံရေး ထောက်ခံချက်များနှင့်အညီ ကလေးများကို ကာကွယ်ဆေးထိုးနှံပေးနေကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးပညာရှင်များက ကလေးများကို ကာကွယ်ဆေးမထိုးပါက ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို

ထောက်ပြခဲ့ကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပါဟဲကျေးရွာအုပ်စု၊ ဃက--- ရွာမှ ကျန်းမာရေးဝန်ထမ်းဖြစ်သူ နော်ကဂ--- ကလည်း ကာကွယ်ဆေးရရှိမှုအပေါ် ကွာဟမှုများကို ဤကဲ့သို့ ရှင်းပြခဲ့သည်။ *“တို့ (KDHW) မရောက်ရှိသေးတဲ့၊ ကာကွယ်ဆေးမရသေးတဲ့အခြားကျေးရွာတွေကို ကြည့်မယ်ဆိုရင် ကလေးတွေမှာ ကိုယ်ခံအားအပြည့်အဝမရှိကြတာကြောင့် အတော်လေးကွာခြားမှုရှိနေတာကို တွေ့ရပါတယ်။ [...] နာတာရှည် ချောင်းဆိုးရောဂါတွေကဖြစ်ပွားနေပါတယ်။ မနေ့က [ကျေးရွာကို ထီးလယ်ပူကျေးရွာအုပ်စု၊ ဒသ--- ရွာ] ကလေးတစ်ယောက်ရောက်လာတယ်။ အကြောင်းအရင်းကိုမေးကြည့်တော့ သူတို့ကကာကွယ်ဆေးမထိုးရသေးဘူးတဲ့။ [...] သူတို့တွေ ဒီရောဂါတွေရဲ့သက်ရောက်မှုကို ခံစားခဲ့ရတယ်။ ဒီမှာ ရှိတဲ့ကလေးအားလုံးက ကာကွယ်ဆေးမထိုးရသေးဘူး”* ဟူ၍ တင်ပြခဲ့ပါသည်။

ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ ထီးဂုသော (ထီဟူးသံ) ကျေးရွာအုပ်စု၊ ဃလ--- ရွာမှ နော်ကဟ--- က KDHW အဖွဲ့သည် ကျေးရွာသို့ရောက်ရှိရန်ခက်ခဲလာခြင်းကြောင့် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များ လျော့နည်းသွားကြောင်းပြောကြားခဲ့သည်။ *“လက်ရှိအချိန်မှာ ကလေးတွေအရင်လောက် ကာကွယ်ဆေးမထိုးရတော့ဘူး။ ဆေးထိုးပေးတဲ့အဖွဲ့က တော်တော်လာခဲတယ်။ သူတို့ကာကွယ်ဆေးထိုးပေးရမယ့်လတွေမှာ လာမထိုးပေးဖြစ်တာ လပေါင်းများစွာရှိခဲ့ပြီး။ သူတို့ (KDHW) က ကျွန်မတို့ဆီ မရောက်နိုင်တော့ဘူး။ [...] သူတို့ ပုံမှန်မလာနိုင်တာ နှစ်နှစ်ရှိသွားပြီ။ [...] အရင်က သုံးလတစ်ကြိမ်လာပေမယ့် အခုဆို ခြောက်လမှတစ်ကြိမ်ဘဲ လာတော့တယ်။”*

ကာကွယ်ဆေးများပျက်စီးခြင်းမှကာကွယ်ရန် အထူးပစ္စည်းကိရိယာများ [သိုလှောင်ထိန်းသိမ်းရန်] လိုအပ်ချက်ကြောင့် ကာကွယ်ဆေးများဖြင့် ခရီးသွားလာရခြင်း၏ အန္တရာယ်များသည် ပိုမိုကြီးမားလာပါသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်အတွက် KDHW ၏မြို့နယ်ညှိနှိုင်းရေးမှူး စောအည--- က ဤအချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်မှာ *“ကျွန်တော်တို့ရဲ့ဒေသကို လေ့လာကြည့်တဲ့အခါမှာ တောင်တန်း ဒေသတွေမှာရှိတဲ့ ကလေးတွေအတွက် ကာကွယ်ဆေးထိုးပေးဖို့ ဒါမှမဟုတ် အာဟာရချို့တဲ့မှုရှိတဲ့ ကလေးတွေကိုပြုစုစောင့်ရှောက်ဖို့ ဆေးအချို့က ရေခဲသေတ္တာထဲမှာဘဲ ထည့်သိမ်းဖို့ လိုအပ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အချို့နေရာတွေက တကယ့်ကိုဝေးလံပြီး မိုးတွင်းကာလမှာ ခရီးသွားရတာ အခက်အခဲရှိပါတယ်။ မိုးရာသီမှာ ရေကြီးမှာကို စိုးရိမ်နေရပြီးတော့ လမ်းတွေကလည်း ပျက်စီးနေတတ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တောင်တန်းဒေသတွေအတွက် ကာကွယ်ဆေးနှင့် အာဟာရဝန်ဆောင်မှုတွေကိုဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ [...] ကျွန်တော်တို့အနေနဲ့ ကာကွယ်ဆေးတွေကို ရေခဲသေတ္တာထဲထည့်သိမ်းဖို့ လိုအပ်တာကြောင့် အခက်အခဲတွေကြုံတွေ့ရတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်တို့မှာ လျှပ်စစ်မီးမရှိတဲ့အတွက် ခရီးဆက်လက်သွားလာရမှာလည်း အခက်အခဲများစွာဖြစ်ပေါ်စေပါတယ်။”* ဟူ၍ဖြစ်ပါသည်။




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇွန်လ၊ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ သသ--- ဆေးခန်းတွင် ရိုက်ယူခဲ့ပါသည်။ ကလေးတစ်ဦးမှ KDHW ၏ဆေးခန်းတွင် ကာကွယ်ဆေးထိုးနှံနေသည့်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

## ဃ) ဆေးကုသရေးပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ဝင်ရောက်ခွင့်ပေါ် ကန့်သတ်မှုများ

ဆေးပစ္စည်းနှင့် ကျန်းမာရေးဝန်ထမ်းများနည်းပါးခြင်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းတစ်ဝှမ်းရှိ ကျေးလက်ဒေသများတွင် အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ကျေးလက်ဒေသရှိဆေးပေးခန်းများသည်လည်း လူနာများအတွက် ဆေးပစ္စည်းကိရိယာများကို အခြေခံကျန်းမာရေးဝန်ဆောင်မှုပေးနိုင်သည့် အဆင့်တွင်သာရှိပါသည်။ ဆေးပစ္စည်းများချို့တဲ့မှုသည် ကလေးများအား ဆေးရုံများသို့သွားရောက်ကုသမှုခံယူခြင်းကို တားဆီးနေသောအကြောင်းရင်းခံအများကြီးထဲမှ ဆက်စပ်မှုရှိသောအချက်တစ်ချက်လည်း ဖြစ်ပါသည်။ SAC မှ ဆေးဝါးပစ္စည်းများကိုသိမ်းဆည်းခြင်းသည် ကျေးလက်ဒေသရှိဆေးခန်းငယ်များအား ပစ္စည်းကိရိယာများအပြည့်အစုံထားရှိရန်ခက်ခဲစေပြီး SAC ၏တိုက်ခိုက်မှုများကြောင့် ကျေးလက်ဆေးခန်းများသည် ၎င်းတို့၏ပစ္စည်းကိရိယာများဖျက်ဆီးခံရမည်ကိုစိုးရိမ်ရသဖြင့် ပိုမိုအဆင့်မြင့်သောပစ္စည်းကိရိယာ များထားရှိရန် မဆောင်ရွက်နိုင်ကြပေ။ ထို့အပြင် ရွာသားများသည် ကျေးလက်ဆေးခန်းများရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကြေးနှင့်လေ့ကျင့်သင်ကြားရေးလုံလောက်မှုမရှိခြင်းအပေါ် ကိုလည်း စိုးရိမ်ပူပန်မှုများရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ တွေ့ဆုံမေးမြန်းခံရသူထဲမှ အနည်းဆုံး ၁၈ ဦးက ကျေးလက်ဆေးခန်းများတွင် ကလေးများအားထိရောက်စွာကုသရန် လုံလောက်သောပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများမရှိခြင်းအပေါ် စိုးရိမ်မှုများရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ထိုသို့သော စိုးရိမ်မှုများသည် ဒူးပလာယာခရိုင်တွင် ပိုမိုများပြားခဲ့ပြီး တွေ့ဆုံမေးမြန်းခံရသူ ၂၈ ရာခိုင်နှုန်း (၂၈ ဦးအနက် ၈ ဦး) က ဤပြဿနာကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ကျေးလက်ဆေးခန်းများတွင် လိုအပ်သော ကုသရေးဆိုင်ရာ ဆေးပစ္စည်းကိရိယာများ ချို့တဲ့ခြင်းသည် ရွာသားများအား မြို့ပေါ်ရှိ SAC ထိန်းချုပ်မှုအောက်တွင်ရှိသောဆေးရုံများသို့ ဆေးကုသမှုခံယူရန် ၎င်းတို့၏ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းရသည့်အန္တရာယ်ကိုတွန်းပို့စေခြင်း သို့မဟုတ် ထိုင်းနိုင်ငံသို့သွားရောက် ကုသမှုခံယူရန်အတွက် တွန်းပို့စေပါသည်။ တောအူး(တောင်ငူ) ခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူနူကျေးရွာ အုပ်စု၊ ဒခ--- ရွာမှ နော်အခ--- က ပြောကြားခဲ့သည်မှာ *"ရွာထဲကတချို့လူတွေက မြို့ပြင်ကိုသွားပြီး ဆေးကုသမှုခံယူကြရတယ်။ ဘာလို့လဲဆိုတော့ ဒီနားမှာရှိတဲ့ဆေးခန်း [ဒခ--- ရွာအနီးရှိ ဒစ--- ဆေးခန်း] က ဓာတ်မှန်ရိုက်တာတို့၊ ဓာတ်ခွဲစစ်ဆေးတာတို့လို ဆေးကုသရေးပစ္စည်းကိရိယာနဲ့ဆေးဝါးတွေက မပြည့်စုံဘူးလေ။ ဆေးခန်းမှာ ခွဲစိတ်ဆရာဝန်လည်းမရှိဘူး။ ဒါကြောင့် တချို့ရွာသားတွေက တောအူး (တောင်ငူ) မြို့အထိ သွားပြီး ဆေးကုသမှုခံယူကြရတာ။"* ဟူ၍ဖြစ်ပါသည်။

ဆေးပစ္စည်းကိရိယာများ ချို့တဲ့မှုရှိခြင်းသည် ကလေးမွေးဖွားရေးကိစ္စများတွင်လည်း အခက်အခဲများ ဖြစ်စေပါသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ပါဟဲကျေးရွာအုပ်စု၊ ဃက--- ရွာမှ ရွှေ့ပြောင်းနေထိုင်သော ကျန်းမာရေးဝန်ထမ်း နော်ကဂ--- က ပြောကြားခဲ့သည်မှာ *"ကလေးတွေကို ကုသတဲ့နေရာမှာ ကျွန်မတို့ကြုံတွေ့နေရတဲ့ ပြဿနာက ဆေးဝါးပစ္စည်း လုံလောက်မှုမရှိတာပါပဲ။ ကျွန်မတို့ရဲ့ စွမ်းဆောင်ရည်က မလုံလောက်သေးဘူးလို့ ပြောလို့ရပါတယ်။ ကျန်းမာရေးဝန်ထမ်းလည်း နည်းပါးနေပါတယ်။ ကျွန်မတို့က တောင်တန်းဒေသမှာ နေထိုင်ကြတဲ့သူတွေဖြစ်တယ်။ ကျွန်မတို့မှာ လုံလောက်တဲ့ဆေးဝါးပစ္စည်းတွေလည်း မရှိပါဘူး။ လူနာတိုင်းကိုတော့ ကျွန်မတို့က တတ်နိုင်သမျှ ပြုစုစောင့်ရှောက်မှုပေးနေပါတယ်။ [...] အဆင့်မြင့်ဆေးဝါးတွေရှိတာတောင်မှ စမ်းသပ်စစ်ဆေးရေးပစ္စည်းတွေမရှိလို့ ဆေးအားလုံးကို အသုံးမပြုနိုင်ကြပါဘူး။ ဒီဆေးခန်းက အခြေခံကျန်းမာရေးဝန်ဆောင်မှုအဆင့်ဘဲပေးနိုင်တဲ့ဆေးခန်းတစ်ခုပါပဲ။ [...] ပုံမှန်အတိုင်း မွေးဖွားမယ့်ကလေး တွေကိုတော့ ကျွန်မတို့ဂရုစိုက်ပေးနိုင်ပါတယ်။ အမေရော ကလေးပါ ကျန်းမာရင်တော့ အဆင်ပြေပါတယ်။ [...] ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် ကျွန်မတို့ဆေးခန်းကိုရောက်လာရင်တော့ အန္တရာယ်ရှိနေသလား မရှိဘူးလားဆိုတာကိုတော့ သိနိုင်ပါတယ်။ သူမတို့လာမပြခဲ့ရင် ကျွန်မတို့မသိနိုင်ဘူးပေါ့။ [...] တစ်ခုခု ဖြစ်လာခဲ့ရင်တော့ ကလေးနဲ့အမေရဲ့အသက်တွေကိုကယ်ဖို့ လူနာတွေကိုတော့ ထိုင်းနိုင်ငံမှာရှိဆေးရုံကြီးကို ပို့ဆောင်ပေးဖို့ လိုအပ်ပါတယ်။"*

## ၃.၃။ ကုသမှု ကုန်ကျစရိတ်များ မြင့်မားခြင်း

ကလေးများအတွက် ကုသမှုကုန်ကျစရိတ်များပေးချေရန် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သို့မဟုတ် ကုသစရိတ်ကုန်ကျမှုများအပေါ် မတတ်နိုင်သောကြောင့် ကုသမှုလုံးဝမခံယူကြောင်း ရွာများကတင်ပြကြပါသည်။ ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုနှင့် (SAC) မှ သမရိုးကျဝင်ငွေ အရင်းအမြစ်များကို ဖျက်ဆီးခြင်းများကြောင့် ရွာသားများသည် ကလေးနှင့်မိသားစုစားဝတ်နေရေး၊ ရှင်သန်ရပ်တည်ရေးအတွက် ထောက်ပံ့ရန်ရုန်းကန်နေရပြီး သွားလာရေးကုန်ကျစရိတ်များ၊ ဆေးဖိုးဝါးခနှင့် ကုသမှုကုန်ကျစရိတ်များကို ပေးချေရန် ကြီးမားသောအခက်အခဲများ ကြုံတွေ့နေရပါသည်။

(SAC) ၏ ဆေးခန်းများရှိရာ ဒေသများမှ တွေ့ဆုံမေးမြန်းခံယူသူများက ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်အတွက် ငွေကြေးပေးချေရန်အခက်အခဲရှိကြောင်း ပြောကြားခဲ့သည်။ SAC ဆေးခန်းမှ ကျန်းမာရေးဝန်ဆောင်မှုရယူခြင်းအကြောင်းဆွေးနွေးခဲ့သည့်တွေ့ဆုံမေးမြန်းခံယူသူ ၇၀ ရာခိုင်နှုန်း (၁၀ ဦးအနက် ၇ ဦး) က ငွေကြေးအခက်အခဲများနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိကြောင်း ဖော်ပြခဲ့သည်။ သို့စေကာမူ KDHW ဆေးခန်းမှ ကျန်းမာရေးဝန်ဆောင်မှုရယူခြင်းအကြောင်း ဆွေးနွေးခဲ့သည့်တွေ့ဆုံမေးမြန်းခံယူသူ ၂၄ ရာခိုင်နှုန်း (၄၂ ဦးအနက် ၁၀ ဦး) သာလျှင် ငွေကြေးအခက်အခဲများနှင့်ပတ်သက်၍စိုးရိမ်မှုများရှိကြောင်း ဖော်ပြခဲ့သည်။ ဤသည်မှာ SAC ဆေးခန်းများက ရွာသားများအား ကုသမှုကုန်ကျစရိတ်များကို ကောက်ခံသော်လည်း KDHW သို့မဟုတ် ကျေးရွာအဆင့်တွင် လည်ပတ်သောဆေးခန်းများက ရွာသားများအတွက်အခမဲ့ကုသပေးခြင်း သို့မဟုတ် ကုန်ကျမှုစရိတ်အနည်းငယ်ဖြင့်သာ ကုသမှုကုန်ကျစရိတ်ကောက်ခံသောကြောင့် ဖြစ်ပါသည်။ SAC ဆေးရုံအများစုသည် ၎င်းတို့ထိန်းချုပ်ထားသော မြို့ပြဒေသများတွင် တည်ရှိသော်လည်း KDHW သို့မဟုတ် BPHWT နယ်လှည့်ကျောပိုးအိတ်အဖွဲ့တို့၏ ဆေးခန်းများသည် SAC ထိန်းချုပ်မှုရှိရာဒေသများတွင် လည်ပတ်ပါက ခြိမ်းခြောက်မှုများကြုံတွေ့ရနိုင်သောကြောင့် ရောနှောထိန်းချုပ်နယ်မြေများအတွင်း (သို့မဟုတ်) KNU ထိန်းချုပ်ထားသော နယ်မြေများတွင်သာ လည်ပတ်လျက်ရှိနေပါသည်။

ဘားအံခရိုင်၊ တနေ့ဆါး (နဘူး) မြို့နယ်၊ ထီးကလေ့ကျေးရွာအုပ်စု၊ ဘစျ--- ရွာမှ နော်စ--- သည် မြို့ပေါ်ရှိ SAC ဆေးခန်းတွင် သားဖြစ်သူ၏ ပန်းနာ ရင်ကြပ် ရောဂါကုသရာတွင် ကြုံတွေ့ခဲ့ရသော ကုန်ကျစရိတ်များ အကြောင်းကို ဤသို့ဆွေးနွေးပြောကြားခဲ့သည်။ *"အခကြေးငွေမယူတဲ့ (KDHW ကလည်ပတ်သော) ဆေးခန်းကိုသွားရင် ရောဂါအားလုံးကို မကုသနိုင်ဘူး။ ဒါကြောင့် ပိုက်ဆံပေးချေးပြီး တခြား (ပုဂ္ဂလိက) ဆေးခန်းကိုသွားပြီးပြရတယ်။ တခါတလေ ဆေးကုခအတွက်ပေးချေဖို့ ငွေမလုံလောက်တဲ့အတွက် အခက်ကြုံနေရတယ်။ [...] ကျွန်မသားက ပန်းနာရင်ကြပ်ရှိတော့ သူ့မှာပန်းနာရင်ကြပ် ထတဲ့အခါတိုင်း (SAC ကလည်ပတ်တဲ့) ဆေးရုံကို ခေါ်သွားရတယ်။ ဒါကြောင့် ကုန်ကျစရိတ်ကလည်း မြင့်တယ်။ သူ့ကို ဟဝ--- မြို့ကို ခေါ်သွားရတယ်။ [...] ဆေးဝယ်ရတယ်၊ ဒါပေမယ့် ဆေးကုန်ကျစရိတ်ကလည်း အတော်များတယ်။ [...] ပထမဆုံးအကြိမ် (ဆရာဝန်ပြဖို့) သွားတုန်းက သုံးသိန်းလောက်ကုန်ကျခဲ့တယ်။"*

ဤအခြေအနေသည် ကြိုတင်ကာကွယ်ခြင်း ကုသမှုများအပေါ်ကိုလည်း သက်ရောက်မှုရှိစေပါသည်။ ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး)မြို့နယ်မှ စောအက--- က ဆိပ်ကြီးမြို့ရှိ SAC ၏ ဆေးခန်း တွင် ကာကွယ်ဆေးထိုးခြင်း၏ကုန်ကျစရိတ်ပြောင်းလဲမှုအကြောင်းကို ဤသို့ဆွေးနွေးပြောကြားခဲ့သည်။ *"အရင်တုန်းက ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ၊ မွေးကင်းစကလေးတွေနဲ့ မွေးကင်းစကလေးမိခင်တွေက ကာကွယ်ဆေးကို အခမဲ့ထိုးနှံခွင့်ရခဲ့ကြတယ်။ ဒါပေမယ့် အခုတော့ လူနာကိုယ်တိုင် နည်းလမ်းရှာရတယ်။ [...] အရင်တုန်းက ကာကွယ်ဆေးက အခမဲ့ဖြစ်ခဲ့ပေမယ့် အခုတော့ ထိုးဆေးတစ်လုံးစာအတွက်ကို ကျပ်ငါးသိန်းပေးရတယ်။"*

အချို့ရွာသားများက ကုသမှု ကုန်ကျစရိတ် မြင့်မားခြင်းအပေါ် ပေးချေနိုင်သော်လည်း ဝင်ငွေနည်းသည့်သူများအတွက် ဆေးခန်းတွင် ကုန်ကျစရိတ်အပေါ် ရုန်းကန်နေရဆဲဖြစ်သည်။ ရလဒ်အနေဖြင့် နေ့စားလုပ်သားအဖြစ်

အလုပ်လုပ်ကိုင်နေကြရသည့်ရွာသားအချို့သည် သူတို့၏ကလေးအတွက် ဆေးကုသမှုစရိတ်မတတ်နိုင်ကြောင်း ပြောကြားခဲ့ကြပါတယ်။ SAC တပ်များ၏ တိုက်ခိုက်မှုကြောင့် ဘိတ်-ထားဝယ် (မြိတ်ထားဝယ်) ခရိုင်၊ တနော သရီ (တနင်္သာရီ)မြို့နယ်၊ မူးကပိုကျေးရွာအုပ်စု၊ ဆခ--- ရွာသို့ ရွှေ့ပြောင်းနေထိုင်သည့် အသက် ၂၂ နှစ်အရွယ် မကဇ--- က သူမ၏ သုံးနှစ်အရွယ်သား၏ကျန်းမာရေးအခက်အခဲများအကြောင်း ဤသို့ပြောကြားခဲ့ သည်။ *“ကျွန်မ တို့က နေ့စားလုပ်သားတွေဖြစ်တဲ့အတွက် လုံလောက်တဲ့အစားအစာတွေဝယ်စားဖို့ မတတ်နိုင်ကြဘူး။ [...] ဆေးခန်းသွားပြရင် ငွေမလုံလောက်ဘူး။ ဒါကြောင့် လိုအပ်သလောက်ဆေးဝယ်လို့မရဘူး။ ဆေးကိုအရင်ယူပြီး မှ နောက်မှပြန်ချေတာမျိုးကြတာမျိုးလည်း မရနိုင်ဘူး။ [...] ကလေးတွေက ဝမ်းပျက် ဝမ်းလျှောဖြစ်တတ်တယ်။ တစ်လမှာ တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲ ပုံမှန်ဝမ်းသွားတယ်။ ငွေကြေးမလုံလောက်တဲ့အတွက် သူတို့ကိုကုသမှု အပြည့်အစုံမခံယူပေးနိုင်ကြဘူး။ [...] ကျွန်မတို့ရဲ့ပတ်ဝန်းကျင်မှာ ရေရရှိမှုက ဝေးလံတယ်လေ။ ဒါကြောင့် သူ (သူမ၏သား) သောက်ဖို့ရေလုံလောက်အောင်မရဘူး။ အသက်ရှင်ရပ်တည်ဖို့အတွက် အလုပ်ကြိုးစားရင်းနဲ့ သူ့ ကိုဂရုစိုက်ဖို့အချိန်လည်းမရှိဘူး။ ပြီးတော့ သူပြန်နာလန်ထတဲ့အထိ ကုသမှုပေးဖို့ဆိုတာလည်း ကျွန်မတို့ မတတ် နိုင်ဘူး။”*

ဆေးကုသမှုရယူရာတွင် အခြားသော အခက်အခဲများကဲ့သို့ပင် ကုန်ကျစရိတ်မတတ်နိုင်ခြင်းသည် ကလေးများ သေဆုံးသည်အထိ ဖြစ်စေခဲ့သည်။ ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ ဝါ့ကာ (ဝင်းက) ကျေးရွာအုပ်စု၊ ဆဆ--- ရွာမှ အသက် ၁၆ နှစ်အရွယ် စောကသ--- က သူ၏ရွာတွင် ကလေးတစ်ဦး မွေးဖွားစဥ် သေဆုံးခဲ့ရသည့် အကြောင်းကို ဆေးခန်းသို့သွားရောက်ရန် ကားခမတတ်နိုင်သောကြောင့်ဖြစ်ခဲ့ရကြောင်း ဤသို့ပြောကြားခဲ့သည်။ *“ကျွန်တော်သိရတဲ့ဖြစ်ရပ်က ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆီမှာဖြစ်ခဲ့တယ်။ [...] သူ့ဇနီးကကိုယ်ဝန်ဆောင် ခဲ့တယ်။ မွေးဖွားမယ့်ရက်ထက် တစ်ပတ်အလိုမှာ ရွာကိုပြန်လာခဲ့ကြတယ်။ ကလေးမွေးတဲ့အခါ ချက်ကြိုးက လည်ပင်းကိုပတ်နေတော့ ကလေးကမွေးပြီးမကြာခင်မှာသေဆုံးသွားတယ်။ [...] (သူမက) အိမ်မှာပဲမွေးဖွားခဲ့ တာ။ [...] ဆေးရုံသွားဖို့ ကားခကိုပေးချေနိုင်တဲ့ငွေ သူတို့မှာလည်းမရှိခဲ့ဘူး။”*

## ၃.၄။ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ရွာသားများ၏ နည်းဗျူဟာများ

ရွာသားများသည် ကလေးများဒဏ်ရာရရှိခြင်းနှင့် ဖျားနာခြင်းများအတွက် ကုသမှုခံယူနိုင်စေရန် အဆင့်ဆင့်လုပ် ဆောင်ကြရပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကလေးမိဘများ၊ ရွာသူရွာသားများနှင့် ဒေသခံရပ်ရွာခေါင်းဆောင် များစုပေါင်းပြီး ဖျားနာသော သို့မဟုတ် ဒဏ်ရာရသောကလေးများကို ဆေးရုံပို့ဆောင်ရန်ကူညီခြင်း သို့မဟုတ် ကလေးများအတွက် ဆေးဝါးရှာဖွေရန် ကူညီခြင်းများပါဝင်သည်။ ဥပမာအားဖြင့်၊ ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စုရှိ ဘစ--- ကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ရသော ၁၇ နှစ် အရွယ် နော်ကလ--- က ဤသို့ မှတ်ချက်ပြုခဲ့သည်။ *“ကျောင်းသူကျောင်းသား တွေဖျားနာတဲ့အခါ ဆရာ၊ဆရာမ တွေက သူတို့ကို ဆေးရုံ [KDHW လက်အောက်ရှိ ဘစ--- ဆေးခန်း] ကို မော်တော်ဆိုင်ကယ်နဲ့ ခေါ်သွားရတယ်။”* အခြားသောဖြစ်ရပ်များစွာတွင် ရွာသားများသည် ဒဏ်ရာရပြီး ဖျားနာသောကလေးများကို ကျန်းမာရေးဝန်ဆောင် မှုရှိရာဌာနများထံသို့ပို့ဆောင်ရန် မော်တော်ဆိုင်ကယ်များဖြင့် ခရီးဝေးကွာသည့်နေရာများသို့ သွားရောက်ကြရ ပြီး တစ်ခါတစ်ရံတွင် ပုခက်များကိုယာယီတဲခိုသည့် နေရာများအဖြစ် အသုံးပြုကြရပါသည်။[39] မြန်မာနိုင်ငံတွင် ဆေးခန်းများနှင့်ဆေးရုံများတွင် ကုသမှုမရရှိပါက ကုသမှုခံယူရန် ထိုင်းနိုင်ငံသို့ မကြာခဏဆိုသလို သူတို့မှကူညီ ပေးကြရသည်။ အချို့သော ဖြစ်ရပ်များတွင် ရွာသားများသည် ၎င်းတို့၏ကလေးများဖျားနာမှုအတွက် ခေတ်ပေါ် ဆေးကုသမှုနည်းလမ်းများကို ဖြည့်စွက်ကုသရန် သို့မဟုတ် ထိုကုသမှုနည်းလမ်းများမရှိသည့်အခါ အစားထိုးရန် ဆေးဖက်ဝင်အပင် ရိုးရာ (ဘိန်းတော) ကုထုံးများကိုရှာဖွေသည်ဟု ဖော်ပြကြသည်။

---

39 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ “တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခို မြို့နယ်တွင် အသက် (၁၃) နှစ်အရွယ်ကလေးတစ်ဦးနှင့် ရွာသားတစ်ဦး မြေမြှုပ်မိုင်းထိမှန်၍ ဒဏ်ရာပြင်းထန်စွာရရှိ (၂၀၂၅ ခုနှစ်၊ မေလ)” တွင်ကြည့်ပါ။

အခြေခံကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ဆေးခန်းများ (ပြန်လည်) တည်ဆောက်ခဲ့ရကြောင်းလည်း ရွာသားများက တင်ပြပါသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဆစ--- ကျေးရွာအုပ်စုရှိ ဆရ--- ရွာမှ စိုင်းအဆ--- က ဤသို့ ရှင်းပြခဲ့သည်။ *"ကျန်းမာရေးအတွက်လည်း အလားတူပါပဲ။ ရွာ [ဘရ--- ရွာ] အတွင်း ဒါမှမဟုတ် ရွာအနီးမှာ ဆေးခန်းနဲ့ဆေးရုံတွေ မဆောက်နိုင်ဘူးလေ။ ဒါကြောင့် ဆေးခန်းက ကျွန်တော်တို့ကျေးရွာ [ဘရ--- ရွာ] နဲ့ ဝေးတဲ့နေရာဘဲရှိတာပေါ့။ ကျွန်တော်တို့ [ရွာသားများ] က ဆေးခန်းဆောက်ခဲ့တယ်။ ဒါပေမယ့် လူကြီးနဲ့ကလေးအချို့ကတော့ ဆေးခန်းကိုလက်လှမ်းမမှီကြဘူး။ ဆေးခန်းမှာလည်း လုံလောက်တဲ့ဆေးဝါးတွေလည်း မရှိပါဘူး။"* ၎င်းတို့၏ဒေသများတွင် ရွှေ့ပြောင်းလည်ပတ်သည့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) ဆေးခန်းများက ကျန်းမာရေးဝန်ဆောင်မှုပံ့ပိုးကူညီလေ့ရှိကြောင်း ဒေသခံရွာသားများက တင်ပြကြပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအား ဆက်လက်ရယူနိုင်စေရန်အတွက် ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများသည်လည်း ဆေးခန်း၏လည်ပတ်ရာနေရာကို မကြာခဏပြောင်းရွှေ့လေ့ရှိကြောင်း ရွာသားများမှတင်ပြကြပါသည်။ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတ္တာလိုက်ကျေးရွာအုပ်စု၊ ဒက--- ရွာမှ ၁၇ နှစ်အရွယ် စောကတ--- က ပြောကြားခဲ့သည်မှာ *"လက်ရှိအချိန်မှာ ဆေးခန်းတွေကလည်း လည်ပတ်ဖို့လိုအပ်နေတယ်။ သူတို့ [ကျန်းမာရေးဝန်ထမ်းအဖွဲ့] က တစ်နေရာကနေတစ်နေရာကို ပြောင်းရွှေ့နေရတယ်။ တခါတလေ ရွာသားတွေ ရဲ့ရာဘာစိုက်ခင်းထဲကို ပြောင်းရွှေ့နေကြရတယ်။ တခါတလေကြတော့လည်း ချောင်းကမ်းဘေးကနေရာမှာ [ဆေးခန်းလုပ်ငန်းတွေလုပ်ကိုင်ဖို့] ပြောင်းရွှေ့ကြရတယ်။ အခုကတော့ မိုးရေနဲ့ရေကြီးတာတွေကြောင့် [ချောင်းကမ်းဘေးမှာ] မလည်ပတ်နိုင်ကြတော့ဘူး၊ ဒါကြောင့် တောထဲမှာဘဲ လည်ပတ်နေကြရတယ်။ သူတို့က [ဆေးခန်းလုပ်ငန်းတည်ဆောက်ဖို့အတွက်] သစ်ပင်တွေခုတ်ပြီး နေရာရှင်းလင်းကြရတယ်။ သူတို့က တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားရှာတယ်။"* ဟူ၍ ဖြစ်ပါသည်။




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မေလတွင် ဒူးပလာယာခရိုင်၊ ကောတရီမြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဆအ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံတွင် KHRG အဖွဲ့လိုက်ဆွေးနွေးမှုတွင် ပါဝင်ခဲ့သော ယောကျ်ားလေးခြောက်ဦးမှ ပူးပေါင်းရေးဆွဲထားသော ပုံကိုဖော်ပြထားပါသည်။ ဤရေးဆွဲထားသည့်ပုံတွင် ၂၀၂၄ ခုနှစ်၌ ၎င်းတို့၏ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် မီးလောင်သွားသည့်အိမ်များနှင့်ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သော ပုံကိုရေးဆွဲထားခြင်းဖြစ်ပါသည်။ ဤဓာတ်ပုံတွင် တိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်၌ ရွာသားများသည် ထွက်ပြေးတိမ်းရှောင်နေရခြင်း၊ ဖုံးခိုကျင်းထဲသို့ ဝင်ရောက်ခိုလှုံခြင်းနှင့် တောထဲသို့ထွက်ပြေးတိမ်းရှောင်နေရခြင်းတို့ကို ဖော်ပြထားပါသည်။ အဖွဲ့လိုက်ဆွေးနွေးမှုတွင်ပါဝင်သော ယောကျ်ာလေးများသည် ငြိမ်းချမ်းရေးကိုမျှော်လင့်သည့်ဆန္ဒရှိကြောင်းဖော်ပြခဲ့ကြပြီး ပဋိပက္ခအတွင်းနေထိုင်နေရခြင်းကြောင့် ဘေးကင်းလုံခြုံစွာ ကျောင်းတက်ရန် သို့မဟုတ် လွတ်လပ်စွာကစား နိုင်ခြင်းမရှိကြောင်း ဝေမျှပြောဆိုခဲ့ပါသည်။ အချို့သောအမည်များသည် လုံခြုံရေးအတွက် ဆင်ဆာပြုလုပ်ထားပါသည်။ *(ဓာတ်ပုံ- KHRG)*

# အခန်း ၄။ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးအပေါ် ခြိမ်းခြောက်မှုများ

ကလေးများကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုံခြုံ ကျန်းမာပြီး ပျော်ရွှင်ဖွယ်ရာဝန်းကျင်လိုအပ်သည်။ သို့သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးများအနေနှင့် ဤအခြေခံအခွင့်အရေးများကို ခံစားခွင့် မရှိကြပါ။ ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ အစီရင်ခံစာကာလတလျှောက် (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ) ကလေးများသည် ဆက်လက်ဖြစ်ပွားနေသည့်လက်နက်ကိုင် ပဋိပက္ခများနှင့် အလွန်ဆိုးရွားသည့်မလုံခြုံမှုအခြေအနေများ၊ လေကြောင်းနှင့်ဒရုန်းများဖြင့်တိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် ကျေးရွာများအားမီးရှို့ခြင်းအပါအဝင် SAC ၏တိုက်ခိုက်မှုများအား ထိတ်လန့်ကြောက်ရွံ့စွာနေထိုင်ရလျက်ရှိသည်။ ဗမာစစ်တပ်စစ်သားများ၏ကျေးရွာများအပေါ် ကျူးလွန်တိုက်ခိုက်မှုများသည် ကလေးများ၏မိသားစုဝင်များနှင့် မိတ်ဆွေသူငယ်ချင်းများအား အသက်သေဆုံးစေခြင်းနှင့် ထိခိုက်ဒဏ်ရာရစေခြင်း၊ နေအိမ်များပျက်စီးခြင်းအပြင် ဆင်းရဲမွဲတေမှု၊ အစားအစာမလုံလောက်မှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများဖြစ်စေသည့်အတွက် ၎င်းတို့၏လူမှုရေးနှင့် စိတ်ပိုင်းဆိုင် ရာကျန်းမာရေးအပေါ် ဆိုးဆိုးရွားရွားထိခိုက်မှုများ ရှိသည်။ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှုမရှိခြင်းက လူမှုအသိုက်အဝန်းအပေါ် ကြီးမားသည့်ဆိုးကျိုးသက်ရောက်မှုရှိစေသည်။ သို့ရာတွင် ကလေးများသည် ၎င်းတို့၏ခံနိုင်ရည်အား ပိုမိုကောင်းမွန်လာစေရန်နှင့် ပြန်လည်ကျန်းမာကြံ့ခိုင်စေရန်အတွက် ၎င်းတို့မှီခိုအားထားနိုင်သည့် လူကြီးများ၏အကူအညီဖြင့် ကုစားမှုနည်းလမ်းများကို ကျင့်သုံးလျက်ရှိသည်။

ဤအခန်းတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ ကရင်ပြည်နယ်ရှိ ကလေးများကြုံတွေ့ခံစားရသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုပုံစံများနှင့် ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာ အခြေအနေများအပါအဝင် ၎င်းတို့၏ကျန်းမာရွှင်လန်းမှုအခြေအနေများကို တင်ပြထားပါသည်။ အခန်းငယ် (၄.၁)တွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးသူငယ်များအနေနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုမရှိသည့်အပြင် အကြမ်းဖက်မှုနှင့် ပဋိပက္ခများကို မျက်မြင်ကြုံတွေ့ခဲ့ကြရသည့်အတွက် ထိတ်လန့်ကြောက်ရွံ့ခြင်း၊ အိပ်ရေးမဝခြင်း၊ စိတ်ဓါတ်တက်ကြွမှုမရှိခြင်း၊ ဒေါသထွက်ခြင်း သို့မဟုတ် စိတ်ခံစားချက်မဲ့ခြင်းအပါအဝင် စိတ်ပိုင်းဆိုင်ရာဆင်းရဲဒုက္ခနှင့် ပူပင်သောကများကို ရင်ဆိုင်ရလျက်ရှိသည်။ အခန်းငယ် (၄.၂)တွင် ဆွေမျိုးသားချင်းများ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း၊ နေအိမ်များဆုံးရှုံးရခြင်းနှင့် ပဋိပက္ခကြောင့် မိသားစုတကွဲတပြားနေထိုင်ရခြင်းစသည့် အကြောင်းအရင်းများကြောင့် သာယာပျော်ရွှင်သော မိသားစု၏ အခြေအနေမှာ အပြောင်းအလဲများ ရင်ဆိုင်လာရသည်။ ထိုနည်းတူစွာ အခန်းငယ် (၄.၃)တွင် ပဋိပက္ခနှင့် SAC ၏ တိုက်ခိုက်မှုများသည် ကလေးများအား ဆော့ကစားခွင့်ဆုံးရှုံးစေခြင်း၊ ပတ်ဝန်းကျင်နှင့် ရင်းနှီးဆက်ဆံမှုကို ပိတ်ပင်ခြင်း၊ ၎င်းတို့၏အနာဂတ်အတွက် မျှော်မှန်းချက်များကို ကန့်သတ်လိုက်ခြင်းများအပြင် လူငယ်များ ကြား မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်တက်လာခြင်းများကြောင့် လူမှုဆက်ဆံရေးနှင့် လူထုအသိုက်အဝန်း၏ သာယာငြိမ်းချမ်းမှုအပေါ် သက်ရောက်မှုများရှိသည်။ အခန်းငယ် (၄.၄)တွင် ထိုသို့သော တိုက်ခိုက်မှုများနှင့် ထိုတိုက်ခိုက်မှုများကြောင့် ကလေးများ၏ စိတ်ကျန်းမာရေးအပေါ်သက်ရောက်မှုအား ကုစားရန်အတွက် လူငယ်များကဆော့ကစားခြင်း၊ ဘာသာရေးပွဲတော်များတွင်ပါဝင်ခြင်း၊ လူကြီးများထံမှ အားပေးမှုရယူခြင်းနှင့် ၎င်းတို့အချင်းချင်းကြားအားပေးခြင်းအပါအဝင် နည်းလမ်းများစွာကို အသုံးပြုလျက်ရှိသည်။

## ၄.၁။ အကြမ်းဖက်မှုကြောင့် ကလေးများ၏ စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုများ

ပဋိပက္ခဖြစ်ပွားသောနေရာဒေသများတွင် နေထိုင်သည့်ကလေးများသည် ချိုးဖောက်မှုများအား ရင်ဆိုင်မြင်တွေ့ရသည့်အတွက် ၎င်းတို့၏စိတ်ကျန်းမာရေးအခြေအနေအပေါ် ဆိုးရွားစွာသက်ရောက်မှုများရှိသည်။ အကြမ်းဖက်မှုနှင့်တိုက်ခိုက်မှုများသည် ကလေးများအားမလုံခြုံမှု၊ အကြောက်တရား၊ ဝမ်းနည်းကြေကွဲမှု၊ စိတ်ဓါတ်ကျခြင်း၊ စိတ်အားထက်သန်မှုကင်းမဲ့ခြင်းနှင့် ဒေါသကြီးခြင်းများကို ခံစားရစေသည်။ ထိုသို့သော အကြမ်းဖက်မှုနှင့် တိုက်

ခိုက်မှုများက ကလေးများအား စိတ်ရောဂါလက္ခဏာများဖြစ်သည့် အသက်ရှုရခက်ခြင်း၊ ကိုယ်ခန္ဓာတုန်လှုပ်ခြင်း၊ အိပ်မပျော်ခြင်း၊ အထီးကျန်ခြင်းနှင့် ဆွံ့အခြင်းများကိုလည်း ဖြစ်ပေါ်စေသည်။ တခါတရံ ကလေးများသည် ထို လက္ခဏာများအား သမရိုးကျဖြစ်စဉ်ကဲ့သို့ သဘောထားလာကာ ၎င်းတို့အနေနှင့် ထွေထွေထူးထူးခံစားရခြင်းမ ရှိကြောင်း တင်ပြခဲ့ကြသည်။

## (က) အကြမ်းဖက်မှုနှင့် တိုက်ခိုက်မှုများအား ရင်ဆိုင်တွေ့မြင်ခြင်း

အထူးသဖြင့် SAC၏ တိုက်ခိုက်မှုများကြောင့် ၎င်းတို့၏ကျေးရွာများနှင့် နေအိမ်များတွင် ဖြစ်ပေါ်ခဲ့သည့် ချိုးဖောက်မှုများနှင့် နေအိမ်နှင့်မိသားစုဝင်ဆုံးရှုံးခဲ့ရသည့်အခြေအနေများကို ကိုယ်တိုင်မြင်တွေ့ရသည့် ကလေးများသည် အလွန်အမင်းကြောက်ရွံ့မှုနှင့် တုန်လှုပ်ခြောက်ခြားမှုများကိုခံစားရကြောင်း ရွာသားများက တင်ပြခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကိုမြင်တွေ့ရသောကလေးများသည် အသက်ရှုရခက်ခြင်း၊ ကိုယ်ခန္ဓာတုန်လှုပ်ခြင်းနှင့် ယာယီဆွံ့အခြင်းများကို ခံစားကြရသည်။ ခလယ်လွိ်ထူခရိုင်၊ ဆောထိမြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စု၊ ဘန--- ကျေးရွာမှ ဒေသခံဆရာမတဦးဖြစ်သော ဒေါ်န--- က ဤသို့ တင်ပြခဲ့သည်။ *"ပထမဆုံးအကြိမ် လေကြောင်းတိုက်ခိုက်မှုလာတော့ ဗုံးခိုကျင်းဘေးကိုဗုံးကျလာတယ်။ အဲ့ဒီအချိန်မှာ ကလေးတယောက်ကကြောက်တော့ အလန့်တကြားတောထဲကို ထွက်ပြေးခဲ့တယ်။ ကျွန်မတို့က ကလေးကို ဆက်မပြေးတော့ဖို့ပြောပြီး လေယာဉ် ဒုတိယအကြိမ် လာမလာစောင့်ကြည့်ဖို့လိုတယ်လို့ သတိပေးခဲ့တယ်။ ဒါပေမယ့် ကလေးကထိန်းလို့မရတော့ပဲ တောထဲကိုထွက်ပြေးသွားတယ်။ ကလေးကအရမ်းလန့်သွားပြီးတော့ ရွာထဲမှာမအိပ်တော့ဘူး။ ကလေးက ရွာပြင်ကသူတို့မိသားစုရဲ့စိုက်ခင်းမှာဆောက်ထားတဲ့ တဲထဲမှာပဲ သွားအိပ်တော့တယ်။"*

ဒူးပလာယာခရိုင်၊ နိုတကောမြို့နယ်မှ ဒေသခံ KYO ခေါင်းဆောင်တဦးဖြစ်သော စောအက--- က ဤသို့ပြောခဲ့သည်။ *"အရင်တုန်းက [၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်] လေကြောင်းတိုက်ခိုက်မှုနဲ့ လက်နက်ကြီးပစ်ခတ်မှုတွေ ဖြစ်ပွားခဲ့တယ်။ အသက်လေး-ငါးနှစ်အရွယ်ကလေးတွေက ကြောက်လို့ တုန်လှုပ်နေခဲ့ကြတယ်။ [...] သူတို့ကကြောက်ပြီး ဘာလုပ်ရမလဲ မသိကြဘူး။ ဒါက အင်မတန်ကြီးမားတဲ့ ပြဿနာတစ်ခုဖြစ်လာတယ်။ ကလေးတယောက်ဆိုရင် ကြောက်ပြီး အသက်မရှူနိုင်တော့ဘူး။"* အလားတူစွာ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူနူကျေးရွာအုပ်စု၊ ဒခ--- ကျေးရွာမှ နော်အစ--- က *" ကျွန်မသမီးက အရမ်းကြောက်တာ။ သူအရမ်းကြောက်တော့ သူ့ကိုယ်ခန္ဓာဆိုရင် တုန်နေတာပဲ။ တခြားလက်နက်ကြီးတွေကျပြီး ပေါက်ကွဲမှာကြောက်လို့ သူ့ရဲ့နားကိုပိတ်ထားတယ်။"*

## (ခ) အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ခံစားရသည့် ကာလရှည်စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ

ထိုသို့သော လူမှုအသိုက်အဝန်းအပေါ် တိုက်ခိုက်မှုများသည် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုသာမက ၎င်းတို့၏ စိတ်ခံစားချက်များအပေါ် ရေရှည်သက်ရောက်မှုများ ရှိစေသည်။ ကာလကြာမြင့်စွာ ဆက်လက်ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြားတွင်ရရှိလာသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများသည် တိုက်ပွဲများ ပြီးဆုံးသည့်တိုင် လပေါင်းများစွာ (နှစ်ပေါင်းများစွာအထိ) ကျန်ရှိလျက်ရှိပြီး ကလေးများ၏ လေ့လာသင်ယူမှုစွမ်းရည်၊ လူမှုပေါင်းသင်းဆက်ဆံရေးနှင့် နေ့စဉ်အသက်ရှင်သန်နေထိုင်မှုတွင် လုံခြုံစိတ်ချမှုရှိခြင်းအပေါ် သက်ရောက်လျက်ရှိသည်။ မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာမှ ကျောင်းအုပ်ဆရာမတစ်ဦးဖြစ်သော နော်အဟ--- က ကလေးများသည် ယခင်တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်ပိုင်း ကာလကြာရှည်ကြောက်လန့်နေကြကြောင်း တင်ပြခဲ့သည်။ *"သူတို့ကကြောက်နေကြတုန်းပဲ။ ကလေးတွေ တယောက်နဲ့တယောက်ခံစားရတာခြင်းတော့မတူဘူး။ တချို့ကလေးတွေက စိတ်ဒဏ်ရာ ရသွားတယ်။ ဆူညံသံကျယ်ကျယ်လောင်လောင်တွေကြားရင် သူတို့ကြောက်ပြီ။ သူတို့ကတိုက်ပွဲကို တွေ့ကြုံခံစားရတော့ ဒီအကြောင်းတရားက သူတို့စိတ်ထဲမှာ အမြစ်ဆွဲနေပြီ။ တချို့ကလေးတွေဆို လက်နက်ကြီးပစ်တဲ့အသံနဲ့ လေယာဉ်သံကြားတာနဲ့ကိုအရမ်းကြောက်ပြီး တုန်လှုပ်နေတာ။ ကျောင်းဆရာမတွေတောင် လေယာဉ်သံကြားရင် အရမ်းကြောက်ကြတယ်။ လေယာဉ်က အဝေးကိုရောက်သွားရင်တောင် သူတို့တွေ တုန်နေကြတုန်းပဲ။ [...] ငါတို့ အကြောင်းတရားကို ဖြေဖျောက်ဖို့ခက်*

*တယ်။ တကယ်လို့ လက်နက်ကြီးပစ်သံနဲ့ လေယာဉ်သံတွေမကြားရင်တော့ စိတ်အေးရတယ်။”*

မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ ဒဇ--- ကျေးရွာမှ ဖခင်တဦးဖြစ်ပြီး KDHW မြို့နယ် ညှိနှိုင်းရေးမှူးတစ်ဦးလည်းဖြစ်သည့် စောအစျ--- က ဤသို့ရှင်းပြခဲ့သည်။ *“ကျွန်တော့သား ကိုးနှစ်၊ ဆယ်နှစ်သားအရွယ် (၂၀၂၁ ခုနှစ်) တုန်းက လေကြောင်းရန်ကနေ တစ်ခါထွက်ပြေးခဲ့ဖူးတယ်။ ကျွန်တော်တွေ့ ရတာကတော့ သူက လေယာဉ်အသံကိုကြားရင် တုန်လာတယ်။ ကြောက်လည်းကြောက်တယ်။ ကျွန်တော့ သားလိုဖြစ်တတ်တဲ့ကလေး တချို့ကိုလည်းတွေ့ဖူးတယ်။ သူတို့လေယာဉ်သံကြားတာနဲ့ အိမ်ထဲမှာနေလို့ မရတော့ဘူး။ သူတို့အိမ်အောက်ကို ဆင်းပြီးတော့ ထွက်ပြေးတာပဲ။”* ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ နံနက် ၁ နာရီတွင် ဘူးအားဒဲကျေးရွာအုပ်စု၊ ညအ--- ကျေးရွာအနီးတွင် SAC၏ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခနှင့် ချိုးဖောက်မှုများကြောင့် အချို့ကလေးများမှာ အစားစားလိုစိတ်ပျောက်ဆုံးကြသည်။ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူထော်ကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာမှ မိခင်တစ်ဦးဖြစ်သော နော်အယ--- က ဤသို့ဖော်ပြခဲ့သည်။ *“ဒီအဖြစ်အပျက် [၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဘည--- ကျောင်းအား လေကြောင်းတိုက်ခိုက်မှု] ဖြစ်ပြီးတော့ ကျွန်မတို့သူ့ကို အာဟာရရှိတဲ့ အစားအစာတွေကျွေးတယ်။ ဒါပေမယ့် သူမစားချင်ဘူး။ […] နည်းနည်းပဲစားတယ်။ ကျွန်မကသူ့အားရှိအောင် များများစားဖို့ ပြောပေမယ့် သူ ကစားချင်စိတ် [လုံးဝ] မရှိတော့ဘူး။ သူ့အစားစားချင်စိတ်ပျောက်သွားတယ်ထင်တယ်။”*

တောင်ငူခရိုင်၊ ဒေးလိုမူထော်မြို့နယ်၊ ကလေလိုမူထော် (ကလေဝါးမူထော်) ကျေးရွာအုပ်စု၊ ညစ--- ကျေးရွာမှ ဒေသခံ ဆရာမတစ်ဦးဖြစ်သော နော်ကဥ--- က ၂၀၂၄ ခုနှစ်တွင် SAC ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးများ အာရုံစိုက်နိုင်ခြင်းနှင့် စိတ်ဓါတ်တက်ကြွမှုများ ပျောက်ဆုံးခဲ့ပြီး ကျောင်းထွက်ခဲ့သည့်အကြောင်းကို တင်ပြခဲ့သည်။ *“သူမ [ကျောင်းသူက] အရမ်းကို ကြောက်ရွံ့တုန်လှုပ်ခဲ့တယ်။ သူမအနေနဲ့ လက်နက်ကြီးပစ်တာကိုကြုံရတော့ စိတ်ဒဏ်ရရသွားတယ်။ အမြဲတမ်းအသက်ရှုရခက်သလိုခံစားနေရတယ်။ လက်နက်ကြီးပစ်တာကိုကြုံရပြီးတဲ့နောက် သူမရဲ့စိတ်အခြေအနေက အရင်လိုမဟုတ်တော့ဘူး။ စာကိုအရင်လိုအာရုံစိုက်လို့ မရတော့ဘူး။ ဒီလိုအခြေအနေတွေကြောင့် သူမကျောင်းထွက်ခဲ့ရတယ်။”* ထိုနည်းတူစွာ လူသောမြို့နယ်၊ ခေးပူကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာမှ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်းမှကလေးတဦးက ဤသို့ဖော်ပြခဲ့သည်။ *“ကျွန်တော်တို့ လေယာဉ်ပျံနေတာကိုကြားတယ်။ ကျွန်တော်တို့ကြောက်တယ်။ ကျွန်တော်တို့ဒေသကို လေယာဉ်လာရင် [လုံခြုံတဲ့နေရာမှာ] ပုန်းနေရတယ်။ တခါတလေကျွန်တော်တို့က တောထဲကိုပြေးပြီး တောထဲမှာပဲအိပ်ရတယ်။ […] ကျွန်တော်တို့စိတ်မကောင်းဘူး။ တခါလေကျွန်တော်တို့ကျောင်းကို လုံးဝမသွားချင်တော့ဘူးလို့ခံစားရတယ်။”*

တိုက်ခိုက်မှုများက ကလေးများအားအိပ်ပျော်ရန် အခက်အခဲဖြစ်စေသည်။ မေးခွန်းဖြေကြားခဲ့သူ အနည်းဆုံး ၂၀ ဦးခန့်က ကလေးများအိပ်ပျော်ရန် ခက်ခဲကြောင်း တင်ပြခဲ့ကြသည်။ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာမှ ကျောင်းအုပ်ဖြစ်သော နော်အဟ--- က ဤသို့ ရှင်းပြခဲ့သည်။ *“သူတို့ [ကလေးတွေ]ကောင်းကောင်း မအိပ်နိုင်ကြဘူး။ လေယာဉ်လာဝဲတိုင်း သူတို့အိပ်ရာထကြရတော့ တခါတလေဆိုရင် အိပ်ယာထဲမှာ စိတ်တိုနေတတ်တယ်။ တချို့ကလေးတွေက [လေယာဉ်လာရင် အိပ်ပျော်နေတော့] ကျွန်မတို့က သူတို့ကိုခေါ်နှိုးရတယ်။ သူတို့ကို အဲ့လိုနှိုးရင် သူတို့က စိတ်တိုတယ်။ သူတို့ကောင်းကောင်း မအိပ်ရတော့ပဲ လုံခြုံတဲ့နေရာမှာ ခြင်ကိုက်ခံပြီး အိပ်ခိုင်းရတယ်။ သူတို့ ကောင်းကောင်းမအိပ်ရသလို ကောင်းကောင်းလည်း မစားရဘူး။”*

ကလေးများက SACမှ ၎င်းတို့၏ ကျေးရွာများအား တိုက်ခိုက်မှုကြောင့် ၎င်းတို့၏ ကျေးရွာများ၊ နေအိမ်များနှင့် ကျောင်းများတွင် နေထိုင်ရန် လုံခြုံမှုမခံစားရသည့်အတွက် ၎င်းတို့အနေနှင့် လေကြောင်းရန်မှ ပုန်းရှောင်ရန် တောထဲသို့ ထွက်ပြေးကြရပြီး သစ်ရွက်များအောက်တွင် ပုန်းအောင်းကြရသည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ခအ--- ကျေးရွာမှ ကလေးများကလည်း ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) နှင့် အဖွဲ့လိုက်ဆွေးနွေးချိန်တွင် ၎င်းတို့၏ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် အခြားသောချိုးဖောက်မှုများအပေါ် ၎င်းတို့၏ကြောက်ရွံ့မှုကို ဖော်ပြခဲ့ကြသည်။ ထိုအရာများက အသက်သေဆုံးခြင်း

သို့မဟုတ် ထိခိုက်ဒဏ်ရာရစေခြင်း၊ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းအပြင် ထိုသို့သော တိုက်ခိုက်မှုများကို ကြုံတွေ့ရပြီးနောက်တွင် အဆက်မပြတ် ကြောက်ရွံ့ခြင်းများကို တွေ့ကြုံခံစားရစေသည်။ ၎င်းတို့အနေနှင့် ဖုံးခိုကျင်းထဲတွင် ပုန်းအောင်းနေရသည့် အချိန်များတွင်လည်း မလုံခြုံမှု၊ ကြောက်ရွံ့မှု၊ စိတ်ပူပန်မှုနှင့် ဝမ်းနည်းမှုများ ခံစားရကြောင်း တင်ပြခဲ့ကြသည်။ ဤအခြေအနေသည် ကရင်ပြည်နယ်တွင် ကျယ်ကျယ်ပြန့်ပြန့်ဆက်လက် ဖြစ်ပေါ်လျက်ရှိပြီး ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဒဒ--- ကျေးရွာမှ KHRG နှင့် အဖွဲ့လိုက်တွေ့ဆုံဆွေးနွေးမှုတွင် ပါဝင်ခဲ့သည့်မိန်းကလေးငယ်များသည် ၎င်းတို့၏လုံခြုံရေးအတွက် ဖုံးခိုကျင်းထဲတွင် နှစ်ကြိမ်ထက်မနည်းပုန်းအောင်းခဲ့ကြရသည်။

မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာမှ အဖွဲ့လိုက်ဆွေးနွေးမှုတွင် ပါဝင်ခဲ့သည့် ကလေး ၁၂ ဦး (အသက် ၉ မှ ၁၂ နှစ်ထိ) က ၎င်းတို့အနေနှင့် ၎င်းတို့၏ ကျေးရွာထဲတွင် သူစိမ်းများ အထူးသဖြင့် ဗမာစကားပြောသောသူများကိုတွေ့ပါက ကြောက်ရွံ့ကြောင်း ဖော်ပြခဲ့သည်။ ၎င်းတို့ထဲမှ ကလေးတဦးက ဤသို့ ရှင်းပြခဲ့သည်။ *"သားက သူစိမ်းတချို့ ဒီကိုလာတာကိုတွေ့တယ်။ [...]သူတို့က ရိုးရိုးအင်္ကျီပဲ ဝတ်ထားတယ်။ [...] သူတို့က ဒီကလူတွေနဲ့ မတူဘူး ပြီးတော့ ဗမာစကားပြောတယ်။ ဒါကြောင့် သားက သူတို့ကိုကြောက်တယ်။"* ၎င်းတို့အနေနှင့် ဗမာစကားပြောသည့် ဗမာစစ်သားများ၏ ချိုးဖောက်မှုကျူးလွန်ခြင်းများကို ကိုယ်တိုင်မြင်တွေ့ခံစားခဲ့ကြရသဖြင့် ဒေသတွင်းနေထိုင်သူများအနေနှင့် သူစိမ်းများရှေ့တွင် ဗမာစကားပြောရန်မလုံခြုံသလိုခံစားရပြီး ထိုသူများက ဗမာစစ်တပ်၏သူလျှိုများဖြစ်နေပြီး ၎င်းတို့အပေါ် ချိုးဖောက်ကျူးလွန်မည်ကိုစိုးရိမ်ကြလျက်ရှိသည်။ ထိုဒေသတွင် ကလေးများသည် SAC ၏ လေကြောင်းတိုက်ခိုက်မှုကိုတွေ့ကြုံခံစားခဲ့ကြရသည်။ ထို့အတွက်ကြောင့် ၎င်းတို့ကစားသည့်အခါတွင် အသံမထွက်ရဲသကဲ့သို့ တောထဲတွင် ပညာသင်ယူကြရကာ တိုက်ခိုက်ခံရမည်ကို ကြောက်ရွံ့စိတ်ဖြင့် နေထိုင်ရလျက်ရှိသည်။

အုပ်စုလိုက်ဆွေးနွေးမှုတွင် ပါဝင်သည့် ဘရ---ကျေးရွာမှ ကလေးအချို့က PDF သို့မဟုတ် KNLA စစ်သားများ ၎င်းတို့၏ ကျေးရွာမှ ဖြတ်သွားသည့်အခါ သို့မဟုတ် ၎င်းတို့၏ကျေးရွာတွင် ယာယီစတည်းချသည့်အခါများတွင် SAC မှ ၎င်းတို့ကျေးရွာအား တိုက်ခိုက်မည်ကို စိုးရိမ်ကြောင်း တင်ပြခဲ့ကြသည်။ သို့သော်လည်း မူတြော်နှင့် ဒူးပလာယာခရိုင်များအပါအဝင် နေရာဒေသအများစုမှ ဆယ်ကျော်သက်များက ၎င်းတို့အနေနှင့် KNLA စစ်သားများအား ၎င်းတို့ဒေသတွင်တွေ့သည့်အခါ ထိုစစ်သားများက ၎င်းတို့အားကာကွယ်ပေးမည်ကို ယုံကြည်သည့်အတွက် စိတ်သက်သာရာရကြောင်း ပြောခဲ့ကြသည်။ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ အကျူ့ကျေးရွာအုပ်စု (တောနော်မူထော်ဒေသ)၊ ညမ--- ကျေးရွာမှ ဆယ်ကျော်သက်တဦးဖြစ်သော နော် ကလ--- က ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မ [တော်လှန်ရေးတပ်ဖွဲ့တွေကို] မကြောက်ဘူး။ [...] သူတို့က လူကောင်းတွေမို့လို့ ကျွန်မပျော်တယ်။ သူတို့က ကျွန်မတို့ကိုဒုက္ခမပေးပေမယ့် ကျွန်မတို့ကို ကာကွယ်ပေး တယ်။ [...] ဒါပေမယ့် ကျွန်မ [SAC] ကို ကြောက်တယ်။ သူတို့ကိုတွေ့ရင် ကျွန်မထွက်ပြေးတယ်။"*

## (ဂ) တိုက်ခိုက်မှုများကြောင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာသုခအပေါ် ထိခိုက်နစ်နာမှုများ

ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကြောင့် ကလေးများအနေနှင့် ၎င်းတို့၏ကျေးရွာတွင် ပုံမှန်အတိုင်း အသက်ရှင်နေထိုင်ရန် အင်အားမရှိကြောင်းနှင့် စိတ်ဓါတ်တက်ကြွမှုကျဆင်းလာကြောင်း ကလေးများက တင်ပြခဲ့သည်။ ၎င်းတို့၏ကျေးရွာအားတိုက်ခိုက်နေမှုများနှင့် သင်ခန်းစာအပေါ် အာရုံစိုက်ရန် ရုန်းကန်နေရသည့်အတွက် အချို့ကလေးများသည် ၎င်းတို့၏ရွာတွင်နေထိုင်လိုစိတ်မရှိပေ။ ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကြောင့် မျှော်လင့်ချက်မဲ့နေကြောင်းနှင့် ၎င်းတို့၏ အနာဂတ်အတွက် စိုးရိမ်ကြောင်းကို အနည်းဆုံး ကလေးငယ်လေးဦးခန့်က တင်ပြခဲ့သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလဲ့ကျေးရွာအုပ်စု၊ ဘဝ--- ကျေးရွာမှ ကျောင်းဆရာတဦးဖြစ်သော စောဝ--- က ဤသို့တင်ပြခဲ့သည်။ *"အချိန်တိုင်းပါပဲ။ သူတို့က အချိန်တိုင်းမလုံခြုံမှုကိုခံစားနေရတယ်။ ညအချိန်လည်း ကြောက်ရသလို နေ့အချိန်လည်းကြောက်နေရတာပဲ။ သူတို့အတွက်လုံခြုံမှုမရှိဘူး။ [...] သူတို့ကဝမ်းနည်းကြေကွဲနေရတယ်။ ဒီအရာတွေက [လေကြောင်းတိုက်ခိုက်မှုနဲ့ လက်နက်ကြီးပစ်ခတ်မှုတွေ]သူ*

*တို့ကိုကြောက်လန့်စေတယ်။ လေကြောင်းတိုက်ခိုက်မှုလာတဲ့ အခါ သူတို့[တိုက်ခိုက်မှုကိုတုန့်ပြန်ဖို့]ဘာမှမလုပ်နိုင်ဘူး။ သူတို့တတ်နိုင်တယ်ဆိုရင် တစ်ခုခုပြန်လုပ်မှာ။ သူတို့ [တိုက်ခိုက်မှုကိုတုန့်ပြန်ဖို့] ဘာမှမလုပ်နိုင်တဲ့အတွက် သူတို့စိတ်ထဲမှာ အရမ်းနာကျင်ကြရတယ်။ ဒါကြောင့် သူတို့မပျော်ဘူး။"* ဆက်လက်၍သူက *"ကလေးတွေကြီးလာတဲ့အခါ သူတို့ကရွာမှာမနေချင်ဘူး။ ဘာကြောင့်လဲ ဆိုတော့ သူတို့အနေနဲ့ အမြဲတမ်းကြောက်ရွံ့နေရပြီး ပြည့်ပြည့်ဝဝမပျော်ရွှင်နိုင်ဘူး။ ဒါကြောင့် သူတို့က တခြားနိုင်ငံကိုပဲသွားချင်တယ်။"*

ကလေလိုမူနူကျေးရွာအုပ်စု၊ ညည--- ကျေးရွာတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် မသန်စွမ်းဖြစ်ခဲ့ရသည့် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူထော်ကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာမှ အသက် ၁၃ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်သည့် စောကခ--- က သူ၏မိခင်ကို ကူညီလိုကြောင်းနှင့် ထိခိုက်မှုဖြစ်ပွားပြီးနောက် *"ကျွန်တော်ဘာမှ မလုပ်နိုင်တော့ဘူးလို့ ခံစားရတယ်"* ဟု ဖွင့်ဟခဲ့သည်။

အချို့အခြေအနေများတွင် ကလေးများ၏ အပြုအမူများတွင် အကြမ်းဖက်မှုများ ပိုမိုများပြားလာသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ခဟ--- ကျေးရွာမှ မိခင်တဦးဖြစ်သော နော်ဇ--- က ဤသို့ရှင်းပြခဲ့သည်။ *"သူတို့ [ကလေးတွေ]က စိတ်ဆိုးကြတယ်။ သူတို့က 'ပယော်' ['ဗမာ' ဗမာစစ်တပ်မှ စစ်သားများအားဆိုလိုသည် ] လို့ ပြောတယ်။ သူတို့က 'ပယော်' တွေကို စိတ်ဆိုးကြတယ်။ သူတို့ကြောင့် သူတို့ထွက်ပြေးကြရတဲ့အတွက် 'ပယော်'တွေကို စိတ်ဆိုးကြတယ်။ သူတို့တွေ [ရွာမှာ] ကျောင်းမတက်ရဘူး။ သူတို့က 'ပယော်' တွေလေကြောင်းနဲ့လာပစ်မှာကိုစိုးရိမ်တယ်။ တခါတလေ သူတို့စိတ်တိုတယ်။ ကလေးတွေလည်း [တိုက်ပွဲအပေါ်] သူတို့နားလည်မှုနဲ့ သူတို့ရှိတယ်။"* ထိုနည်းတူစွာ မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ ဆယ်ကျော်သက်တစ်ဦးဖြစ်သော စောကဗ--- က ဤသို့ဖွင့်ဟခဲ့သည်။ *"ကျွန်တော်တို့က [SAC ရဲ့တိုက်ခိုက်မှုကြောင့်] စိတ်တိုတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘာမှ မလုပ်နိုင်ဘူး။"*

အကြမ်းဖက်မှုနှင့် ပဋိပက္ခများအား အချိန်ကြာမြင့်စွာ ကြုံတွေ့လာရသည့်အတွက် အချို့ကလေးများက ပဋိပက္ခအတွင်း ၎င်းတို့နေ့စဉ်ကြုံတွေ့နေရသော ချိုးဖောက်မှုများနှင့် ရုန်းကန်ရမှုများကို 'ဖြစ်ရိုးဖြစ်စဉ်' အနေနှင့် သတ်မှတ်ကာ ချိုးဖောက်ခံရမှုများအပေါ် ခံစားချက်ကင်းမဲ့ခြင်း သို့မဟုတ် စိတ်ခံစားမှုနည်းပါလာသည်ကို ပြသလာကြသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ ဒဇ--- ကျေးရွာမှ KDHW မြို့နယ်ညှိနှိုင်းရေးမှူးဖြစ်သော စောအစျ--- က ဤသို့ရှင်းပြခဲ့သည်။ *"အခုဆို [လေကြောင်းတိုက်ခိုက်မှု]ဖြစ်ရပ်တွေက အချိန်တော်တော်ကြာကြာဖြစ်နေတော့ ကလေးတွေကပိုပြီး တည်ငြိမ်လာတယ်။ [မကြောက်တော့ဘူး] […] အခုတလော လေယာဉ်တွေ ခနခနလာတယ်။ ပြီးတော့ လေယာဉ်လာတာလည်း [၂၀၂၁ ခုနှစ်မှစ] နှစ်တွေ များလာပြီဆိုတော့ ကလေးတွေက ပုံမှန်ပြန်ဖြစ်လာပြီ။ [မကြောက်တော့ဘူး]။ သူတို့အတွက်ပုံမှန်လို နည်းနည်းဖြစ်လာပြီ။"* အလားတူပင် မူတြော်ခရိုင်၊ လယ်မူပလောကျေးရွာအုပ်စု၊ ခဟ--- ကျေးရွာမှ အသက် ၁၂ နှစ်အရွယ် စောကမ--- က ဤသို့ ဖွင့်ဟခဲ့သည်။ *"ဒါကို [၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ၎င်း၏ကျေးရွာအား လေကြောင်းတိုက်ခိုက်မှု] သားမျက်လုံးနဲ့ ကိုယ်တိုင်တွေ့ခဲ့တယ်။ သားကတော့ မကြောက်ဘူး။"*

## ၄.၂။ မိသားစု စည်းလုံးမှုနှင့် ငြိမ်းချမ်းသာယာမှုအပေါ် သက်ရောက်သော အပြောင်းအလဲများ

မိသားစုဆိုသည်မှာ ကလေးများအတွက် အဓိကကျသော ကျန်းမာပျော်ရွှင်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂရုစိုက်ခြင်းနှင့် အကာအကွယ်ပေးနိုင်သော အဓိကအခြေခံအုတ်မြစ်ဖြစ်သည်။ မိဘများနှင့် ဆွေမျိုးသားချင်းများ၏ ဂရုစိုက်မှုအောက်တွင် နေထိုင်ရသည့်အိမ်သည် ၎င်းတို့အတွက် အလုံခြုံဆုံးသောနေရာဖြစ်သည်ဟု ကလေးသူငယ်များက တင်ပြခဲ့သည်။ သို့သော် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများနှင့် ၎င်းတို့၏ကျေးရွာများအပေါ် ထိခိုက်ဖျက်စီးနေသည့် ဆက်လက်ဖြစ်ပွားနေသောအကြမ်းဖက်မှုများသည် ကလေးများနှင့် ၎င်းတို့မိသားစုများ၏ သာယာပျော်ရွှင်မှုကို ဖျက်စီးလျက်ရှိသည်။ SAC ၏ အဆင်အခြင်မဲ့တိုက်ခိုက်မှုများသည် ချစ်ခင်ရသူများ၏ ဘေး

ကင်းလုံခြုံရေးကိုအန္တရာယ်ကျရောက်စေပြီး အသက်သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း၊ နေအိမ်များနှင့် ဘဝရပ်တည်ရှင်သန်ရေးကို ဖျက်စီးခြင်းအပြင် ဆင်းရဲနွမ်းပါးမှုကိုပါ ဖြစ်ပေါ်စေသည်။

## (က) ပြုစုစောင့်ရှောက်ပေးသူများနှင့် ချစ်ခင်ရသူများ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း

လက်နက်ကိုင်ပဋိပက္ခနှင့်တိုက်ခိုက်မှုများကြား မိဘများ၊ ဆွေမျိုးသားချင်းများနှင့် ကြည့်ရှုပြုစုသူများ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရသည့်အခါ ကလေးများ၏မိသားစုသာယာပျော်ရွှင်မှုအပေါ်သက်ရောက်မှုရှိပြီး ကလေးများအတွက် ဂရုစိုက်မှုနှင့်အကာအကွယ်ပေးမှုဆုံးရှုံးတတ်သည်။ မိဘမဲ့ကလေးများသည် ၎င်းတို့၏အဒေါ်များနှင့် အဖိုးအဖွားများ၏စောင့်ရှောက်မှုခံကြရသည်။[40] KWO သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများကဲ့သို့ အချို့သောလူသားချင်းစာနာမှုအကူအညီပေးသည့်အဖွဲ့အစည်းများသည် နေရာဒေသအများအပြားတွင် အဆောင်များနှင့် မိဘမဲ့ဂေဟာများကို ဖွင့်လှစ်စီမံပေးလျက်ရှိသည်။

ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ တောနော်မူထော်ဒေသ၊ နို့ဖိုးကျေးရွာအုပ်စု၊ ဟယ--- ကျေးရွာမှ SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ခင်ပွန်းသည် အသက်ဆုံးရှုံးခဲ့ရသော (အသက် ကိုးနှစ်၊ ၂ နှစ်နှင့် ၃ လသားအရွယ်) ကလေးသုံးဦး မိခင်ဖြစ်သော နော်ကပ--- က ဤသို့ဖွင့်ဟခဲ့သည်။ *"သူတို့အဖေဆုံးတော့ ကျွန်မကလေးငယ်တွေကငိုကြတယ်။ 'အဖေက ကျွန်တော်တို့ကိုမချစ်တော့ဘူး။' [ကလေးတွေကပြောတယ်] 'မင်းတို့အဖေဘာဖြစ်တာလဲ။' လို့ ကလေးတွေကို လူတွေကမေးရင် ကလေးတွေက 'ကျွန်တော်တို့ အဖေဆုံးပြီ။ လေကြောင်းတိုက်ခိုက်မှုက ကျွန်တော့်အဖေကိုသတ်လိုက်တာ။' လို့ ပြန်ဖြေတယ်။ ကျွန်မကလေးတွေက အဲ့လိုပြောပြီး ငိုကြတယ်။"*

မိဘများ၏သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းများသည် မိသားစု၏ ငွေရေးကြေးရေးအခြေအနေအပေါ်သို့ သက်ရောက်မှုရှိသည်။ နော်ကပ--- က ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မနဲ့ ကျွန်မကလေး ၂ ယောက် ဖုံးခိုကျင်းထဲဝင်လိုက်တာနဲ့ အဲ့ဒါက [ကျွန်မတို့အိမ်]ကို ကျပြီးတော့ မီးလောင်သွားတယ်။ ကျွန်မလည်း ဒဏ်ရာတွေရတယ်။ [ဒါပေမယ့်]ကျွန်မသတိတောင်မထားမိဘူး။ ကျွန်မကလေးအငယ်ဆုံးလည်း မျက်လုံးဖွင့်လို့မရဘူး။ ကျွန်မတို့မျက်လုံးနဲ့ နှာခေါင်းတွေထဲမှာ၊ ခေါင်းပေါ်မှာ ဖုန်တွေချည်းပဲ။ ကျွန်မရဲ့ ယောကျ်ားက အိမ်မှာမရှိဘူး။ သူက တဲထဲမှာ။ […]လေယာဉ်လာတော့ သူ့ကိုထိတယ်။ သူ့ရင်ဘတ်ကပွင့်ပြီး ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ နေရာတိုင်းကို ပြန့်ကျဲကုန်တယ်။ သူ့ရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းတွေအားလုံးကို ကျွန်မတို့ မကောက်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အပိုင်းအစလေးတွေအများကြီးပဲ။ […] စပါးနဲ့ဆန်တွေလည်း အိမ်နဲ့အတူ မီးလောင်သွားတယ်။ ကျွန်မတို့မှာ ကလေးနှစ်ယောက်လည်းရှိပြီဆိုတော့ အိမ်က ကျွန်မတို့အတွက် အရာရာပဲ။ အိမ်ထဲမှာရှိတဲ့ ပစ္စည်းကိရိယာတွေ၊ စားစရာတွေနဲ့ ကုန်တွေ အားလုံးမီးလောင်သွားတယ်။"* [41]

မိသားစု၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာစိန်ခေါ်မှုများနှင့် စားနပ်ရိက္ခာမလုံလောက်မှုများက ကလေးများ၏စိတ်ပိုင်းဆိုင်ရာ သာယာပျော်ရွှင်မှုအပေါ် သက်ရောက်မှုရှိသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဒအ--- ကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သောမိခင်တစ်ဦးဖြစ်ပြီး ဆရာမတဦးလည်းဖြစ်သော နော်အဂ--- က ဤသို့ ရှင်းပြခဲ့သည်။ *"စားစရာလုံလုံလောက်လောက်မရှိတဲ့ တချို့ကလေးတွေက ဝမ်းနည်းကြတယ်။ ဝမ်းနည်းမှုကိုကြုံတွေ့ခံစားရတယ်။ […] ဒါက ဘာကြောင့်လဲဆိုတော့ သူတို့မှာ အစားအသောက်မရှိတော့တဲ့အတွက်ကြောင့် သူတို့ဝမ်းနည်းတယ်။ [အစားအသောက်] တတ်နိုင်တဲ့ မိဘရှိတဲ့ တချို့ကလေးတွေကတော့ပျော်တာပေါ့။ အစားအသောက် မလုံလောက်တဲ့ကလေးတချို့ကျတော့ဝမ်းနည်းတာပေါ့။ မိဘတယောက်အနေနဲ့ ကျွန်မ [ဒီအခြေအနေကို] နားလည်ပါတယ်။"*

---

[40] *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၅ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော၊ "ခလယ်လွီထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - မူးမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားနှစ်ဦးသေဆုံးပြီး ကလေးသုံးဦးဒဏ်ရာရရှိ (၂၀၂၄ ခုနှစ်၊ ဇူလိုင် လ)" တွင်ကြည့်ပါ။

[41] KHRG မှ ၂၀၂၅ ခုနှစ်၊ မေလတွင် ထုတ်ဝေသော၊ "ဒူးပလာယာခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကော်တရိမြို့နယ်အတွင်း ရွာသားနှစ်ဦးသေဆုံး (၂၀၂၅ ခုနှစ်၊ မတ်လ)" တွင်ကြည့်ပါ။

အခြားသော ပဋိပက္ခနှင့်ဆိုင်သည့် ကိစ္စရပ်များသည်လည်း မိသားစုကွဲကွာခြင်းနှင့် ထိခိုက်ခံစားမှုများကို ဖြစ်ပေါ်စေသည်။ ဒူးသထူခရိုင်၊ သထူ (သထုံ) မြို့နယ်၊ တမောဒေါကျေးရွာအုပ်စု၊ ညဝ--- ကျေးရွာမှ အသက် ၁၂ နှစ်အရွယ် စောကဂ--- က ဤသို့ဖွင့်ဟခဲ့သည်။ *“ကျွန်တော့ရဲ့ မိဘတွေ၊ သူငယ်ချင်းတွေ၊ အကိုတွေ၊ အမတွေ၊ တခြားမောင်နှမတွေနဲ့ အတူနေခဲ့တုန်းက ကျွန်တော်လုံခြုံတယ်၊ ပျော်တယ်၊ စိတ်ချမ်းသာတယ်။ […] လေကြောင်းနဲ့ဗုံးကြဲတဲ့အခါ၊ စစ်ကောင်စီက လက်နက်ကြီးတွေပစ်တဲ့အခါဆိုရင် ကျွန်တော်အိမ်မှာ တယောက်ထဲနေရမှာကိုကြောက်တယ်။ ကျွန်တော်သေမှာစိုးတယ်။”* စောကဂ--- ၏ မိခင်ဖြစ်သူသည် ဖျားနာမှုကြောင့်သေဆုံးခဲ့ပြီး သူ၏မောင်နှမနှစ်ဦးမှာ ထိုင်းနိုင်ငံသို့ပြောင်းရွှေ့ကာ အလုပ်ရှာဖွေလုပ်ကိုင်လျက်ရှိသည်။




ဤပုံအား ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဃဲဒဲကျေးရွာ အုပ်စု၊ အဂ--- ကျေးရွာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင်ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် SAC ၏ ဂျက်လေယာဉ်သည် မီးလောင်ဗုံးတလုံး ကို ကျေးရွာထဲသို့ပစ်ချခဲ့ပြီး ရွာသားတဦး၏နေအိမ်ကို လောင်ကျွမ်းစေခဲ့သည်။ ပုံတွင် ရွာသားများက မီးလောင်နေ သောအိမ်ကိုမီးသတ်ငြိမ်းရန် ကြိုးစားနေပုံကိုပြနေသည်။ *(ဓာတ်ပုံ- KHRG)*

## (ခ) မိသားစုကွဲကွာခြင်းနှင့် မိသားစုစည်းလုံးရင်းနှီးမှုအပေါ် သက်ရောက်မှုများ

ဆက်လက်ဖြစ်ပွားနေသောလက်နက်ကိုင်ပဋိပက္ခများသည် မိသားစုများအားနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုကိုတိုးမြင့်လာစေခြင်းနှင့် ကလေးများအား အိမ်နှင့်ဝေးရာအဆောင်များတွင် သွားရောက်နေထိုင်ပညာသင်ယူစေသည်။ ကော်တရီမြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ဘဃ--- ကျေးရွာတွင်နေထိုင်ပြီး ၎င်း၏သားသမီးခြောက်ဦး (သုံးဦးမှာ အသက်မပြည့်သေးပါ)သည် အခြားသောဒေသတွင် ရွှေ့ပြောင်းနေထိုင်ရလျက်ရှိသော စောအဗ--- က *“ကလေးတွေက မိဘနဲ့ကင်းကွာပြီး သူတို့ရဲ့ဦးလေး အဒေါ်တွေနဲ့နေရတဲ့အတွက် မပျော်ကြဘူး။ ဒါကြောင့် သူတို့ပျော်ဖို့ဆိုတာမဖြစ်နိုင်ဘူး။ […] ဘာကြောင့်လဲဆိုတော့ လေယာဉ်တွေကဗုံးတွေကြဲနေလို့လေ။ သူတို့ကအရမ်းကြောက်ပြီးလန့်ပြီးငိုတယ်။ သူတို့က ကလေးတွေဆိုတော့ မိဘနဲ့ဝေးနေတဲ့အချိန်မှာ အခက်အခဲတွေ အများကြီးရှိတယ်။”* ဤမိသားစုသည် ၂၀၂၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့ အစပိုင်းတွင် သေ့ဘောဘိုးကျေးရွာအုပ်စုအား ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ ထိုတိုက်ခိုက်မှုတွင် နေအိမ်များစွာ ပျက်စီးခဲ့ပြီး လူနှစ်ဦး ဒဏ်ရာရခဲ့သည်။

တောအူးခရိုင်၊ ကလေလိုမူနူကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ အသက်မပြည့်သေးသော ကလေး (၃) ဦး၏ မိခင်ဖြစ်သူ နော်အဂ--- က ဤသို့ ဖွင့်ဟခဲ့သည်။ *“သူတို့ [သူမရဲ့ ကလေးတွေ]စိတ်ထဲမှာတော့ စစ်ကောင်စီကို လူသားမျိုးနွယ်ကိုဖျက်စီးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းလို့ မြင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ စစ်ကောင်စီကြောင့်လူတွေက အခွင့်အရေးနဲ့ လွတ်လပ်မှုကို ဆုံးရှုံးနေရတယ်။ အာဏာသိမ်းပြီးကတည်းက ကျွန်မသားတွေနဲ့ ကျွန်မအတူတူမနေရဘူး။ သူတို့က မိဘနဲ့အတူမနေရတော့ သူတို့ရဲ့စိတ်ဓါတ်ရေးရာအပေါ် ထိခိုက်မှုရှိတယ်။”*

နေအိမ်နှင့်ဝေးသောကျေးရွာများတွင် သွားရောက်စာသင်ရသည့်ကျောင်းသားများအနေနှင့်လည်း အခက်အခဲများစွာကြုံတွေ့ကြရသည်။ ဥပမာအားဖြင့် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပရှောလိုကျေးရွာအုပ်စု၊ ညပ--- ကျေး

ရွာမှ အသက် ၁၃ နှစ်အရွယ် နော်ကရ--- သည် သူမ၏မိဘများနှင့် ဝေးရာအခြားသောကျေးရွာတစ်ခုတွင် ၈ တန်း တက်ရောက်နေပြီး ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုကျေးရွာအနီး လက်နက်ကြီးပေါက်ကွဲမှုကို ကြားသည့်အခါ သူမက *"ကျွန်မတကယ်ကြောက်သွားတယ်။ တကယ်လို့ လက်နက်ကြီးထိရင် ကျွန်မသေမယ်ထင်တယ်။ အဲ့ဒီ အချိန် ကျွန်မမိဘတွေကို အရမ်းသတိရတယ်။ ကျွန်မသာတစ်ခုခုဖြစ်သွားရင် ကျွန်မမိဘတွေ ဘယ်လိုခံစားရ မလဲ ကျွန်မမတွေးရဲဘူး။"* ဟုပြောခဲ့သည်။ ထို့အပြင် သူမက *"ကျွန်မမိဘတွေရဲ့အဝေးမှာ နေရတဲ့အခါ ဝမ်းနည်း တယ်။ [...] ကျောင်းတက်ရတဲ့ရက်တွေမှာ ကျွန်မရဲ့မိဘကို လွမ်းတယ်။"*

မေးခွန်းဖြေကြားသူအချို့က ပဋိပက္ခကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့်အတွက် ကလေး များ၏လုံခြုံရေးအပေါ် သက်ရောက်မှုရှိသည်ဟု တင်ပြခဲ့သည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ကောဝလှိုင်ကျေးရွာအုပ်စု၊ ခလ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် စောကစ--- က သူ၏ မိသားစုစားဝတ်နေ ရေးအခြေအနေကြောင့် ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်ရန် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူသည် သူ၏မိသားစု ဆင်းရဲနွမ်းပါးမှုကြောင့် ပညာသင်ယူရန်အတွက် သူ၏ဘိုးဘွားများနှင့် အခြားနေအိမ်တလုံးတွင် အတူတကွ နေထိုင်ခဲ့ရသည်။ သို့သော်လည်း ၂၀၂၂ ခုနှစ် သူ့အသက် ၁၄ နှစ်တွင် အဖိုးဖြစ်သူမှ ၎င်းအား ဓါးနှင့်ခုတ်ရန် ကြိုးစား သဖြင့် ထိုအိမ်တွင်းအကြမ်းဖက်မှုကြောင့် ကျောင်းထွက်ခဲ့သည်။ ထို့နောက် သူ၏မိသားစုစားဝတ်နေရေးနှင့် ညီ ငယ်ညီမငယ်များ၏ ပညာရေးအား ထောက်ပံ့နိုင်ရန်အတွက် ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူ၏မိခင် ဖြစ်သူ နော်အအ--- က ဤသို့ရှင်းပြခဲ့သည်။ *"သူ [ရှစ်တန်းတက်တုန်းက] စာမေးပွဲမဖြေလိုက်ရဘူး။ ပြဿနာက သူ့ကို ဘယ်သူမှဂရုမစိုက်ဘူး။ သူ့မိဘနဲ့အတူမနေတော့ ဘယ်သူ့ဆီကမှ ဂရုစိုက်မှုမရခဲ့ဘူး။ သူကသူ့အဖိုးနဲ့နေ တယ်။ ဒါပေမယ့် သူ့အဖိုးကဟိုဟာတွေ [မူးယစ်ဆေး] သုံးတယ်။ သူ့အဖိုးကသူ့ကိုညအချိန် ဓါးနဲ့ခုတ်ဖို့လုပ်တယ်။ သူ့အဖိုးဆီကသူထွက်ပြေးပြီး တခြားမှာသွားအိပ်ခဲ့ရတယ်။"*

## ၄.၃။ လူမှုအသိုက်အဝန်း၏ပေါင်းစည်းမှုနှင့် လူမှုဝန်းကျင်သာယာပျော်ရွှင်မှုအပေါ် သက်ရောက်မှုများ

ကရင်ပြည်နယ်ရှိကလေးများသည် ၎င်းတို့၏ အသိအမြင်၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ကျန်းမာရေးအတွက် အရေးကြီးသည့် ကစားခြင်းနှင့် လူတွေ့စည်းဝေးပွဲများတက်ရောက်ခြင်းအတွက် လိုအပ်သောလုံခြုံမှုကို ဆုံးရှုံးရ လျက်ရှိသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးရွာများအပေါ် ကျူးလွန်တိုက်ခိုက်နေမှုများသည် ကလေးများ ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအခြေအနေအပေါ် သက်ရောက်မှုရှိသည့်အပြင် ၎င်းတို့၏စိတ် ဓါတ်တက်ကြွမှုကို တည်ဆောက်ထိန်းသိမ်းနိုင်စွမ်း၊ အနာဂတ်အတွက် မျှော်မှန်းချက်များချမှတ်နိုင်စွမ်း၊ အပေါင်း အဖော်များနှင့် ကောင်းမွန်သည့်ဆက်ဆံရေးတည်ဆောက်နိုင်စွမ်းနှင့် လူမှုအသိုက်အဝန်းအတွင်း ထိရောက်သည့် ဆက်ဆံရေးတည်ဆောက်နိုင်စွမ်းများအပေါ်လည်း သက်ရောက်မှုရှိသည်။

### (က) ကလေးများဆော့ကစားခွင့်အပေါ် သက်ရောက်မှု

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးများသည် ကစားခြင်းအား ၎င်းတို့စိတ်ဖြေလျှော့ရန်နှင့် ပျော်ရွှင်မှု၏အရင်း အမြစ်တစ်ခုအဖြစ် ဖော်ပြခဲ့ကြသည်။ ကလေးများဖော်ပြခဲ့သည့် ၎င်းတို့ဆော့ကစားသော နည်းလမ်းအများစုမှာ 'ထုတ်စည်းထိုး' (အသင်းနှစ်သင်းဖြင့် စည်းအတွင်းပြေးကစားရပြီး အသင်းတစ်သင်းမှ အခြားအသင်းအားတား ရသည့်ကစားနည်း။)၊ 'စယီ" (အသင်းနှစ်သင်းမှ အမှတ်နှစ်ခုအတွင်း အဖမ်းမခံရအောင်ပြေးရသည့်ကစားနည်း။) သို့မဟုတ် 'ရောင်းတမ်း၊ ဝယ်တမ်းကစားနည်း' တို့ဖြစ်ကြသည်။ ထိုကစားနည်းများကစားရန် ကလေးများက တုတ်များ၊ ကျောက်ခဲများ၊ အုန်းဆံဖတ်များ၊ သစ်ရွက်များ၊ ပန်းများ သို့မဟုတ် ရွှံ့များကိုအသုံးပြုကြသည်။ အချို့ သောဒေသများတွင် ရွာသားများသည် မြို့မှအားကစားပစ္စည်းများ ဝယ်ယူရရှိနိုင်သောကြောင့် ကလေးများအနေ နှင့် ခြင်းလုံး၊ ဘောလုံး၊ ဘောလီဘောကစားနည်းများအပြင် ၎င်းတို့၏ဖုန်းများဖြင့် ဗီဒီယိုဂိမ်းများလည်း ကစား ကြသည်။

သို့သော်လည်း များသောအားဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကလေးများသည် ပဋိပက္ခနှင့် စပ်ဆက်သည့် ချိုးဖောက်မှုအန္တရာယ်များကြောင့် ဆော့ကစားခွင့် မရကြပေ။ ၂၀၂၁ ခုနှစ် အာဏာမသိမ်းမီ နှစ်များက (အထူးသဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ရရှိထားသည့် အချိန်ကာလတွင်) ကလေးများသည် အတူတကွ ဆော့ကစားပြီး အော်ဟစ်မြူးတူးလေ့ရှိသည်။ သို့သော်လည်း ယခုအချိန်တွင် ကလေးများ၏ ဆော့ကစားသံနှင့် လူများစုဝေးသံများက SAC ၏ လေကြောင်းတိုက်ခိုက်မှု သို့မဟုတ် လက်နက်ကြီးပစ်ခတ်မှု ခံရနိုင်ချေကို မြင့်မားစေသည်။ ထို့အတွက် ကလေးများဆော့ကစားသည့်အခါ ကျယ်လောင်စွာ အသံပြုခြင်းများကို ခွင့်မပြုကြောင်း မေးခွန်းဖြေကြားသူများက တင်ပြခဲ့သည်။ SAC တပ်စခန်းများနှင့် နီးကပ်သည့် အချို့သောဒေသများမှ ကလေးများသည် အိမ်ပြင်တွင် ထွက်ဆော့ခွင့် မရှိပေ။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာမှ ဆယ်ကျော်သက်အရွယ် နေရပ်ရွှေ့ပြောင်းနေထိုင်သူ မိန်းကလေးတစ်ဦးဖြစ်သည့် နော်ရ--- က ဤသို့တင်ပြခဲ့သည်။ *"ကျွန်မတို့မှာ လုံခြုံရေးပြည့်ပြည့်ဝဝမရှိခဲ့ဘူး။ ကျောင်းခေါင်မိုးကို ကောင်းကောင်း မဖုံးထားနိုင်တော့ လေယာဉ်တွေက [ကျောင်းသားတွေကို]မြင်ရတယ်လို့ တချို့လူတွေကပြောတယ်။ ကလေးတွေကလည်း ကစားကြပြီး ဆူညံသံတွေလုပ်ကြတဲ့အခါ လုံခြုံမှုမရှိဘူး။ တကယ်ဆိုရင် ကျွန်မတို့တောထဲမှာ စာသင်နေတဲ့အခါမှာလည်း တိတ်တိတ်နေရမယ်။ ကလေးတွေ ကစားပြီး အသံတွေဆူညံနေရင် မလုံခြုံဘူး။"*

ဆော့ကစားခြင်းကို စစ်ရေးတိုက်ခိုက်မှုများ သို့မဟုတ် တိုက်ခိုက်မှုများ၏ဘေးက အမြဲမပြတ်နှောင့်ယှက်လျက်ရှိသည်။[42] တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူနူကျေးရွာအုပ်စု၊ ဒခ--- ကျေးရွာသူတစ်ဦးဖြစ်၍ အသက်မပြည့်သေးသည့် ကလေးသုံးဦး၏မိခင်ဖြစ်သူ နော်အခ--- က *"ပဋိပက္ခကြောင့် ကျွန်မကလေးတွေ လွတ်လွတ်လပ်လပ် မကစားရတဲ့အခါ သူတို့တွေရဲ့ စိတ်ကျန်းမာရေးအပေါ် ကြီးမားတဲ့သက်ရောက်မှုရှိတယ်လို့ ကျွန်မခံစားရတယ်။ သူတို့ကကျွန်မတို့ဆီမှာ လေယာဉ်ဝဲတာနဲ့ ကစားတာကိုရပ်လိုက်တယ်။ လေယာဉ်ဝဲပြီဆိုရင် လေကြောင်းတိုက်ခိုက်မှု လာတော့မယ်ဆိုတာ သူတို့နားလည်နေပြီ။ သူတို့ ကစားတာကိုရပ်ပြီး တနေရာရာမှာ သွားပုန်းကြတယ်။ လက်နက်ကြီးပစ်ခတ်မှုတွေလည်း ကျွန်မတို့ဒေသမှာ ဖြစ်တယ်။ ကျွန်မကလေးတွေ စာသင်နေတာဖြစ်ဖြစ် ကစားနေတာဖြစ်ဖြစ် သူတို့ လက်နက်ကြီးအသံကြားတာနဲ့ သူတို့ လုပ်နေတာတွေကို ရပ်လိုက်ပြီး ထွက်ပြေးကြတယ်။"*

ထိုနည်းတူစွာ ပဋိပက္ခနှင့် SAC ၏အဆက်မပြတ်တိုက်ခိုက်မှုများက စီးပွားရေးဆိုင်ရာအခက်အခဲများကို ဖန်တီးပေးပြီး ကလေးများအနေနှင့် ၎င်းတို့မိသားစုစားဝတ်နေရေးအတွက် အကူအညီပေးကြရသည်။ ၎င်းတို့အနေနှင့် မောင်ငယ်၊ နှမငယ်များအား ကူညီထိန်းပေးခြင်း၊ ရေခပ်ခြင်း၊ ထင်းခွေခြင်းနှင့် ဟင်းသီးဟင်းရွက်ရှာခြင်း၊ အမဲလိုက်ခြင်၊ ငါးမျှားခြင်းနှင့် လယ်လုပ်ခြင်းများတွင် ကူညီပေးရသည်။

42 အထက်တွင်ဖော်ပြထားသော KHRG, "<u>လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး)</u>" ၏စာမျက်နှာ ၂၈ နှင့် KHRG မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော၊ "<u>ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဘားအံမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်၍ ရွာသားနှစ်ဦးထိမှန်ဒဏ်ရာရပြီး လူနေအိမ်ပစ္စည်းများပျက်စီးခြင်း (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)</u>" တွင်ကြည့်ပါ။




ဤပုံကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ခေးပူကျေးရွာအုပ်စု၊ ညရ--- စစ်ရှောင်စခန်းတွင် ရိုက်ယူခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မတ်လတွင် SAC တပ်ဖွဲ့များနှင့် KNLA တပ်ဖွဲ့များ ဘူးသို့မြို့နယ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ SAC မှ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ထို့အတွက်ကြောင့် မဲ့ကလောကျေးရွာအုပ်စု၊ သန--- နှင့် သဝ--- ကျေးရွာများမှ ရွာသူရွာသားအများအပြားသည် ဃရ--- စစ်ရှောင်စခန်းသို့ ထွက်ပြေးခဲ့ကြသည်။ ပုံတွင် စစ်ရှောင်စခန်းတွင်းကလေးများ ထုတ်စည်းတိုး ကစားနေကြသည့် ပုံဖြစ်သည်။ 'ထုတ်စည်းတိုး' ကစားနည်းသည် မြေပြင်တွင် အဖွဲ့နှစ်ဖွဲ့မှ ကစားသမားများ ဆွဲထားသည့် မျည်းကြောင်းများမှ တဦးကိုတဦး ပြေးဖြတ်ကစားရသည့်နည်းဖြစ်သည်။ *(ဓာတ်ပုံ- KHRG)*

## (ခ) လူမှုဝန်းကျင်နှင့် လူမှုအသိုက်အဝန်း လူနေမှုဘဝအပေါ် သက်ရောက်မှုများ

ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရွှင်လန်းခြင်းများ ဆုံးရှုံးရခြင်းက ၎င်းတို့၏ လူမှုဆက်ဆံရေးနှင့် လူမှုအသိုက်အဝန်းအတွင်း ပေါင်းစည်းညီညွတ်မှု အပေါ်သို့လည်း သက်ရောက်မှုရှိသည်။ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခကာလအတွင်း ရွာသားများအနေနှင့် လူမှုအသိုက်အဝန်းနှင့်ဆိုင်သည့် စည်းဝေးမှုများ ပြုလုပ်ရန် စီစဉ်ဆုံတွေ့ကြသည့်အခါ အန္တရာယ်ကြီးကြီးမားမား ရင်ဆိုင်ကြရသည်။[43] ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ ဒေသခံ KYO ခေါင်းဆောင်တဦးဖြစ်သည့် စောအက--- က ဒေသတွင်း ပွဲများနှင့် လူထုတွေ့ဆုံပွဲများ ပြုလုပ်ခြင်းအပေါ် ကန့်သတ်တားမြစ်ခြင်းနှင့်ပတ်သက်၍ တင်ပြခဲ့သည်။ *"အခု သူတို့ပျော်ဖို့အချိန်မရှိတော့သလိုပဲ။ [...] ကျွန်တော်တို့က ကိုယ့်ရဲ့ အထူးနေ့ရက်တွေကို ကြောက်ကြောက်နဲ့ ကျင်းပကြရတယ်။ ကျွန်တော်တို့ ကရင်နှစ်သစ်ကူးနေ့တောင် မလုပ်ရဲဘူး။ ကျွန်တော်တို့တွေ လေကြောင်းတိုက်ခိုက်မှုတနေရာရာမှာ ဖြစ်တယ်ဆိုတာကြားတော့ ကျွန်တော်တို့အားလုံးကြောက်တယ်။ ကလေးတွေ [ကစား]ရဲတယ်။ ဒါပေမယ့် ကျွန်တော်တို့က သူတို့အတွက် [ပွဲတော်တွေ] မကျင်းပရဲဘူး။"*

အချို့ကလေးများက ရန်လိုခြင်းနှင့် မိသားစုနှင့် လူမှုအသိုက်အဝန်းအတွင်း လူမှုဆက်ဆံရေးပြုလုပ်မှုမရှိခြင်း အပါအဝင် အနုတ်လက္ခဏာဆောင်သည့် စိတ်ခံစားချက်များနှင့် အမူအကျင့်ပြောင်းလဲမှုများကို တင်ပြခဲ့ကြသည်။ ထိုသို့သော အမူအကျင့်ပြောင်းလဲမှုများက ကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်ခြင်းနှင့် လူမှုပေါင်းသင်းဆက်ဆံရေးတွင် အခက်အခဲများ ကြုံလာစေနိုင်သည်။ မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရာမှ နော်အလ--- က ဤသို့ပြောခဲ့သည်။ *"၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ ကလေးတွေက ကစားခွင့်မရသလို လွတ်လပ်မှုလည်း မရှိတော့ဘူး။ သူတို့လေးတွေရဲ့ ပျော်ရွှင်မှုတွေ ဆုံးရှုံးရတယ်။ တချို့ကလေးတွေက အပြင်မထွက်ပဲ တိတ်တိတ်လေးပဲ နေတော့တယ်။ သူတို့ကို လူတွေစကားပြောရင် စိတ်ဆိုးကြတယ်။ သူတို့ရဲ့ စိတ်ထဲမှာ နာကျင်နေတယ်။ သူတို့က မပျော်ဘူး။ ဒါက သူတို့ရဲ့ကျန်းမာရေးကိုလည်း ထိခိုက်စေတယ်။"*

အစားအသောက်နှင့် အရင်းအမြစ်များကို အချင်းချင်း မျှဝေစားသုံးခြင်း၊ အခြားသူများအား ၎င်းတို့၏ လယ်လုပ်ငန်းတွင်ကူညီပေးခြင်းနှင့် ကလေးများအား လူမှုအသိုက်အဝန်းမှ ထိန်းကူခြင်းက ကရင်လူမျိုး၏ ဓလေ့ဖြစ်သည်။ သို့သော်လည်း လက်ရှိစစ်တပ်၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကြောင့် လူမှုအသိုက်အဝန်း

---

[43] အထက်တွင်ဖော်ပြထားသော KHRG, "<u>အန္တရာယ်အောက်ကျရောက်နေသော ရပ်ရွာလူထုနေရာများ</u>" တွင်ကြည့်ပါ။

အတွင်း ထိုသို့သောဆက်ဆံရေးပုံစံများ ပြောင်းလဲလာပြီး ရွာသားများအနေနှင့် အချင်းချင်း ယခင်လို အကူအညီ ပေးနိုင်ခြင်း မရှိတော့ပါ။ ရိုးရာဓလေ့အရ ကျင်းပသည့် ပွဲတော်များလည်း လျော့ပါးလာပြီး အချို့မှာ အခြားသူများ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ရန်ပင် ကြောက်ရွံ့ကြသည်။

## (ဂ) ဥပဒေအရ တားမြစ်ထားသည့် မူးယစ်ဆေးဝါးများအား ထိတွေ့သုံးစွဲမှု တိုးမြင့်လာခြင်း

၂၀၂၁ ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်အားကောင်းလာသည့်အချိန်မှစ၍ ကလေးများအတွက် မူးယစ်ဆေးဝါးရရှိနိုင်ရန် ပိုမိုလွယ်ကူလာကြောင်း တွေ့လာရသည်။ ရွာသားများက ကရင်လူ့အခွင့်အရေးအဖွဲ့ အား တင်ပြခဲ့သည်မှာ မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကလေးများသည် ဆေးရွက်ကြီး၊ ကွမ်းယာ၊ အရက်နှင့် ‘ယာဘ’ (စိတ်ကြွဆေးပြား) အပါအဝင် အပျော့နှင့်အပြင်းစား မူးယစ်ဆေးဝါးနှစ်မျိုးလုံးကို သုံးစွဲလျက်ရှိသည်။ ကလေးများမှ မူးယစ်ဆေးဝါးများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြောင်း မေးခွန်းဖြေကြားသူ ၂၃ ဦးက ထည့်သွင်းဖော်ပြခဲ့သည်။ တရားမဝင်မူးယစ်ဆေးဝါး ရောင်းချခြင်းသည် အထူးသဖြင့် ဒူးပလာယာနှင့် ဘားအံခရိုင်၊ နယ်စပ်ဒေသများတွင် ဖြစ်ပွားလျက်ရှိပြီး SAC ၏ မဟာမိတ်လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်စပ်မှုရှိကြောင်း ဖော်ပြကြသည်။

ဒူးပလာယာခရိုင်၊ နို့တကောကျေးရွာအုပ်စု၊ ဒဒ--- ကျေးရွာမှ ဒေသတွင်း KYO ခေါင်းဆောင် စောအက--- က ဤသို့တင်ပြခဲ့သည်။ *“မူးယစ်ဆေးဝါးသုံးစွဲမှုက [၂၀၂၁ ခုနှစ်]အာဏာသိမ်းပြီးနောက်ပိုင်းမှာ စတင်ခဲ့တယ်။ မူးယစ်ဆေးဝါးတွေက အဲ့ဒီအချိန်လောက်မှာ ပျံ့လာတယ်။ သူတို့ [မူးယစ်ဆေးဝါးရောင်းသူတွေ]က မူးယစ်ဆေးဝါးကို ပဲလှော်ရောင်းသလိုပဲ ရောင်းကြတယ်။ […]ဒါက ကလေးတွေအတွက် အရမ်းကြီးမားတဲ့ ပြဿနာတစ်ခုဖြစ်လာတယ်။ ဒါကလည်း [ရွာသားတွေကိုသတ်ဖို့အတွက်] ကြိုးစားတဲ့ နည်းလမ်းတစ်ခုပဲ။ ဒါကြောင့် ကျွန်တော်တို့က ကလေးတွေနားလည်အောင် ရှင်းပြဖို့ ကြိုးစားရတယ်။”* ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတ္တလိုက်ကျေးရွာအုပ်စု၊ ဒက--- ကျေးရွာမှ ဆယ်ကျော်သက်တဦးဖြစ်သော စောကတ--- က ဤသို့ဖွင့်ဟခဲ့သည်။ *“ကျွန်တော့အရွယ် လူငယ်တွေက [မူးယစ်ဆေးဝါးသုံးဖို့] စိတ်ပါလွယ်တော့ သူတို့ကို အဲ့ဒါတွေသုံးဖို့ပြောလာရင် သူတို့က သုံးချင်ကြတယ်။ အဲ့ဒါနဲ့ သူတို့တွေပိုပိုသုံးလာတဲ့အခါ စွဲသွားတယ်။”*

ရွာသားများတင်ပြသကဲ့သို့ မူးယစ်ဆေးဝါး အန္တရာယ်သည် ကလေးများနှင့် ၎င်းတို့မိသားစုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပေါင်းသင်းဆက်ဆံရေးအပေါ် သက်ရောက်မှုရှိစေပြီး လူမှုအသိုက်အဝန်းတွင် ရင်းနှီးမှုနှင့် ပေါင်းသင်းဆက်ဆံရေးကို ထိန်းသိမ်းရန် အခက်အခဲဖြစ်စေသည်။ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ ဆယ်ကျော်သက်အမျိုးသမီးငယ်တစ်ဦးဖြစ်သော နော်အလ--- က ဤသို့တင်ပြခဲ့သည်။ *“မတူတာက သူတို့ [မူးယစ်ဆေးဝါးသုံးစွဲသူများက] ကျွန်မတို့နဲ့ စကားပြောတဲ့အခါ စိတ်မရှည်ဘူး။ သူတို့ဦးနှောက်တွေက ကောင်းကောင်းအလုပ်မလုပ်ဘူး။”* ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ဟဇ--- ကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည့် ပဲခူးတိုင်းမှ ဒေါ်နဃ--- က *“မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေက [မူးယစ်ဆေးဝါးကြောင့်] ကျန်းမာရေးအပေါ် ထိခိုက်မှုတွေရှိလာပြီး သူတို့ကပုံမှန်မဟုတ်တော့ဘူး။ သူတို့မှာ စိတ်ကျန်းမာရေး ပြဿနာတွေရှိလာတယ်။ […] လူမှုပေါင်းသင်းဆက်ဆံရေးမှာလည်း ပြဿနာတွေရှိလာတယ်။”*

အလားတူပင် မူတြော်ခရိုင်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာမှ ကျောင်းအုပ်တဦးဖြစ်သည့် နော်အဟ--- က ဤသို့တင်ပြခဲ့သည်။ *“[အသက်မပြည့်သေးတဲ့] မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့ အခြေအနေတွေက လုံးဝမကောင်းတော့ဘူး။ သူတို့က မိသားစုကို ပြဿနာပေးတယ်။ မိဘစကားကိုလည်း နားမထောင်တော့ဘူး။ စာသင်ယူဖို့နဲ့ အလုပ်လုပ်ဖို့ကိုလည်း စိတ်မဝင်စားဘူး။ ကျွန်မတို့ပြောတာကိုလည်း နားမထောင်ချင်ဘူး။ ပြီးတော့ ကျွန်မတို့ကိုလည်း မလေးစားဘူး။ ကျွန်မတို့သိတဲ့အတိုင်း ကလေးငယ်တွေနဲ့ လူငယ်တွေဆိုတာ ကျွန်မတို့နိုင်ငံရဲ့ အင်အားပဲ။ ဒါပေမယ့် သူတို့က ဒီလိုဖြစ်မယ်ဆိုရင်တော့ အသုံးဝင်တော့မှာ မဟုတ်ဘူး။”* ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ခဒ--- ကျေးရွာမှ အသင်းအုပ်ဖြစ်သူ စောယ--- က ဤသို့တင်ပြခဲ့သည်။ *“[ကလေးတွေအပေါ်] သက်ရောက်မယ့် အဓိကဆိုးကျိုးကတော့ သူတို့တွေ မူးယစ်ဆေးဝါးသုံးရင် သူ*

*တို့ရဲ့ ဦးနှောက်တွေ [ကောင်းကောင်း] ဖွံ့ဖြိုးမှာမဟုတ်ဘူး။ [...] သူတို့တွေ စိတ်ဓါတ်ကျလိမ့်မယ်။ ပြီးတော့ ဒါက သူတို့ရဲ့ ကျန်းမာရေးကိုလည်း ထိခိုက်လိမ့်မယ်။ နောက်တစ်ခုကတော့ သူတို့မိသားစုရဲ့ ငွေကြေးအပေါ်မှာ ထိခိုက်မှုရှိလိမ့်မယ်။ တခြားတစ်ခုကတော့ သူတို့မိသားစုရဲ့ ငွေကြေးကိုထိခိုက်မှုရှိတဲ့အတွက် သူတို့ရဲ့ လူမှုအဆင့်အတန်း ကျဆင်းလာလိမ့်မယ်။ ဒါကြောင့် သူတို့တစ်ခုခုလိုအပ်တဲ့အခါ စဉ်းစားတွေးခေါ်နိုင်စွမ်းလည်း ကျဆင်းလာလိမ့်မယ်။ ရလာဒ်အနေနဲ့ ဒါက [မူးယစ်ဆေးဝါးသုံးစွဲခြင်း] သူတို့အတွက် ဖျက်စီးမှုတစ်ခုဖြစ်လာလိမ့်မယ်။”*

## ၄.၄။ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုနှင့် ပြန်လည်ကုစားမှုနည်းလမ်းများ

ကလေးများသည် ကစားရန်၊ ပျော်ရွှင်ရန်နှင့် အိပ်ခြင်းစားခြင်းကဲ့သို့ နေ့စဉ်ဘဝအစိတ်အပိုင်းများတွင် သာယာစွာနေထိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အချို့ရွာသားများက ဖော်ပြခဲ့သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကလေးများသည် လက်နက်ကိုင်ပဋိပက္ခများကြားတွင် နေထိုင်ကြရသော်လည်း ၎င်းတို့၏လူမှုဘဝ သာယာရေးအတွက် နည်းလမ်းများကို ရှာဖွေလုပ်ဆောင်ကြသည်။

အချို့ကလေးများသည် ၎င်းတို့၏ သူငယ်ချင်းများနှင့်အတူ ကစားခြင်း၊ လယ်မြေများတွင် ဆော့ကစားခြင်း၊ ဖုန်းနှင့် ဂိမ်းကစားခြင်းနှင့် လမ်းလျှောက်ခြင်းဖြင့် စိတ်ကျေနပ်မှု ရှာဖွေကြသည်။ အခြားသောကလေးများက ၎င်းတို့၏ပညာရေးနှင့် ပညာသင်ယူနိုင်ခြင်းကို ၎င်းတို့၏ပျော်ရွှင်မှု အရင်းအမြစ်တစ်ခုအဖြစ် မီးမောင်းထိုးပြခဲ့သည်။ အခြားသောကလေးများက ဘုရားကျောင်းတက်ခြင်းနှင့် ၎င်းတို့၏မိသားစုနှင့် အတူတကွ အချိန်ကုန်ခြင်းကို ၎င်းတို့အတွက် နှစ်သိမ့်ရာ၊ ပျော်ရွှင်သာယာမှုအဖြစ် ဖော်ပြခဲ့ကြသည်။ သူငယ်ချင်းများနှင့်အတူ အမဲလိုက်ခြင်း၊ ငါးမျှားခြင်း၊ ဟင်းသီးဟင်းရွက်ရှာဖွေခြင်းများကိုလည်း မေးခွန်းဖြေကြားသူများက ဖော်ပြခဲ့သည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဘတ--- ကျေးရွာမှ မိခင်တစ်ဦးဖြစ်သော နော်ခ--- က တစ်ပတ် နှစ်ပတ်ခန့် ၎င်းတို့ကျေးရွာအပေါ်တွင် လေယာဉ်မပျံသန်းသည့်အခါ ကလေးများ၏ အခြေအနေကို ဤသို့ဖော်ပြခဲ့သည်။ *“လေယာဉ်မလာရင် သူတို့က ပျော်ပြီးတော့ လျှောက်သွားကြတယ်။ သူတို့က ပျော်နေကြတယ်။ ကျွန်မတို့က သူတို့ကိုမေးတယ်။ ‘မင်းတို့တွေအရမ်းပျော်ပြီး လျှောက်သွား ကစားနေကြတာ မင်းတို့လွတ်လပ်ရေးရပြီလို့ ထင်နေတာလား။ ကျွန်မတို့ သူတို့အတွက် စိုးရိမ်ပေမယ့် သူတို့က အရမ်းပျော်နေတယ်။ တကယ်လို့ သူတို့ [လေယာဉ်အသံ] တပတ် နှစ်ပတ်လောက် ပျောက်သွားရင် သူတို့က လေယာဉ်မလာတော့ဘူးလို့ ထင်နေလိမ့်မယ်။”*

ခြုံငုံကြည့်ပါက သူငယ်ချင်းများနှင့် အချိန်ကုန်ဆုံးခြင်းနှင့် လူမှုပေါင်းသင်းဆက်ဆံရေးများတွင် ပါဝင်ခြင်းက ၎င်းတို့အား ပျော်ရွှင်စေကြောင်း ကလေးများ တင်ပြခဲ့သည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ခအ--- ကျေးရွာတွင် အဖွဲ့လိုက်ဆွေးနွေးမှု၌ ပါဝင်ခဲ့သည့် အမျိုးသမီးငယ်တဦးက သူမအနေနှင့် ဘုရားကျောင်းသွားသည့်အခါတိုင်း သူငယ်ချင်းများနှင့် သီချင်းကျင့်ခြင်း၊ ကခုန်ခြင်း၊ သူမအား နှစ်သိမ့်စေသည့် တရားစကားသစ်များနှင့် သီချင်းသစ်များ သင်ယူရခြင်းကြောင့် ပျော်ရွှင်ကြောင်း ရှင်းပြခဲ့သည်။ အလားတူပင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ အကျူးကျေးရွာအုပ်စု၊ အမ--- ကျေးရွာမှ နေရပ်ရွှေ့ပြောင်း နေထိုင်သူ ဆယ်ကျော်သက် အမျိုးသမီးငယ်တစ်ဦးဖြစ်သည့် နော်ကလ--- က ဤသို့ပြောခဲ့သည်။ *“ကျွန်မ သူငယ်ချင်းတွေနဲ့ စကားပြောရတဲ့အခါ ကျွန်မပျော်တယ်။ [...] ကျွန်မတို့ ပျော်စရာအကြောင်းတွေ ဟာသတွေပြောကြတယ်။ ကျွန်မတို့တခါတလေ အပြင်ထွက်ပြီး မုန့်ဝယ်စားကြတယ်။”* ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တခကလို ကျေးရွာအုပ်စု၊ ဃအ--- ကျေးရွာမှ အသက် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးဖြစ်သည့် နော်နက--- က ပျော်ရွှင်မှုနှင့်ပတ်သက်၍ ဤသို့ဖွင့်ဟခဲ့သည်။ *“ကျွန်မကျောင်းသွားပြီး စာသင်ယူနိုင်တယ်ဆိုရင် ကျွန်မပျော်တယ်။ [...] ကျွန်မက တနင်္ဂနွေနေ့ [ဘုရားကျောင်းမှာ] ဒါမှမဟုတ် ဖျော်ဖြေပွဲတွေမှာ ကတယ်။”*

မိဘများ၊ ဆရာများ၊ ဒေသတွင်းခေါင်းဆောင်များ၊ KWO အဖွဲ့ဝင်များ၊ သူငယ်ချင်းများနှင့် ကလေးများကိုယ်တိုင် အချင်းချင်းအားပေးခြင်းဖြင့် ကူညီကြသည်။ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ကော်သေးဒဲကျေးရွာအုပ်စု၊ ခဥ--- ကျေးရွာမှ မိခင်တစ်ဦးဖြစ်သော နော်အဃ--- က ဤသို့ပြောခဲ့သည်။ *“ကျွန်မသူတို့ကို အားပေးဖို့ ကြိုးစားတယ်။*

*သူတို့ကို လမ်းမှန်ကိုပြနိုင်ဖို့ ကြိုးစားတယ်။ သူတို့ကို ကောင်းတဲ့သူ၊ ဘာသာတရားကိုင်းရှိုင်းတဲ့သူဖြစ်ဖို့ သင်ပေးတယ်။”* မူတြော်ခရိုင်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ ဆယ်ကျော်သက်တဦးဖြစ်သော စောကယ--- က ဤသို့သက်သေခံခဲ့သည်။ *“ကျွန်တော်တို့ ဝမ်းနည်းတဲ့အခါ ကျွန်တော်တို့ ကျောင်းကိုရောက်ရင် ဆရာမက နှစ်သိမ့်ခွန်အားပေးတယ်။ အိမ်မှာဆို မိဘတွေကအားပေးတော့ ကျွန်တော်တို့ပျော်တယ်။”* ကျေးရွာများတွင် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများကို အမျိုးသမီးများက အဓိကပေးသည်။ လုံခြုံမှုရှိပါက ကလေးများအား လူမှုအသိုက်အဝန်း၏ လှုပ်ရှားမှုများတွင် ပါဝင်ရန် လူကြီးများက တိုက်တွန်းကြသည်။ ဒဂ--- ကျေးရွာမှ မိခင်တစ်ဦးလည်းဖြစ်၊ ကျောင်းဆရာမလည်းဖြစ်သူ နော်အမ--- က ဤသို့ပြောခဲ့သည်။ *“ကျွန်မတို့က [SAC မှ] လက်နက်ကြီးပစ်ခတ်မှုတွေပြီးတဲ့နောက်မှာ ဒါ [ဖျော်ဖြေပွဲ]ကို အတူတူပြန်ပြီး စီစဉ်ဖို့ သူတို့ကို အားပေးတယ်။ သူတို့ကို အားပေးစကားပြောရတယ်။ သူတို့ကိုခြိမ်းခြောက်မှု [အန္တရာယ်တွေ]အကြောင်းပဲပြောရင် သူတို့ [ကြောက်စိတ်က] ပိုဆိုးလာလိမ့်မယ်။ သူတို့ကို ကျွန်မတို့က ‘အဆင်ပြေတယ်၊ မကြောက်နဲ့၊ ဘာလို့လဲဆိုတော့ ငါတို့မှာ ဖုံးခိုကျင်းတွေရှိတယ်။’ လို့ ပြောရတယ်။”*

ကလေးတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုအားသာချက်များကိုလည်း စိန်ခေါ်မှုများအား ကျော်ဖြတ်ရာတွင် အရေးကြီးသောအချက်အဖြစ် ဖော်ပြထားသည်။ ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ဝကကျေးရွာအုပ်စု၊ ခခ--- ကျေးရွာမှ ဆယ်ကျော်သက်တဦးဖြစ်သော စောကင--- က ဤသို့ပြောခဲ့သည်။ *“ဒါက [ပဋိပက္ခ] ကျွန်တော့်အပေါ် သက်ရောက်မှုရှိတယ်။ ကျွန်တော် စိတ်ဓါတ်ကျတယ်။ ဒါပေမယ့် ကျွန်တော်စိတ်ကို ပြန်တင်းထားရတယ်။ ဒါပေမယ့်လည်း ဒါကကျွန်တော့်ကို နာကျင်စေတယ် [ဝမ်းနည်းစေတယ်]။”*

သို့သော်ငြားလည်း ကလေးများအနေနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ခိုက်မှုများ သို့မဟုတ် အကြမ်းဖက်မှုမရှိသည့် လုံခြုံသည့်ရပ်ဝန်းတွင် နေမှသာလျှင် ၎င်းတို့၏ အခြေခံအခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်သည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဃဥ--- ကျေးရွာမှ မိခင်တစ်ဦးဖြစ်သော နော်ကထ--- က ခြိမ်းခြောက်မှု၊ ပေါက်ကွဲမှုများနှင့် စစ်တပ်အသံများ မကြားသည့်အချိန်များတွင် ကလေးများ ကျောင်းသွားရသည့်အခါ ၎င်းတို့အနေနှင့် အလွန်ပျော်ပုံရကြောင်း ပြောခဲ့သည်။ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ ဆယ်ကျော်သက်အမျိုးသမီးငယ် နော်အလ--- က ဤသို့ရှင်းပြခဲ့သည်။ *“စစ်တပ်ရဲ့လေယာဉ် မလာတဲ့အခါ ကလေးတွေက ပျော်ပျော်ရွှင်ရွှင်ကစားကြရတယ်။ လေကြောင်းတိုက်ခိုက်မှုနဲ့ လက်နက်ကြီးတိုက်ခိုက်မှုတွေ ရှိရင်တော့ ကလေးတွေရဲ့ပျော်ရွှင်မှုတွေ ပျောက်ဆုံးရတယ်။”* KNU ထိန်းချုပ်သည့် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ပိုရေးကျေးရွာအုပ်စု၊ ခက--- ကျေးရွာမှ အခြားသော ဆယ်ကျော်သက် မိန်းကလေးငယ်တစ်ဦးဖြစ်သော နော်တ--- က *“ကျွန်မတို့မှာ လုံခြုံမှုရှိပြီ။ ဘာကြောင့်လဲဆိုတော့ ဗမာစစ်စခန်းတွေ မရှိတော့ဘူး။ ကျွန်မတို့ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ပြီ။ ကျွန်မတို့ကို ကြောက်လန့်အောင်လုပ်မယ့်အရာ ဘာမှမရှိတော့ဘူး။”*




ဤပုံကို ၂၀၂၅ ခုနှစ်၊ မေလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ကလေးများ KHRG နှင့် အုပ်စုဖွဲ့ဆွေးနွေးမှုမတိုင်မီ ကစားနေသည့်ပုံဖြစ်သည်။ ကစားနည်းတွင် ကခုန်ခြင်းနှင့် သီချင်းဆိုခြင်းတို့ ပါဝင်သည်။ ကလေးများသည် ဘရ--- ကျေးရွာမှ မူလတန်း ကျောင်းသူ၊ကျောင်းသားဖြစ်သည်။ *(ဓါတ်ပုံ- KHRG)*




ဤပုံကို ၂၀၂၅ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နီ့တကော မြို့နယ်၊ နီ့တကောကျေးရွာအုပ်စု၊ ဒဒ--- ကျေးရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံတွင် KHRG နှင့် အုပ်စုဖွဲ့ဆွေးနွေးမှုတွင် ပါဝင်ခဲ့သည့် ယောက်ျားလေး ခြောက်ဦး စုပေါင်းရေးဆွဲထားသည့် ပုံဖြစ်သည်။ ပုံတွင် ကလေးများက စာသင်ကျောင်း၊ နေအိမ်များ၊ တောင်၊ ရေတံခွန်နှင့် ခြင်းလုံးကွင်း၊ ဘောလုံးကွင်းများပါဝင်သည့် ၎င်းတို့နေလိုသော ကျေးရွာပုံအား ပုံဖော်ရေးဆွဲထားသည်။ အဖွဲ့လိုက်ဆွေးနွေးမှုထဲမှ အမျိုးသားငယ်တစ်ဦးက ၎င်းတို့ကျေးရွာအား ကင်းထောက်နေသောရဟတ်ယာဉ်ပုံကိုရေးဆွဲထားပြီး ၎င်းတို့ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုကို မလိုချင်ကြောင်း ဖော်ပြခဲ့သည်။ ၎င်းတို့အနေနှင့် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုကင်းသည့် ကျေးရွာတွင် နေထိုင်လိုကြောင်း ကလေးများက ဖော်ပြခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

# အခန်း ၅။ ကလေးများအပေါ် အကြမ်းဖက်ကျူးလွန်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကလေးများသည် ၎င်းတို့အတွက် အသက်အန္တရာယ်ရှိသော၊ ဂုဏ်သိက္ခာကျဆင်းစေသော၊ အနာဂတ်အားရိုက်ချိုးနေသည့် အကြမ်းဖက်ချိုးဖောက်မှုများကို ဆက်လက်ရင်ဆိုင်နေကြရသည်။ ၎င်းတို့သည် လူမှုဖူလုံရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအခွင့်အလမ်းများ မရရှိနိုင်သည်သာမက သတ်ဖြတ်ခြင်း၊ ခြေလက်အင်္ဂါဆုံးရှုံးခြင်း၊ တရားလက်လွတ်ဖမ်းဆီးခြင်း၊ အတင်းအဓမ္မနေရပ်ရွှေ့ပြောင်းနေစေခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အဓမ္မတပ်သားစုဆောင်းခြင်းနှင့် အခြားသောလက်နက်ကိုင်တပ်ဖွဲ့များ၏ချိုးဖောက်မှုများကိုလည်း ရင်ဆိုင်ကြရသည်။ ဤချိုးဖောက်မှုများသည် လက်နက်ကိုင်ပဋိပက္ခများနှင့် အမြစ်တွယ်လျက်ရှိသောပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိခြင်းများကြောင့် ဖြစ်ပွားနေရခြင်းဖြစ်သည်။ SAC လက်နက်ကိုင်တပ်ဖွဲ့များ၏လက်နက်ကြီးများအား အရပ်သားများနေထိုင်ရာ နေရာများသို့ ကျယ်ကျယ်ပြန့်ပြန့် မဆင်မခြင် အသုံးပြုခြင်းက ကလေးများအပေါ် ဆိုးရွားသည့်ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖြစ်ပေါ်စေသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလနှင့် ၂၀၂၅ ခုနှစ်၊ ဇွန်လကြားတွင် အကြမ်းဖက်ကျူးလွန်မှုများကြောင့် အနည်းဆုံး ကလေး ၃၀ ဦး သေဆုံးခဲ့ပြီး ၁၀၅ ဦး ဒဏ်ရာရရှိခဲ့သည်။[44] အဖြစ်အပျက်အများစုမှာ SAC တပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းကို ခံရသည့်အချိန်တွင် ဖြစ်ပျက်ခဲ့ပြီး အထူးသဖြင့် လက်နက်ကြီးပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်ခြင်းနှင့် မြေမြှုပ်မိုင်း သို့မဟုတ် မပေါက်ကွဲသေးသည့် ခဲယမ်းလက်နက်များ အသုံးပြုခြင်းများကြောင့် ဖြစ်သည်။ မြင်ကွင်းသို့ ဝင်လျှင်ပစ်သည့် စနစ်ကြောင့်လည်း ကလေးများအသက်သေဆုံးကြရသည်။ SAC မှ ကလေးများအပေါ် စစ်မှုမထမ်းမနေရဥပဒေကျင့်သုံးပြီး တပ်ထဲဝင်ရန်လုပ်ဆောင်နေကြသည့်အချိန်တွင် တော်လှန်ရေးတပ်ဖွဲ့များကလည်း အရွယ်မရောက်သေးသောကလေးများအား အသုံးပြုလျက်ရှိသည်။ ဖြစ်ရပ်အများအပြားကို SAC မှ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ဖြစ်ရပ်အနည်းငယ်မှာ အမည်မသိရသောအဖွဲ့များ သို့မဟုတ် တော်လှန်ရေးအဖွဲ့များမှ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ဤချိုးဖောက်မှုများက ကလေးများအား အန္တရာယ်တွင်းသို့ပို့နေခြင်း၊ ပြည်သူများ၏နေရာများအား စစ်ရေးပစ်မှတ်နေရာများအဖြစ် အသုံးပြုခြင်းနှင့် ကလေးများအား တိုက်ရိုက်ထိခိုက်စေနိုင်သည့် SAC ၏ လုပ်ရပ်များကိုထင်ဟပ်နေသည်။ ဤသို့လုပ်ဆောင်မှုများကြားတွင် ကလေးများသည် အကြမ်းဖက်မှုများအား ရင်ဆိုင်ရသည့်အခါ ၎င်းတို့ကိုယ်ကိုကာကွယ်ရန် လူမှုအသိုက်အဝန်းနှင့်အတူကြိုးပမ်းမှုများမှ ၎င်းတို့၏ကြံ့ကြံ့ခံနိုင်မှုများကို အထင်အရှားတွေ့မြင်နိုင်သည်။

ဤအခန်းတွင် ကလေးများအားသတ်ဖြတ်ခြင်းနှင့် ဒဏ်ရာရစေသည့်အကြောင်းအရင်းများကို အခန်းငယ် (၅.၁) တွင် (က) လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ (ခ) မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများ၊ (ဂ) ပစ်ခတ်ခြင်းများအား ရှာဖွေဖော်ထုတ်ထားသည်။ ထို့နောက် ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ အဓမ္မအစဖျောက်ပစ်ခြင်းနှင့် ဖမ်းဆီးခံရချိန်တွင်ဖြစ်ပေါ်လာသည့်အခြားသော အကြမ်းဖက်မှုများကို အခန်းငယ် (၅.၂) တွင် တင်ပြထားပြီး ကလေးများအနေနှင့် ဤကဲ့သို့မညှာမတာ ရက်စက်မှုများတွင် မည်သို့ပစ်မှတ်ထားခံရကြောင်းကိုလည်း ဖော်ပြထားသည်။ ထို့နောက်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အခန်းငယ် (၅.၃) တွင်ဖော်ပြပြီး လက်နက်ကိုင်တပ်ဖွဲ့များမှ ကလေးတပ်သားစုဆောင်း ခြင်းအကြောင်းကို အခန်းငယ် (၅.၄) တွင် ဆက်လက်တင်ပြထားသည်။ နောက်ဆုံးအခန်းငယ် (၅.၅)တွင် ဤသို့ဆက်လက်ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများအားတုန့်ပြန်ရန် ကလေးများအသုံးပြုသည့်နည်းဗျူဟာများနှင့် ပြန်လည်ကုစားမှုနည်းလမ်းများကို မီးမောင်းထိုး ဖော်ပြထားသည်။

---

44 (၂၀၂၄ ခုနှစ် ဇန်နဝါရီလ - ၂၀၂၅ ခုနှစ် ဇွန်လ) အတွင်းရရှိသည့် သတင်းအချက်အလက်များအရ SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ကလေး ၁၈ ဦး၊ ပစ်ခတ်မှုကြောင့် ကလေးသုံးဦး၊ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့်လက်နက်များ ပေါက်ကွဲမှုကြောင့် ကလေးသုံးဦးသေဆုံးခဲ့သည်။ ထို့အပြင် SAC ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေး ၄၉ ဦး၊ SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေး ၂၆ ဦး၊ ဒရုန်းတိုက်ခိုက်မှုကြောင့် ကလေး ၁၂ ဦး၊ ပစ်ခတ်မှုကြောင့် ကလေး ၂ ဦးနှင့် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့်လက်နက်များပေါက်ကွဲ မှုကြောင့် ကလေး ၆ ဦး ဒဏ်ရာရခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့များသည် ဖမ်းဆီးထိန်းသိမ်းထားချိန်တွင် ကလေးသုံးဦးအားအကြမ်းဖက်ခဲ့ပြီး ကလေးတစ်ဦးကို မုဒိန်းကျင့်ခဲ့သည်။

## ၅.၁။ ကလေးများအား သတ်ဖြတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိစေခြင်း

ကလေးများသည် ၎င်းတို့၏ကျေးရွာများအား SAC လက်နက်ကိုင်တပ်များ၏တိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းများ ဆက်လက်ခံစားရလျက်ရှိသည်။ ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်၏ခရိုင် (၇) ခုလုံးတွင် နေ့စဉ်လုပ်ရိုးလုပ်စဉ်များဆောင်ရွက်နေစဉ် ကလေးများထိခိုက်ခြင်းများ ပါဝင်သည့်ဖြစ်ရပ်များအား မှတ်တမ်းတင်ထားလျက်ရှိသည်။ KHRG မှ ရရှိခဲ့သည့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကလေးများထိခိုက်မှုနှင့်ပတ်သက်၍ တင်ပြထားသည့်မှတ်တမ်းများတွင် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ် (၈၅) ခု၊ လေကြောင်းနှင့် ဒရုန်းပစ်ခတ်မှုဖြစ်စဉ် (၁၂) ခုနှင့် မြေမြှုပ်မိုင်း သို့မဟုတ် မပေါက်ကွဲသေးသည့်လက်နက်များနှင့်ပတ်သက်သောဖြစ်စဉ် (၁၁) ခု ပါဝင်သည်။ ရွာသားများမှ ထိခိုက်မှုများ အားလျော့ပါးစေရန် ကာကွယ်ခုခံရေးနည်းလမ်းများကို အသုံးပြုကြသည့်အတွက် ဤတင်ပြချက်များတွင် ကလေးများထိခိုက်သေကြေခြင်းနှင့်ပတ်သက်၍ အားလုံးပါဝင်နေခြင်းမဟုတ်ပါ။ သို့သော်လည်း ဤဖြစ်ရပ်များသည် ကလေးများအပေါ်အလွန်အသက်အန္တရာယ်ရှိစေနိုင်သည့်ဖြစ်ရပ်များဖြစ်သည်။ ဤတိုက်ခိုက်မှု များသည် များသောအားဖြင့် ခွဲခြားသတ်မှတ်ချိုးဖောက်ခြင်းမဟုတ်ပါ။ ဤတိုက်ခိုက်မှုများသည် ကျေးရွာများအပေါ် ကြိုတင်သတိပေးခြင်းမရှိပဲ နေ့ညမရွေး တိုက်ခိုက်ခြင်းဖြစ်သည်။ အချို့သောဖြစ်ရပ်များတွင် တိုက်ခိုက်မှုများမှာ ရွာသားများအားအဓိကပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။ ပစ်ခတ်မှုအများအပြားသည် တိုက်ပွဲမရှိပဲပစ်ခတ်ခြင်းများဖြစ်သည်။ ထို့အပြင် မြင်ကွင်းထဲဝင်သည်နှင့်ပစ်ခတ်သည့်ဖြစ်ရပ်များတွင် ကလေးများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများနှင့် ပတ်သက်၍လည်း မှတ်တမ်းတင်ထားသည်။

ကလေးများအား ၎င်းတို့၏နေအိမ်များ၊ ကျောင်းများ၊ လယ်ကွင်းများနှင့် ဝတ်ပြုရာနေရာများတွင် သေစေနိုင်လောက်သည့်အကြမ်းဖက်မှုကျူးလွန်ခြင်းများကို ထပ်ခါတလဲလဲကြုံတွေ့ခဲ့ကြရသည်။ KHRG မှ ရရှိသည့် အစီရင်ခံစာများအရ ကလေးများအား အဓိကထိခိုက်ဒဏ်ရာရစေသော အဓိကအကြောင်းရင်းမှာ လက်နက်ကြီးပစ်ခတ်မှုဖြစ်ပြီး လေကြောင်းတိုက်ခိုက်မှုများမှာ ကလေးများအားသေဆုံးစေသည့် အကြောင်းရင်းဖြစ်သည်။ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းများပေါက်ကွဲခြင်းနှင့် မြင်ကွင်းသို့ဝင်လျှင် ပစ်ခတ်ခြင်းများကဆက်လက်ဖြစ်ပွားလျက်ရှိပြီး ကလေးများအား ထိခိုက်စေလျက်ရှိသည်။ မှတ်တမ်းတင်ရရှိထားသည့် ဖြစ်ရပ်အားလုံးနီးပါးသည် SAC လက်နက်ကိုင်တပ်ဖွဲ့များမှ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။[45] ဤသို့တိုက်ခိုက်မှုများသည် ကလေးများအားမသန်စွမ်းမှု၊ စိတ်တုန်လှုပ်ခြောက်ခြားမှုများကို တဘဝလုံးခံစားရစေခြင်း သို့မဟုတ် ၎င်းတို့၏မိဘသို့မဟုတ် စောင့်ရှောက်သူများအားဆုံးရှုံးခြင်းကို ခံစားရစေသည်။

### (က) လေကြောင်းတိုက်ခိုက်မှုများနှင့် ကျေးရွာများအပေါ် လက်နက်ကြီးပစ်ခတ်မှုများ

SAC တပ်များ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများအပေါ် အဆက်မပြတ်ကျရောက်လျက်ရှိပြီး ကလေးများအား သေဆုံးဒဏ်ရာရခြင်းများကို မပြတ်ဖြစ်ပေါ်စေသည်။ လက်နက်ကြီးပစ်ခတ်မှုသည် အနည်းဆုံးမိန်းကလေး ၃ ဦးအပါအဝင် ကလေးငယ် ၁ဝ ဦးအားသေဆုံးစေခဲ့ပြီး အနည်းဆုံး မိန်းကလေး ၂၄ ဦး အပါအဝင် ကလေးငယ် ၅၂ ဦးအားထိခိုက်ဒဏ်ရာရစေခဲ့သည်။ SAC ၏လေကြောင်းတိုက်ခိုက်မှုများနှင့် ဒရုန်းတိုက်ခိုက်မှုများသည် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်စေပြီး အနည်းဆုံးမိန်းကလေး ၈ ဦးအပါအဝင် ကလေးငယ် ၁၃ ဦးအားသေဆုံးစေခဲ့ပြီး အနည်းဆုံး မိန်းကလေး ၁၈ ဦးအပါအဝင် ကလေးငယ် ၃၈ ဦးအားဒဏ်ရာရစေခဲ့သည်။[46] ကျေးရွာများအတွင်းနှင့် လူမှုဝန်းကျင်များတွင်ဖြစ်ပွားခဲ့သောဖြစ်ရပ်များသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်ကြသော ကလေးများအနေနှင့် SAC ၏သေစေနိုင်လောက်သောတိုက်ခိုက်မှုများကိုခံစားရစေနိုင်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ ချက်ခြင်းသေဆုံးခြင်း

[45] မြေမြှုပ်မိုင်းပေါက်ကွဲမှုတစ်ခုမှာ PDF များ ထောင်သည့်မိုင်းဖြစ်ပြီး အခြားလေးခုမှ မည်သူထောင်သည့်မိုင်းဖြစ်ကြောင်း မသိရပါ။

[46] KHRG အနေနှင့် SAC ၏လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့်အသက် ၁၃ နှစ်အရွယ် ကလေးငယ်၏ ကျား/မ ဖြစ်တည်မှုကို စစ်ဆေးအတည်ပြုနိုင်ခြင်းမရှိသေးပါ။

နှင့် ထိခိုက်ဒဏ်ရာရခြင်းများအပြင် အမြှောက်ကျည်ဆံများကြောင့် ထိခိုက်ဒဏ်ရာရခြင်းများကလည်း ကလေးငယ်များအားခြေလက်ဖြတ်တောက်ရသည့်အတွက် နာတာရှည်ခံစားရခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာအခက်အခဲများ စသည့်ရေရှည်သက်ရောက်မှုများ ဖြစ်စေနိုင်သည်။

အနီးအနားတွင် တိုက်ပွဲများဖြစ်ပွားခြင်းမရှိသော်လည်း ကလေးအများအပြား သေဆုံးဒဏ်ရာရခဲ့ကြရသည်။[47] ဥပမာအားဖြင့် ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ခလယ်လွှီထူခရိုင်၊ မူးမြို့နယ်၊ ထွာနီကိုးဒေသ၊ ညဗ--- ကျေးရွာအနီးတွင် မည်သည့်တိုက်ပွဲမှမဖြစ်သော်လည်း SAC မှ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အသက်ကိုးနှစ်အရွယ် စောကစျ--- သည် ၎င်း၏တဲအနီးအနားတွင်ထင်းခွေနေစဉ် လက်နက်ကြီး ဦးခေါင်းသို့ ထိမှန်ခဲ့ပြီးများမကြာမီ ဆေးရုံတွင် သေဆုံးသွားခဲ့သည်။ သူ၏အမဖြစ်သူ အသက် ၁၁ နှစ်အရွယ် နော်ကယ--- သည် သူမ၏နောက်ကျော၊ တင်ပါးနှင့် ပေါင်များတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သူမအနေနှင့် နာကျင်မှုများ ခံစားရကာ လမ်းလျှောက်ရန်အခက်အခဲရှိခဲ့သည်။ မိခင်ဖြစ်သူ နော်ကဇ--- လည်း ဒဏ်ရာရခဲ့သည်။ ကလေးများ၏ဖခင်ဖြစ်သူပြောကြားချက်အရ နော်ကယ--- သည် ယခုအချိန်တွင် လမ်းလျှောက်သည့်အခါ ထော့နင်းထော့နင်းဖြစ်သည့်အတွက် သူမကိုယ်သူမယုံကြည်မှုပျောက်ဆုံးလျက်ရှိသည်။ မိခင်ဖြစ်သူမှာ သားဖြစ်သူသေဆုံးခြင်းအတွက် နေ့စဉ်ငိုကြွေးလျက်ရှိသည်။



ဤပုံကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ကောကုကျေးရွာအုပ်စု၊ ဃထ--- ကျေးရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့က SAC ၏လက်နက် ကြီးပစ်ခတ်မှုကြောင့် ဒဏ်ရာရခဲ့သော အသက်ကိုးနှစ်အရွယ် အမျိုးသမီးငယ်လေး၏ ပုံဖြစ်သည်။ သူမ၏ ဦးခေါင်းနှင့် လက်များ တွင်ဒဏ်ရာရခဲ့သည်။ နောက်ပိုင်းတွင် သူမအား (ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်) သပ--- ဆေးခန်းသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ဆေးရုံဆင်းပြီး နောက်တွင်လည်း ရက်ချိန်းများ အကြိမ်ပေါင်းများစွာ ပြသခဲ့ရသည်။
*(ဓာတ်ပုံ- ဒေသခံခေါင်းဆောင်တဦး)*

ကလေးများ နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေစဉ်အချိန်တွင်လည်း ထိခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် SAC ၏ လက်နက်ကြီးပစ်ခတ်မှုသည် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ယောကုကျေးရွာအုပ်စု၊ အဌ--- ကျေးရွာသို့ ညနေ ၃ နာရီခွဲအချိန်ခန့်တွင်ကျရောက်ခဲ့ပြီး အသက် ၉ နှစ်အရွယ်

47 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော၊ “တောအူးခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ထောတထူမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားလေးဦးသေဆုံးပြီး (၁၅) နှစ်အရွယ်ကလေးတစ်ဦးအပါအဝင် နှစ်ဦးဒဏ်ရာရရှိ (၂၀၂၄ ခုနှစ်၊ မေလ)” တွင်ကြည့်ပါ။

ရွှေ့ပြောင်းနေထိုင်သူ နော်လယ--- အားထိမှန်ကာ ပြင်းထန်ဒဏ်ရာရရှိစေခဲ့သည်။ သူမသည် ရေတွင်းမှရေချိုးပြီးအပြန် အနီးအနားတွင် လက်နက်ကြီးကျခဲ့ခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုက သူမ၏ညာလက်အား လုံးဝပြတ်ထွက်စေခဲ့သည်။ သူမအား ဆေးခန်းသို့အရေးပေါ်ပို့ဆောင်ခဲ့ရကြောင်း ရွာသားများက ရှင်းပြခဲ့သည်။ ထိုရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏ အုပ်ချုပ်ရေးမှူးဖြစ်သည့် ဒေါ်လအ--- က ဤသို့ ပြန်ပြောင်းပြောပြခဲ့သည်။ *"ပေါက်ကွဲမှုက အရမ်းကျယ်လို့ ကျွန်မနားထဲတောင် လေတွေဝင်တယ်။ ကလေးက အကူအညီတောင်းတဲ့အချိန် ကျွန်မကောင်းကောင်းမကြားရဘူး။ အသံက အရမ်းဝေးလွန်းတယ်။"*

တိုက်ခိုက်မှုများသည် လူထုစုဝေးသည့်အချိန်တွင်လည်း ဖြစ်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် မုန်းအထူးဒေသ၊ ပယလဟ ကျေးရွာအုပ်စု၊ ညဈ--- ကျေးရွာတွင် လက်ထပ်မင်္ဂလာပွဲကျင်းပနေစဉ် SAC မှ ကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခဲ့သည်။ လက်နက်ကျည်ဆံများသည် မိသားစုတစ်စု၏ နေအိမ်အပေါ်ကျရောက်ခဲ့ပြီး အသက် ၁၅ နှစ်အရွယ် မောင်လဘ--- နှင့် အသက် ၈ နှစ်အရွယ် ၎င်း၏ ဝမ်းကွဲတဦးအပြင် သူ၏မိခင်၊ အဒေါ်နှင့် အဖွားဖြစ်သူတို့ သေဆုံးခဲ့သည်။ သူ၏ညီဖြစ်သူ အသက် ၁၂ နှစ်အရွယ် မောင်လခ--- က အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။ ခွဲစိတ်မှုများအကြိမ်ပေါင်းများစွာ ပြုလုပ်ပြီးသည့်နောက်တွင် ခြေထောက်အားဖြတ်တောက်ခဲ့ပြီး သူ၏ပုခုံးမှ ဒဏ်ရာကြောင့်လက်မောင်းများ မလှုပ်ရှားနိုင်သဖြင့် ရေရှည်မသန်စွမ်းတဦး ဖြစ်စေခဲ့သည်။ သူကဤသို့ရှင်းပြခဲ့သည်။ *"ကျွန်တော် လက်နက်ကြီးအသံကြားတော့ အရမ်းကြောက်တယ်။ [...] ကျွန်တော့်ခြေထောက် ဖြတ်လိုက်ရတယ်။ [...] ကျွန်တော် အပျော်ဆုံးအချိန်ကတော့ ကျွန်တော့်မိသားစုအားလုံးနဲ့အတူတူနေခဲ့တဲ့အချိန်ပဲ။ [...] ကျွန်တော့်အမေနဲ့ အဒေါ်ဆုံးသွားတော့ ကျွန်တော်ဝမ်းနည်းတယ်။"* သူ၏ဖခင်ဖြစ်သူ ဦးလဒ--- က ဤသို့ မီးမောင်းထိုးပြခဲ့သည်။ *"သူ့ရဲ့ခြေထောက် တွေလက်တွေကမကောင်းတော့ဘူးဆိုတော့ တခြားကလေးတွေက သူ့ကိုစောင့်ရှောက်တယ်။ ခင်လည်း ခင်ကြတယ်။"* ရွာသားများက ဤတိုက်ခိုက်မှုအား SAC မှ ကျူးလွန်ခဲ့သည်ဟု ယုံကြည်ကြသည်။

ကလေးများသည် နေအိမ်များအတွင်းနှင့် သာသနာဝန်းများတွင်လည်း ထိခိုက်ဒဏ်ရာရခဲ့ကြသည်။[48] ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် မူးမြို့နယ်၊ တောင်လိုင်ကျေးရွာအုပ်စု၊ ညယ--- ကျေးရွာတွင် စခန်းချသည့် SAC ၏ ခမရ အမှတ် ၅၉၀ နှင့် ခမရ အမှတ် ၅၉၉ တို့မှ တပ်သားများက ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ မူးကျေးရွာအုပ်စု၊ ညဇ--- ကျေးရွာသို့ လက်နက်ကြီးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးသည် မောင်လည--- နှင့် မလဖ--- တို့၏ နေအိမ်အပေါ် ကျရောက်ခဲ့ပြီး နှစ်ဦးလုံးသေဆုံးခဲ့သည်။ ၎င်းတို့၏ ကလေးသုံးဦးဖြစ်သည့် မလဂ--- (အသက် ၁၆ နှစ်)၊ မလဟ--- (အသက် ၈ နှစ်)နှင့် မောင်လင--- (အသက် ၂ နှစ်) တို့လည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ ၎င်းတို့အားလုံး လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရခဲ့ကြပြီး ဆေးဝါးကုသမှုခံယူရန် လိုအပ်ခဲ့ကြသည်။ အငယ်နှစ်ဦးမှာ တောင်ငူမြို့ (တောအူးခရိုင်) ဆေးရုံတွင် ဆေးရုံတင်ခဲ့ပြီး မလဂ--- မှာ ဂအ--- ဆေးခန်း (CDM များဖွင့်ထားသည့် ကိုယ်ထူကိုယ်ထဆေးခန်း) တွင် ကုသမှုခံယူခဲ့သည်။ မည်သည့် ထောက်ပံ့ခြင်းမှမရှိသည့်အတွက် ကလေးများ၏ ဆွေမျိုးသားချင်းများမှ ဆေးကုသမှုကုန်ကျစရိတ်များ ကျခံခဲ့ရသည်။ ဒေသခံရွာသားများက ထိုလက်နက်ကြီးသည် ဗုဒ္ဓဘာသာပွဲတစ်ခုအတွက် လူအများစုဝေးနေသည့် ကျေးရွာအနီးအနားရှိ ဘုန်းကြီးကျောင်းကိုပစ်မှတ်ထားခြင်းဖြစ်သည်ဟု ယုံကြည်ထားကြသည်။[49]

အလားတူပင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် SAC တပ်သားများမှ ဒေါ်ဖားခိုမြို့နယ်၊ ပရှောလို ကျေးရွာအုပ်စု၊ ဂဘ--- ကျေးရွာသို့ တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ လက်နက်ကြီးပစ်ခဲ့သည်။ လက်နက်ကြီးသည် အိမ်နှစ်အိမ်အကြားသို့ ကျခဲ့ပြီး ကလေး နှစ်ဦး၊ ၎င်းတို့၏ မိခင်၊ ၎င်းတို့၏ အဖိုးအဖွားတို့အပေါ် ကျခဲ့သည်။ အသက်

48 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော၊ "ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဘားအံမြို့နယ်အတွင်း SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ဘုန်းကြီး ကျောင်းများနှင့် လယ်ယာများ ပျက်စီးသွားခဲ့ခြင်း" တွင်ကြည့်ပါ။

49 KHRG မှ ၂၀၂၅ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော၊ "ခလယ်လွီထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - မူးမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားနှစ်ဦးသေဆုံးပြီး ကလေးသုံးဦးဒဏ်ရာရရှိ (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ)" တွင်ကြည့်ပါ။

ခြောက်နှစ်အရွယ် မောင်လည--- ၏ဝမ်းဗိုက်သို့ လက်နက်ကြီးကျည်ဆံထိမှန်ဒဏ်ရာ အသေးစားရခဲ့ ပြီး အသက် ၁၈ နှစ်အရွယ် မောင်လက--- မှာ ဦးခေါင်းအား ရှပ်ထိခဲ့သည်။ နောက်ရက်တွင် ကလေး ၂ ဦးစလုံး ဆွေမျိုးသား ချင်း၏နေအိမ်သို့ ပြောင်းရွှေ့ခဲ့ပြီး ၎င်းတို့၏ဒဏ်ရာမှာမပြင်းထန်သည့်အတွက် ထိုအိမ်တွင် ကုသမှုခံယူခဲ့သည်။ ထိုပစ်ခတ်မှုသည် နေအိမ်များကိုလည်း ပျက်စီးစေခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် SAC မှ ပ ရှောလိုကျေးရွာအုပ်စု၊ ဂခ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်ခဲ့ပြီး နေအိမ်များစွာပျက်စီးစေခဲ့ပြီး အသက် ၈ နှစ်အရွယ် မောင်လလ---အား ၎င်း၏နေအိမ်အနီးတွင်ရှိနေစဉ် ထိခိုက်ဒဏ်ရာရစေခဲ့သည်။ လက်နက်ကြီးထိ မှန်၍ရရှိခဲ့သည့် ၎င်း၏ပေါင်မှမပြင်းထန်သောဒဏ်ရာအား နေအိမ်တွင်သာ ကုသမှုခံယူခဲ့ပြီး နောက်ပိုင်း ဒဏ်ရာ ပျောက်ကင်းခဲ့သည်။[50]

အချို့သော ဖြစ်ရပ်များတွင် အနီးအနားဝန်းကျင်ဒေသတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခြင်း သို့မဟုတ် SAC လက်နက်ကိုင်တပ်ဖွဲ့မှ တော်လှန်ရေးတပ်သားများ၏တိုက်ခိုက်ခြင်းခံရသည့်အချိန်များတွင် ရွာသားများအား တုန့်ပြန်တိုက်ခိုက်သည့်အခါ ကလေးများသေဆုံးဒဏ်ရာရကြသည်။ ထိုကဲ့သို့သောအခြေအနေတွင် SAC ၏ လက်နက်ကြီးပစ်ခတ်မှုများသည် မိသားစုများ၊ လူမှုအသိုက်အဝန်းတခုလုံးအား လုံးဝဖျက်စီးပစ်ပြီး ကလေးငယ် များစွာ သေကျေပျက်စီးမှု ဖြစ်စေသည်။[51] ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် SAC၏ လေယာဉ်သည် မူ တြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ကျောပါးကျေးရွာအုပ်စု၊ ဂည--- ကျေးရွာသို့ (ပေါင် ၅၀၀ ရှိသောဗုံး) ဗုံးလေးလုံး ချခဲ့ သဖြင့် အသက်သုံးနှစ်အရွယ် စောလခ--- အပါအဝင် ရွာသားလေးဦး အသက်သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရခဲ့ သည်။ ထိုအထဲတွင် အသက် ၁၀ နှစ်အရွယ် ယောကျ်ားလေး စောလရ--- နှင့် အသက်လေးနှစ်အရွယ် မိန်းကလေး နော်လစ--- တို့လည်း လက်နက်ကြီး ထိမှန်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုသည် နေအိမ်များစွာကို ဖျက်စီးခဲ့ပြီး ကျေးရွာ တစ်ခုလုံးကို တောထဲ၊ ဂူထဲသို့ ထွက်ပြေးနေစေသည်။ ထိုတနေ့ထည်းတွင်ပင် ဒုတိယအကြိမ် တိုက်ခိုက်မှုကို အနီးအနားရှိ ဂဖ--- ကျေးရွာသို့ပစ်ခတ်ခဲ့ပြီး ဘုန်းကြီးကျောင်းနှင့် အခြားအဆောက်အဦးများ ပျက်စီးခဲ့ကာ ထွက် ပြေးလွတ်မြောက်သော ရွာသားများက နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသည်။ ထိုတိုက်ခိုက်မှုတွင်ရှိနေသော စိုင်း အခ--- က ဤသို့ ဖော်ပြခဲ့သည်။ *"ကျွန်တော် ကလေးတစ်ယောက်၊ သူ့အမေနဲ့ အဖေတို့ မီးလောင်ပြီးဆုံးသွား တာကို တွေ့ပေမယ့် သူတို့မျက်နှာကို မမှတ်မိနိုင်တော့ဘူး။ ကျွန်တော် အရမ်းစိတ်မကောင်းဘူး။ အဲ့ဒီနေရာကနေ ပြန်လာပြီးတဲ့နောက်မှာ သူတို့ကို အမြဲမျက်လုံးထဲမှာ မြင်နေတယ်။ ဒီလိုမျိုး မဖြစ်သင့်ဘူး။ ဒါပေမယ့် ဖြစ်သွား တယ်။ […]ဘယ်သူမှ မသေချင်ကြဘူး။ ဒါပေမယ့် လူတယောက်က သေပြီဆိုရင်လည်း ကောင်းကောင်းမွန်မွန်၊ ဂုဏ်သိက္ခာရှိရှိ သေချင်ကြတယ်။"* [52] ထိုတိုက်ခိုက်မှုသည် KNLA သို့မဟုတ် PDF မှ ဒွဲ့လိုးမြို့နယ်၊ ကတိုင်တိ ကျေးရွာအုပ်စုမှ SAC တပ်စခန်းအား တိုက်ခိုက်မှုအတွက် ပြန်လည်လက်စားချေခြင်းဟု ယုံကြည်ကြသည်။

KNLA/PDF တပ်ဖွဲ့များမှ တပဲကို (ကျုံအိုက်) တံတားဘေးတွင် တပ်ချနေသည့် SAC တပ်အား တိုက်ခိုက်ပြီး နောက် ၂၀၂၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ကျတရော

---

50 KHRG မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော၊ "Taw Oo District Short Update: SAC indiscriminate shelling killed one villager and injured six, including children, and destroyed villagers' property in Daw Hpah Hkoh and Htaw Ta Htoo Townships (October and December 2024)" တွင်ကြည့်ပါ။

51 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၅ ခုနှစ်၊ မေလတွင် ထုတ်ဝေသော၊ "ဘားအံခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - တနေးဆားမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်၍ ရွာသားများသေဆုံး၊ ဒဏ်ရာရပြီး ပိုင်ဆိုင်မှုပစ္စည်းများထိခိုက်ပျက်စီးခြင်း (၂၀၂၅ ခုနှစ်၊ ဧပြီလ)"၊ KHRG မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော၊ "ခလယ်လွိုထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် (၈) နှစ်သားကလေးတစ်ဦးအပါ ရွာသား (၅) ဦး ထိမှန်ဒဏ်ရာရရှိ (၂၀၂၅ ခုနှစ်၊ မတ်လ)" နှင့် KHRG မှ ၂၀၂၅ ခုနှစ်၊ မေလတွင် ထုတ်ဝေသော၊ "ဘားအံခရိုင် နောက်ဆုံးရ ဒေသတွင်းသတင်းတို - တနေးဆားမြို့နယ်နှင့်လူပလယ်မြို့နယ် အတွင်း SAC လက်နက်ကြီးပစ်ခတ်မှုတွင် ရွာသားများထိမှန်ဒဏ်ရာရရှိခြင်း၊ မူးယစ် ဆေးဝါးပြဿနာများနှင့်စားဝတ်နေရေး အခက်အခဲ စိန်ခေါ်မှုများ (၂၀၂၄ ခုနှစ်၊ မတ်လမှ နိုဝင်ဘာလ)" တွင်ကြည့်ပါ။

52 KHRG မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော၊ "မူတြော်ခရိုင် မှုခင်းဖော်ပြသည့် မှတ်တမ်းလွှာ- SAC ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ဘုသိုမြို့နယ်အတွင်း ထိခိုက်ပျက်စီးမှု၊ နေရပ်ရွှေ့ပြောင်းနေထိုင်ရမှု၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများဖြစ် ပေါ် (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ)" တွင်ကြည့်ပါ။

တပ်စခန်းတွင် စခန်းချသည့် SAC ၏ အမြောက်တပ် အမှတ် ၃၁၄ မှ ရွှေရောင်ပြကျေးရွာအုပ်စုအား အဆင်အခြင်မဲ့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။ ထိုပေါက်ကွဲမှုက ဂဒ--- ကျေးရွာမှ ရွာသားနှစ်ဦးကို သေဆုံးစေခဲ့ပြီး အခြားခုနှစ်ဦးအား ဒဏ်ရာရစေခဲ့သည်။ ထိုအထဲတွင် နော်လမ--- (အသက် ၁၁နှစ်) ၏ လက်ဖျံတွင် လက်နက်ကြီးထိမှန်ခဲ့ပြီး နော်လဝ--- (အသက် ၅ နှစ်) ၏ လက်မောင်းတွင် ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်။ အသက်သေဆုံးခဲ့သော ရွာသား ၂ ဦးမှာ အသက် ၁၀ နှစ်နှင့် အသက်သုံးနှစ်အရွယ် မိန်းကလေးနှစ်ဦး၏ မိဘများဖြစ်ပြီး ထိုမိန်းကလေးများမှာ အသက်ရှင်ကျန်ရစ်သော်လည်း မိဘမဲ့များ ဖြစ်ခဲ့ရသည်။ ဂဒ--- ကျေးရွာမှ အခြားရွာသူတဦးဖြစ်သည့် နော်လပ--- က ဤသို့ပြောခဲ့သည်။ *“သူမ [အသက် ၁၀ နှစ်အရွယ်] က သူမရဲ့ညီမကို ကောက်ချီမယ့်အချိန်မှာ “ငါတို့ အမိုးအပါးမရှိတော့ဘူး။” လို့ပြောခဲ့တယ်။”* ရွှေရောင်ပြကျေးရွာအုပ်စု၊ ဂဒ--- ကျေးရွာတွင် နေအိမ် ၁၆ လုံး ပျက်စီးခဲ့ပြီး နောက်ထပ်လက်နက်ကြီးများပစ်ခတ်မည်ကို ကြောက်ရွံ့သည့်အတွက် ရွာသားများအားလုံး ထွက်ပြေးခဲ့ကြသည်။[53]

လေကြောင်းတိုက်ခိုက်မှုမှ အသက်ဘေးလွတ်မြောက်ခဲ့သော ကလေးများသည် တသက်တာမသန်စွမ်းဖြစ်ခြင်း၊ နာတာရှည်ရောဂါစွဲခြင်းနှင့် ရေရှည်ဆေးကုသမှုခံယူရခြင်းများ ရှိလာသည်။ အမြောက်ကျည်ဆံများကြောင့်ရသည့်ဒဏ်ရာများက ကာလရှည်နာကျဉ်ခြင်း၊ ခြေလက်များဖြတ်တောက်ခြင်းနှင့် ကျောင်းစာသင်နှစ်ကို အနှောင့်အယှက်ဖြစ်စေပြီး မိသားစုဝင်များမှာ ဆေးဖိုးဝါးခကုန်ကျမှုများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆုံးရှုံးမှုများကို ရင်ဆိုင်ကြရသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ဒေသအတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း SAC မှ လက်နက်ကြီးများ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ လော်မူသောကျေးရွာအုပ်စု၊ ဂဂ--- ကျေးရွာအနီးသို့ ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးနှစ်လုံး ကျခဲ့ပြီး ဒုတိယတစ်လုံးမှာ ရွာသားများထင်ခုတ်နေသည့် နေရာအနီးသို့ ကျခဲ့သည်။ စောလတ--- (အသက် ၁၄ နှစ်) ၏နောက်ကျောအား အမြောက်ကျည်ဆံများ ထိမှန်ခဲ့သည်။ သတ္တုစသည် ၎င်း၏အသားထဲစိုက်ဝင်နေသည့်အတွက် နာကျင်မှုဝေဒနာကို တာရှည်ခံစားခဲ့ရသည်။ စောလတ--- အား သူ၏ဖခင်မှ ဘဘ--- ဆေးရုံသို့ သယ်ဆောင်ခဲ့ပြီးနောက် ဂဟ--- နှင့် ဂင--- ဆေးရုံများသို့ ပြောင်းရွှေ့ခဲ့သော်လည်း ခက်ခဲရှုပ်ထွေးသည့်ခွဲစိတ်မှုနည်းလမ်းများကြောင့် ဆရာဝန်များမှ ထိုအမြောက်ဆံအား ဖယ်ထုတ်နိုင်ခြင်းမရှိပါ။ ထိုအမျိုးသားငယ်က ၎င်းအနေနှင့် သူငယ်ချင်းများနှင့် ဆော့ကစားရသည်ကိုပျော်ကြောင်း သို့သော်လည်း ဤဖြစ်ရပ်ဖြစ်ပြီးသည့်နောက်ပိုင်း ၎င်းအနေနှင့် နာကျင်မှုကြောင့်ကစားခြင်း၊ ကျောင်းသွားခြင်းများမပြုလုပ်နိုင်တော့ကြောင်း KHRG အား ပြောခဲ့သည်။ ထိုဖြစ်ရပ်ဖြစ်သည့်အချိန်က သူ၏ကိုယ်ခန္ဓာသည် အကြောက်တရား၊ နာကျင်မှု၊ ဒေါသတို့ဖြင့် တုန်လှုပ်လျက်နေခဲ့ကြောင်းကို ရှင်းပြခဲ့သည်။ သူ၏ဖခင်ဖြစ်သူ စောအဥ--- က ကျေးရွာအတွင်း လုံခြုံရေးအခြေအနေကို ရှင်းပြခဲ့သည်။ *“ကျွန်တော်တို့က ကော်သူးလေ [ကရင်ပြည်နယ်] မှာနေတော့ တတ်နိုင်သလောက် သတိနဲ့နေကြရတယ်။ ကျွန်တော်တို့ အစိုးရ [စစ်အာဏာရှင်] ကိုရှောင်ရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က လက်နက်ကြီးတွေကို ရွာထဲကို၊ လယ်ထဲကိုမကဘူး ကျွန်တော်တို့ခရီးသွားတဲ့အခါမှာတောင်ပစ်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက်တောင် ခရီးမထွက်နိုင်ဘူး။ ကျွန်တော်တို့ကို သူတို့က ရန်သူလို့မြင်ကြတယ်။”*

အလားတူပင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုသည် မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ဂင--- ကျေးရွာသို့ ထိမှန်ခဲ့ပြီး မောင်နှမသုံးဦး ဒဏ်ရာရခဲ့သည်။ အသက် ၁၃ နှစ်အရွယ် နော်လဥ--- ၏ ခြေသလုံးနှင့် ဝမ်းဗိုက်အား ပြင်းထန်စွာထိမှန်ခဲ့ပြီး ဂက--- ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။ သူမ၏ညီမဖြစ်သူ (အသက်ခြောက်နှစ်)မှာ ပြင်းထန်သည့်ခေါင်းဒဏ်ရာ ရရှိခဲ့ပြီး ဂက--- ဆေးရုံတွင် ဦးစွာ ဆေးကုသမှုခံယူပြီးနောက် (ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့နယ်ရှိ) ဃင--- ဆေးရုံသို့ လွှဲပြောင်းခဲ့ပြီး ထိုဆေးရုံတွင် ကာလအတန်ကြာ သတိမေ့မျောနေခဲ့သည်။ အခြားမောင်နှမတစ်ဦး (အသက်မပြည့်သေးသူတစ်

53 KHRG မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော၊ “ဒူးသထူခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - သထူမြို့နယ်တွင် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် အရပ်သားများသေဆုံး၊ ဒဏ်ရာရခြင်း၊ အိုးအိမ်ပိုင်ဆိုင်မှုများပျက်စီးခြင်းနှင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့ရခြင်း (၂၀၂၄ ခုနှစ်၊ မေလ)” တွင်ကြည့်ပါ။

ဦး) ကလည်း ခြေထောက်တွင် အသေးစားဒဏ်ရာရခဲ့သည်။ ကလေးနှစ်ဦးမှာ ပုံမှန်ဆေးစစ်ဆေးမှု ခံယူရလျက်ရှိပြီး မိသားစုဝင်များမှာ ကူညီထောက်ပံ့မှု အနည်းငယ်သာရရှိသဖြင့် ခရီးစရိတ်နှင့် ဆေးဝါးကုန်ကျစရိတ်များအပါအဝင် လစဉ်ဆေးစစ်ဆေးမှုအတွက်ကိုလည်း ၎င်းတို့ကိုယ်ကိုင် ကုန်ကျခံရလျက်ရှိသည်။

## (ခ) မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများ

မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများသည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ကလေးများအပေါ်သို့ အဆက်မပြတ်သေစေနိုင်လောက်သော ခြိမ်းခြောက်မှုများပြုလုပ်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလနှင့် ၂၀၂၅ ခုနှစ်၊ ဖွန်လအတွင်း မြေမြှုပ်မိုင်း သို့မဟုတ် မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ယောကျ်ားလေး သုံးဦးသေဆုံးခဲ့ပြီး ယောကျ်ားလေး ၂ ဦး၊ မိန်းကလေး ၄ ဦး ဒဏ်ရာရခဲ့သည်။ ကလေးငယ်များအပေါ် သက်ရောက်ခဲ့သည့်ဖြစ်ရပ်များမှာ SAC တပ်ဖွဲ့များနှင့် အခြားအမည်မသိလက်နက်ကိုင်တပ်ဖွဲ့များ၏ လက်နက်ခဲယမ်းကြောင့်ဖြစ်ပြီး ဖြစ်ရပ်တစ်ခုမှာ PDF တပ်ဖွဲ့ထောင်ထားသောမိုင်းကြောင့်ဖြစ်သည်။ ကလေးများသည် ကစားနေချိန် သို့မဟုတ် နေ့စဉ်လုပ်ငန်းဆောင်တာများလုပ်ဆောင်နေချိန်တွင် ထိုလက်နက်များအား ကစားစရာပစ္စည်း သို့မဟုတ် အသုံးဝင်သည့်ပစ္စည်းအဖြစ် မှားယွင်းထိကိုင်မိသဖြင့် မိုင်းနှင့် မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းများအန္တရာယ်ကို ကြုံတွေ့နိုင်ချေမြင့်သူများဖြစ်သည်။ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် ခဲယမ်းပစ္စည်းများ၏ ပေါက်ကွဲမှုများကြောင့် ကလေးများတသက်တာမသန်စွမ်းဖြစ်ကြရပြီး ၎င်းတို့၏ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအပေါ် ထိခိုက်မှုများရှိစေသည်။[54]

မြန်မာစစ်တပ်သည် ၎င်း၏စစ်ရေးတိုက်ခိုက်မှုနှင့် နည်းဗျူဟာ၏ တစိတ်တပိုင်းအဖြစ် အရပ်သားများ နေထိုင်၊ လုပ်ကိုင်စားသောက်သည့် နေရာများတွင် မြေမြှုပ်မိုင်းများအား ဆက်လက်ထောင်ထားလျက်ရှိသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်တွင် မြေမြှုပ်မိုင်းအသစ်များအား တိုးမြှင့်အသုံးပြုခဲ့ပြီး ထိုမိုင်းများသည် ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။[55] KNLA နှင့် PDF အပါအဝင် အခြားလက်နက်ကိုင်တပ်ဖွဲ့များကလည်း မြေမြှုပ်မိုင်းများအား အသုံးပြုကြသည်။ လက်နက်ကြီးများ ပစ်ခတ်ပြီးနောက် ကျန်ရစ်သော မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများကလည်း ထိုညစ်ညမ်းမှုကိုဖြစ်စေသည့် အကြောင်းအရင်းတစ်ခု အပါအဝင်ဖြစ်သည်။ ဤပုန်းကွယ်နေသည့် လက်နက်ခဲယမ်းများသည် အရပ်သားများ၏ နေရာဒေသများတွင် နေရာအနှံ့ ပျံ့နှံ့လျက်ရှိပြီး ကလေးများအတွက် အန္တရာယ်ကြုံရနိုင်ချေ မြင့်မားစေသည်။ စနစ်တကျ အမှတ်အသားပြုလုပ်မှု မရှိခြင်းက ထိုအန္တရာယ်သည်အား ပိုမိုဆိုးရွားစေသည်။ KNLA မှ တခါတရံ နှုတ်ဖြင့်သတိပေးချက်များနှင့် မိုင်းများအသက်ဝင်မှုမရှိစေရန် စစ်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ကြသော်လည်း များသောအားဖြင့် လုံလောက်မှုမရှိပါ။ ဒေသတွင်း အဖွဲ့အစည်းများက မြေမြှုပ်မိုင်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်းအချို့ ပြုလုပ်ကြသော်လည်း တိုက်ပွဲများ၊ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ကျေးရွာများကြား အကွာအဝေးကြောင့် ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံနိုင်ခြင်း မရှိပါ။

ကလေးများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများဖြစ်သည့် ထင်းခွေခြင်း၊ ငါးများခြင်းနှင့် ခရီးသွားနေစဉ်တွင် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများ၏ ပေါက်ကွဲမှုဖြစ်ရပ်များ ဖြစ်ပွားလေ့ရှိသည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် မူးမြို့နယ်၊ နတ်သံကွင်း ကျေးရွာအုပ်စု၊ ဂမ--- ကျေးရွာမှ အသက် ၁၄ နှစ်အရွယ် အမျိုးသမီးငယ် မလထ--- က သူမ၏ မိခင်နှင့်အတူ ရွာစာသင်ကျောင်းအနီး သစ်ကိုင်းများရှင်းလင်း

[54] *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော၊ "မူတြော်ခရိုင် မူခင်းဖော်ပြသည့် မှတ်တမ်းလွှာ - လူသောမြို့နယ်တွင် UXO ပေါက်ကွဲမှုကြောင့် ဆယ်ကျော်သက်အရွယ်ကလေးတစ်ဦးသေဆုံးပြီး အခြားကလေးတစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာရရှိ (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ)" နှင့် KHRG မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ "တောအူးခရိုင် နောက်ဆုံးရ ဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် အသက် (၁၃) နှစ်အရွယ် ကလေးတစ်ဦးနှင့် ရွာသားတစ်ဦးမြေမြှုပ်မိုင်းထိမှန်၍ ဒဏ်ရာပြင်းထန်စွာရရှိ (၂၀၂၅ ခုနှစ်၊ မေလ)" တွင်ကြည့်ပါ။

[55] KHRG မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော၊ "Danger Beneath Our Feet - Landmine contamination in Southeast Burma and its impacts on villagers since the 2021 coup" တွင်ကြည့်ပါ။

နေစဉ် မိုင်းနင်းမိခဲ့သည်။ M14 မြေမြှုပ်မိုင်းပေါက်ကွဲမှုက သူမ၏ခြေထောက်နှစ်ဖက်လုံးကို ပြင်းထန်စွာ ဒဏ်ရာရစေသည်။ သူမ၏ ညာခြေထောက်အား ဖြတ်တောက်ခဲ့ရသော်လည်း ဘယ်ခြေထောက်မှာ ခွဲစိတ်မှုဖြင့် ကုသနိုင်ခဲ့သည်။ သူမအား ဆေးရုံသို့ သယ်ဆောင်ခဲ့သည့် သူမ၏ ဦးလေးဖြစ်သူ ဦးလစျ--- က အဖြစ်အပျက်အား ပြန်ပြောပြခဲ့သည်။ *"ကျွန်တော်တို့ မြစ်ကမ်းဘေးကနေ အော်သံကို ကြားတယ်။ ကျွန်တော်တို့ [အဲ့ဒီကလေး မြစ်ကမ်းဘေးမှာရှိနေတာကို] သတိရတဲ့အခါ မြစ်ကမ်းဘေးကို ပြေးသွားခဲ့တယ်။ [ဒဏ်ရာရတဲ့ မိန်းကလေးက] 'ကျွန်မ ခြေထောက်မရှိတော့ဘူး။ ကျွန်မခြေထောက် မရှိတော့ဘူး။' လို့ အော်ခဲ့တယ်။"* KNLA စစ်သားများ၏ အကူအညီဖြင့် မူးမြို့နယ်၊ ဖလီးထကျေးရွာအုပ်စုရှိ အခမဲ့ဆေးကုသပေးသည့် KNU အုပ်ချုပ်သည့်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သူမအား ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့သည်။ ဤအဖြစ်အပျက်သည် SAC ၏ ခမရ အမှတ် ၄၃၉ နှင့် ခမရ အမှတ် ၃၀၇ နှင့် တပ်မ ၇၇ တို့ မူးမြို့နယ်အတွင်းသို့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီတွင် ဝင်ရောက်ပြီး နေအိမ်များမီးရှို့ဖျက်စီးခြင်း၊ လက်နက်ကြီးများပစ်ခတ်ခြင်းနှင့် အရပ်သားများ၏ နေရာဒေသ ပတ်ပတ်လည်တွင် မြေမြှုပ်မိုင်းများထောင်ပြီး နောက်ပိုင်း ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ SAC တပ်သားများ တပ်ဆုတ်ပြီးနောက် ထိုဒေသသို့ ရွာသားများ ပြန်လည်နေထိုင်ချိန်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများ အကြိမ်များစွာ ဖြစ်ပွားခဲ့သည့်အတွက် ၎င်းတို့အနေနှင့် လွတ်လပ်စွာ သွားလာနိုင်ခြင်း မရှိတော့ပါ။[56]

အလားတူပင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့က မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ကပျော်ဒေသ၊ ဂန--- ကျေးရွာတွင် အသက် ၁၄ နှစ်အရွယ် မိန်းကလေးတဦး ထင်းခွေနေချိန်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သည်။ ထိုပေါက်ကွဲမှုက သူမအား ခြေထောက်တဖက်ဆုံးရှုံးစေသည်။ သူမအား မြိတ်မြို့ရှိ SAC ၏ ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သူမ၏ဒေသတွင်းရှိရွာသားများက ကုန်ကျစရိတ်အချို့ကို ကူညီပေးခဲ့သည်။ သူမဖခင်၏ ပြောကြားချက်အရ ထိုမိုင်းကိုထိုဒေသအတွင်း SAC စစ်သားများထက် ပိုမိုလှုပ်ရှားလေ့ရှိသော PDF များမှ ထောင်ထားခြင်းဖြစ်သည်ဟု ရွာသားများက ယုံကြည်ကြသည်။ သူ၏ယောက်ဖဖြစ်သူမှ ကျန်ရှိနေသေးသော မိုင်းအစိတ်အပိုင်းများဖြစ်သည့် ဝက်အူ၊ စပရိန်၊ ယမ်းများကို စုသိမ်းခဲ့ပြီး ထိုမိုင်းမှာ လက်လုပ်မိုင်း (IED) ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

အခြားဖြစ်ရပ်များတွင် ကလေးများသည် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများအား တွေ့ရှိပြီး ၎င်းတို့၏ အန္တရာယ်ကို မသိပဲ အန္တရာယ်မရှိသည့်ပစ္စည်းများအဖြစ် သို့မဟုတ် ဝင်ငွေရနိုင်သည့် ပစ္စည်းများအဖြစ် ထင်မှတ်ခဲ့ကြသည်။[57] ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တောင်ကလေးကျေးရွာအုပ်စု၊ ဂဝ--- ကျေးရွာမှ အသက်လေးနှစ်အရွယ်တဦး၊ အသက်ခုနစ်အရွယ်တဦး၊ အသက်ခြောက်နှစ်အရွယ်နှစ်ဦးပါဝင်သည့် ကလေးငယ်လေးဦးတို့သည် ရွာဘေးတွင် ကစားနေစဉ် မပေါက်ကွဲသေးသည့် လက်နက်အား တွေ့ရှိခဲ့သည်။ ကလေးများက ထိုပစ္စည်းအား ရွာဈေးတွင် ပြန်ရောင်းရန် ယူဆောင်လာကြသော်လည်း ပြုတ်ကျပြီးပေါက်ကွဲခဲ့သည်။ ကလေးနှစ်ဦး ချက်ခြင်းသေဆုံးခဲ့ပြီး အခြားနှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ ဒဏ်ရာရသည့် ကလေးနှစ်ဦးအား (ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်ရှိ) ဃဘ--- ဆေးခန်းသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။

## (ဂ) ကလေးငယ်များအား ပစ်ခတ်ခြင်း

SAC တပ်ဖွဲ့များ ကျင့်သုံးသော တွေ့လျှင်ပစ်သည့်မူဝါဒကြောင့် တိုက်ပွဲများ မဖြစ်ပွားသည့် ဒေသများတွင် ကလေးငယ်များ သေဆုံးမှုဖြစ်ပေါ်ခဲ့သည်။ ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များတွင် SAC တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် မိန်းက

---

56 KHRG မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော၊ "ခလယ်လွိုထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- မူးမြို့နယ်အတွင်း၌မြေမြှုပ် မိုင်းပေါက်ကွဲမှုကြောင့် အသက် (၁၄) နှစ်အရွယ်ရှိသော မိန်းကလေးတစ်ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခြင်း (၂၀၂၄ ခုနှစ်၊ မေလ)" တွင်ကြည့်ပါ။

57 ဥပမာအနေဖြင့် - KHRG မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ "တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားခြင်း၊ SAC မှ ရွာသားများ၏အိမ်များအား မီးရှို့ခြင်း၊ ပိုင်ဆိုင်မှုများအားလုယက်ခြင်းနှင့် UXO ပေါက်ကွဲမှုကြောင့် ကလေးနှစ်ဦးသေဆုံးခဲ့ခြင်း (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လ)" တွင်ကြည့်ပါ။

လေး ၁ ဦး၊ ယောက်ျားလေး ၂ ဦး အနည်းဆုံး သေဆုံးခဲ့ပြီး ကလေးငယ် ၂ ဦး ဒဏ်ရာရခဲ့သည်။ တွေ့လျှင်ပစ်သည့် မူဝါဒသည် ဆယ်ကျော်သက်ယောက်ျားလေးများအပေါ် အထူးသဖြင့် သက်ရောက်မှုရှိပြီး အကြောက်တရားထည့် သွင်းပေးရန်နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေသဖြင့် တရားလက်လွတ်ဖမ်းဆီးခြင်း သို့မဟုတ် အတူပါလာသူများ နှင့် မိသားစုဝင်များအား နှိပ်စက်ခြင်းများလည်း ပါဝင်လာတတ်သည်။

ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ခလရ ၃၉ မှ SAC တပ်သားများသည် ထိုဒေသအတွင်း တိုက်ပွဲ များမရှိသော်လည်း ထောတထူမြို့နယ်၊ ဂပ--- ကျေးရွာရှိ ၎င်းတို့တပ်စခန်းရှေ့တွင်ဖြတ်သွားသည့် ဆိုင်ကယ်ပေါ် မှ ရွာသားနှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ အပစ်ခံရသူ နှစ်ဦးထဲမှတဦးဖြစ်သည့် အသက် ၁၇ နှစ်အရွယ် မောင်လယ--- သည် နောက်ကျောကိုထိမှန်ပြီး နေရာတွင်ပွဲချင်းပြီးသေဆုံးခဲ့သည်။ ၎င်းနှင့်အတူလိုက်ပါသည့် ကို လဇ--- သည် ဖမ်းဆီးခံရပြီး ခလရ ၃၉ တပ်စခန်းတွင် တစ်ညထိန်းသိမ်းခံခဲ့ရပြီး ပြင်းထန်စွာညှဉ်းပမ်းနှိပ်စက်မှု ခံခဲ့ရသည်။ SAC စစ်သားများသည် ကနဦးတွင် မောင်လယ--- ၏ ကိုယ်ခန္ဓာကို မိဘများထံပြန်လည်ပေးအပ်ရန် ငြင်းဆန်သော်လည်း မိသားစုဝင်များနှင့် ရပ်မိရပ်ဖများက ကျူးလွန်သူများအား အပြစ်ကျေအေးကြောင်း စာရွက် စာတမ်းတွင် လက်မှတ်ရေးထိုးပြီးမှသာလျှင် ပြန်လည်ပေးအပ်ခဲ့သည်။[58]

အလားတူပင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ညပ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် နော်မဘ--- ၏ သက်သေ ခံချက်အရ SAC စစ်သားများသည် သူမ၏ကျေးရွာမှ အသက်မပြည့်သေးသောယောက်ျားလေးတစ်ဦးအား သူ၏အမဖြစ်သူ မင်္ဂလာဆောင်တက်ရောက်ရန် ရွာမှ ၁၃ မိုင်မြို့သို့ သွားသည့်လမ်းတွင် ဖမ်းဆီးခဲ့သည်။ ထိုသူမှ ထွက်ပြေးရန်ကြိုးပမ်းသည့်အခါ စစ်သားများက သူ့အားမဖမ်းမီသေနတ်ဖြင့်ပစ်ခတ်ဒဏ်ရာရစေခဲ့ပြီးမှ သူ့အား ဖမ်းဆီးကာ ၎င်းတို့၏တပ်စခန်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြသည်။ ဒေသခံခေါင်းဆောင်များ ကြားဝင်ဖြန်ဖြေပြီး ငွေကြေးပေးဆောင်ခဲ့သည့်အတွက်နောက်ပိုင်းတွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထိုယောက်ျားလေးမှာ ၁၀ တန်းဖြေဆိုပြီးမြောက်ထားပြီး သူ၏မိခင်မှဆိုးမဖြစ်သူနှင့်အတူနေထိုင်ပြီး ယခုအချိန်တွင် ၎င်း၏ကျေးရွာမှ ထွက်ခွာရန် အကြောက်အကန်ငြင်းဆန်လေ့ရှိသည်။

## ၅.၂။ ဖမ်းဆီးထိန်းသိမ်းခြင်း၊ အစဖျောက်ပစ်ခြင်းနှင့် ဆက်စပ်သည့် ချိုးဖောက်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးများနှင့် လူငယ်များသည် SAC တပ်ဖွဲ့များ၏လက်တွင် အခြားပြင်းထန် သည့် အကြမ်းဖက်မှုများကိုလည်း ရင်ဆိုင်ကြရသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ KHRG မှ မြန်မာစစ်တပ်၏ ကလေးများအား အဓမ္မဖမ်းဆီးထိန်းသိမ်းမှု ၈ ခုနှင့် အစဖျောက်ခြင်း ၂ ခုတို့ကို မှတ်တမ်းတင် ခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခြင်းများသည် အနည်းငယ်သော သံသယ သို့မဟုတ် လုပ်ကြံပြောဆိုမှုများကို ဖမ်းဆီး ခြင်းဖြစ်သည်။ ထိုသို့စွပ်စွဲမှုများတွင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့များအား ပံ့ပိုးခြင်း၊ သို့မဟုတ် လက်နက်ကိုင် တိုက်ပွဲများဖြစ်ပြီးနောက်တွင် နောက်ဆက်တွဲအဖြစ် ဖမ်းဆီးခြင်းဖြစ်သည်။ အချုပ်ခန်းသို့ ရောက်သည်နှင့် ကလေးများသည် ညှဉ်းပမ်းနှိပ်စက်မှုနှင့် အကြမ်းဖက်မှုများကို ရင်ဆိုင်ကြရသည်။ မှတ်တမ်းတင်ခဲ့သည့် ဖြစ်ရပ် တစ်ခုတွင် KNLA မှ ကျူးလွန်သည့် ဖမ်းဆီးထိန်းသိမ်းပြီး ကျူးလွန်သည့် ဖြစ်ရပ်တစ်ခုပါဝင်သည်။

### (က) တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်း

ကလေးများသည် လူကြီးများနှင့်အတူ SAC တပ်ဖွဲ့များ၏ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခြင်း ခံရလေ့ရှိ သည်။ ဖြစ်ရပ်အများအပြားတွင် ကလေးများသည် စစ်ရေးလှုပ်ရှားမှုပြုသည့် ထိုဒေသတွင် ရှိနေခြင်းကြောင့် အ ဖမ်းခံရပြီး ဖြစ်စဉ်တလျှောက် ရိုက်နှက်ခြင်းနှင့် အခြားညှဉ်းပမ်းမှုများကို ခံရလေ့ရှိသည်။ ဤဖြစ်ရပ်များက မြန်မာ

[58] KHRG မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ “တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ထောတထူမြို့နယ်တွင် SAC မှ ဆယ်ကျော်သက်ရွာသားတစ်ဦးအားပစ်သတ်ခဲ့ပြီး အခြားရွာသားတစ်ဦးကိုလည်း အဓမ္မဖမ်းဆီး၍ ညှဉ်းပမ်းနှိပ်စက်ခြင်း (၂၀၂၄ ခု နှစ်၊ မေလ)” တွင်ကြည့်ပါ။

ပြည်အရှေ့တောင်ပိုင်းမှ လူငယ်ရွာသားများ တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခံရခြင်းများသာမက ဆယ်ကျော်သက်လူငယ်များ ကြုံတွေ့နိုင်ချေမြင့်သည့် အခက်အခဲများကိုလည်း မီးမောင်းထိုးပြထားသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် SACစစ်သားများသည် PDF နှင့် KNLA တပ်ဖွဲ့များ ကို တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပရှောလိုကျေးရွာအုပ်စု၊ ဂဂ--- ကျေးရွာအနီးတွင် တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲပြီးနောက်တွင် SAC စစ်သားများက အနီးအနားရှိနှင်းခင်းတွင် အလုပ်လုပ်နေကြသည့် အသက် ၁၂ နှစ်အရွယ် ယောကျ်ားလေးနှစ်ဦးအပါအဝင် အရပ်သားသုံးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့သည် တိုက်ပွဲဖြစ်သည့် နေရာအနီးအနားတွင် ရှိနေခဲ့သည့်အတွက် ဒေသတွင်းတော်လှန်ရေး တပ်ဖွဲ့များနှင့် ပူးပေါင်းသည်ဟု သံသယဖြစ်ခံရကြောင်း ရွာသားများက ယုံကြည်ကြသည်။ ဒေသခံဘုန်းကြီး၏ ကြားဝင်စေ့စပ်မှုဖြင့် ထိုလူငယ်နှစ်ဦး လွတ်မြောက်လာခဲ့သည်။ သို့သော်လည်း တတိယရွာသားဖြစ်သော ပရှောလိုကျေးရွာအုပ်စု၊ ဂရ--- ကျေးရွာမှ စောမခ--- မှာမူ SAC တပ်သားများ၏ ရိုက်နှက်ခြင်းခံရပြီး ပြန်လွတ်ပေးခြင်း မရှိတော့ပါ။ ဒေသခံရွာသားများက သူ့အား စစ်ကြောရေးတွင် သတ်လိုက်ရသည်ဟု ယုံကြည်ကြသည်။[59]

အထူးသဖြင့် ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးများသည် တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းကို ခံရနိုင်ချေပိုမြင့်သည်။ တောအူးခရိုင်၊ ဂစ--- မြို့မှ ဒေသတွင်း အဖွဲ့ဝင်ဖြစ်သော စောမဒ---၏ ပြောကြားချက်အရ *“တကယ်လို့ ကလေးတွေက စစ်ကောင်စီတပ်သားတွေနဲ့တွေ့တဲ့အခါ သူတို့က သံသယရှိတယ်လို့ ယူဆတာနဲ့ ဖမ်းဆီးခံရတာပဲ။ ပြီးတော့ ကလေးတွေကို အပြစ်ပေးတဲ့အနေနဲ့ နေပူကျဲတဲမှာ ဒူးထောက်ခိုင်းတယ်။ အဖမ်းခံရတဲ့သူအများစုက အသက် ၁၆ နှစ်ကနေ အသက် ၂၀ ကြား အရွယ်တွေပဲ။”* သို့သော် အမျိုးသမီးငယ်များသည်လည်း လွတ်ငြိမ်းခွင့်မရပဲ SAC တပ်သားများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့်အခါ အကြမ်းဖက်ခံရသည်။ ဥပမာအားဖြင့်၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် SAC တပ်သားများသည် အသက် ၁၇ နှစ်အရွယ် အမျိုးသမီးငယ် မမဟ--- အား ထောတထူမြို့နယ်၊ ကောသေးဒဲကျေးရွာအုပ်စု၊ ဂတ--- ကျေးရွာအနီးရှိ လမ်းမပေါ်တွင် ဖမ်းဆီးခဲ့သည်။ စစ်သားများသည် စစ်သားဝတ်စုံ ဝတ်ဆင်ထားခြင်းမရှိသော်လည်း ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ထားပြီး ပလက်ဝတပ်စခန်းမှ စစ်သားများဖြစ်သည်ဟု တင်ပြထားသည်။ ၎င်းတို့က သူမနှင့် အခြားရွာသားတစ်ဦး စီးနင်းလာသည့်ကားကိုရပ်ကာ ငွေကြေး၊ ဖုန်းနှင့် မှတ်ပုံတင်အပါအဝင် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းများအား သိမ်းယူခဲ့သည်။ သူမက ထိုသို့ကျူးလွန်သူအားကြည့်ရန် ခေါင်းထောင်လိုက်သည့်အခါတွင် သူမအား ကားထဲမှ ဆွဲထုတ်ကာ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည်။ ထိုသူတို့က သူမအား ဆံပင်စောင့်ဆွဲကာ ခေါင်းကိုရိုက်နှက်ပြီး သူမလမ်းမပေါ် လဲကျသွားချိန်တွင် လည်ပင်းကို တက်နင်းခဲ့ကြသည်။ အခြားသော ကားများကိုလည်း ရပ်စေပြီး အခြားရွာသားလေးဦးလည်း အရိုက်နှက်ခံခဲ့ရသည်။

အချို့သောဖြစ်ရပ်များတွင် လူမှုအသိုင်းအဝန်းတစ်ခုလုံးမှ လူအစုလိုက်အား ဖမ်းဆီးထိန်းသိမ်းခြင်းလည်းရှိပြီး ကလေးများလည်း လူကြီးများနှင့်အတူ ဖမ်းဆီးခြင်းခံကြရသည်။[60] ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကောနွဲ့ကျေးရွာအုပ်စု၊ ဃဓ--- ကျေးရွာအုပ်စုတွင် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့၌ ကလေးများအပါအဝင် ရွာသား ၃၀ ကျော် တပ်မ (၅၅) ၏ ဖမ်းဆီးခံခဲ့ရသည်။ ထိုအဖြစ်အပျက်သည် SAC တပ်သား ၃၀၀ ကျော်သည် ဘုန်းကြီးကျောင်းဝင်းအပါအဝင် ကျေးရွာအတွင်းသို့ ကားအစီး ၇၀ ခန့်ဖြင့် ဝင်ရောက်စီးနင်းခဲ့ပြီး အုပ်စုလိုက် ဖမ်းဆီးထိန်းသိမ်းသည့်အချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ရွာသားများ၏ ပိုင်ဆိုင်မှုများအား အဓမ္မသိမ်းယူခဲ့ပြီး မေးခွန်းများ မေးမြန်းခဲ့သည်။ နောက်တရက်တွင် ရွာသားများအား ပြန်လွတ်ပေးခဲ့သည်။

---

59 KHRG မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ “တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်အတွင်း SAC လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ရွာသားများသေဆုံး၊ ဒဏ်ရာရခြင်းနှင့် SAC တပ်ဖွဲ့မှ ပြည်သူလူထုအား အဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ ရပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ)” တွင် ကြည့်ပါ။

60 KHRG မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော၊ “မူတြော်ခရိုင် မှခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဘူးသိုမြို့နယ်တွင် SAC မှ ရွာသားများအားအဓမ္မဖမ်းဆီးခြင်း၊ လမ်းပြနှင့်လူသားဒိုင်းအဖြစ်အသုံးပြုခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် ရွာသားပစ္စည်းများလုယက်ခိုးယူခြင်း (၂၀၂၄ ခုနှစ်၊ ဧပြီလ)” တွင်ကြည့်ပါ။

KHRG သည် SAC တပ်သားများမှ ကလေးများအပါအဝင် ရွာသား ရာပေါင်းများစွာကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက် ကောက်ယူခဲ့သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကောက်ယူခဲ့သည့် ကွင်းပိုင်းအစီရင်ခံစာများတွင် အသက်မပြည့်သေးသည့် ယောကျ်ားလေးနှင့် မိန်းကလေးများအား စစ်ကြောင်းအား လက်နက်ကိုင်တော်လှန်ရေးတပ်မဖွဲ့များ၏ တိုက်ခိုက်မှုမှအကာအကွယ် ပေးရန်အတွက် စစ်ကြောင်းရှေ့တွင် အဓမ္မလမ်းလျှောက်စေသည့် အကြောင်းအရာများကို ဖော်ပြထားသည်။[61] ထိုသို့သော ဖြစ်ရပ်အများအပြားတွင် ၎င်းတို့အား ပေါ်တာထမ်းရန်နှင့် လမ်းပြလုပ်ရန် အတင်းအကြပ် စေခိုင်းခဲ့ကြပြီး ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ငြင်းဆန်ခြင်းနှင့် အစားအသောက်နှင့် တကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ လိုအပ်ချက်များ မပံ့ပိုးပေးခြင်း စသည့် နှိပ်စက်မှုများကို ခံစားခဲ့ကြရသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းမှ ဒေသတွင်းအဖွဲ့ဝင်၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း ပြင်းထန်သည့် လက်နက်ကိုင်တော်လှန်ရေးနှင့် SAC တပ်စခန်းများစွာ သိမ်းပိုက်ခဲ့ခြင်းက အထူးသဖြင့် ဒူးပလာယာခရိုင်နှင့် မူတြော်ခရိုင်များတွင် SAC တပ်ဖွဲ့များ၏ မြေပြင်စစ်ဆင်ရေးကို အားလျော့စေသည်။ ဤအခြေအနေက လွန်ခဲ့သည့်နှစ်များတွင် ကလေးများအား လူသားဒိုင်းအဖြစ် အသုံးပြုမှုဖြစ်ရပ်များကို လျော့ပါးစေခဲ့သည်ဟု အချို့ရွာသားများက ယုံကြည်ကြသည်။ သို့သော်လည်း လက်တလောအခြေအနေများနှင့် ပတ်သက်၍ သက်သေခံတင်ပြချက်များမရှိခြင်းက ထိုသို့ကျင့်သုံးမှုများ ရပ်တန့်သွားသည်ဟု ပြသနေခြင်းမဟုတ်ပေ။ ထို့အပြင် ရွာသားများအား လူသားဒိုင်းအသုံးပြုမှုနှင့် ပတ်သက်သည့် အစီရင်ခံစာများအား KHRG မှ ဆက်လက်လက်ခံရရှိနေသေးသည်။ ယခင်ဖြစ်ပျက်မှု ပုံစံများအရ SAC တပ်သားများအနေနှင့် ကျေးရွာများအတွင်း လှုပ်ရှားမှုများ ဆက်လက်ရှိနေခြင်းက ကလေးများအပါအဝင် အရပ်သားများအနေနှင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် အကာအကွယ်အဖြစ် အသုံးပြုခံရနိုင်သည့် အန္တရာယ်ရှိနေသေးသည်။

## (ခ) လက်စဖျောက်ခြင်း

အချို့သော ဥပမာဖြစ်ရပ်များတွင် ကလေးများသည် ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် အစပျောက်သွားကြသည်။ ကာလတို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့်မတူပဲ ပျောက်ဆုံးသွားခြင်းက မိသားစုဝင်များနှင့် အသိုင်းအဝိုင်းအား ၎င်းတို့ကလေးများ၏ ကံကြမ္မာနှင့် တည်ရှိနေမည့်နေရာများနှင့်ပတ်သက်၍ မသေချာမရေရာမှုများ ဖြစ်စေသည်။ ထိုသို့သောဖြစ်ရပ်များကို ကြောက်ရွံ့သည့်အတွက် မိဘများသည် ကလေးများ၏ လှုပ်ရှားသွားလာမှုများကို ကန့်သတ်လာပြီး တစ်ဦးတည်း ခရီးထွက်ခြင်းကိုလည်း ခွင့်မပြုတော့ပေ။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုတွင် ဒေါ်ဖားခိုမြို့နယ်တွင် ဆားတူးဝေါ် (‘Polaris Star Team) အဖွဲ့နှင့် SACတပ်ဖွဲ့များကြား တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်တွင် (၇)မိုင် တပ်စခန်းမှ SAC တပ်သားများက အသက် ၁၆ နှစ်အရွယ် နေရပ်ရွှေ့ပြောင်းနေထိုင်သူ စောမဃ---နှင့် သူ၏သူငယ်ချင်းတို့အား ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် တောင်ငူ-သံတောင် လမ်းမကြီးပေါ်တွင် တောင်ငူမြို့သို့ ဆိုင်ကယ်ဖြင့် ခရီးသွားနေစဉ် တပ်စခန်းအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရွာသားများက ဓာတ်ပုံထဲတွင် စောမဃ--- ဝတ်ထားသည့် ပျောက်ကျားအင်္ကျီကြောင့် ၎င်းတို့သည် တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည့်ဟု စွပ်စွဲခံရပြီးနောက် SAC ခလရ ၃၉ တပ်စခန်းသို့ ဖမ်းဆီးသွားခြင်း ဖြစ်နိုင်သည်ဟု ယုံကြည်ကြသည်။ သို့သော်လည်း ၎င်းတို့၏ မိသားစုဝင်များနှင့် ရွာသားများက ထိုဆယ်ကျော်သက်လူငယ်များသည် PDF သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ပတ်သက်ဆက်နွယ်မှု လုံးဝမရှိကြောင်း ရှင်းပြခဲ့သည်။ ဒေသခံရွာသားများ၏ ပြောကြားချက်အရ ဖမ်းဆီးထိန်းသိမ်းခံရစဉ်တွင် ထိုလူငယ်များသည် စစ်ဆေးမေးမြန်းခြင်းနှင့် အကြမ်းဖက်ခြင်းများခံရကြောင်း ပြောခဲ့သည်။ ၎င်းတို့အား ခမရ ၃၉ တပ်ရင်းတွင် သွားရောက်တွေ့ဆုံရန် အခွင့်တောင်းသည့်အခါ တွေ့ခွင့်မပေးပေ။ ၂၀၂၅ ခုနှစ်၊ စက်တင်

[61] KHRG မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော၊ “သေမင်း၏အရိပ် - စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ အရပ်သားပြည်သူများအား လူသားဒိုင်းအဖြစ်အသုံးပြုခြင်း” တွင် ကြည့်ပါ။

ဘာလအထိ ၎င်းတို့မည်သည့်နေရာတွင် ရှိနေကြောင်းနှင့် ၎င်းတို့၏ အခြေအနေများနှင့် ပတ်သက်၍ တစုံတရာ သိရှိရခြင်း မရှိသေးပါ။[62]

ဒူးပလာယာခရိုင်၊ နို့ကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဒဒ--- ကျေးရွာမှ ဒေသခံခေါင်းဆောင်တစ်ဦးက ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် SAC ၏ ဖမ်းဆီးထိန်းသိမ်းမှုခံရပြီးနောက် ကလေးများပျောက်ဆုံးခြင်းများ မကြာခဏ ဖြစ်ပေါ်လာကြောင်း မှတ်ချက်ပြုခဲ့သည်။[63] ထိုသို့ပျောက်ဆုံးသွားသော ကလေးများသည် ပြန်လည်ရောက်ရှိလာခြင်း မရှိကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် လူမှုအသိုက်အဝန်းအတွင်းမှ လူများမှာ ထိုသူများ မည်သည့်နေရာတွင်ရှိနေကြောင်းကိုလည်း မသိရကြောင်း အလေးပေးပြောကြားခဲ့သည်။ ရွာသားများသည် ကြောက်ရွံ့သည့်အတွက် ယခုကာလတွင် ကလေးများအား အထူးသဖြင့် ညနေခင်းအချိန်တွင် တဦးတည်းခရီးထွက်ခြင်းကို အားမပေးတော့ပေ။

## ၅.၃။ ကလေးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ

မြန်မာပြည် အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေသည့် အချိန်ကာလတွင် လက်နက်ကိုင် တပ်ဖွဲ့များနှင့်အတူ အရပ်သားများ၏ ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် ကျူးလွန်မှုများ ဆက်လက်ရှိနေသည်။ ကျူးလွန်သူစစ်သား၏ လက်တုန့်ပြန်ခြင်းခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် ၎င်းတို့၏ တပ်မှူးများမှ အကာအကွယ်ပေးထားခြင်းများက အသက်ရှင်ကျန်သည့် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအနေနှင့် တရားမျှတမှုရှာဖွေရန် ဟန့်တားလျက်ရှိသည်။[64] ဤသို့ တာဝန်ယူ၊ တာဝန်ခံမှု မရှိခြင်းက ကျူးလွန်ခံရသူများအတွက် တရားမျှတမှုမပေးသည့်အပြင် လူမှုအသိုက်အဝန်းအတွင်း အကြမ်းဖက်မှုနှင့် မလုံခြုံမှုကိုပါ ဆက်လက်ခံစားရစေသည်။ အတိတ်ကအမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုများနှင့် ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေခြင်းက ရွာသားများအား မြန်မာစစ်သားများ ၎င်းတို့၏ ကျေးရွာအတွင်း ဝင်ရောက်သည့်အခါ ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေသည်။

၂၀၂၄ ခုနှစ်တွင် SAC တပ်သားမှ ကလေးငယ်တဦးအား မုဒိန်းကျင့်သည့် ဖြစ်ရပ်တစ်ခုကို တင်ပြခဲ့သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် ၎င်းတို့တပ်စုမှ ထွက်ပြေးလွတ်မြောက်လာသည့် မြန်မာစစ်သား ၂ ဦးသည် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ထီးဖိုးနိုင်ကျေးရွာအုပ်စု၊ ဂဗ--- ကျေးရွာမှ အသက် ၁၃ နှစ်အရွယ် နန်းမက--- အား ၎င်းတို့၏ကျေးရွာအနီးရှိ စားကျက်မြေတွင် နွားကျောင်းနေစဉ် ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် သူမအားနှစ်ရက်တာ မတူညီသောနေရာများတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး သူမများအားသတ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီး ဖမ်းဆီးထားသည့်အချိန်တွင် နှစ်ကြိမ်တိုင်အဓမ္မပြုကျင့်ခဲ့သည်။ စက်တင်ဘာလ ၇ ရက်နေ့တွင် အခြားရွာသားများနှင့်အတူ စပါးရိတ်နေသောအမျိုးသမီးတစ်ဦးက နန်းမက--- အားတွေ့ရှိပြီး ထိုကျူးလွန်သူများ လက်မှလွတ်မြောက်ရန် ကူညီပေးခဲ့သည်။ ထို့နောက် ဒေသခံအမျိုးသမီးတဦးက သူမအား ဟဝ--- မြို့မှ SAC အုပ်ချုပ်စီမံသည့်ဆေးခန်းသို့ခေါ်ဆောင်သွားခဲ့ပြီး ထိုဆေးခန်းတွင် တညတာ ဆေးကုသမှုခံယူစေသည်။ KWO မှ သူမအားစိတ်ကျန်းမာရေးဆိုင်ရာပံ့ပိုးမှုများပေးခဲ့ပြီးနောက်ပိုင်းတွင် သူမအတွက် ခိုလှုံရာအိမ်တွင် အခန်းတခန်းစီစဉ်ပေးခဲ့သည်။

62 KHRG မှ ၂၀၂၄ ခုနှစ်၊ သြဂုတ်လတွင် ထုတ်ဝေသော၊ "တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် SAC စစ်သားများမှ လူငယ်နှစ်ဦးအား မတရားဖမ်းဆီးချုပ်နှောင်ခြင်း (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ)" တွင်ကြည့်ပါ။

63 KHRG မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော၊ "ဌာနေအိမ်မှပျောက်ဆုံးသူ - ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေလူထုအပေါ် ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများ" တွင်ကြည့်ပါ။

64 KHRG မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော၊ "မျက်ကွယ်ပြုခံရသောနာကျင်ခံစားမှုများ - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများကြုံတွေ့ရသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာအတားအဆီးများ" တွင်ကြည့်ပါ။

၎င်းအစီရင်ခံစာ ဖော်ပြသည့်အချိန်ကာလအတွင်း မပါဝင်သော်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည့် အချိန်မှစ၍ SAC တပ်သားများကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို KHRG မှ မှတ်တမ်းတင်ပြုစုလျက်ရှိသည်။[65] လက်နက်ကိုင်တပ်ဖွဲ့များ၏ အရွယ်ရောက်ပြီးသောအမျိုးသမီးများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများကိုလည်း မှတ်တမ်းတင်ထားလျက်ရှိသည်။[66] ဖြစ်ရပ်အားလုံးတွင် စစ်သားများသည် တရားစီရင်မှုမှလွတ်မြောက်ပြီး ၎င်းတို့၏တပ်ရင်းမှူးများထံမှ လွတ်ငြိမ်းချမ်းသာခွင့်များ ရရှိလျက်ရှိသည်။

စစ်သားများကျူးလွန်သည့်ချိုးဖောက်မှုများအပြင် တိုက်ပွဲကာလအတွင်း တာဝန်ယူမှုတာဝန်ခံမှုရရှိရန် ခက်ခဲခြင်းက အရပ်သားကျူးလွန်သူများအနေနှင့်လည်း ဖြစ်ပေါ်လာမည့်အကျိုးဆက်အပေါ် ကြောက်ရွံ့မှု သိပ်မရှိပဲ ကလေးများအပေါ် ကျူးလွန်ရန် ခွင့်ပေးလျက်သကဲ့သို့ဖြစ်သည်။ KHRG အနေနှင့် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်းတွင် အရပ်သားအချင်းချင်းကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ရပ်သုံးခုကို လက်ခံရရှိခဲ့သည်။

## ၅.၄။ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ကလေးစစ်သား စုဆောင်းခေါ်ယူခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များသည် လက်နက်ကိုင် တပ်ဖွဲ့များအတွင်းသို့ ဆက်လက်စုဆောင်းခေါ်ယူခြင်းခံနေကြရပါသည်။ SAC မှ ၂၀၂၄ ခုနှစ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကိုအကောင်အထည်ဖော်ရာ၌ ကလေးသူငယ်များအား အတင်းအကြပ်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်းများနှင့် အကြမ်းဖက်ခြင်းအားဖြင့် စုဆောင်းခေါ်ယူလျှက်ရှိကြောင်း ဖော်ပြသောသက်သေခံချက်များကို KHRG မှ မှတ်တမ်းပြုစုဆောင်းထားပါသည်။[67] ၎င်းကဲ့သို့သောအပြုအမူများကြောင့် ကြောက်ရွံ့မှုများ၊ နေရပ်ထွက်ပြေးတိမ်းရှောင်နေရမှုများနှင့်အတူ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းမှုအဟန့်အတားများ ပို၍ကျယ်ပြန့်စွာ ဖြစ်ပေါ်လာခဲ့ပါသည်။[68]

တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးမှ KNU ၏အမိန့်ပေးမှုအောက်တွင်မရှိသော PDF နှင့် အခြားသောလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များတွင် ကလေးစစ်သားများရှိနေကြောင်းပြောပြချိန်တွင် အခြားသောတွေ့ဆုံမေးမြန်းခဲ့သူများမှ KNLA စစ်တပ်တွင် လူငယ်များအား စုဆောင်းခေါ်ယူနေကြောင်းကိုလည်း တင်ပြခဲ့ကြပါသည်။ အချို့သောရွာသားများ၏သက်သေခံချက်အရ ကလေးသူများငယ်များသည် SAC ၏ချိုးဖောက်ကျူးလွန်မှုများကိုအမျက်ဒေါသထွက်ကြကာ KNLA စစ်တပ်ထဲသို့ ဆန္ဒရှိစွာပါဝင်လာကြကြောင်း ပြောပြခဲ့ပါသည်။ အခြားသူများကလည်း မြေပြင်စစ်သားများ၏ စစ်သားစုဆောင်းခြင်းလုပ်ငန်းစဉ်များ၊ ဆင်းရဲမွဲတေမှုများ သို့မဟုတ် လူမှုအသိုင်းအဝန်း၏ဖိအားများကြောင့် စစ်တပ်ထဲသို့ဝင်ရောက်ရန် ဖိအားပေးခံရကြောင်း ပြောပြခဲ့ပါသည်။

---

65 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော၊ "မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - SAC တပ်ကြပ်ကြီးတစ်ဦးမှ အသက် (၇) နှစ်အရွယ်ရှိ အမျိုးသမီးငယ်တစ်ဦးကို စစ်တပ်စခန်းတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှု (၂၀၂၃ ခုနှစ်၊ မတ်လ)" နှင့် ပို၍ဖတ်ရှုရန် အထက်တွင်ဖော်ပြထားသော KHRG, "မျက်ကွယ်ပြုခံရသောနာကျင်ခံစားမှုများ" တွင်ကြည့်ပါ။

66 *ဥပမာအနေဖြင့်* - KHRG မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော၊ "ဒူးပလာယာခရိုင်မှုခင်းဖော်ပြသည့် မှတ်တမ်းလွှာ- ကော့ကရိတ်မြို့နယ်တွင် SAC စစ်သားများမှ ရွာသားငါးဦးအား သတ်ဖြတ်ခြင်း၊ ရွာသားနှစ်ဦးအား ညှဥ်းပန်းနှိပ်စက်ပြီးသတ်ဖြတ်ခြင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအားမုဒိမ်းကျင့်ပြီးသတ်ဖြတ်ခြင်း (၂၀၂၄ ခုနှစ်၊ မေလ)" နှင့် KHRG မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော၊ "တောအူးခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဒေါ်ဖားခိုမြို့နယ်တွင် SAC စစ်သားတစ်ဦးက ပဋိပက္ခအတွင်း အသက် (၉၀) အရွယ်ရှိသောအမျိုးသမီးတစ်ဦးအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ)" တွင်ကြည့်ပါ။

67 KHRG မှ ၂၀၂၄ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Statement of condemnation of the enactment of conscription law by the military junta in Burma/Myanmar" တွင်ကြည့်ပါ။

68 KHRG မှ ၂၀၂၄ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "တပါးသူအားထိခိုက်နာကျင်အောင် အတင်းအကြပ်ခိုင်းစေခံရခြင်း - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းနှင့် ပြည်သူစစ်မှုထမ်း ဥပဒေပြဋ္ဌာန်းခြင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှု (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ)" တွင်ကြည်ပါ။

## က) မြန်မာစစ်တပ်မှ ကလေးစစ်သား စုဆောင်းခေါ်ယူခြင်း

SAC ၏ စစ်သားစုဆောင်းခြင်းသည် SAC ထိန်းချုပ်နယ်မြေဒေသများ သို့မဟုတ် ရောနှောထိန်းချုပ်နယ်မြေ ဒေသများတွင် အဖြစ်များလျှက်ရှိပါသည်။ ထိုထိန်းချုပ်နယ်မြေဒေသများရှိ စစ်ဆေးရေးဂိတ်များတွင် ဖမ်းဆီးခံရခြင်း သို့မဟုတ် ကျူးလွန်ခံရနိုင်ခြင်းကြောင့် ရွာသားများသည် ခရီးသွားလာရန်ကြောက်ရွံ့နေကြရပါသည်။ ဤကဲ့သို့ လုံခြုံမှုမရှိသည့်အခြေအနေသည် အတင်းအဓမ္မစစ်သားစုဆောင်းခြင်းအန္တရာယ်ကို ထပ်လောင်းဖြစ်ပေါ်စေပြီး အထူးသဖြင့်လူငယ်များအတွက် အန္တရာယ်ပို၍ဖြစ်စေပါသည်။[69] SAC စစ်မှုထမ်းဥပဒေတွင် အနည်းဆုံး အသက် ၁၈ နှစ်ရှိသူများကိုသာ စစ်သားစုဆောင်းရန်အတွက် ပြဋ္ဌာန်းထားသော်လည်း အသက် ၁၅ နှစ်မှ ၁၇ နှစ်ရှိ အသက်ငယ်ရွယ်သောကလေးသူငယ်များသည် စစ်သားအဖြစ်စုဆောင်းခေါ်ယူခြင်း ခံရကြပြီး ရှေ့တန်းသို့ပို့ခြင်း ခံကြရကြောင်းသက်သေခံများမှ တင်ပြခဲ့ပါသည်။

SAC စစ်တပ်များထဲတွင် ကလေးသူငယ်များရှိနေကြောင်း ပဋိပက္ခနယ်မြေဒေသအတွင်းမှ သက်သေခံများ အတည်ပြုပြောပြခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၇ နှင့် ၂၈ ရက်နေ့တွင် SAC စစ်သားများသည် လယ်ဒိုမြို့ရှိ ၎င်းတို့၏ စစ်တပ်စခန်းသို့ စားနပ်ရိက္ခာသယ်ယူပို့ဆောင်ချိန်တွင်  KNLA နှင့် PDF တပ်ဖွဲ့များမှ ခလယ်လွိုထူခရိုင်၊ မူး နှင့် လယ်ဒိုမြို့နယ်ကြားရှိ နံ့သာကုန်းလမ်းတစ်လျှောက်ရှိ လမ်းလုံခြုံရေးယူနေသော ၎င်းတို့၏ စစ်သားများကို တိုက်ခိုက်ခဲ့ကြပါသည်။ တိုက်ပွဲအတွင်း တချို့ဖမ်းဆီးခံရသည့် SAC စစ်သားများသည် အသက် ၁၈ နှစ်အောက်သာဖြစ်ကြောင်း ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ သရ--- ကျေးရွာအုပ်စုရှိ ဒေသခံကျေးရွာ အုပ်ချုပ်ရေးမှူးတစ်ဦးမှ ပြောပြခဲ့ပါသည်။ အဆိုပါဖမ်းဆီးခံခဲ့ရသည့် ယောကျ်ားလေးများသည် စစ်သင်တန်း အားအချိန်တိုအတွင်းတက်ခဲ့ရပြီးတိုက်ပွဲနှင့်ဆိုင်သော နားလည်မှုအနည်းငယ်သာရရှိပြီးနောက် ရှေ့တန်းသို့ပို့ခံရကြောင်း တင်ပြခဲ့ကြပါသည်။

SAC ၏ကလေးစစ်သားစုဆောင်းခေါ်ယူမှုအကြောင်းအရင်းကို အလေးအနက်ဆန်းစစ်လေ့လာရာတွင် မူးမြို့နယ်၊ ဂထ--- ကျေးရွာအုပ်စု၊ ဂထ--- ကျေးရွာမှ လူမှုအသိုက်အဝန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ စောမလ--- ဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *"သူတို့တွေက စစ်တပ်ထဲဝင်ဖို့ ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိတယ်လို့ ထင်တဲ့သူတွေကို ဖမ်းဆီးတယ်။ သူတို့ရဲ့ အသက်အရွယ်က ကိစ္စမရှိဘူး။ နောက်ပြီးတော့အခုအချိန်က သူတို့တွေက စစ်သားပိုပြီးလိုအပ်လို့ သူတို့ကိုအတင်း အ ကြပ်စစ်သားတွေလုပ်ခိုင်းတယ်။ [...] ကျွန်တော့်အထင် သူတို့က စစ်သားတွေပိုပြီးလိုအပ်တယ်။ ပြီးတော့ လူတွေကို [သူတို့သဘောအတိုင်း] စစ်သားလုပ်ဖို့ သူတို့ခေါ်လို့မရဘူး။ ဒါကြောင့် သူတို့ကစစ်မှုမထမ်းမနေရဥပဒေကို ပြဋ္ဌာန်းလိုက်တယ်။"* အလားတူ တောအူးခရိုင်း၊ ဒေါ်ဖားခိုမြို့နယ်၊ ဂဃ--- ကျေးရွာအုပ်စု ဂည--- ကျေးရွာမှ လူမှုအသိုက်အဝန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ စောမန--- ဤကဲ့သို့ပြောပြခဲ့ပါသည်။ *"ကျွန်တော့်အထင် သူတို့တွေ [SAC] ကတိုက်ပွဲတွေထဲမှာ သူတို့ရဲ့စစ်သားတွေ ဆုံးရှုံးမှုရှိတဲ့အတွက်ကြောင့် စစ်သားတွေပိုပြီးလိုအပ်လို့ သူတို့ရဲ့စစ်တပ်ထဲ စစ်သားတွေကိုပိုပြီးတော့ ခေါ်ယူချင်ကြတယ်။ ဒါကြောင့် သူတို့က ကလေးတွေကိုဖမ်းပြီး သူတို့ရဲ့ စစ်သားအတင်းအကြပ်လုပ်ခိုင်းတယ်။ လူတွေတော်တော်များများက SAC ကိုမထောက်ခံကြလို့ သူတို့က ကလေးတွေကို သူတို့ရဲ့စစ်သား အတင်းအကြပ်လုပ်ခိုင်းတယ်။"*

ကလေးသူငယ်အချို့သည် ဖမ်းဆီးခံရပြီးသည့်နောက် SAC ၏ဖမ်းဆီးထားသော လူဦးရေသတ်မှတ်ချက် အရေအတွက်ပြည့်ပြီဆိုပါက လူများအားဖမ်းဆီးထားသော စစ်သားစုဆောင်းရေးဗဟိုသို့ ပို့ဆောင်ခြင်း ခံရကြပါသည်။ ထို့နောက် ၎င်းတို့အနေဖြင့် တခါတရံစစ်ရေးလေ့ကျင့်ရေးစခန်းများသို့ ပို့ဆောင်ခြင်းခံကြရပါသည်။ ၎င်းတို့ထဲတွင် မူးမြို့နယ်၊ ဂဈ--- ကျေးရွာအုပ်စု၊ ဒဝ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ်ရှိ မောင်မဝ--- အမည်ရှိ ယောကျ်ားလေးတစ်ဦးသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့ရှိ စစ်ဆေးရေးဂိတ်တစ်ခု၌ အခြားကလေးများနှင့်အတူ ထိုနေ့တွင် SAC ၏ ခမရ အမှတ် (၄၃၉) စစ်သားများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရပါသည်။ ၎င်းအား ဖြူးမြို့ရှိ စစ်သားစုဆောင်းရေးဗဟိုသို့ ပို့ဆောင်ခဲ့ကြပြီး ထိုနေရာတွင် စစ်ဆေးမေးမြန်း

---

[69] KHRG မှထုတ်ဝေသော "တပါးသူအားထိခိုက်နာကျင်အောင် အတင်းအကြပ်ခိုင်စေခံရခြင်း" အထက်တွင်ကြည့်ပါ။

ခြင်းခံရသည့်အပြင် လူနေမှုအခြေအနေအလွန်ဆိုးရွာသောနေရာတွင် ဖမ်းဆီးချုပ်နှောင်ထားခဲ့ပါသည်။ ၎င်း၏ဖုန်းသိမ်းဆည်းခြင်းခံရသောကြောင့် ၎င်း၏မိဘများအနေဖြင့် သူသည် မည်သည့်နေရာတွင်ရှိနေသည်ကိုပါ မသိရှိခဲ့ကြပါ။ မောင်မဝ--- ၏ပြောပြချက်အရ ဖမ်းဆီးခံရသူ၏ အခြားသောမိခင်တစ်ဦးသည် သူမ၏သားလွတ်မြောက်ရန်အတွက် သိန်း ၂၀ ကျပ်ပေးခဲ့သော်လည်း စစ်သားများသည် ပိုက်ဆံကိုယူခဲ့ပြီး သူမ၏သားကိုမလွတ်ပေးခဲ့ပါ။ တစ်ပတ်ကြာပြီးနောက် မောင်မဝ--- ကို ကလေးသူငယ်များနှင့် အသက်ကြီးသူများအား စစ်ရေးလေ့ကျင့်ရန် အတင်းအကြပ်ဖမ်းဆီးစုဆောင်းခေါ်ယူခြင်းခံရသည့် ရှမ်းပြည်နယ်ရှိစစ်ရေးလေ့ကျင့်ရေးစခန်းသို့ ပို့ဆောင်ခဲ့ကြပါသည်။ စစ်ရေးလေ့ကျင့် သူအများစုသည် အသက် ၁၈ နှစ်အောက်ဖြစ်ကြပြီး သင်တန်းပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းတို့အား ရှေ့တန်းသို့ ပို့ခဲ့ကြကြောင်း ၎င်းမှ သတိထားမိခဲ့ပါသည်။ မောင်မဝ--- မှ စစ်ရေးလေ့ကျင့်ရေးဗဟိုတွင် ကြုံတွေ့ရသော ကြမ်းတမ်းစွာပြုမှုဆက်ဆံခံရပုံနှင့်ပတ်သက်၍ *“ကျွန်တော်တော်တော်ခံစားခဲ့ရတယ်။ ကျွန်တော်တို့ တစ်ပတ်မှတခါပဲရေချိုးခဲ့ရတယ်။ ပေါင်တွေမှာဆို ဝဲတွေပေါက်လာတယ်။ ခြေထောက်တွေမှာဆိုလည်း အနာတွေနဲ့။ ရေကလည်း အေးစက်နေတာပဲ။ မချိုးနိုင်တော့ဘူး။ ညဖက် ၁၂ နာရီလောက်ရှိနေပြီ။ ကျွန်တော်တို့မှာ နားချိန်ကိုမရှိတာ။ တော်ကြာနေရင် [SAC စစ်သားတွေက] ဝီစီမှုန့်ပြန်ပြီး။ တော်ကြာနေရင် ဝီစီမှုန့်ပြန်ပြီး။ ငါးမိနစ်လောက်ထိုင်ပြီး ကိုယ်က အိပ်လျက်နဲ့ ထိုင်နေတာပေါ့။ တအောက်နေရင် ဝီစီမှုန့်တော့ ပြေးပြီးတော့တန်းစီနေရပြီး။ နောက်ကျရင် ကျွန်တော်တို့ကို မောက်ခိုင်းပြီး ရိုက်သေးတယ်။ ကျွန်တော်က နှစ်ခါအရိုက်ခံရတယ်။ အဲ့လို အိပ်အိပ်ပျော်သွားလို့။”* ဟု ပြောပြခဲ့ပါသည်။ စစ်တပ်များ အပြောင်းအလဲပြုလုပ်သည့်အချိန်အတွင်း ၎င်းသည် အခြားဖမ်းဆီးခံထားရသူများနှင့်အတူ ဒေသခံရွာသားများ၏အကူအညီဖြင့် နောက်ပိုင်းတွင် လွတ်မြောက်လာခဲ့ပြီး ၎င်း၏ကျေးရွာသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။




ဤပုံကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ ဟဆ--- ကျေးရွာအုပ်စု၊ ဟဆ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC ၏ အတင်းအကြပ်စစ်သားစုဆောင်းခြင်းကို ခံရသော မူးမြို့နယ်၊ ဂဈ--- ကျေးရွာအုပ်စု၊ ဒဝ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် မောင်မဝ--- အမည်ရှိ ရွာသားတစ်ဦးပုံဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် မောင်မဝ--- သည် အလုပ်လုပ်ရန်အတွက်ခရီးသွားနေစဉ် ညောင်ပင်သာမြို့ စစ်ဆေးရေးဂိတ်ရှိ SAC စစ်သားများ၏ဖမ်းဆီးခြင်းကိုခံခဲ့ရပါသည်။ ၎င်းအား ခလယ်လွိုထူခရိုင်၊ ဖြူးမြို့ရှိ စစ်သားစုဆောင်းရေးဗဟို သို့ ပို့ခဲ့ပြီး ထိုတွင်တစ်ပတ်ချုပ်နှောင်ခြင်းခံခဲ့ရပါသည်။ ထို့နောက် ၎င်းအား ရှမ်းပြည်နယ်ရှိ စစ်ရေးလေ့ကျင့် ရေးဗဟိုတစ်ခုသို့ ပို့ဆောင်ခဲ့ကြပါသည်။ ငါးပတ်ကြာပြီးသည့်နောက် ၎င်းအနေဖြင့် ထွက်ပြေးလွတ်မြောက်လာခဲ့ပါသည်။ အဆိုပါ စစ်ရေးလေ့ကျင့်ရေးဗဟိုတွင် ရော်ဘာတုတ်များဖြင့်ရိုက်နှက်ခြင်းခံရသည့်အပြင် လုံလောက်သောအိပ်စက်ခွင့်မရရှိခဲ့ပါ။ ၎င်းအား တစ်ပတ်လျှင်တစ်ကြိမ်သာ ရေချိုးခွင့်ပြုသောကြောင့် ၎င်း၏ပေါင်တွင်ဝဲများပေါက်လာခဲ့ပါသည်။ ဤပုံတွင် ဒဏ်ရာရပြီးလအနည်းငယ်ကြာပြီးနောက် ၎င်း၏ပေါင် ပေါ်တွင် ဝဲပေါက်နေသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

SAC သည် အမြဲတစေ စစ်သားစုဆောင်းခေါ်ယူမှုကို အတင်းအကြပ်ပြုခြင်း၊ အကြမ်းဖက်ခြင်းနှင့် အတင်းအဓမ္မဖမ်းဆီးခြင်းများဖြင့် ဆောင်ရွက်လေ့ရှိသည်။ ကလေးသူငယ်များသည် စစ်သားစုဆောင်းခေါ်ယူမှုတွင် တိုက်ရိုက်ဖိအားပေးခံနေကြရပြီး ၎င်းတို့၏မိသားစုများပါ ခြိမ်းခြောက်မှုများခံနေကြရပါသည်။ SAC ထိန်းချုပ်ထားသော တောင်ငူ၊ သံတောင်၊ ကညွန့်ကွင်းနှင့် သထုံကဲ့သို့သော မြို့များတွင် မြန်မာစစ်သားများ၏ အတင်းအဓမ္မစစ်သား

ခေါ်ယူမှုအန္တရာယ်သည် အလွန်မြင့်မားပြီး လူငယ်များသည် အတင်းအဓမ္မဖမ်းဆီး မှုများကိုခံရနိုင်ချေရှိကြောင်း ရွာသားအချို့ရှင်းပြခဲ့ကြပါသည်။ SAC စစ်သားများသည် ည ၈ နာရီနောက်ပိုင်း အချိန်တွင် အပြင်ထွက်သောက လေးသူများအား SAC ၏ကျောင်းသားကဒ်ကို မထုတ်ပြပေးနိုင်ပါက ရပ်တန့်စစ်ဆေးလေ့ရှိကြောင်း တောအူး ခရိုင်၊ ဒေါ်ဖားခိုမြို့နယ်ရှိ ရွာသားများမှ ပြောပြခဲ့ပါသည်။ ဖမ်းဆီးမှုများသည် မြို့ထဲတွင် မကြာခဏဖြစ်ပေါ်လေ့ ရှိနေသော်လည်း ဤကဲ့သို့သောလုပ်ရပ်များသည် ကျေးရွာများတွင်ဖြစ်ပေါ်နေကြောင်း သက်သေအထောက်အ ထားများလည်းရှိနေသည်။ အချို့သောဖြစ်ရပ်များတွင် မိသားစုများအနေဖြင့် ၎င်းတို့၏ကလေးများလွတ်မြောက် ရန်အတွက် အတင်းအဓမ္မငွေကြေး ပေးဆောင်စေခြင်းခံခဲ့ကြရပါသည်။ သို့သော်လည်း ငွေပေးဆောင်မှုများသည် လွတ်မြောက်မှုအတွက် အမြဲတစေ အာမခံချက်မပေးနိုင်ခဲ့ပါ။ ရွာသားအများစုသည် ၎င်းတို့၏အသက်မွေးဝမ်း ကြောင်းအတွက် ၎င်းတို့၏လယ်ယာစိုက်ခင်းများကိုသာ မှီခိုအားထားနေကြရသောကြောင့် တောင်းဆိုသော ငွေကြေး ပမာဏသည် ကျေးလက်ဒေသရှိမိသားစုမှ ပေးနိုင်သောပမဏထက် မကြာခဏပို၍ကျော်လွန်လျက်ရှိ နေပါသည်။

## ခ) KNLA မှ ကလေးစစ်သား စုဆောင်းခေါ်ယူခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အသက်မပြည့်သေးသောကလေးသူငယ်များကို စစ်တပ်ထဲသို့စုဆောင်းခေါ်ယူ ခြင်းကို KNU ၏မူဝါဒများတွင် တားမြစ်ထားသော်လည်း KNLA တပ်သားများနှင့် အခြားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကလည်း အသက်မပြည့်သေးသောလူငယ်များကို ၎င်းတို့၏တပ်ထဲသို့ စုဆောင်းခေါ်ယူအသုံးပြု ခဲ့ကြသည်။ KNLA စစ်တပ်ထဲသို့ဝင်သော ဆယ်ကျော်သက်လူငယ်များသည် မိမိစိတ်ဆန္ဒအရ ဝင်ကြကြောင်း ရွာသားများမှ ပြောပြခဲ့ပါသည်။ ဒူးပလာယာခရိုင်၊ ဝေါ်ရေးမြို့နယ်၊ နို့ဖာထောကျေးရွာအုပ်စု၊ ဟဒ--- ကျေးရွာမှ ကျောင်းဆရာတစ်ဦးဖြစ်သူ စောမပ--- မှ *"အသက်မပြည့်သေးတဲ့ကလေးတွေကို လက်နက်ကိုင်တပ်ဖွဲ့ထဲဝင်ဖို့ ဘယ်သူမှအတင်းအကြပ်မခိုင်းဘူး။ ဒါပေမဲ့ သူတို့က စစ်သားဖြစ်ဖို့ စိတ်ပါကြတယ်။"* ဟုရှင်းပြခဲ့ပါသည်။ ရွာသား များနှင့် လူငယ်များသည် SAC ၏ချိုးဖောက်ကျူးလွန်မှုများကို အမျက်ဒေါသထွက်ခြင်းကြောင့် တပ်ထဲသို့ဝင်ရန် စိတ်ပိုင်းဖြတ်ထားခဲ့ကြပါသည်။ ဖြစ်စဉ်တစ်ခုတွင် ဒေါ်ဖားခိုမြို့နယ်၊ ပရှောလိုကျေးရွာအုပ်စု၊ ဃပ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ်ရှိ နော်မဘ--- မှ *"သူတို့ [ဆယ်ကျော်သက်လူငယ်] တွေက ဗမာစစ်တပ်ရဲ့လုပ်ရပ်တွေကို မကြိုက်ကြဘူး။ ဒါကြောင့်သူတို့တွေကျောင်းထွက်ပြီး လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေထဲ ဝင်လိုက်တယ်။"* ဟုပြန်လည်ပြောပြခဲ့ပါသည်။ ထို့နည်းတူ ဖွဲ့လိုးမြို့နယ်၊ ထီးသဘာလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ်ရှိ နော်အလ--- မှဤကဲ့သို့ ရှင်းပြခဲ့ပါသည်။ *"သူတို့တွေက စစ်အာဏာရှင်ကိုမုန်းလို့ စစ်တပ်ထဲကို ဝင်ကြတယ်။"*

အချို့ဒေသတွင်ရှိသော KNLA မြေပြင်တပ်သားများသည် ၎င်းတို့၏တပ်ကို ဝင်ရောက်ဖြည့်တင်းရန် 'တစ်အိမ် ထောင်လျှင် တစ်ယောက်' ကျင့်သုံးမှုကို တောင်းဆိုဆောင်ရွက်လာခဲ့ကြကြောင်း ခရိုင်အချို့ရှိရွာသားများမှလည်း ရှင်းပြခဲ့ကြပါသည်။ ဤကျင့်သုံးမှုတွင် တရားဝင်ဥပဒေမရှိသေးသော်လည်း မူတြော်ခရိုင်နှင့် ဒူးပလာယာခရိုင်ရှိ အချို့သောဒေသများတွင် ညီကိုမောင်နှမများသော မိသားစုဝင်များထဲမှ အနည်းဆုံးတစ်ဦးသည် တပ်ထဲသို့ဝင် ရန် မျော်လင့်ချက်ထားခံရသည်ကို လူမှုအသိုက်အဝန်းတွင်ရှိသောသူများစွာ သိရှိထားနှင့်ပြီးကြောင်း တင်ပြခဲ့ကြ ပါသည်။ အချို့သောဒေသများတွင် အသက် ၁၆ နှစ်ရှိသောကလေးသူငယ်များသည် အသက်ပြည့်သည့်အချိန် တွင် စစ်မှုထမ်းရန် ၎င်းတို့၏အမည်များကို မှတ်သားထားပြီးဖြစ်ပါသည်။ အဆိုပါ အသက်မပြည့်သေးသော ယော ကျ်ားလေးများသည် အသက်ကြီးသူများမရှိပါက ၎င်းတို့၏နေရာတွင်အစားထိုးဝင်ရောက်ရန် ဖိအားပေးခံခဲ့ကြရ ပါသည်။ ဖြစ်စဉ်တစ်ခုတွင် လူသောမြို့နယ်၊ သဒ--- ကျေးရွာအုပ်စု၊ ဟဗ---ဒေသမှ နော်မခ--- သည် ကျောင်း ဆက်လက်တက်ရန် စိတ်အားထက်သန်သော သူမ၏အသက်မပြည့်သေးသော ဝမ်းကွဲညီကို၏ဖခင် ပြင်းထန်စွာ ဖျားနာချိန်တွင် အစားထိုးဖြင့် KNLA စစ်တပ်သို့ စုဆောင်းခေါ်ယူခြင်းခံခဲ့ရကြောင်း ပြန်လည်ပြောပါသည်။ ထို နည်းတူ ဘုသိုမြို့နယ်၊ သဃ--- ကျေးရွာအုပ်စုမှ ကလေးနှစ်ဦး၏မိခင်လည်းဖြစ် ကျောင်းဆရာမတစ်ဦးလည်း ဖြစ်သူ နော်မတ--- မှ *"တချို့ဖြစ် ရပ်တွေမှာဆိုရင် မိသားစုတစ်စုမှာ သားတစ်ယောက်ကသွား [KNLA တပ်ထဲ*

*ဝင်] ရတယ်။ ဒါပေမဲ့ အဲ့ဒီသားက လက်ထပ်လိုက်ပြီး ကလေးတွေရှိလာတယ်။ ဒါကြောင့် သူ့ရဲ့အကိုနေရာမှာ အစားထိုးပြီး ညီလေးဖြစ်သူသွားဖို့ ဖိအားပေးခံရတယ်။"* ဟုရှင်းပြခဲ့ပါသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ သဗ--- ကျေးရွာအုပ်စုမှ ကျောင်းဆရာမတစ်ဦးသည်လည်း ဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *"တချို့သူတွေက [KNLA တပ်ထဲဝင်] သွားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သွားဖို့အလှည့်ကျတဲ့အချိန်မှာ သူတို့အကိုတွေက [စစ်သား စုဆောင်းခေါ်ယူကျင့်သုံးမှုအောက်] သွားရမှာဖြစ်ပေမဲ့ သူတို့ရဲ့အကိုတွေကမသွားတဲ့အခါ သူတို့ [ကလေးတွေ] ကလည်း တပ်ထဲဝင်လိုစိတ်ရှိလို့ [သူတို့ရဲ့အကိုတွေနေရာမှာ အစားထိုး] သွားကြတယ်။"*

အချို့သောဖြစ်ရပ်များတွင် မိသားစုများအနေဖြင့် ၎င်းတို့ကလေးများ တပ်ထဲသို့ဝင်ရောက်ခြင်းမှရှောင်ကျဉ်မှု ပြုရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် ကလေးသူငယ်များသည် KNLA တပ်ထဲသို့ဝင်ရောက်ရန် ဖိအားပေးခြင်းကို လည်းခံခဲ့ကြရပါသည်။ အရင်းအမြစ်မရှိသောမိသားစုဝင်များသည် အထူးသဖြင့် အခက်အခဲများဖြင့် ကြုံတွေ့ကြ ရပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်ဆင်းရဲသဖြင့် ၎င်းတို့ကလေးများ တပ်ထဲသို့ဝင်ရောက်ခြင်းမှ ညှိနှိုင်းမှုပြုလုပ်ရန် သို့မဟုတ် ကာကွယ်မှုပြုရန်မတတ်နိုင်ကြပါ။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ထီးလယ်ပူ ကျေးရွာအုပ်စုသို့ ထွက်ပြေးတိမ်းရှောင်နေရသော အသက် ၁၇ နှစ်အရွယ်ရှိ ရွာသားတစ်ဦးမှ ဤကဲ့သို့ရှင်းပြခဲ့ ပါသည်။ *"ကလေးတွေကငြင်းရင် သူတို့ရဲ့မိဘတွေက သူတို့ရဲ့နေရာမှာအစားထိုးရတယ်။"* ထို့နည်းတူ ဘားအံ မြို့နယ်၊ ဟတ္တလိုက်ကျေးရွာအုပ်စု၊ ဒက--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ်ရှိ စောကတ--- မှ *"ဒီဖြစ်ရပ်က အခု အသက် ၁၈ နှစ်မပြည့်သေးတဲ့ ကျွန်တော့်သူငယ်ချင်းမှာဖြစ်ပွားခဲ့တယ်။ သူ့အမေက သူ့သားလေးစစ်သားစုဆောင်း ခေါ်ခံရတာကနေ ကာကွယ်ဖို့လို အပ်တဲ့ငွေကြေးမရှိတာနဲ့ သူ့သားကို သွားခိုင်းလိုက် [လက်နက်ကိုင်တပ်ဖွဲ့ထဲ ထည့်လိုက်] ရတယ်။"* ဟုပြန်လည်ပြောပြခဲ့ပါသည်။ အဆိုပါ ကောင်လေးအား ခေါ်ဆောင်သွားပြီးသည့်နောက် ၎င်းသည်အသက်ငယ်သေးသဖြင့် စစ်သားအဖြစ်အသုံးပြုမည့်အစား KNLA မှ ကျောင်းပြန်လည်ထားပေးခဲ့ပါသည်။

ကလေးများသည် စုဆောင်းခေါ်ဆောင်ခံရပြီးသည်နောက်တွင် တိုက်ပွဲအတွင်းသို့ ပို့ဆောင်ခြင်းခံရလေ့မရှိပါ။ ရွာသားများမှ အသက်မပြည့်သေးသည့် စုဆောင်းခေါ်ဆောင်ခြင်းခံရသူများကို အုပ်ချုပ်ရေးကဏ္ဍ သို့မဟုတ် ထောက်ပံ့ရေးတာဝန်သို့မဟုတ် သင်တန်းများတွင် (ငါးလမှခြောက်လတာကြာစွာ) တရားဝင်အမည်စရင်း ထည့် သွင်းခြင်း မရှိပဲ တာဝန်ပေးကာ သင်တန်းတက်ရောက်စေပါသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ ဒေသခံ KYO ခေါင်းဆောင်တစ်ဦးဖြစ်သော စောအက--- မှ *"ကလေးတွေက စစ်သားတွေနောက် လိုက်ရုံပဲလိုက်တယ်။ ဒါပေမဲ့ ကလေးတွေကို တာဝန်မပေးသေးဘူး [တရားဝင်စစ်သားမဟုတ်ဘူး]။ သူတို့တွေ အသက် ၁၈ နှစ်ပြည့် တဲ့အချိန်ကျမှ [စစ်သားဖြစ်ဖို့] လက်မှတ်ထိုးရတယ်"* ဟုရှင်းပြခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူအချို့မှ မိန်းကလေး များအားအထူးသဖြင့် ရှေ့တန်းသို့ပို့ခြင်းကို ရှောင်ကျဉ်ကြကြောင်း ပြောပြခဲ့ပါသည်။ အချို့သောသူများမှ မိန်းက လေးများသည် တိုက်ပွဲတွင်းတိုက်ရိုက်ပါဝင်ခြင်းကိုပြုစေမည့်အစား ၎င်းတို့အား ဆရာများ၊ သူနာပြု သို့မဟုတ် ဆရာဝန်များဖက်တွင် တာဝန်ယူထမ်းဆောင်စေကြောင်း တင်ပြချိန်တွင် အချို့သူများကလည်း မိန်းကလေးများ သည် လုံးဝစုဆောင်းခေါ်ယူခြင်းမခံရကြကြောင်း ပြောပြခဲ့ကြပါသည်။ အချို့သောဖြစ်စဉ်များတွင် ရွာသားများ သည် ကလေးများဆက်လက်ပညာသင်ယူနိုင်ရန်အတွက် လမ်းကြောင်းတစ်ခုအဖြစ် နာမည်စရင်းသွင်းပို့ဆောင် ခဲ့ပါသည်။ ဘီးလင်းမြို့နယ်၊ ပရားဂျော်ကျေးရွာအုပ်စု၊ ဃဘ--- ကျေးရွာမှ မိခင်တစ်ဦးဖြစ်သော နော်နလ--- မှ *"အသက်မပြည့်သေးတဲ့ကလေးတွေကို ပို့ဖို့အတွက် ကျွန်မတို့စဥ်းစားထားတယ်။ ဒါမှသူတို့တွေ ကျောင်းတက် နိုင်မှာ။ အဲ့လူတွေက [KNU] က သူတို့တွေကို ကျောင်းထားပေးမှာ"* ဟုရှင်းပြခဲ့ပါသည်။

အချို့သောမိဘများနှင့် လူမှုအသိုက်အဝန်းအဖွဲ့ဝင်များသည် ကလေးများ၏အခွင့်အရေးများပေါ်သက်ရောက်မှု နှင့် လက်နက်ကိုင်အဖွဲ့များတွင် ဆက်ကျော်သက်လူငယ်များပါဝင်မှုအပေါ် ၎င်းတို့၏စိုးရိမ်မှုများကို အလေးပေး ပြောပြခဲ့ကြသည်။ ဘုသိုမြို့နယ်၊ ထီးလယ်ပူကျေးရွာအုပ်စုရှိကျောင်းဆရာမတစ်ဦးမှ *"တချို့ [ကျောင်းသားတွေ] က ကျောင်းဆက်တက်ချင်နေကြတုန်းပဲ။ ဒါပေမဲ့ ကျောင်းကနေရပ်နားလိုက်ရတယ်။ ကျွန်မအကုန်ပြောရမယ် ဆိုရင် သူတို့တွေက [KNLA အတွက်] စစ်သားသွားလုပ်ကြရတယ်။ ဒါက တကယ်စိန်ခေါ်မှုကြီးပဲ။"* ဟုပြောပြခဲ့ ပါသည်။ ထို့နည်းတူ၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဂ--- ကျေးရွာမှ ကျောင်းဆရာမတစ်ဦးဖြစ်

သော နော်အမ--- ဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *"ကျွန်မပြောချင်တာကတော့ အနာဂတ်မှ အသက် ၁၈ နှစ်အောက် ကလေးတွေကို ကျောင်းတက်စေချင်တယ်။ ကျွန်မတို့က အသက် ၁၈ နှစ်အောက်ကလေးတွေကို စစ်သားမလုပ် စေချင်ဘူး။ ကျွန်မတို့က အသက်မပြည့်သေးတဲ့ကလေးတွေ ပညာဆက်လက်သင်ယူဖို့ ခေါင်းဆောင်တွေကို ကူညီ ခိုင်းစေချင်တယ်။ [...] အသက်မပြည့်သေးတဲ့ကလေးတွေကို ရှေးတန်းသွားခွင့်မပြုဖို့ ကျွန်မအနေနဲ့ ခေါင်းဆောင် တွေကို စဉ်းစားပေးစေချင်တယ်။ ကျွန်မက ခေါင်းဆောင်တွေကို ပညာရေးဖက်ဦးစားပေးစေချင်တယ်။"* ဟုပြော ပြခဲ့ပါသည်။

ဤမြေပြင်အဆင့် စုဆောင်းခေါ်ယူဆောင်ရွက်မှုများသည် KNU ၏ တရားဝင်မူဝါဒနှင့် Geneva Call တို့ လက် မှတ်ရေးထိုးထားသည့် ကတိကဝတ်စာချုပ်နှင့် ဆန့်ကျင်နေသည်။ ထိုစာချုပ်တွင် အသက်မပြည့်သေးသူများကို အဖွဲ့ဝင်အဖြစ်ခေါ်ယူခြင်းကို တားမြစ်ထားပါသည်။ KNU ၏ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်နှင့် ပြောရေးဆိုခွင့် ရှိသူပဒိုစောတောနီးက 'တစ်အိမ်ထောင်လျှင်တစ်ယောက်' မူဝါဒမရှိကြောင်းနှင့် ခေါ်ယူမှုများသည် ခရိုင်အဆင့် လိုအပ်ချက်ပေါ်မူတည်ကြောင်း ရှင်းလင်းပြောပြခဲ့ပါသည်။ ၎င်းမှ အသက်မပြည့်သေးသူများအား ကလေးစစ်သား စုဆောင်းခေါ်ယူခြင်းကို တားဆီးရန်အတွက် အဓိကအခက်အခဲမှာ စုဆောင်းခေါ်ယူလိုသူများ၏အသက်ကို စစ် ဆေးစောင့်ကြည့်ခြင်းဖြစ်ကြောင်းကို ဤကဲ့သို့ပြောပြခဲ့ပါသည်။ *"ဒါကို [ကလေးစစ်သားတွေကို] ကျွန်တော်တို့ လက်မခံဘူး။ ကျွန်တော်တို့မှာ အသက် ၁၈ နှစ်အောက်ရှိတဲ့သူတွေကို ခွင့်မပြုဖို့အတွက် ခိုင်မာတဲ့မူဝါဒရှိထား ပြီးသား။ ဒါကြောင့် သူတို့တွေ အသက်မပြည့်ဘူးဆိုတာကိုသိရင် ကျွန်တော်တို့က သတ်မှတ်ထားတဲ့နှစ်နဲ့ပတ်သက် ပြီး သူတို့ကိုပြောပြပြီး သူတို့ကိုထုတ်လိုက်တယ်။ ကျွန်တော်တို့မသိဘူးဆိုရင် ဒါကတခြားနည်းလမ်းဖြစ်သွားမှာ ပေါ့။ ဒါကြောင့် ဒါက စောင့်ကြည့်မှုအပေါ်မှာ မူတည်တယ်။ ဒါက တိကျတဲ့စောင့်ကြည့်မှုရှိရမယ်။ ကျွန်တော်တို့ မှာ တိကျတဲ့စောင့်ကြည့်မှုမရှိဘူးဆိုရင် ဒီလိုဖြစ်ရပ်တွေဖြစ်လာလိမ့်မယ်။ [...] ကျွန်တော်တို့အတွက် စိန်ခေါ်မှု ကတော့ ကျွန်တော်တို့မှာ မှတ်ပုံတင်အချက်အလက်တွေမရှိဘူး။ သူတို့ရဲ့အသက်ကိုပြဖို့အတွက် အချက်အလက် က ကလေးတွေအားလုံးစီမှာမရှိဘူး။ [...] ဒါပေမဲ့ ဒီလူက ၁၈ နှစ်ပြည့်ပြီ၊ ဒီလူက ၁၈ နှစ်မပြည့်သေးဘူးလို့ပြော ပြနိုင်တဲ့ သူတို့ရဲ့ရွာလူကြီးတွေနဲ့ ကျွန်တော်တို့အတည်ပြုကြတယ်။"* ပဒိုစောတောနီးကလည်း KNU သည် ကလေး များကို ဒေသများတွင် စုဆောင်းခေါ်ယူခြင်းနှင့်အသုံးပြုခြင်းကို အဆုံးသတ်ရန်အတွက် လက်ရှိ UN နှင့် ပူးပေါင်း၍ပူးတွဲလုပ်ရှားမှုအစီအစဉ်တစ်ရပ်လက်မှတ်ထိုးရန်ဆောင်ရွက်နေကြောင်း၊ ယခင်ကလေးစစ်သားများအတွက် စောင့်ကြည့်ရေးစနစ်နှင့် ပြန်လည်ပေါင်းစည်းရေးအစီအစဉ်တစ်ခုတည်ထောင်ရန် ရည်ရွယ်ထားကြောင်း ပြော ပြခဲ့ပါသည်။

## ၅.၅။ အကြမ်းဖက်ကျူးလွန်မှုများကိုဆန့်ကျင်ရန် အသုံးပြုသည့်နည်းလမ်းများ

ရွာသားများနှင့် ကလေးသူငယ်များသည် မိမိတို့၏နေ့စဉ်နေထိုင်မှုဘဝတွင် အကြမ်းဖက်မှုများကို တွန်းလှန်နိုင် ရန်နည်းလမ်းများကို ရှာဖွေကြပါသည်။ ကလေးအများစုသည် ငယ်စဉ်ကတည်းက လက်နက်ကိုင်အဖွဲ့များမှ တိုက်ခိုက်သည့်အချိန်တွင် မည်ကဲ့သို့တုံ့ပြန်ရမည်ကို သင်ကြားထားခြင်းခံခဲ့ကြရပါသည်။ မိသားစုများသည် လေယာဉ်အသံ သို့မဟုတ် လက်နက်ကြီးပစ်ခတ်သံကြားသောအချိန်တွင် ချက်ချင်းထွက်ပြေးဝင်ရောက်နိုင်ရန် အတွက် အများဆုံးအသုံးပြုသောကာကွယ်ရေးနည်းလမ်းတစ်ခုမှာ ယာယီဗုံးခိုကျင်းများကို အသုံးပြုခြင်းဖြစ် သည်။ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူနူကျေးရွာအုပ်စု၊ ဒခ--- ကျေးရွာမှ မိခင်တစ်ဦးဖြစ်သော နော်အခ--- မှ သူမ၏ အသက် ၁၁ နှစ်နှင့် ၉ နှစ်အရွယ်ရှိကလေးများ၏အခြေအနေကို ဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *"ကျွန်မရဲ့သမီးလေး လည်း အရမ်းအိပ်ချင်ခဲ့တယ်။ ဒါပေမဲ့ လက်နက်ကြီးနောက်တစ်ခါထပ်ပစ်မှာကို ကျွန်မစိုးရိမ်ခဲ့တယ်။ ဒါကြောင့် ကျွန်မက သမီးလေးကိုဗုံးခိုကျင်းထဲသွားအိပ်ဖို့ပြောခဲ့တယ်။ သူဘာမှ ပြန်ခံမပြောခဲ့ဘူး။ သူခေါင်းအုံးတစ်လုံးကို ဆွဲပြီး ဗုံးခိုကျင်းထဲသွားဖို့ကျွန်မနောက်လိုက်လာခဲ့တယ်။ ဒါကတော့ ကျွန်မတို့ဆီကနေ သူတစ်ခုခုသင်ယူနေ တာ။ တကယ်လို့ လက်နက်ကြီးပစ်ခတ်မှုဖြစ်ရင် သူကဗုံးခိုကျင်းထဲသွားပြီး အိပ်ရမှာကို အခုသိနေပြီး။ လက်နက် ကြီးပစ်ခတ်မှုဖြစ်ပွားပြီးဆိုရင်ကျွန်မရဲ့သမီးအိပ်လို့မပျော်ဘူး။ သူကြောက်တယ်။ ဗမာစစ်သားတွေကို သူတွေ့*

*ပြီးဆိုရင် သူတို့တွေကလူဆိုးတွေပဲဆိုပြီး အတွေးထဲအလိုလို ဖြစ်လာတယ်။"* သို့သော် ယာယီဖုံးခိုကျင်းများသည် ကာကွယ်မှုအချို့ကို ပေးနိုင်သော်လည်း ဒေသခံရွာသားများနှင့် ခေါင်းဆောင်များက ဖုံးခိုကျင်းများသည် ၎င်းတို့၏ အသက်ဘေးအန္တရာယ်ကို လုံလောက်စွာကာကွယ်ပေးနိုင်ခြင်းမဟုတ်ဘဲ အန္တရာယ်ကိုသာ လျှော့ချပေးနိုင်ကြောင်း ဝန်ခံကြသည်။

ရွာသားများကလည်း အခြားသောကာကွယ်ရေးနည်းလမ်းများဖြစ်သော မီးများပိတ်ပစ်ခြင်း၊ မီးစက်များနှင့် အခြားသောစက်ပစ္စည်းများကို ပိတ်ထားခြင်းဖြင့် လေယာဉ်များရွာပေါ်ပျံသန်းလာသည့်အချိန်တွင် သတိမထားမိရန် ကြိုးစားခြင်း သို့မဟုတ် ခရီးသွားစဉ် SAC စစ်သားများကို ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်ကြကြောင်း ရှင်းပြခဲ့ကြပါသည်။ တိုက်ခိုက်မှုများ ဖြစ်ပွားသောအချိန်တွင် ကလေးများနှင့် ၎င်းတို့၏မိသားစုများသည် ကာကွယ်ရေးနည်းလမ်းတစ်ခုအဖြစ် ထွက်ပြေးတိမ်းရှောင်ခြင်းကို အခါအားလျော်စွာ ရွေးချယ်ကြပါသည်။ ရွာသားများသည် လေကြောင်းတိုက်ခိုက်မှု သို့မဟုတ် လက်နက်ကြီးပစ်ခတ်မှုများအတွင်း ထွက်ပြေးတိမ်းရှောင်နေကြပြီး အန္တရာယ်များ မရှိတော့သည်အထိ သစ်တောများ၊ စိုက်ပျိုးခင်းများ သို့မဟုတ် တူးမြောင်းများထဲသို့ ထွက်ပြေးခဲ့ကြပါသည်။ မိဘများက ယာယီသာထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး လက်နက်ကြီးပစ်ခတ်မှုရပ်သွားသည်နှင့် မိသားစုများသည် ပြန်လည်ရောက်ရှိလာကြကြောင်း ပြောပြခဲ့ပါသည်။ သို့သော် တချို့ဖြစ်ရပ်များတွင် မိသားစုများသည် မိမိတို့၏ ကလေးများကို ကာကွယ်ရန်အတွက် အနီးအနားရှိရွာများ သို့မဟုတ် ဆွေမျိုးများ၏အိမ်များသို့ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့် ပို၍အချိန်တန်ကြာစွာ ထွက်ပြေးတမ်းရှောင်နေခဲ့ကြပါသည်။

အတင်းအဓမ္မစစ်သားစုဆောင်းခြင်းကို ရှောင်ကြဉ်ရန်အတွက် လူငယ်များသည် ဤကဲ့သို့ တူညီသောနည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်။ ရောဝတီတိုင်း၊ ဟဟ--- မြို့အနီးရှိ၊ ဟဂ--- ကျေးရွာမှ ခရစ်ယာန်ဘုန်းတော်ကြီး တစ်ဦးဖြစ်သော မထ--- မှ SAC စစ်မှုထမ်းဥပဒေကို ရှောင်ကျဥ်ရန်အတွက် ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်ရှိ KNU ၏ ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း တင်ပြခဲ့ပါသည်။ *"အစပိုင်းမှာ သူတို့က အသက် ၁၈ နှစ်ကနေ အသက် ၃၀ အရွယ်ရှိတဲ့သူတွေကို စုဆောင်းခေါ်ယူမယ်လို့ ကြေညာလိုက်တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ သူတို့က အသက် ၁၈ နှစ်ကနေ ၄၅ နှစ်အရွယ်ရှိတဲ့ သူလို့ပြောခဲ့တယ်။ နောက်ပြီး သူတို့နောက်ဆုံးပြောတာက 'လူတွေသေနတ်ကိုင်ရင် အဆင်ပြေပြီးတဲ့' အဲ့ဒီလိုအကြောင်းကြောင့် ကျွန်တော်တို့ထွက်ပြေးလာခဲ့ကြတယ်။"* ၎င်းမှဤကဲ့သို ထပ်မံရှင်းပြခဲ့ပါသည်။ *"ကျွန်တော်ပြောနိုင်တာကတော့ ကျောင်းသားတွေတောင် ဒါကို ပြေးမလွတ်ဘူး။"*

အချို့သောလူငယ်များသည်လည်း SAC ၏စစ်မှုထမ်းဥပဒေအောက်မှ လွတ်မြောက်ရန်အတွက် နယ်စပ်သို့ဖြတ်ကျော်ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဆစ--- ကျေးရွာအုပ်စု၊ ဆရ---ကျေးရွာရှိ စိုင်းအဆ--- ဤကဲ့သို့ ရှင်းပြခဲ့ပါသည်။ *"အခြားတစ်ခုကတော့ လူငယ်တွေအများစုက နိုင်ငံခြားစထွက်နေကြပြီး။ တချို့ကမင်းအောင်လှိုင်ထုတ်ပြန်လိုက်တဲ့ စစ်မှုမထမ်းမနေရဥပဒေကြောင့် သွားကြတာ။"*အခြားသူများကလည်း ၎င်းတို့၏အမည်များ စစ်မှုထမ်းနာမည်စရင်းများတွင် မပေါ်လာမီ ကလေးများအားကာကွယ်ရန်အတွက် ကြိုတင်နေရပ်ရွှေ့ပြောင်းနေထိုင်မှုများကို ပြုလုပ်ခဲ့ကြပါသည်။ လယ်ဒိုမြို့နယ်၊ ညောင်လေးပင်ကျေးရွာအုပ်စု၊ ဟဇ--- ကျေးရွာမှ နော်မည--- သည် SAC ၏စစ်မှုမထမ်းမနေရဥပဒေကို ရှောင်ကျဥ်ရန်အတွက် သူမ၏သားနှင့် တူတို့နှင့်အတူ ဟက--- ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ၎င်းမှ *"[ဗမာစစ်သားတွေကနေ] အတင်းအကြပ်စစ်မှုထမ်း ခိုင်းဖို့အကြောင်းပြောတာကို ကျွန်မကြားလို့ကျွန်မတို့တွေ ဒီကိုရောက်လာတာဖြစ်တယ်။ ဒါကြောင်း အဲ့ဒီကနေထွက်ပြေးပြီး ဒီကိုလာခဲ့တယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့နာမည် သွင်းမခံရသေးဘူး။ အသက် ၁၆ နှစ်ရှိတဲ့ ကျွန်မသားလေးတစ်ယောက်နဲ့ အသက် ၁၇ နှစ်ရှိတဲ့ တူလေးတစ်ယောက်ကို ထွက်ပြေးဖို့အတွက် ခေါ်ခဲ့တယ်။ ကျွန်မကလေးအချို့တော့ ရွာထဲမှာနေနေကြတုန်းပဲ။"*

မိသားစုများနှင့် ဆရာ၊ဆရာမများသည် ကျောင်းသားများ၏ပညာရေးအပေါ်အကြောင်းပြု၍ KNLA ၏စစ်သားစုဆောင်းခေါ်ယူမှုကို နှောက်နှေးစေရန် သို့မဟုတ် အဟန့်အတားဖြစ်စေရန်အတွက် အသနားခံတောင်းဆိုခဲ့ကြပါ

သည်။ ဥပမာ - ထောတထူမြို့နယ်၊ ကောသေဒဲကျေးရွာအုပ်စု၊ ဆဌ--- ကျေးရွာရှိ ကျောင်းအုပ်ကြီးတစ်ဦးဖြစ်သော နော်အဒ--- သည် ၎င်း၏ကျောင်းသားတစ်ဦး စစ်သားစုဆောင်မှုစရင်းတွင် ပါဝင်ခြင်းခံရသော်လည်း ၎င်းအားပညာဆက်လက်သင်ကြားခွင့်ပြုရန် ဒေသခံ KNU ခေါင်းဆောင်များထံသို့ ဤကဲ့သို့အသနားခံခဲ့ပါသည်။ *"သူက ၁၈ နှစ်တောင့်ရှိနေပြီး၊ ဒါပေမဲ့ သူကဆယ်တန်းမအောင်သေးဘူး။ ပြီးတဲ့နောက် ကျွန်မတို့ ခေါင်းဆောင်ထံ စာပို့ခဲ့တယ်။ နောက်ပြီး ကျွန်မတို့ရဲ့ ခေါင်းဆောင်တွေက ဒီနှစ်သူ့ကို ပညာဆက်သင်ကြား ခွင့်ပြုခဲ့တယ်။"*

စစ်သားများစုဆောင်းခေါ်ယူမှုတွင် ဒေသခံခေါင်းဆောင်များသည် အသက်မပြည့်သေးသူများကို အခြားနည်းလမ်းများဖြစ်သော ဒေသခံခေါင်းဆောင်များမှကလေးစစ်သားစုဆောင်းခေါ်ယူခြင်းကို တားမြစ်ခြင်းအပြင် အိမ်ထောင်စုများက မိမိတို့ကလေးများကို စုဆောင်းခေါ်ယူခြင်းမှကာကွယ်ရန်အတွက် ငွေပေးချေခြင်းတို့ ပါဝင်ပါသည်။



ဤပုံအား ၂၀၂၅ ခုနှစ်၊ မေလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ကေပေးကျေးရွာအုပ်စု၊ ဆသ--- ကျေးရွာအနီး တောထဲတွင် စောမဇ--- ဟုခေါ်သည့် အသက် ၁၀ နှစ်အရွယ် ကျောင်းသားတဦးက ရေးဆွဲထားခြင်းဖြစ်သည်။ ပုံမှာ ကလေးများ၏ မပြေမပြစ်ဆွဲထားသည့်အိမ်များနှင့် ဘုရားကျောင်း နှစ်ကျောင်းပုံပါသည့် ကလေးများ၏ကျေးရွာပုံဖြစ်သည်။ ရွာအပေါ်တွင် ပျံသန်းနေသည့်လေယာဉ်ပုံလည်းပါသည်။ ကလေးက ၎င်းတို့၏ ရွာသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် SAC ၏ လေကြောင်းတိုက်ခိုက်မှုခံရကြောင်း ရှင်းပြခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

# အခန်း ၆။ ကလေးများရရှိနိုင်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့်ပတ်သက်၍ လိုအပ်ချက်များ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိကလေးများ အထူးသဖြင့် SAC ၏တိုက်ခိုက်မှုများနှင့် ပြင်းထန်သည့် လက်နက်ကိုင်ပဋိပက္ခ ဆက်လက်ဖြစ်ပွားလျက်ရှိသည့်ဒေသများမှ ကလေးသူငယ်များသည် လူသားချင်းစာနာမှု ကူညီထောက်ပံ့မှုများမရရှိနိုင်သောအခြေအနေကို ကြုံတွေ့ရလျက်ရှိသည်။ ကူညီထောက်ပံ့မှုများအား ပို့ဆောင်ခြင်းကို SAC မှ ကန့်သတ်ထားခြင်းကလည်း ကျေးလက်ဒေသများတွင် မရှိမဖြစ်လိုအပ်သော ဆေးဝါး၊ အစားအသောက် သို့မဟုတ် ပညာရေးဆိုင်ရာအထောက်အကူပစ္စည်းများအား လက်လှမ်းမီနိုင်မှုကို ဟန့်တားနေသဖြင့် နို့တိုက်မိခင်များ၊ ကလေးသူငယ်များနှင့် အခြားသော အကူအညီလိုအပ်နေသူများအနေဖြင့် ဆိုးရွားသည့်အန္တရာယ်များကို ရင်ဆိုင်ရလျက်ရှိသည်။ ဤသို့လိုအပ်မှုများမပြည့်မီခြင်းက ကလေးများနှင့် လူငယ်များ၏အသက်ရှင်သန်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ကရင်လူထုအခြေပြုအဖွဲ့အစည်းများသည် ကလေးများ၏လိုအပ်ချက်များပြည့်မီနိုင်ရန်အတွက် ကရင်အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့ (KERT)[70] အောက်တွင် အတူတကွချိတ်ဆက်ညှိနှိုင်း၍ မမောမပန်းကြိုးစားလုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း ကျန်းမာရေးနှင့် လူမှုရေးလုပ်သားများသည် ၎င်းတို့၏လုပ်ငန်းများအား နှောင့်နှေးစေသည့် စစ်ဆေးရေးဂိတ်များအပါအဝင် SAC လက်နက်ကိုင်တပ်ဖွဲ့များ၏လက်တွင် ဆိုးရွားသည့် အန္တရာယ်များကို ရင်ဆိုင်ကြရသည်။ ထို့အပြင် လူသားချင်းစာနာမှုလုပ်ငန်း လုပ်ကိုင်နေသူများအနေနှင့် SAC ၏ တိုက်ခိုက်မှုများ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုရန်မှလွတ်မြောက်နိုင်သည့်နေရာမရှိပါ။ အခြားသော နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့များနှင့် ဘာသာရေးအဖွဲ့အစည်းအချို့လည်း ဒေသတွင်းဝင်ရောက်၍ လုပ်ငန်းများ လျှို့ဝှက်လုပ်ကိုင်လျက်ရှိသည်။

SAC ကြောင့်ဖြစ်ပေါ်လာသော ဆိုးရွားသည့်လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသတွင်း လက်ရှိတည်ရှိနေသည့်ကူညီပံ့ပိုးရေးယန္တယားများ လုံလောက်မှုမရှိပေ။ ရလဒ်အနေနှင့် လူငယ်များသည် ရေရှည်ထိခိုက်ပျက်စီးမှုများနှင့် ပြတ်လပ်မှုများကို ရင်ဆိုင်လာရသည်။ ဤလိုအပ်ချက်များအားဖြေရှင်းရန်နှင့် ၎င်းတို့၏ဘဝရပ်တည်ရှင်သန်ရေးအတွက် အခြေခံလိုအပ်ချက်များအား ပြန်လည်ဖြည့်တင်းပေးရန်အတွက် ကြားဝင်ဆောင်ရွက်မှုများ အရေးပေါ် လိုအပ်လျက်ရှိသည်။ ဤလိုအပ်ချက်များအား ပေါင်းကူးဆောင်ရွက်နိုင်ရန်အတွက် ရေရှည်ခိုင်မာသည့် နိုင်ငံတကာအကူအညီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။ ထို့အပြင် ဒေသတွင်း ချမှတ်ထားသည့် အားလုံးပါဝင်ရေး မူဝါဒများနှင့် အဆင့်တိုင်းတွင် ကလေးများ၏ဘဝရှင်သန်ရေးကိုဦးစားပေးသည့် အောက်ခြေလူထုထံမှလာသည့်ဖြေရှင်းချက်များလည်း လိုအပ်သည်။

ဤအခန်းတွင် မည်သည့်နေရာတွင် ထောက်ပံ့ကူညီမှုစနစ်များလိုအပ်နေကြောင်းကို ဖော်ထုတ်ထားသည်။ ထို့အတူ ဤအချက်အလက်များသည် ဒေသတွင်းပြည်သူများ၏အားထုတ်မှုများ ပိုမိုအားကောင်းလာစေရန်နှင့် ကလေးဗဟိုပြုပြန်လည်ကုစားပေးမှုနှင့် တွန်းလှန်နိုင်မှုများအားဦးစားပေးနိုင်ရေးအတွက် လူသားချင်းစာနာမှု နည်းဗျူဟာများအားအသိပေးရန် မရှိမဖြစ်လိုအပ်သည်။ အခန်းငယ် (၆.၁) တွင် အစားအသောက်ရေနှင့် နေရာထိုင်ခင်းများအပြင် အကူအညီများဖြန့်ဝေရာတွင် ကြုံရသည့်အခက်အခဲများ စသည့်အခြေခံလိုအပ်ချက်များအား ပံ့ပိုးပေးရာတွင် လစ်ဟာနေမှုများကို တင်ပြထားသည်။ ထို့အပြင် အခန်းငယ် (၆.၂) တွင် ကျန်းမာရေးလုပ်သားများ၏ရှန်းကန်ရခြင်းများနှင့် လူသားချင်းစာနာမှုအကူအညီမရသည့် အဆိုးရွားဆုံးနေရာဒေသများကို ပြညွှန်ထားသည်။ ဤတွင် ဆေးပေးခန်းနှင့် ဆေးဝါးမရှိခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးအတွက် ပံ့ပိုးကူညီမှုမရှိခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ အကြမ်းဖက်မှုများမှ ပြန်လည်ကုစားပေးခြင်းနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီမှုမရှိခြင်းများပါဝင်သည်။ နောက်ဆုံးအခန်းငယ် (၆.၃) တွင် လုံခြုံသည့်အဆောက်အဦးများ တည်

70 ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ ဒေသတွင်းအကူအညီပေးခြင်းများကို ကရင်အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့ (KERT) ၏ကွန်ယက်ညှိနှိုင်းမှုဖြင့်ပြုလုပ်ခဲ့သည်။

ဆောက်ရန်၊ သင်ကြားရေးပစ္စည်းကိရိယာများနှင့် သင်တန်းဆင်းဆရာများ စသည့် ပညာရေးဆိုင်ရာ ကူညီပံ့ပိုးမှု လိုအပ်ချက်များကို ထည့်သွင်းဖော်ပြထားသည်။

## ၆.၁။ အခြေခံလိုအပ်ချက်များအတွက် ပံ့ပိုးကူညီရာတွင် လစ်ဟာမှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် SAC ၏ အရိုန်မြင့်တိုက်ခိုက်မှုများနှင့် ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးအများစု၏ အခြေခံလိုအပ်ချက်များမှာ ပြည့်မီနိုင်ခြင်း မရှိပါ။ ရလာဒ်အနေနှင့် မိသားစုများသည် ၎င်းတို့နေ့စဉ်နေ့တိုင်း မရှိမဖြစ်လိုအပ်ချက်များဖြစ်သည့် အစားအသောက်၊ ရေသန့်၊ နေရာထိုင်ခင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ရရှိနိုင်ရန် ရုန်းကန်ရလျက်ရှိသည်။ ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲနွမ်းပါးမှု၊ နေရပ်ရွှေ့ပြောင်းနေထိုင်မှုနှင့် အာဟာရပြည့်ဝသည့် အစားအသောက်ရရှိနိုင်ခြင်းကို နှောင့်ယှက်လျက်ရှိသော အကြမ်းဖက်မှုများကြောင့် စားနပ်ရိက္ခာ ရှားပါးပြတ်လပ်မှုမှာ အလွန်ဆိုးရွားလျက်ရှိသည်။ ခိုင်မာသည့် နေရာထိုင်ခင်းနှင့် တကိုယ်ရေသန့်ရှင်းရေးအတွက် လိုအပ်သည့်အထောက်အပံ့ပစ္စည်းများ မရှိခြင်းက လူတဦးချင်းစီအား မလုံခြုံမှုနှင့် ရာသီဥတုဆိုးရွားမှုဒဏ်ကို ပြင်းထန်စွာခံစားရစေသည်။ ဒေသတွင်း လူထုအကျိုးပြုအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အချို့နိုင်ငံတကာလူသားချင်းစာနာမှုအဖွဲ့အစည်းများမှ အကူအညီပေးမှုများရှိသော်လည်း SAC ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများအား ခြိမ်းခြောက်မှုများနှင့် နိုင်ငံတကာကူညီပံ့ပိုးမှုများ ရပ်တန့်သွားသည့်အတွက် ၂၀၂၄ -၂၀၂၅ ခုနှစ်တွင် ရရှိသည့် ကူညီပံ့ပိုးမှုများမှာ တသမတ်တည်းမဟုတ်တော့ပဲ မလုံလောက်မှုများလည်းရှိလာသည်။ ခရိုင်အသီးသီးမှ ရွာသားအများအပြားက ၎င်းတို့ဒေသအတွင်းရှိ ကလေးများအတွက် ပံ့ပိုးမှုများတွင် ကြီးမားသည့်လစ်ဟာမှုများကို ဖော်ပြခဲ့ကြပြီး ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပြတ်လပ်မှုများနှင့် အခက်အခဲများကြောင့် ပုံမှန်ပံ့ပိုးမှုများပြုလုပ်ပေးရန် တောင်းဆိုခဲ့ကြသည်။

### (က) ဆာလောင်မွတ်သိပ်မှုနှင့် အာဟာရ ချို့တဲ့မှုအား တွန်းလှန်ခြင်း

ပဋိပက္ခများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းများအား တောင့်ခံနေကြသည့် ကလေးများအတွက် စားနပ်ရိက္ခာပံ့ပိုးကူညီမှုသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ထိုအထဲတွင် ဘီးလင်းနှင့် မောစကိုမြို့နယ်များ (ဒူးသထူခရိုင်)၊ ထောတထူမြို့နယ် (တောအူးခရိုင်)၊ မူးနှင့် လယ်ဒိုမြို့နယ်များ (ခလယ်လွီထူခရိုင်)၊ လယ်ကဆောမြို့နယ် (ဘိတ်-ထားဝယ်ခရိုင်)၊ လူသောနှင့် ဒွဲ့လိုးမြို့နယ် (မူတြော်ခရိုင်)၊ ကောတရီနှင့် ဝေါရေးမြို့နယ်များ (ဒူးပလာယာခရိုင်) နှင့် တနေးဆါးနှင့် တကရယ်မြို့နယ်များ (ဘားအံခရိုင်)တို့မှ မေးခွန်းဖြေကြားသူ ၃၁ ဦးက စားနပ်ရိက္ခာ မလုံလောက်မှုနှင့်ပတ်သက်၍ တင်ပြခဲ့ကြသည်။ မြိတ်-ထားဝယ်ခရိုင်တွင် မတူညီသည့် လက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ခိုက်နေမှုများနှင့် ဒေသတွင်းသို့ ခရီးသွားလာရန် ခက်ခဲမှုများကြောင့် စားနပ်ရိက္ခာပြတ်လပ်မှု အထူးလိုအပ်လျက်ရှိသည်။

ပြည်တွင်းနေရပ်စွန့်ခွါရသူ ကရင်ပြည်သူများဆိုင်ရာ ကော်မတီ (CIDKP) သည် အစားအသောက်၊ ရေ၊ ငွေကြေးအထောက်အပံ့နှင့် နေရာထိုင်ခင်းအတွက် လိုအပ်သောပစ္စည်းများကို ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။ ယခင်က KWO သည်လည်း တာလပတ်၊ ဖျာ၊ စောင်နှင့် ခြင်ထောင်များ၊ အစာခြောက်များပါဝင်သည့် အရေးပေါ်ပစ္စည်းများအား ပံ့ပိုးပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သော်လည်း ယခုနှစ်များတွင် အကူအညီများ လျော့ပါးလာသည်။ ထိုအကူအညီများအား ဖြန့်ဝေရာတွင် ကလေးများ၏ လိုအပ်ချက်ကို ပြည့်မီနိုင်ရန် လိုအပ်များစွာ ရှိနေသေးသည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ ဃဟ--- စစ်ရှောင်စခန်းတွင် လက်ရှိစာသင်ကြားနေသော လေးကေးကော်မြို့မှ နန်းလ--- က ဤသို့ ရှင်းပြခဲ့သည်။ *“သူတို့ [NGOတွေ၊ ဒေသခံခေါင်းဆောင်တွေနဲ့ တစ်သီးပုဂ္ဂလ အလှူရှင်တွေ] က ကျွန်မတို့ကို ကူညီနေပေမယ့် ကျွန်မတို့အနေနဲ့ သူတို့ကိုပဲ အမြဲမှီခိုနေလို့ မရဘူး။ သူတို့ ခွဲဝေပေးထားတဲ့ ပစ္စည်းတွေက ငါးရက်စာလောက်ပဲရှိတယ်။ ဒါဆို ကျန်တဲ့နေ့တွေ ဘယ်လိုရှင်သန်ကြမလဲ။”*

သင့်တင့်မျှတသော အာဟာရသည် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ သို့သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းမှ မိသားစုများသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များအား ပြည့်မီရန် ရုန်းကန်နေရချိန်တွင် ကလေးများ၏ အာဟာရလိုအပ်ချက်မှာ ပြည့်မီနိုင်ခြင်းမရှိပေ။ နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် ကလေးများ အထူးသဖြင့် တောတောင်နှင့် ဝေးလံသည့်နေရာဒေသများတွင် ခိုလှုံနေထိုင်ကြရသူများသည် မကြာခဏဆိုသလို ထမင်းနပ်မှန်မှန် မစားရပေ။ ထိုအရေးပေါ်လိုအပ်ချက်ကို ဖြေရှင်းရန်အတွက် ဦးတည်ချမှတ်ထားသည့် အာဟာရဆိုင်ရာ ပံ့ပိုးမှုများကို ဦးစားပေးပြီး ၎င်းတို့၏လိုအပ်ချက်များကို တိုက်ရိုက်ဖြည့်စွမ်းပေးနိုင်မည့် နည်းလမ်းများကို အသုံးပြု၍ ဖြန့်ဝေပေးရမည်။ အစောပိုင်း ကလေးဘဝသည် ကိုယ်ခန္ဓာ၊ စိတ်ခံစားမှုနှင့် သိမှုစွမ်းရည် တိုးတက်ရေးအတွက် အရေးကြီးသည့် ကာလဖြစ်သဖြင့် ကလေးငယ်များ၏ အသေးစိတ်လိုအပ်ချက်များအား ပိုမိုအာရုံစိုက်သင့်သည်။ ဤအခြေအနေကို သတိပြုသည့်အနေဖြင့် CIDKP ၏ ဒုတိယဥက္ကဋ္ဌကြီးရေးမှူး စောကယ်လီက ဤသို့ ထပ်လောင်းပြောကြားခဲ့သည်။ *"တချို့လူတွေက အစားအသောက်အတွက် ရုန်းကန်နေကြရတယ်။ တခါတလေ သူတို့အတွက် အစားအသောက် လုံလောက်မှုမရှိဘူး။ လူတဦးစားသင့်တဲ့ အစားအစာတွေနဲ့ ပတ်သက်ပြီး CIDKP ကနေပေးနေတဲ့ သင်တန်းရှိတယ်။ ဒါပေမယ့်လည်း တချို့မိသားစုတွေမှာ ဆန်ပဲရှိတယ်။ ကျွန်တော်တို့သိတဲ့အတိုင်း ထမင်းပဲစားမယ်ဆို ကျွန်တော်တို့ရဲ့ကျန်းမာရေးကို ထိခိုက်လာနိုင်တယ်။ ဒီလို စိန်ခေါ်မှုတွေက ကလေးတွေရဲ့ ကြီးထွားလာမှုအပေါ်မှာ သက်ရောက်မှုရှိနိုင်တယ်။ ကလေးတွေက ကြီးထွားဖို့လိုတယ်။ ဒီလိုမျိုး ကြီးပြင်းမှုကို ရပ်တန့်စေမယ်ဆိုရင် ဒါက လူတွေကို သတ်တာနဲ့အတူတူပဲ။ ဒီလိုအရာတွေက အချိန်မစောင့်ဘူး။"*

ကူညီထောက်ပံ့မှုအချို့ရှိသော်လည်း ကလေးအများစုထံသို့ မရောက်ရှိနိုင်ပါ။ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ငွေကြေးပံ့ပိုးမှု ဖြတ်တောက်ခြင်းများက ဤသို့သော လစ်ဟာမှုများကို ဖြစ်လာစေသည်။ CIDKP မှ စောကယ်လီက ဤသို့ ထပ်လောင်းပြောကြားခဲ့သည်။ *"ကျွန်တော်တို့ မပံ့ပိုးပေးနိုင်တဲ့အတွက် လစ်ဟာမှုရှိတဲ့နေရာတွေ အများကြီးပဲ။ [...] CIDKP အနေနဲ့ တချို့တလေတော့ ကူညီနိုင်ပေမယ့် အားလုံးကိုတော့ မကူညီနိုင်ဘူး။ [...] သို့သော်လည်း ကျွန်တော်တို့ရဲ့ ဦးတည်ချက်က အရေးပေါ်ကူညီထောက်ပံ့ရေးပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကိုယ့်မှာ အကန့်အသတ်နဲ့ရှိတဲ့ အရင်းအမြစ်တွေကိုမျှဝေပြီး အရမ်းလိုအပ်နေတဲ့ နေရာတွေကို ကူညီပေးရမယ်။"* အလားတူပင် မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ကတယ်တီးကျေးရွာအုပ်စု၊ ဟလ--- ကျေးရွာတွင် နေထိုင်သည့် ကျေးရွာအုပ်စုမှူး စောနဘ--- က ဤသို့ မီးမောင်းထိုးပြခဲ့သည်။ *"ရွာသားတွေ ရွှေ့ပြောင်းနေထိုင်ရတော့ သူတို့ CIDKP က အစားအသောက် ဖူလုံဖို့အတွက် ငွေကြေးတချို့ ပေးတယ်။ [...] ဒါက မလုံလောက်ပေမယ့် တချို့စားစရာ လုံလုံလောက်လောက်မရှိတဲ့ သူတွေအတွက်ကျတော့ အကူအညီဖြစ်တယ်။"*

နိုင်ငံတကာ ဘာသာရေးအသင်းအဖွဲ့များထံမှ ကလေးများအတွက် ပံ့ပိုးကူညီမှုများအပြင် ငွေသားနှင့် အစားအသောက် အကူအညီများ လက်ခံရရှိကြောင်း ရွာသားအချို့မှ ဖော်ပြခဲ့သည်။ သို့သော်လည်း တွေ့ဆုံမေးမြန်းခဲ့သူတချို့က ဤသို့လုပ်ဆောင်ချက်များတွင် ဒေသတွင်း တုန့်ပြန်မှုများနှင့် ညှိနှိုင်းမှုမရှိကြောင်း ဖော်ပြခဲ့သည်။



ဤပုံကို မေလ ၂၀၂၅ ခုနှစ်တွင် ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ကော်လယ်ကျေးရွာအုပ်စု၊ ဟမ--- ကျေးရွာအနီးရှိ စစ်ရှောင်စခန်းတစ်ခုတွင် ရိုက်ယူထားသည့်ပုံဖြစ်သည်။ ယခင် ၂၀၂၂ ခုနှစ်၊ ဇွန်လက SAC မှ ကော်လယ်ကျေးရွာအုပ်စု၊ ဟန--- ကျေးရွာမှရွာသားများ၏နေအိမ်များအား မီးရှို့ဖျက်စီးခဲ့သည့်အတွက် ရွာသားများ ဤဒေသမှထွက်ပြေးခဲ့ကြသည်။ ပုံမှာ ၎င်းတို့တချို့ ထွက်ပြေးလာကြသည့် ဟမ--- ကျေးရွာအနီးတွင် နေရပ်ရွှေ့ပြောင်းနေထိုင်သူကလေးများအား ရိက္ခာ မှဝေနေခြင်းဖြစ်သည်။
*(ဓာတ်ပုံ- KHRG)*

## (ခ) သန့်စင်သည့် ရေနှင့် မိလ္လာစနစ် ရရှိခြင်း

ရွာသားများသည် မြစ်ရေ၊ မိုးရေ သို့မဟုတ် ရေတွင်းများမှ ရေကိုမှီခိုရပြီး ရိုးရာနည်းအတိုင်း ရေကိုကျိုချက်၍ သောက်ခြင်း၊ ရေစစ်ကန်အသုံးပြုခြင်း သို့မဟုတ် ကျောက်ချဉ်အသုံးပြုခြင်း စသည်ဖြင့် သန့်စင်သုံးစွဲကြသည်။ သို့သော်လည်း နေရပ်ရွှေ့ပြောင်းနေထိုင်သူ ရွာသားများသည် ၎င်းတို့ခိုလှုံသည့် တောတောင်များ သို့မဟုတ် ဂူများ စသည့်နေရာများတွင် သန့်စင်သည့်ရေရရှိနိုင်ရန် ကြီးမားသည့်စိန်ခေါ်မှုများကိုရင်ဆိုင်ကြရသည်။ ကလေးငယ်များသည် ၎င်းတို့၏ခုခံအားစနစ်မှာ ဖွံ့ဖြိုးဆဲဖြစ်သည့်အတွက် ညစ်ညမ်းသည့်ရေများသောက်သုံးမိသည့်အခါ ကျန်းမာရေးနှင့်ဆိုင်သည့်အခက်အခဲများ ဖြစ်နိုင်ချေမြင့်မားသည်။ စစ်ရှောင်ရာနေရာများတွင် မီးမွှေးခြင်းက ရွာသားများအား SAC ၏လေကြောင်းတိုက်ခိုက်မှု အန္တရာယ်ခံရစေနိုင်သည်။[71] မိုးရာသီအတွင်း ရေသန့်ရရှိနိုင်မှု အခက်အခဲသည် ဒေသခံပြည်သူများကြုံရသည့် ဆိုးရွားသောအခက်အခဲဖြစ်ပြီး ရေတွင်းများမှာ လည်း မကြာခဏ ညစ်ညမ်းလေ့ရှိသည်။ နွေရာသီတွင် ရေရှားပါးမှုကြုံရကြောင်းကိုလည်း ရွာသားအများအပြား တင်ပြခဲ့သည်။

ဒေသတွင်း KNU ခေါင်းဆောင်များ၊ CBO/CSO များနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရွှေ့ပြောင်းရွာသားများ ရေသန့်ရရှိနိုင်ရန် သို့မဟုတ် ရေစစ်စနစ်များပြုလုပ်ပေးရန် ကြိုးပမ်းကြသော်လည်း ၎င်းတို့အနေနှင့် ဝေးလံသည့် ဒေသများနှင့် သီးခြားဒေသများသို့ မရောက်ရှိနိုင်ကြပေ။ အထူးသဖြင့် ကျေးလက်ဒေသနှင့် ရွှေ့ပြောင်းနေထိုင်ရာ နေရာများတွင် အိမ်သာနှင့် တကိုယ်ရေသန့်ရှင်းမှုပစ္စည်းများမရှိခြင်းက ကလေးများ၏ ကျန်းမာရေးအပေါ် ဆိုးရွားစွာထိခိုက်စေသည်။ လူမှုအသိုက်အဝန်းအနေနှင့် ရေညစ်ညမ်းမှုနှင့် ရောဂါပျံ့ပွားခြင်းများကို ဆိုးရွားစွာ ရင်ဆိုင်ရပြီး လူတဦးချင်းစီသည် ဝမ်းရောဂါ၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းနှင့် အခြားတကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ ရောဂါများကို ခံစားရနိုင်ချေ မြင့်မားသည်။ မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘာလုထကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာမှ ကျောင်းအုပ်နော်အဟ--- က *"ကလေးတွေအတွက် လောလောဆယ် အများကြီး လိုအပ်တယ်။ ကလေးတွေအတွက် တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းတွေဖြစ်တဲ့ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံတွေလည်း လိုတယ်။ ကလေးတွေအနေနဲ့ မိုးရာသီမှာ လျှောက်သွားနိုင်ဖို့ ထီးနဲ့မိုးကာတွေလည်း လိုအပ်တယ်။ ဖိနပ်နဲ့ ကျောင်းလွယ်အိပ်တွေလည်း သူတို့လိုတယ်။ ခြင်ထောင်မီးလည်း လိုကြတယ်။"*

ကလေးငယ်များ အထူးသဖြင့် ဆယ်ကျော်သက် အမျိုးသမီးငယ်များသည် လုံခြုံမှုနှင့် ၎င်းတို့၏ တကိုယ်ရေသန့်ရှင်းရေးအတွက် ပစ္စည်းများလိုအပ်သည်။ CIDKP ဒုတိယညွှန်ကြားရေးမှူးဖြစ်သည့် စောကယ်လီက ဤသို့ ရှင်းပြခဲ့သည်။ *"ဥပမာအားဖြင့် အိမ်ထောင်စု ၁၀၀ အတွက် အိမ်သာတစ်လုံးပဲရှိမယ်ဆိုရင် ဒါက မိန်းကလေးတွေ*

---

[71] အထက်တွင်ဖော်ပြထားသော KHRG, "<u>လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး)</u>" ၏စာမျက်နှာ ၄၈ တွင်ကြည့်ပါ။

*အတွက်လုံခြုံမှုမရှိသလို မသင့်တော်ဘူး။ ရေချိုးခန်းတွေကလည်းမလုံခြုံဘူး။"* တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူထော် (ကလေဝါမူထော်)၊ အစ--- ကျေးရွာတွင် နေထိုင်သော ဆရာမတစ်ဦးဖြစ်သည့် နော်နခ--- က ဤသို့ မီးမောင်းထိုးပြခဲ့သည်။ *"ကျွန်မတို့တွေ ကျောင်းဆောင်နဲ့ ကျောင်းအိမ်သာတွေအတွက် ပံ့ပိုးမှုလိုအပ်တယ်။ […] ကျွန်မတို့မှာ လုံလောက်တဲ့အိမ်သာမရှိဘူး။"* စစ်ရှောင်ဒေသများတွင် ဆယ်ကျော်သက်လူငယ်များ အိမ်သာများအား မျှဝေသုံးစွဲခြင်းက အကြမ်းဖက်မှုများပိုမိုဖြစ်ပွားရန် တွန်းအားပေးနေပြီး ၎င်းတို့၏ဓမ္မတာလာချိန်တွင် စီမံရန်အခက်အခဲဖြစ်စေသည်။ CIDKP၊ KWO၊ နှင့် KECD မှ ခရိုင် ခုနစ်ခုသို့ 'ဂုဏ်သိက္ခာအတွက် အသုံးအဆောင်များ' ဖြန့်ဝေခဲ့သော်လည်း နေရာအများအပြားတွင် လုံလောက်မှုရှိမနေပါ။ KWO မှ ဖြန့်ဝေသည့်အထုတ်များတွင် အောက်ခံများ၊ ပြန်လည်အသုံးပြု၍ရသော သို့မဟုတ် ပြန်လည်အသုံးမပြုနိုင်သော အမျိုးသမီးလစဉ်သုံးပစ္စည်းများနှင့် အဝတ်လျှော်ဆပ်ပြာမှုန့်များ ပါဝင်သည်။

## (ဂ) နေရာထိုင်ခင်းနှင့် လုံခြုံမှုပေးခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသည့် SAC ၏ တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်တိုက်ပွဲများတွင် အရပ်သားများအထူးသဖြင့် ကလေးများအတွက် လုံခြုံသည့် ခိုလှုံရာမရှိပါ။ ရွာသားများ စစ်ရှောင်မိသားစုများနှင့် ဒေသခံခေါင်းဆောင်များက ၎င်းတို့တွင် သေရေးရှင်ရေးကြုံသည့်အခါ လုံခြုံရာရပ်ဝန်း၊ ဆက်သွယ်ရေးစနစ်နှင့် နေရာထိုင်ခင်းမရှိကြောင်း ဖွင့်ဟလာကြသည်။ ဒူးပလာယာခရိုင်၊ နိုတကောမြို့နယ်မှ ဒေသခံ KYO လူငယ်ခေါင်းဆောင်တဦးဖြစ်သော စောအက--- က ဤသို့ ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့နဲ့ အရမ်းနီးတဲ့နေရာမှာ တိုက်ပွဲဖြစ်တော့ ကျွန်တော်တို့ကြောက်ပြီး ရွာထဲမှာ မနေရဲတော့ဘူး။ [ကလေးတွေအတွက်] လုံခြုံမှု လုံးဝမရှိဘူး။ […] [ဒေသတွင်း KNU ခေါင်းဆောင်] တွေက ကျွန်တော်တို့အတွက် နေရာတစ်ခု ပြင်ထားတယ်လို့ ကြားတယ်။ ဒါပေမယ့် ကျွန်တော်တို့ အဲ့ဒါဘယ်မှာလဲ မသိဘူး။ မေးလည်း မမေးခဲ့ဘူး။ ယာယီနေလို့ရနိုင်မယ့် ပြင်ဆင်ပေးထားတဲ့နေရာရှိရင် ကောင်းမယ်။ ဘာကြောင့်လဲဆိုတော့ [တော်လှန်ရေးတပ်ဖွဲ့တွေအနေနဲ့] စစ်တပ်စခန်းတစ်ခုကို သိမ်းဖို့အတွက် တခါတလေ သုံးလေးလလောက် ကြာတတ်တယ်။"*

သို့သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အထူးသဖြင့် SAC ၏ ဗုံးကြဲတိုက်ခိုက်မှုမှ လုံခြုံမှုအပြည့်အဝပေးနိုင်သည့် နေရာမရှိပါ။ လုံခြုံမှုရရှိရန် မသေချာမှုနှင့်ပတ်သက်၍ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျကဝကျေးရွာအုပ်စု၊ ဒယ--- ကျေးရွာမှ စောအဗ--- က ဤသို့ပြောခဲ့သည်။ *"ကျွန်တော်တို့ကို ထွက်ပြေးခိုင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်ကိုပြေးရမလဲမသိတော့ဘူး။ ကျွန်တော်က ကျည်ဆံတွေကို [SAC ၏ဗုံးကြဲမှုနှင့် လက်နက်ကြီးပစ်ခတ်မှု] ရှောင်ဖို့ ဒယ---ကျေးရွာကနေ ဒီကို [ဘဃ--- ရွာ] ပြေးလာတာ။ ဒါပေမယ့် ဒီမှာလည်း ဖြစ်နေတာပဲ။ အဲ့ဒီတော့ ကျွန်တော်ဘယ်ကိုဆက်ပြေးရမလဲမသိတော့ဘူး။"*

ကရင်လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဒေသခံအာဏာပိုင်များက SAC ၏လေကြောင်းတိုက်ခိုက်မှု ဖြစ်လာနိုင်ချေများနှင့်ပတ်သက်၍ သတိပေးခြင်းကဲ့သို့သော ဆက်သွယ်ချိတ်ဆက်မှုဖြင့် ကူညီပံ့ပိုးပေးသည်။ ထိုသို့ သတိပေးမှုများသည် ယေဘုယျဆန်လွန်းပြီး မသေချာသော်လည်း ဤအရာသည် ရွာသားများအတွက် လေကြောင်းတိုက်ခိုက်မှုမလာမီ ၎င်းတို့ကျေးရွာများမှထွက်ပြေးရန် ထိရောက်မှုအရှိဆုံး နည်းလမ်းဖြစ်သည်ဟု မှတ်ချက်ပြုကြသည်။[72] ဗမာစစ်တပ်၏မြေပြင်စစ်ရေးလှုပ်ရှားမှုများနှင့် တိုက်ခိုက်မှုများဖြစ်ပွားသည့်နေရာ ဒေသများတွင် ရွာသားများအနေနှင့် SAC ၏ ဦးတည်တိုက်ခိုက်မှုကို ဆက်လက်ခံရနိုင်သဖြင့် လုံခြုံမှုမရှိနိုင်ပါ။

နေရပ်ရွှေ့ပြောင်းနေထိုင်သောရွာသားများအတွက် CIDKP ကဲ့သို့သောအဖွဲ့အစည်းများက မိသားစုများ တောတောင်ထဲ သို့မဟုတ် ဝေးလံသည့်နေရာများတွင် ယာယီတည်းခိုရန်နေရာများဆောက်လုပ်နိုင်ရန်အတွက် နေရာထိုင်ခင်းအတွက်မရှိမဖြစ်လိုအပ်သောပစ္စည်းများ အထူးသဖြင့် တာလပတ်အမိုးများကို ဖြန့်ဝေပေးခဲ့သည်။ အများစုက တာလပတ်အမိုးများသည် အစိုးမရသည့် ရာသီဥတုဒဏ်မှ အနည်းအကျဉ်းသာ အကာအကွယ်ပေးနိုင်သဖြင့်

72 အထက်တွင်ဖော်ပြထားသော KHRG, "<u>လေယာဉ်ပျံလာပြီး (ကဘောယူပှဲလီး)</u>" ၏စာမျက်နှာ ၆၄ တွင်ကြည့်ပါ။

၎င်းတို့အား အားနည်းစေပြီး မလုံခြုံမှုကိုခံစားရစေသည်။ ဒေသတွင်းအဖွဲ့အစည်းများကလည်း ရွာသားများအား ယာယီဖိုးခိုကျင်းများတည်ဆောက်နိုင်ရန် ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့ပေးခဲ့သည်။

အရေးပေါ်လိုအပ်နေသည့်အခြေအနေအရ ကလေးများ၏လုံခြုံရေးနှင့် ဂုဏ်သိက္ခာအားပြန်လည် တည်ဆောက်နိုင်ရန် လုပ်ငန်းများအား ချက်ချင်းအတူတကွလက်တွဲဆောင်ရွက်ရန်လိုသည်။ ဤတွင် ယာယီခိုလုံနိုင်သည့်နေရာများဆောက်လုပ်ခြင်းနှင့် ဒေသတွင်းအဖွဲ့များနှင့်ပူးပေါင်းကာ နေရာထိုင်ခင်းအတွက် မရှိမဖြစ်လိုအပ်သောပစ္စည်းများအား ပံ့ပိုးပေးခြင်းများကိုလုပ်ဆောင်ရန်လိုသည်။ ဒူးပလာယာခရိုင်၊ ကော်တရီးမြို့နယ်၊ ဃဟ--- စစ်ရှောင်စခန်းနှင့် ဘားအံခရိုင်၊ တနေးဆားမြို့နယ်မှ ဟပ--- စစ်ရှောင်စခန်းများသည် ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ထိစပ်လျက်ရှိပြီး ရွာသားများ၊ ဒေသတွင်းလူထုအခြေပြုအဖွဲ့အစည်းများနှင့် KNU တို့ပူးပေါင်းကာ တည်ဆောက်ထားသည့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လူဦးရေအထူထပ်ဆုံး တရားဝင်စစ်ရှောင်စခန်းများဖြစ်သည်။ သို့သော်လည်း SAC ၏ တိုက်ခိုက်မှုများသည် စစ်ရှောင်စခန်းများအတွင်း သို့မဟုတ် အနီးတဝိုက်တွင်ဖြစ်ပွားခဲ့သည်။[73]




ဤပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မြိတ်-ထားဝယ်ခရိုင်၊ ကဆယ်ဒိုမြို့နယ်၊ ပေါ်ခလိုးဒေသ၊ ဟခ--- ကျေးရွာအနီးတွင် ရိုက်ယူထားခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့ နံနက် ၁၀ နာရီနှင့် ၁၁ နာရီကြားတွင် SAC ၏ တိုက်လေယာဉ်များသည် ဝေတာအယ် (မေတ္တာ) မြို့နှင့် ကဆယ်ဒိုနှင့် လယ်ဒိုစိုးမြို့နယ်များကြားရှိ ဝေတာအယ်ဒေသအား ဗုံးအလုံး ၂၀ ထက်မနည်းပစ်ချခဲ့သည်။ ထိုတိုက်ခိုက်မှုပြီးနောက် ၂၀၂၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ထိုဒေသ၌ပင် လေကြောင်းကင်းထောက် ခြင်းကို SAC လေယာဉ်မှ ပြုလုပ်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျေးရွာ ၁၂ ရွာနှင့် ဝေတာအယ်မြို့မှ ရွာသားများ ထားဝယ်မြို့နှင့် ထိုင်းနယ်စပ်များသို့ ထွက်ပြေးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် လေကြောင်းတိုက်ခိုက်မှု ထပ်မံဖြစ်ပွားခဲ့သည်။ ပုံမှာ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တိုက်ခိုက်မှုအတွင်း ဟခ--- ကျေးရွာမှရွာသား အချို့တံတားအောက်တွင် အကာအကွယ်ယူနေသည့် ပုံဖြစ်သည်။ *(ဓာတ်ပုံ- KHRG)*

## (ဃ) ကူညီထောက်ပံ့မှုများ ဖြန့်ဖြူးမှုအား SAC မှ ဟန့်တားခြင်း

SAC ၏ ရည်ရွယ်ချက်ရှိရှိ လူသားချင်းစာနာမှုအကူအညီများအားတားဆီးနေခြင်းက ကရင်ပြည်နယ် ကျေးလက်ဒေသရှိရွာသားများအတွက် အဓိကလိုအပ်သောအကူအညီများဆုံးရှုံးစေပြီး စစ်ဘေးရှောင်ပြည်သူများ၏အခက်အခဲကို ပိုမိုဆိုးရွားစေသည်။ SAC လက်နက်ကိုင်တပ်ဖွဲ့များ၏ဆောင်ရွက်ချက်များ (လူသားချင်းစာနာမှုအကူအညီပေးသည့် လုပ်သားများအား တိုက်ခိုက်ခြင်း၊ ပြင်းထန်သည့် စစ်ဖက်ဆိုင်ရာလုပ်ဆောင်မှုများနှင့် စစ်ဆေးရေးဂိတ်များထားရှိခြင်း၊ အထောက်အပံ့ပစ္စည်းများအား သိမ်းယူခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ရွာသားများအားလွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ကိုငြင်းဆန်ခြင်း) သည် အစားအသောက်နှင့် ဆေးဝါးအပါအဝင် ကူညီပံ့ပိုးမှုများ ဖြန့်ဝေရာတွင် ဆိုးရွားသည့် အဟန့်အတားများကို ဖြစ်ပေါ်စေသည်။ ဤအခက်အခဲများသည် လုပ်ငန်းဆောင်ရွက်မှုများအား ဟန့်တားသည်ထက်ပိုသည်။ ထိုဟန့်တားမှုများသည် လူသားချင်းစာနာမှုအကူအညီများရရှိနိုင်မှုအတွက် လစ်ဟာမှုများဖြစ်စေပြီး လူမှုအသိုက်အဝန်းတခုလုံးအတွက် မရှိမဖြစ်လိုအပ်သော အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နေရာထိုင်ခင်းများမရှိပဲ နေထိုင်စေသည်။ ကျေးလက်ဒေသများသို့ သွားရောက်ရန် ငြင်းဆန်

73 အထက်တွင်ဖော်ပြထားသော KHRG, "လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး)" ၏စာမျက်နှာ ၅၄ တွင်ကြည့်ပါ။

ခံရသည့်အခါ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများအနေနှင့် ပစ်မှတ်ထားခံရသည့် အခါများတွင် ကူညီထောက်ပံ့မှုများသည် အကူအညီ အလိုအပ်ဆုံးနေရာများသို့ မရောက်ရှိနိုင်ပါ။

SAC သည် CIDKP အပါအဝင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုအဖွဲ့အစည်းများစွာအား တရားမဝင်အဖွဲ့ အစည်းများအဖြစ် သတ်မှတ်ထားသည်။ CIDKP ၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သည့် စောကယ်လီက ဤသို့ ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ခရီးသွားတဲ့အခါနဲ့အလုပ်လုပ်တဲ့အခါမှာ သတိနဲ့လုပ်ရတယ်။ အရင်က ကျွန်တော် တို့ဝန်ထမ်းတွေအဖမ်းခံရပြီး အသတ်ခံခဲ့ရတာတွေရှိတယ်။ တချို့က လက်နက်ကြောင့် ဒဏ်ရာရကြတယ်။ [...] အဲ့ဒါက လွန်ခဲ့သောသုံးလေးနှစ်တုန်းက တပ်မဟာ ၁ [ဒူးသထူခရိုင်] မှာ ဖြစ်ခဲ့တာ။ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတစ် ဦး ပြည်တွင်းစစ်ရှောင်တွေအတွက် အစားအသောက်သွားဝယ်တုန်း ဖမ်းဆီးသတ်ဖြတ်ခံလိုက်ရတယ်။ [...] ကျွန်တော်တို့က ပြည်သူတွေကိုကူညီနေပေမယ့် စစ်အာဏာရှင်ကတော့ ကျွန်တော်တို့ကို သူတို့ရဲ့ရန်သူအဖြစ် သတ်မှတ်ကြတယ်။"* စောကယ်လီ၏ ရှင်းပြချက် ၂၀၂၄ ခုနှစ်တွင် SAC ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရ CIDKP ဝန်ထမ်း ၂ ဦး ဒဏ်ရာရခဲ့သည်။

ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ကောလယ်ကျေးရွာအုပ်စုမှ ဒေသတွင်းအဖွဲ့ဝင်တစ်ဦးဖြစ်သော စောနမ--- က ဆေး ပေးခန်းများ၊ ဆေးကုသမှုဆိုင်ရာပစ္စည်းများနှင့် ကျန်းမာရေးလုပ်သားများ မရှိခြင်းအပြင် မြစ်နှစ်မြစ်အား ဖြတ် ကျော်ရန် ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲက ကျန်းမာရေးအတွက် ဆိုးရွားသည့်စိန်ခေါ်မှုများ ဖြစ်စေကြောင်း တင်ပြခဲ့သည်။ ဝါးတံတားတည်ဆောက်ရန် ကြိုးပမ်းမှုကိုလည်း မြန်မာစစ်တပ်မှ တားမြစ်ထားပြီး တံတားတည် ဆောက်သည့်အချိန်တွင် လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။[74] အလားတူပင် KWO မှ လူမှုကူညီရေးအစီအစဉ် ညှိနှိုင်းရေးမှူး နော်ဖြိုးဖြိုးက SAC ၏ စစ်ဆေးရေးဂိတ်များရှိနေသည့်အတွက် အကူအညီများ ဖြန့်ဝေရာတွင် အခက်အခဲရှိကြောင်း ဖော်ပြခဲ့သည်။ *"ကျွန်မတို့က ရန်သူကို [ဗမာစစ်တပ်မှ စစ်သားများ] ကြောက်ရတယ်။ သူ တို့ရဲ့ [စစ်ဆေးရေးဂိတ်တွေကို] ဖြတ်တဲ့အခါ သူတို့က ကျွန်မတို့ကို စစ်ဆေးမေးမြန်းတော့ အကြောက်တရားကို ဖြစ်စေတယ်။"*

ကူညီထောက်ပံ့မှုများ လျော့နည်းလာသည့်အတွက် ရွာသားများအနေနှင့် ၎င်းတို့၏ မိသားစုဝင်များအား ထောက်ပံ့ ပေးရန် အခက်အခဲများ ပိုမိုကြုံတွေ့လာရသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဒအ--- ကျေးရွာတွင် စစ်ရှောင်နေသည့် နော်အဂ--- က ဤသို့ ရှင်းပြခဲ့သည်။ *"အကူအညီတွေ မရတော့ဘူး။ အ ရင် [၂၀၂၁-၂၀၂၄] က ကူညီထောက်ပံ့မှုတွေ ရခဲ့တယ်။ အခုတော့ မရှိတော့ဘူး။ အခုဆို လူတွေက ကပ်ဘေးအ တွင်း ကြိုးစားရှုန်းကန်ကြရတယ်။ သူတို့အလုပ်လုပ်ဖို့ ကြိုးစားရတယ်။ တချို့လူတွေဆို ထမင်းမစားရဘူး။ ဆန် ပြုတ်ပဲစားရတယ်။ တချို့လူတွေဆို 'တာလပေါ့' [ဆန်ပြုတ်] ပဲ စားရတယ်။ ဒီလိုလူတွေအများကြီးပဲ။ အဖွဲ့ အစည်းတွေကလည်း [ခရီးသွားလာမှုတွင် လုံခြုံရေးအန္တရာယ်] အခက်အခဲကြောင့် အကူအညီမလာပေးနိုင်တော့ ဘူးပေါ့။ သူတို့ [ငွေကြေးအကူအညီ] ဆွဲလို့ မရတော့ဘူး။ ဦးဆောင်တဲ့ သူတွေအတွက်လည်း [အကူအညီများ ပို့ဆောင်ရန်] အရမ်းခက်ခဲတယ်။"*

## ၆.၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လစ်ဟာချက်များ

ဆေးရုံဆေးခန်းများသည် SAC ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့ရ ပြီး ဖျားနာသူများနှင့် ဒဏ်ရာရသူများအား ကုသပေးမည့် သင်တန်းဆင်း ဆရာဝန်များ၊ သူနာပြုများ လုံလုံလောက် လောက် မရှိပါ။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် SAC ၏ စစ်ဆေးရေးဂိတ်များက အစား အသောက်နှင့် ဆေးဝါးတင်ဆောင်ခွင့်မပြုခြင်းက ဆေးဖက်ဆိုင်ရာအကူအညီများ ယူဆောင်လာရန် အလွန်ခက်ခဲ

74 KHRG မှ ထုတ်ဝေသော၊ "အရေးပေါ်အသက်ကယ်ခြင်း" ၏စာမျက်နှာ ၉ တွင်ကြည့်ပါ။

စေသည်။[75] ထိုအခြေအနေသည် အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးမိခင်များ၊ ဆိုးရွားသည့် ကျန်းမာရေး အခြေအနေများ ခံစားနေရသောကလေးငယ်များအတွက် အလွန်အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်။ တောင်ငူခရိုင်နှင့် မြိတ်-ထားဝယ်ခရိုင်များသည် တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုပေးသူများ လက်လှမ်းမီရန် အခက်အခဲဆုံးနေရာဒေသများဖြစ်သည်။ လူအများအပြား စိတ်တုန်လှုပ်ခြောက်ခြားမှုများကို ရင်ဆိုင်နေရသော်လည်း စိတ်ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း အလွန်အမင်းကန့်သတ်ချက်များ ရှိနေသည်။ ဒေသတွင်းပံ့ပိုးကူညီမှုအဖွဲ့အစည်းများသည် အကူအညီပေးရန် ရုန်းကန်ရလျက်ရှိသည်။

## (က) အရေးပေါ်ဆေးကုသမှု လုံးဝမရှိခြင်း

မေးခွန်းဖြေကြားသူများက ၎င်းတို့၏ ဒေသအတွင်း ဆေးဝါးနှင့် ဆေးဖက်ဆိုင်ရာပံ့ပိုးမှုများ အလွန်အမင်း ပြတ်လပ်နေကြောင်း အထူးတင်ပြခဲ့ပြီး အများစုမှာ မူတြော်ခရိုင်မှဖြစ်သည်။ အထူးသဖြင့် မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်နှင့် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်ရှိ ဝေးလံသည့်ဒေသများမှ ရွာသားများက ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းများမရှိသဖြင့် ဆေးခန်းများ အရေးပေါ်လိုအပ်ကြောင်း တင်ပြခဲ့ကြသည်။ ကလေးများ၏ လိုအပ်ချက်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအားသင်တန်းပေးရန် အရေးကြီးကြောင်း ကို လူအနည်းငယ်ကသာ မီးမောင်းထိုးပြခဲ့သည်။

KNU ထိန်းချုပ်သည့်နယ်မြေဒေသများ အထူးသဖြင့် နယ်စပ်နှင့်နီးသည့် နေရာများတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်သော်လည်း ကလေးဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်အတွက် ကန့်သတ်မှုများ ရှိနေသေးသည်။ KDHW အနေနှင့် အထွေထွေအခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကိုသာ အဓိကဦးတည်ထားသည့်အတွက် ကလေးများအားကာကွယ်ဆေးထိုးခြင်း၊ အာဟာရကျန်းမာရေးအစီအစဉ်များနှင့် ကလေးအထူးပြုရောဂါရှာဖွေခြင်းများသည် နေရာဒေသအများအပြားတွင် တိုးတက်ခြင်း မရှိသေးပေ။ မိခင်များနှင့် မွေးကင်းစကလေးများအတွက် ပြုစုကုသမှုမှာလည်း ရှားပါးသည်။ KDHW တွင် မိခင်နှင့် ကလေးကျန်းမာရေးအစီအစဉ်အား ကြီးကြပ်သည့် နော်အင်တီဂျာက ဤသို့ရှင်းပြခဲ့သည်။ *"ဒီအစီအစဉ်ကို ပံ့ပိုးကူညီပေးတဲ့ အလှူရှင်မရှိဘူး။ [...] အဟာရချို့တဲ့တဲ့ ကလေးတွေကို ကျွေးရတဲ့အစားအစာတွေက ဈေးကြီးတယ်။ ဒါကြောင့်လည်း ကျွန်မတို့ရဲ့အလှူရှင်တွေက ခရိုင် ၇ ခုလုံးမှာရှိတဲ့ အာဟာရအစီအစဉ်တွေနဲ့ KDHW က ဖွင့်ထားတဲ့ ဆေးခန်းတွေအားလုံးကို ကူညီပံ့ပိုးပေးဖို့ မတတ်နိုင်ဘူး။ သူတို့ [အလှူရှင်] အနေနဲ့က နေရာဒေသတချို့မှာရှိတဲ့ [အာဟာရအစီအစဉ်]တွေကိုပဲ ပံ့ပိုးပေးနိုင်တယ်။"* စိတ်ကျန်းမာရေး စောင့်ရှောက်မှုနှင့်ပတ်သက်၍ ဒူးသထူခရိုင်တွင် အဓိကလိုအပ်လျက်ရှိသောနေရာဒေသများမှာ တာမဲခီး၊ လယ်ကဆာနှင့် လေးဂွဲ့ကလယ်ကျေးရွာအုပ်စုများ ဖြစ်ကြသည်။

ဒေသတွင်း ဆေးပေးခန်းများတွင် ရွာသားများအနေနှင့် မရှိမဖြစ်လိုအပ်သည့် ဆေးဝါးများကို လက်လှမ်းမမီနိုင်သည့်အတွက် အခက်အခဲများစွာ ရင်ဆိုင်ရလျက်ရှိသည်။ KDHW နှင့် နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT) ကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ သို့မဟုတ် CDM များ ဖွင့်လှစ်ထားသည့် အမှီအခိုကင်းသော ဆေးပေးခန်းများနှင့် နိုင်ငံတကာအလှူရှင်များမှ ပံ့ပိုးပေးထားသည့်သောဝန်ဆောင်မှုများရှိသော်လည်း ခရိုင်ခုနှစ်ခုလုံးတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ အထူးသဖြင့် ပစ္စည်းပြတ်လပ်မှုများရှိသည့်အတွက် လစ်ဟာမှုများရင်ဆိုင်ရလျက်ရှိသည်။ မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ခစ--- ကျေးရွာအုပ်စု၊ ခရ--- ကျေးရွာမှ ဒေသတွင်းအဖွဲ့ဝင် စိုင်းအခ--- က ဤသို့ ရှင်းပြခဲ့သည်။ *"BPHWT က ကျွန်တော်တို့အတွက် ဆေးခန်းဆောက်ပေးခဲ့တယ်။ [...] တကယ်လို့ လူတယောက်က ပိုက်ဆံမတတ်နိုင်ဘူးဆိုရင် BPHWT ဆေးခန်းကို သွားတယ်။ ဒါပေမယ့် ခုနောက်ပိုင်း သူတို့လည်း လုံလုံလောက်လောက် မထောက်ပံ့နိုင်တော့ဘူး။"* အခြားတဖက်တွင် မြို့ပေါ်

75 *ဥပမာအနေဖြင့်* - အထက်တွင်ဖော်ပြထားသော KHRG, "အရေးပေါ်အသက်ကယ်ခြင်း"၊ "ခံနိုင်ရည်ရှိခြင်း နှင့်ခုခံတွန်းလှန် ခြင်း" နှင့် KHRG မှ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော၊ "ငြင်းပယ်ခံပြည်သူများ၏ဘဝများမြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက်အဝန်းများရင်ဆိုင်ရသောအကာကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းများ" တွင်ကြည့်ပါ။

မှ SAC ၏ကျန်းမာရေးစောင့်ရှောက်မှုများသည် ပိုမိုကောင်းမွန်သည့် ပစ္စည်းကိရိယာများရှိသော်လည်း အလွန်အကုန်အကျများသည်။ ထို့အပြင် ရွာသားများအနေနှင့် ထိုဆေးခန်းများသို့သွားလာရန် SAC ထိန်းချုပ်သည့်နယ်မြေများသို့ ခရီးသွားလာသည့်အခါ အန္တရာယ်များ ကြုံတွေ့ကြရသည်။ ထို့ကြောင့် အများစုမှာ ဆေးကုသမှုခံယူနိုင်ခြင်းမရှိပါ။

အဖြစ်များသောရောဂါများအား ကုသရာတွင် ကျောင်းဆေးပေးခန်းများသည် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်ပြီး ကျောင်းသားများမှာနေအိမ်နှင့်ဝေးသည့်အချိန်တွင် ဆရာမများသည် ၎င်းတို့၏ကျန်းမာရေးကို စောင့်ရှောက်ပေးရန် အဓိကပြုစုစောင့်ရှောက်သူများ ဖြစ်လာသည်။ အချို့သောကျောင်းများတွင် ဆေးဝါးများရှိသော်လည်း လိုအပ်သောဆေးဝါးများရရှိနိုင်မှုမှာ လိုအပ်မှုများစွာရှိနေသေးသည်။ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ကော်သေးဒဲကျေးရွာအုပ်စု၊ ခဥ--- ကျေးရွာမှ ဆရာမတဦးဖြစ်သော နော်အဒ--- က ဤသို့ မီးမောင်းထိုး ပြခဲ့သည်။ *"ကျွန်မတို့က ဒေသခံအာဏာပိုင်တွေကို ကျွန်မတို့ကျောင်းသားတွေအတွက် ရာသီအလိုက် ကျန်းမာရေးအသိပေးမှုသင်တန်းတွေ ပြုလုပ်ဆောင်ရွက်ပေးစေချင်တယ်။ ကျောင်းသားတွေအတွက် လိုအပ်မယ့်ဆေးဝါးတွေကိုလည်း ကျောင်းမှာထားချင်တယ်။ မဟုတ်ရင်တော့ ကျောင်းသားတွေ ခေါင်းကိုက်ရင်တောင်မှ ကျွန်မတို့က သူတို့ကိုဆေးခန်းပို့နေရတယ်။"*

နိုင်ငံခြားကူညီထောက်ပံ့ရေးအဖွဲ့အစည်းများနှင့် အလှူရှင်များအပေါ် မှီခိုနေရသဖြင့် ကျန်းမာရေးလုပ်သားများအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုအား တသမတ်တည်းပေးနိုင်ရန်အတွက် အခက်အခဲများ သိသိသာသာရင်ဆိုင်နေရသည်။ အကန့်အသတ်ရှိသော အရင်းအမြစ်များ၊ ခန့်မှန်း၍မရနိုင်သော ငွေကြေးအထောက်အပံ့၏ပြောင်းလဲမှုများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအခက်အခဲများက ပိုမိုများပြားလာသည့် မြေပြင်လိုအပ်ချက်များအားပြည့်မီရန်ဆောင်ရွက်ရာတွင် အခက်အခဲတွေ့စေသည်။ USAID ၏ပံ့ပိုးမှု ဖြတ်တောက်လိုက်သည့်အခါ ကျန်ရှိနေသောဆေးဝါးများမလုံလောက်သည့်အတွက် ဒေသတွင်းအဖွဲ့အစည်းအများအပြားမှာ ပြင်ပလူနာနှင့် အတွင်းလူနာများအား လုံလောက်သည့်ပြုစုစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ရုန်းကန်ကြရသည်။ CIDKP မှ စောကယ်လီက ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ တတ်နိုင်သလောက် ပံ့ပိုးကူညီပေးဖို့ကြိုးစားပေမယ့် US က ရံပုံငွေဖြတ်တောက်မှုကြောင့် လျော့နည်းသွားမှာပဲ။ ဒါက ကျွန်တော်တို့အလုပ်အပေါ် သက်ရောက်မှုရှိတယ်။ ကျွန်တော်တို့တခြားနေရာကအလှူတွေကိုရရှိဖို့ ကြိုးစားတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေကိုလည်း ဆက်ပြီးခေါ်ထားနိုင်ဖို့ ကြိုးစားရတယ်။"* KWO ၏ ပညာရေးအစီအစဉ် ညှိနှိုင်းရေးမှူးနော်ဖောဂေထူးကလည်း ဤသို့ရှင်းပြခဲ့သည်။ *"အဖွဲ့အစည်းတွေ ကြုံတွေ့ရတဲ့အခက်အခဲတွေအနေနဲ့ကတော့ လက်ရှိကာလမှာ ခက်ခဲတဲ့အခြေအနေတွေနဲ့ USAID ရဲ့ကူညီပံ့ပိုးမှုရပ်တန့်တဲ့အခါ ကျွန်မတို့အတွက်အခက်အခဲတွေရှိတယ်။ [...] အခုဆိုရင် ကျွန်မတို့စီစဉ်ထားတဲ့အတိုင်း ငွေကြေးပံ့ပိုးမှု [ငွေသားပေးအပ်ခြင်း] မလုပ်နိုင်တော့ဘူး။"* မကြာသေးမီက အခြားသောနိုင်ငံခြားကူညီပံ့ပိုးမှု အဖွဲ့အစည်းများဖြစ်သည့် ဥရောပ၊ ဥရောပသမဂ္ဂနှင့် ဆွီဒင်နိုင်ငံတို့ကလည်း အနာဂတ်တွင် ဤဒေသအား ၎င်းတို့၏ ပံ့ပိုးနေမှုကိုလျှော့ချမည်ဟုကြေညာခဲ့သဖြင့်[76] ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများကြား စိုးရိမ်မှုမြင့်တက်လာခဲ့သည်။

76 OECD မှ ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော၊ "Cuts in official development assistance" နှင့် Government Offices of Sweden မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော၊ "Sverige fasar ut bistn°det till Myanmar" တွင်ကြည့်ပါ။




ဤပုံကို ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဆဒ--- ကျေးရွာအနီးတောထဲတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ကလေးများအပါအဝင် ရွာသားများမှ ၎င်းတို့ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပြီးနောက် ဆဒ--- ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေပုံဖြစ်သည်။ ရွာသားများအနေနှင့် ထွက်ပြေးပုန်းရှောင်နေစဉ်အတွင်း အစားအသောက်နှင့် ဆေးဝါးများလိုအပ်သည်။ *(ဓာတ်ပုံ- KHRG)*

## (ခ) ကာကွယ်ဆေးထိုးနှံခြင်းနှင့် မွေးစာရင်းမရှိခြင်း

ကျေးလက်ဒေသနှင့် အသိအမှတ်ပြုခံရခြင်းမရှိသောဒေသများတွင် နေထိုင်သည့်နေရပ်ရွှေ့ပြောင်း ကလေးငယ်များအတွက် ကာကွယ်ဆေးထိုးခွင့် လုံးဝမရှိပေ။ ကာကွယ်ဆေးထိုးရန် လိုအပ်ချက်များနှင့် အားနည်းသည့်ကလေးများအား အကာအကွယ်ပေးနိုင်ရန်အတွက် ရွေ့လျားကာကွယ်ဆေးထိုးသည့်အဖွဲ့များထားရှိခြင်း၊ ဒေသတွင်းကျန်းမာရေးလုပ်သားများမွေးထုတ်ခြင်းနှင့် အခြားဒေသများကိုပါ လက်လှမ်းမီနိုင်မည့် ဗျူဟာနည်းလမ်းများချမှတ်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအား တောင်းဆိုကြသည်။ မေးခွန်းဖြေကြားမှုများအရ ကလေးအချို့သည် တီဘီ၊ ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုးနှင့် ဘီပိုး၊ ဝက်သက်နှင့် ပိုလီယို စသည့်ရောဂါများအတွက် ကာကွယ်ဆေးများ ထိုးခွင့်ရကြသည်။

အလားတူပင် မွေးစာရင်းဆိုသည်မှာ ကလေးငယ်တဦးအတွက် အသိအမှတ်ပြုမှု၊ အကာအကွယ်ပေးမှုနှင့် အခွင့်အလမ်းများအတွက် တံခါးတစ်ချပ်ဖြစ်သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တိုက်ပွဲများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုများက အခြေခံဝန်ဆောင်မှုများအားလက်လှမ်းမီနိုင်မှုကို ဖြတ်တောက်သည့်အခါ ကလေးများအတွက် မွေးစာရင်းမရရှိခြင်းက ၎င်းတို့အားအသိအမှတ်ပြုမှုမခံရပဲ ၎င်းတို့ရရှိနိုင်မည့် အခြေခံအခွင့်အရေးများနှင့် ဝန်ဆောင်မှုများအား ရရှိနိုင်တော့မည်မဟုတ်ပါ။ ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ထီးဂုသော (ထီဟူးသံ) ကျေးရွာအုပ်စု၊ ညလ--- ကျေးရွာမှ နော်ကဟ--- က ဤသို့ရှင်းပြခဲ့သည်။ *“လူတိုင်းတော့မွေးစာရင်းမရှိဘူး။ မွေးစာရင်းလုပ်ဖို့ တော်တော်ဝေးဝေးသွားပြီးလုပ်ရတယ်။ ဘားအံနဲ့ မော်လမြိုင်ကို အများဆုံးသွားကြတယ်။”*

မွေးဖွားမှုအသိအမှတ်ပြုလက်မှတ်အား KDHW နှင့် BPHWT အပါအဝင် ကျန်းမာရေးလုပ်သားများက ထုတ်ပေးကြသော်လည်း မွေးစာရင်းမှာရောနှောအုပ်ချုပ်နယ်မြေ သို့မဟုတ် SAC အုပ်ချုပ်သည့်နယ်မြေများတွင်သာ ရရှိနိုင်သည်။ KDHW ၏ မိခင်နှင့်ကလေးကျန်းမာရေးအစီအစဉ်အားကြီးကြပ်သူ နော်အင်တီဂျာက ဤသို့ရှင်းပြခဲ့

သည်။ *"'မွေးဖွားမှုမှတ်တမ်း' ကိုပဲ ပေးတယ်။ မွေးဖွားမှုမှတ်တမ်းက KDHW ပံ့ပိုးပေးတဲ့နေရာဒေသက မွေးကင်းစကလေးတွေအတွက်ဖြစ်တယ်။ […]ကျွန်မတို့မွေးဖွားမှုမှတ်တမ်းကိုစပြီးပေးတုန်းက ကျွန်မတို့ရဲ့ ရည်ရွယ်ချက်က ကရင်ပြည်နယ်အတွင်းမှာ မြန်မာအစိုးရဆီကမွေးစာရင်းမရနိုင်တဲ့ကလေးတွေအတွက် ထုတ်ပေးဖို့ဖြစ်သည်။ […] အခုတော့ ကျွန်မတို့ KNU ပြည်ထဲရေးဝန်ကြီးဌာနက မွေးစာရင်းတွေစပြီး ထုတ်ပေးတော့မယ်လို့သိရတယ်။ […] KDHW ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ နေရာတွေက သူတွေအနေနဲ့ ကျွန်မတို့ထုတ်ပေးတဲ့မွေးဖွားမှုမှတ်တမ်းရှိဖို့အတွက် အရေးကြီးတယ်။"*

KDHW သည် မယ်တော်ဆေးခန်း၊ BPHWT၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းနှင့်ပူးပေါင်း၍ ဒေသများအား အကူညီပေးရန်နှင့် 'မွေးဖွားမှုမှတ်တမ်း' အား တသမတ်တည်းထားနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မှတ်တမ်းအား မွေးဖွားပြီးသုံးလအတွင်း ထုတ်ပေးသည်။ ထို့အပြင် ကလေးများအားလုံးစာရွက်စာတမ်းရရှိနိုင်ရန်အတွက် ထိုတာဝန်အား ကျေးရွာအဆင့်အာဏာပိုင်များလက်သို့လွှဲအပ်ပေးပြီး ကျန်းမာရေးလုပ်သားများနှင့် သားဖွားများအား မွေးဖွားမှုအစီရင်ခံနိုင်ရန် စမ်းသပ်ဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။ မွေးဖွားမှုမှတ်တမ်းနှင့် အစိုးရ၏မွေးစာရင်းနှစ်ခုလုံးအား ကရင်ပြည်နယ်ကျေးလက်ဒေသများတွင် အသိအမှတ်ပြုကြသည်။ သို့သော်လည်း အချို့ကလေးများမှာ KDHW ၏မွေးဖွားမှုမှတ်တမ်းဖြင့် မြန်မာအစိုးရကျောင်းတွင် နာမည်စာရင်းပေးသွင်းရန် အခက်အခဲများကြုံကြရသည်။

## (ဂ) လိင်ပိုင်းဆိုင်ရာသားဆက်ခြားအတွက် ကူညီပံ့ပိုးမှုများတောင်းဆိုခြင်း

KHRG တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသားအများစုသည် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ (SRHR) အမြင်ဖွင့်ခြင်းများအား ကလေးများကိုပေးရန်အရေးကြီးကြောင်း အလေးထား ပြောဆိုခဲ့သည်။ အချို့သော လူမှုအသိုက်အဝန်းများတွင် SRHR နှင့်ပတ်သက်၍ သင်တန်းများအား KWO နှင့် ဒေသတွင်း ဆရာမများထံမှ ရရှိထားသော်လည်း အခြားဒေသများမှာ ထိုသို့သောပံ့ပိုးမှုများ မရကြပေ။ KDHW မှ ဖွင့်လှစ်ထားသည့်ဆေးခန်းအချို့တွင် SRHR အမြင်ဖွင့်သင်တန်းကို ကိုယ်ဝန်ဆောင်များနှင့် ဆယ်ကျော်သက်များအား သင်ကြားပေးကြသည်။ KWO မှ နော်ဖြိုးဖြိုးက ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့ မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီး သင်တန်းပေးတယ်။ ကလေးတွေငယ်ရွယ်တဲ့အချိန် အိမ်ထောင်မပြုဖို့အတွက် ကျွန်မတို့တွေ ကျောင်းတွေနဲ့ လူမှုအသိုက်အဝန်းတွေကြားမှာ သင်တန်းတွေပို့ချပေးတယ်။ ပြီးတော့ ကျွန်မတို့အမျိုးသမီးတွေနဲ့ ဆွေးနွေးပွဲတွေပြုလုပ်ပေးတယ်။ ဒီအဖွဲ့မှာ အမျိုးသမီးတွေပဲပါမယ်။ […] ကလေးအရွယ်တွေ အိမ်ထောင်ကျနှုန်းက ဆက်ပြီးတော့မြင့်တက်နေတုန်းပဲ။"* အတင်းအကြပ်အိမ်ထောင်ချခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများအတွက် လုံခြုံရာအိမ်များအား KWO အနေနှင့် စီမံပေးလျက်ရှိသည်။

ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအတွက် အကာအကွယ်ပေးနိုင်သည့် ဤအသိပညာ၏အရေးပါမှုကြောင့် ကလေးများအားလုံး ကျောင်းတက်သည်ဖြစ်စေ မတက်သည်ဖြစ်စေ SRHR သင်တန်းအား အပြည့်အဝရရှိရန်လိုအပ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး အထူးအခွင့်အရေး မဟုတ်ကြောင်း သေချာစေရန်အတွက် ဤကျန်းမာရေးနှင့်ဆိုင်သည့် လုစ်ဟာမှုများအား ဖြည့်စည်းပေးနိုင်ရန် လူသားချင်းစာနာမှုအကူအညီသာမက အခြေခံအဆောက်အဦးများနှင့် သင်တန်းများတွင် ရေရှည်ရင်းနှီးမြှုပ်နှံ ခြင်းများ လိုအပ်သည်။

## (ဃ) မူးယစ်ဆေးဝါးကြောင့်ဖြစ်လာသည့် ချိုးဖောက်မှုများ အတွက် ပံ့ပိုးမှု

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများ ပိုမိုမြင့်တက်လာပြီး ယခုကလေးများကြားတွင် အသုံးများလာသဖြင့် လူမှုရေးနှင့် ကျန်းမာရေးဆုတ်ယုတ်မှုများကို ပိုမိုကြီးထွားလာစေသည်။ ဤအခြေအနေက လူငယ်များအား အကာအကွယ်ပေးရန်အတွက် လက်ငင်းအရေးယူဆောင်ရွက်ခြင်းများ လိုအပ်နေသည်။ မေးခွန်းဖြေကြားသူ အများစုက ကလေးများအား မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်နှင့်ပတ်သက်၍ ပညာပေးရန်လိုအပ်ကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးအစီအစဉ်များ၏အရေးပါမှုကို မီးမောင်းထိုးပြခဲ့သည်။ ဒူးပလာယာခရိုင်၊ က

ရှူတူးမြို့နယ်၊ ကော်ဝလှိုင်ကျေးရွာအုပ်စု၊ ခလ--- ကျေးရွာမှ အသက် ၁၅ နှစ်အရွယ် စောင--- က ဤသို့ မျှဝေခဲ့သည်။ *"ကျွန်တော် မူးယစ်ဆေးဝါးအန္တရာယ်နဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ဝမ်းကွဲဆီကပဲ သင်ယူခဲ့ရတယ်။ သင်တန်းတွေဘာတွေမရှိဘူး။"* အခြေအနေအရ ကလေးများကြား မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးရေးအစီအစဉ်များကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန်လိုအပ်သည်။

KNU ထိန်းချုပ်သည့် နယ်မြေများတွင် မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်လာသည့် လုပ်ဆောင်မှုများကို လျှော့ချနိုင်ရန်အတွက် ဒေသတွင်းဥပဒေများ ချမှတ်ထားသည်။ ထိုအထဲတွင် ဆိုးရွားသည့်ပြစ်ဒဏ်ချမှတ်မှုများပါကြောင်းကိုလည်း တင်ပြထားသည်။ မူတြော်ခရိုင်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာမှ ကျောင်းအုပ်နော်အဟ--- က ဤသို့ ရှင်းပြခဲ့သည်။ *"[ဒေသတွင်း KNU] အာဏာပိုင်တွေက မူးယစ်ဆေးဝါးလျှော့ချဖို့ သူတို့တတ်နိုင်သမျှ ကြိုးစားလုပ်ဆောင်ကြတယ်။ [...] အာဏာပိုင်တွေ အရေးယူတဲ့အတွက် [ရွာရဲ့] အခြေအနေက ပိုပြီးတိုးတက်ကောင်းမွန်လာတယ်။ အာဏာပိုင်တွေအရေးယူတာသိတော့ ကလေးတွေက မူးယစ်ဆေးဝါးမသုံးရဲတော့ဘူး။ ဒါက ကလေးတွေ နောက်မူးယစ်ဆေးဝါးမသုံးတော့ဖို့အတွက် သတိပေးချက်တစ်ခုလိုပါပဲ။"*

အသက်မပြည့်သေးသော မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် လူငယ်ပြန်လည်ထူထောင်ရေး အစီအစဉ်ကဲ့သို့ ပံ့ပိုးကူညီမှုများမှာ မရှိမဖြစ်လိုအပ်သည်။ ခလယ်လွိထူခရိုင်၊ မူးမြို့နယ်၊ နို့ညလားကျေးရွာအုပ်စု၊ ခဘ--- ကျေးရွာတွင် နေထိုင်သော ကျောင်းဆရာ စောဗ--- က *"ဒီဒေသမှာ ဒီအတွက် အစီအစဉ်တွေ ကူညီပံ့ပိုးမှုတွေမရှိဘူး။"* ဟု မှတ်ချက်ပြုခဲ့သည်။ KDHW မှ နော်အင်တီဂျာ၏တင်ပြချက်အရ ခရိုင်များတွင် မူးယစ်ဆေးဝါး စွဲသူများအတွက် ပြန်လည်ကုစားမှုအစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုများမရှိပေ။ ဆိုးရွားသည့် ကိစ္စရပ်များအား ရှိနှင့်သောကွန်ယက်ချိတ်ဆက်မှုများမှတဆင့် နယ်စပ်ဖြတ်ကျော် ပံ့ပိုးကူညီမှုများဖြစ်သည့် ထိုင်းနိုင်ငံရှိ ဃဂ--- ဒုက္ခသည်စခန်းနှင့် ဃပ--- မြို့အနီးရှိ ဟရ--- နေရာများသို့လွှဲအပ်ကြသည်။ DARE ကွန်ယက်သည် ဘားအံခရိုင်၊ လှုပလယ်မြို့နယ်၊ မဲတမူးကျေးရွာအုပ်စု၊ ဟစ--- ကျေးရွာတွင် ပြန်လည်ထူထောင်ရေးစခန်းဖွင့်ထားလျက်ရှိသည်။

## (င) စိတ်ကျန်းမာရေးစောင့်ရှောက်မှု လစ်ဟာချက်များ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများသည် အလိုအပ်ဆုံးအရာများထဲက တစ်ခုဖြစ်သော်လည်း မရှိသလောက်နည်းပါးသည့် ဝန်ဆောင်မှုဖြစ်သည်။ အကြမ်းဖက်မှုများမှ ရှင်သန်ရစ်သူကလေးများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် စိတ်ဖိစီးမှုခံစားရသူများဖြစ်ပြီး များသောအားဖြင့် စိတ်ဒဏ်ရာ၊ စိတ်မတည်ငြိမ်မှုများ၊ စိတ်ဖိစီးမှုများနှင့် လုံးပမ်းနေရလေ့ရှိသည်။ သင်တန်းဆင်းကျွမ်းကျင်သူများ၊ ဆွေးနွေးအကြံပေးဝန်ဆောင်မှုများနှင့် စိတ်ရောဂါကုစားမှုများသည် အလွန်ရှားပါးသကဲ့သို့ အထူးသဖြင့် တိုက်ပွဲဖြစ်ပွားသည့်နေရာဒေသများတွင် ထိုဝန်ဆောင်မှုများ လုံးဝမရှိပါ။ ယခင်က မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒေဘူးနိုဒေသတွင် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း စိတ်ကျန်းမာရေးကုစားမှုအစီအစဉ်ရှိခဲ့သော်လည်း ငွေကြေးပံ့ပိုးမှုဖြတ်တောက်ခဲ့သည့်အတွက် ပိတ်သိမ်းခဲ့သည်ဟု KDHW မှ တင်ပြထားသည်။ လက်ရှိတွင် KDHW အနေနှင့် စိတ်ကျန်းမာရေးဆိုင်ရာအကူအညီပေးခြင်းကို ဗဟိုအဆင့်တွင်သာ ဆေးခန်းဝန်ထမ်းများမှတဆင့် ပြုလုပ်နိုင်ပြီး ကျေးရွာအဆင့်တွင်မူ ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းမရှိပါ။

BPHWT နှင့် Free Burma Rangers (FBR) အဖွဲ့များသည် ကလေးများအတွက် နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းနှင့် ပံ့ပိုးကူညီမှုအချို့ကို ခလယ်လွိထူနှင့် မူတြော်ခရိုင်များကဲ့သို့ အချို့သောဒေသများတွင် သင့်လျော်သည့်ကြားဝင်ဆောင်ရွက်ပေးခြင်းများနှင့် ဆေးရုံများသို့ လွှဲအပ်ခြင်းဖြင့် ပံ့ပိုးကူညီခဲ့ကြသည်။ FBR နှင့် KWO ဝန်ထမ်းများသည် စစ်ဘေးရှောင်နေရာများသို့သွားရောက်၍ ကလေးများအား ကစားပေးခြင်းနှင့် လှုပ်ရှားမှုများလုပ်ဆောင်ပေးကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်မှ မေးခွန်းဖြေကြားသူတစ်ဦးက နိုင်ငံတကာဘာသာရေးအဖွဲ့အစည်းများ၏အားပေးတိုက်တွန်းမှုများအကြောင်း ဖော်ပြခဲ့သည်။ ဆရာများနှင့် မိဘများက ကလေးများအားနှစ်သိမ့်ရန်အကောင်းဆုံးလုပ်ဆောင်ပေးသော်လည်း သင်တန်းဆင်းပညာရှင်များ လိုအပ်ကြောင်း အသိအမှတ်ပြုထားသည်။ မူတြော်ခရိုင်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာမှ ကျောင်းအုပ်တစ်ဦးဖြစ်သော နော်အဟ--- က ဤ

သို့ရှင်းပြခဲ့သည်။ *“ကလေးတွေ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုတွေရတာ မတွေ့ရဘူး။”* တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူနူကျေးရွာအုပ်စု၊ ဒခ--- ကျေးရွာမှ မိခင်တဦးဖြစ်သော နော်အခ--- က ဤသို့ ထပ်လောင်းပြောခဲ့သည်။ *“ကျွန်မအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ကလေးတွေကိုအားပေးဖို့နဲ့ ကလေးတွေအားတက်လာအောင် လုပ်ပေးစေချင်တယ်။ သူတို့ကို ကလေးတွေအတွက် နှစ်သိမ့်ဆွေးနွေးပေးဖို့ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာကုစားမှုတွေ ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ပတ်သက်တဲ့ အသိပညာတွေ ကလေးမိဘတွေကို မျှဝေစေချင်တယ်။ […] ကျွန်မတို့ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနဲ့ဆိုင်တဲ့သင်တန်းလိုတယ်။”*

## ၆.၃။ ပညာရေးဆိုင်ရာပံ့ပိုးကူညီမှုအတွက် လစ်ဟာချက်များနှင့် လိုအပ်ချက်များ

မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒူးသထူ၊ တောအူးနှင့် မြိတ်-ထားဝယ် ခရိုင်များအပါအဝင် တိုက်ပွဲဒဏ်ခံရသော နေရာဒေသအများအပြားတွင် ၂၀၂၄-၂၀၂၅ ခုနှစ်များ၌ ပညာရေးဆိုင်ရာ ပံ့ပိုးမှုများအတွက် လိုအပ်ချက်များ ဆက်လက်မြင့်မားလျက်ရှိနေပြီး ကလေးအများစုမှာ အရည်အသွေးရှိသော ပညာသင်ကြားခွင့်များ မရရှိကြပါ။ မိဘများ၊ KECD တာဝန်ရှိသူများ၊ ဒေသတွင်း KNU အာဏာပိုင်များနှင့် အချို့သောနိုင်ငံတကာအဖွဲ့အစည်းများမှ ပဋိပက္ခဒဏ်ခံရသည့်ကလေးများအတွက် ကျောင်းဖွင့်ပေးခြင်းများရှိသော်လည်း ပညာရေးအတွက် လိုအပ်ချက်များမှာ မြင့်မားလျက်ရှိနေသေးသည်။

### (က) ဖျက်စီးခံရသောကျောင်းဆောင်များအား ပြန်လည်ဆောက်လုပ်ခြင်းနှင့် ယာယီအဆောက်အုံများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စာသင်ကျောင်းအဆောက်အဦးများကို ဘေးကင်းလုံခြုံသောနေရာအဖြစ် ကာကွယ်စောင့်ရှောက်ထားသင့်သော်လည်း SAC ၏တိုက်ခိုက်မှုများကြောင်း စာသင်ကျောင်းများသည် အဆက်မပြတ်ဖျက်ဆီးခံနေရပါသည်။ မူတြော်ခရိုင်၊ ဘူးသို့မြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ ဒဇ--- ကျေး ရွာမှ KDHW မြို့နယ်ညှိနှိုင်းရေးမှူးဖြစ်သော စောအစျ--- က ဤသို့ရှင်းပြခဲ့သည်။ *“သူတို့ [ကလေးတွေ] လွတ်လွတ်လပ်လပ် စာသင်ရဖို့အတွက် လုံခြုံရေးကအရေးအကြီးဆုံးပဲ။ သူတို့တွေ သိပ်မကြောက်တော့ပဲ စိုးရိမ်မှုလည်း နည်းသွားမယ်။ သူတို့တွေအနေနဲ့ အကြောက်တရားနဲ့သတိထားပြီး ပညာဆက်သင်ရရင် ဒါက သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေလိမ့်မယ်။”*

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျောင်းများသည် ကလေးများ ပညာရေးနှင့် လူထုအခြေပြုအဖွဲ့များပေးသည့် အမြင်ဖွင့်သင်တန်းများရရှိသည့် အဓိကနေရာများဖြစ်သည်။ ထိုသို့သော အစီအစဉ်များတွင် အရေးပါသည့် ဗဟုသုတများဖြစ်သော မြေမြှုပ်မိုင်းအန္တရာယ် သို့မဟုတ် လိင်ပညာပေးအစီအစဉ်များ ပါဝင်သည်။ SAC ၏ ကျောင်းဆောင်များအား ဖျက်စီးမှုများက သင်ခန်းစာများသင်ကြားပို့ချရာတွင် အခက်ခဲဖြစ်စေသော်လည်း အရပ်ဖက်အဖွဲ့အစည်းများက ရွှေ့လျားစာသင်စနစ်များအသုံးပြု၍ ဆရာများနှင့် ကျောင်းသားများကို သင်တန်းများပို့ချပေးလျက်ရှိသည်။




ဤပုံကို ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် မူတြော်ခရိုင်၊ ဒွဲ့လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စုမှ ကျောင်းဝန်းတစ်ခု ထဲတွင် ရိုက်ကူးထားသည်။ ပုံတွင် BPHWT မှ ကျန်းမာရေးလုပ်သားတစ်ဦးက ကလေးများအား သံချဆေးနှင့် ဗီတာမင်အေအကြောင်း စာသင်ကျောင်းတွင် ပို့ချနေခြင်းဖြစ်သည်။ *(ဓာတ်ပုံ- KHRG)*

ရွာသားများသည် ကျောင်းများပြန်လည် ဆောက်လုပ်နိုင်ရန် ပြင်ပအကူအညီများ တောင်းခံလျက်ရှိသည်။ ဘားအံခရိုင်၊ တာကရယ်မြို့နယ်မှ KECD မြို့နယ်ညှိနှိုင်းရေးမှူးဖြစ်သော စောအည--- က ဤသို့ ရှင်းပြခဲ့သည်။ *"ကျောင်းဆောင်တွေဖျက်စီးခံရတဲ့အတွက် ဒါတွေကို ပြန်ဆောက်ဖို့လိုအပ်တယ်။ ခေါင်မိုးတွေ ကြမ်းခင်းတွေ ပျက်စီးနေတဲ့အတွက် ဒီအဆောက်အဦးတွေကို ပြန်လည်ပြင်ဆင်ဖို့ လိုတယ်။ ဒါပေမယ့် ကျွန်တော်တို့ လိုအပ်တဲ့ ငွေကြေးမရှိသလို ဒါကိုကူညီပေးမည့် အလှူရှင်တွေကိုလည်း မတွေ့သေးဘူး။ ဒါကြောင့် ကျောင်းသားတွေက ပျက်စီးနေတဲ့ အဆောက်အဦးတွေမှာပဲ စာဆက်သင်ရတယ်။"*

စစ်ဘေးရှောင်၍ လက်ရှိတောထဲတွင် ပညာသင်ယူနေရသည့် ကျောင်းသားများအတွက် သင့်လျော်သည့် ပညာရေးဆိုင်ရာပံ့ပိုးမှုများလိုအပ်သည်။ ယာယီအဆောက်အဦးများသည် အများမမြင်တွေ့အောင် တည်ဆောက်ထားပြီး ဝင်ရောက်ရန်ခက်ခဲသဖြင့် မသန်စွမ်းကလေးများအတွက် သင့်လျော်မှုမရှိပေ။ လက်ရှိနှစ်များတွင် အရင်းအမြစ်များအား လက်လှမ်းမီနိုင်မှု လျော့နည်းလာသော်လည်း KWO မှ မိသားစုဝင်များနှင့် ဆရာများအား ထိုသို့သော စိတ်ကျန်းမာရေးချို့တဲ့သည့် ကလေးများကို မည်သို့စောင့်ရှောက်ရမည်နှင့်ပတ်သက်၍ သင်တန်းအချို့ပေးထားသည်။

## (ခ) ကျောင်းပစ္စည်းများ၊ သင်ကြားရေး အရင်းအမြစ်များနှင့် ဆရာများမရှိခြင်း၊

မေးခွန်းဖြေကြားသူအားလုံးက ကလေးများ၏ပညာရေးသည် အရေးကြီးကြောင်း တင်ပြခဲ့သော်လည်း စီးပွားရေးအကြပ်အတည်းက ၎င်းတို့၏ ကလေးများကို ကျောင်းပို့ရန်အတွက် အဟန့်အတားဖြစ်စေသည်ဟု မေးခွန်းဖြေကြားသူအများစုက ဝေမျှခဲ့သည်။ အထူးသဖြင့် မြိတ်-ထားဝယ်ခရိုင်နှင့် မူတြော်ခရိုင်များမှ ဆရာများနှင့် မိခင်များက ၎င်းတို့အနေနှင့် ကလေးများအား ကျောင်းမပို့နိုင်ကြောင်းနှင့် ၎င်းတို့ကလေးများ၏ ပညာရေးအတွက် ကူညီပံ့ပိုးမှုများလိုအပ်ကြောင်း ဖော်ပြခဲ့သည်။ တင်ပြချက်များအရ မိသားစုဝင်များသည့် မိသားစုများတွင် မိန်းကလေးများ ကျောင်းထွက်ရနိုင်ချေ ပိုများသည်။ KWO မှ အမျိုးသမီးများ ဆက်လက်ပညာသင်ကြားနိုင်ရန်

အတွက် ဒူးပလာယာခရိုင်နှင့် မူတြော်ခရိုင်များတွင် အဆောင်သုံးဆောင်ဆောက်လုပ်ကာ အသေးစိတ်ကူညီပံ့ပိုးမှုများ ပေးခဲ့သည်။[77]

ကလေးများအား ပညာပေးခြင်းတွင် ဆရာများက အဓိကနေရာတွင် တာဝန်ယူကြပြီး ၎င်းတို့သည် ကလေးများအားလုံး၏ လိုအပ်ချက်များအတွက် တာဝန်ရှိသည်။ သို့သော်လည်း လူမှုအသိုက်အဝန်းအများစုသည် များစွာသောစိန်ခေါ်မှုများကြောင့် ကျောင်းဆရာရှားပါးမှုများ ဆိုးရွားစွာကြုံရလျက်ရှိသည်။ ဤအခြေအနေက နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် အသိုက်အဝန်းကြားတွင် ပျံ့နှံ့လျက်ရှိသည့် စိုးရိမ်မှုဖြစ်သည်။ ဆရာများသည် KECD မှ တနှစ်တကြိမ် ကူညီပံ့ပိုးမှုရပြီး အချို့လူမှုအသိုက်အဝန်းများတွင် လစဉ်ရွာသားများ၏ ထောက်ပံ့မှုများ ရကြသည်။[78] သို့သော်လည်း ထိုပမာဏ ၂ ခုလုံးသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်ကို ဖြည့်စည်းရန်အတွက် လုံလောက်မှုမရှိသဖြင့် ကျောင်းနှုတ်ထွက်သည့် ဆရာအရေအတွက်မှာ ပိုမိုမြင့်မားလာသည်။ ၂၀၂၅ ခုနှစ်တွင် USAID ၏ ရံပုံငွေဖြတ်တောက်မှုက ဒေသတွင်း CBO များထံမှ ဆရာများရရှိသည့် ရံပုံငွေကို လျှော့နည်းသွားစေခဲ့သည်။ KWO မှ နော်ဖောဂေထူးက ဤသို့ရှင်းပြခဲ့သည်။ *“ဒေသထဲမှာ ကျွန်မတို့ ကလေးတွေအတွက် အစားအသောက်ဝယ်ရင် ကုန်ဈေးနှုန်းတက်တဲ့အတွက် အခက်အခဲတွေကြုံရတယ်။ ကျွန်မတို့ သူတို့အတွက် စီစဉ်ထားသလို မဝယ်နိုင်ဘူး။ ဆိုလိုတာက ကျွန်မတို့ သူတို့အတွက် ဝယ်ပေးဖို့ လုံလောက်တဲ့ ငွေကြေးမရှိဘူး။ […] ကျွန်မတို့ ကျောင်းလှူပ်ရှားမှုတွေကိုလည်း လျှော့ချရတယ်။ ပြီးတော့ ကုန်ဈေးနှုန်းတက်တဲ့အတွက် ကျွန်မတို့ကလေးတွေအတွက် အထူးသဖြင့် အဆောင်နေကျောင်းသားတွေအတွက် ရိက္ခာကို လျှော့ချရတယ်။ […] တချို့နေရာတွေမှာ လုံခြုံရေး အန္တရာယ်တွေကြုံတွေ့ကြရတော့ အချို့ဆရာတွေက သူတို့၏မိသားစုတွေနဲ့ အတူနေဖို့ပြန်သွားကြတယ်။”*

မေးခွန်းဖြေကြားသူများက ကျောင်းပစ္စည်းများဖြစ်သည့် စာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ မရှိကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် KECD သင်ရိုးညွှန်းတမ်းအားအသုံးပြုရာတွင် ယေဘုယျအားဖြင့် အခက်အခဲတစုံတရာမရှိသော်လည်း အချို့ကျောင်းများမှ ထိုသင်ရိုးအားအသုံးပြုရာအတွင် အခက်အခဲများရှိနေသည်။ KECD ၏ဆက်သွယ်ရေးနှင့်စည်းရုံးလှုံ့ဆော်ရေးမန်နေဂျာ စောသောသီက အချို့သောခရိုင်များတွင် စကောကရင်နှင့်ရေးထားသည့်သင်ရိုးညွှန်းတမ်းများအားအသုံးပြု၍ရာတွင် အခက်အခဲရှိနိုင်ကြောင်း အထူးသဖြင့် ဗမာနှင့် မွန်လူမျိုးများအတွက် ဘာသာစကားမတူညီသောအခက်အခဲရှိနိုင်သဖြင့် ကျောင်းသူကျောင်းသားများအနေနှင့် သင်ကြားရေးတွင် ပါဝင်လာရန် အခက်အခဲရှိနိုင်ကြောင်း တင်ပြခဲ့သည်။ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူနူကျေးရွာအုပ်စု၊ ဒဓ--- ကျေးရွာတွင် လက်ရှိရွှေ့ပြောင်းနေထိုင် လျက်ရှိသောမိခင်တစ်ဦးဖြစ်သူ နော်ကဥ--- က ဤသို့ရှင်းပြခဲ့သည်။ *“ကျွန်မကလေးနှစ်ယောက်က အွန်လိုင်းကျောင်းတက်တော့ လိုင်းကောင်းကောင်းလိုတယ်။ […] သူတို့က NUG [အမျိုးသားညီညွတ်ရေး အစိုးရ]ဖွင့်ထားတဲ့ အွန်လိုင်းကျောင်း တက်နေတာ။”* သို့သော်လည်း SAC မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရာဒေသအများစုတွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည့်အတွက် အွန်လိုင်းတွင် ကျောင်းတက်ခြင်းက နေရာဒေသအများစုအတွက် ဖြစ်နိုင်ချေရှိသောအဖြေမဟုတ်ပါ။

## (ဂ) ဆက်လက်တက်ရောက်နိုင်မည့် ပညာရေးအခွင့်အရေးများ မရှိခြင်း။

အထက်တန်းကျောင်းများတက်ရောက်ရန် အထက်ဖော်ပြပါ အခက်အခဲများအပြင် ၁၂ တန်းအောင်မြင်ပြီး နောက်ဆက်လက်တက်ရောက်နိုင်မည့်ပညာရေးအခွင့်အလမ်းမရှိခြင်းနှင့်ပတ်သက်၍ ဆရာများနှင့် ကျောင်းသားများမှ တင်ပြခဲ့သည် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ကော်သေးဒဲကျေးရွာအုပ်စု၊ ခဥ--- ကျေးရွာမှ ဆရာမ နော်အဒ-

77 လက်ရှိတွင် KWO သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အဆောင် ၁၃ ဆောင် ဖွင့်လှစ်ထားပြီး ကျောင်းသားပေါင်း ၁၇၀၀ ခန့် လက်ခံထားသည်။

78 ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် KECD သည် မူလတန်းပညာရေးကျောင်း ၁,၆၇၁ ကျောင်းနှင့် ဆရာဆရာမ ၁၁,၁၈၂ ဦးအား ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် ကျောင်းသားကျောင်းသူစုစုပေါင်း ၁၄၀,၇၃၂ ဦးကို မှတ်ပုံတင်ခဲ့ပါသည်။

-- က ဤသို့ ရှင်းပြခဲ့သည်။ *"ကျွန်မတို့ကြုံရတဲ့ အခက်အခဲတစ်ခုက ကလေးတွေ ၁၂ တန်းပြီးသွားရင် ဘယ်မှာ ပညာဆက်သင်ရမလဲဆိုတာကိုမသိဘူး။ ကလေးတွေအနေနဲ့ ၁၂ တန်းအောင်ပြီးတဲ့နောက်မှာ သူတို့သင်ယူချင်တဲ့ပညာကိုဆက်သင်ယူဖို့ ရွေးချယ်စရာလမ်းကြောင်းမရှိဘူး။ သူတို့ ၁၂ တန်းအောင်ရင် ဟတ--- မှာရှိတဲ့ ဂျူနီယာကောလိပ်[79]ကို ဆက်တက်တယ်။ သူတို့အတွက် တခြားအခွင့် အလမ်းအများကြီးမရှိဘူး။"* ခလယ်လို့ထူခရိုင်၊ ဆောထိမြို့နယ်၊ ပျဉ်ဥရေကျေးရွာအုပ်စု၊ ဘန--- ကျေးရွာမှ ဆရာမတစ်ဦးဖြစ်သော ဒေါ်န--- က ဤသို့ ရှင်းပြခဲ့သည်။ *"ကလေးတွေက သူတို့တွေ ၉ တန်းတက်ပြီးတာနဲ့ ၁၀ တန်း၊ ၁၁ တန်းနဲ့ ၁၂ တန်းကို ဘယ်မှာ ဆက်တက်ရမလဲ အမြဲစဉ်းစားနေကြတယ်။"*

အချို့ကျောင်းသားများက ၎င်းတို့၏ပညာရေးအား ဆက်လက်သင်ယူလိုသော်လည်း ၎င်းတို့အနေနှင့် အဆင့်မြင့်ပညာရေးရရှိနိုင်မည့် ဒေဘူးနိုဒေသ သို့မဟုတ် နယ်စပ်ဖြတ်ကျော်၍ အခြားနေရာဒေသတခုတွင် သွားရောက်ပညာသင်ရမည်ဖြစ်သည့်အတွက် ၎င်းတို့အား ငွေကြေးထောက်ပံ့ပေးရန် လိုအပ်သည်။ ဤကွာဟချက်များက ကလေးများ၏ အသိဉာဏ်ကိုသာ ပိတ်ပင်ထားခြင်း မဟုတ်ပဲ ၎င်းတို့၏ အနာဂတ်ရည်မှန်းချက်များကို ဖိနှိပ်ထားကာ ဆင်းရဲမှုသံသရာရှည်ကြာစေပြီး မျိုးဆက်အဆက်ဆက် မညီမျှမှုများကို ဖြစ်ပေါ်စေသည်။ နယ်စပ်ဒေသရှိ ပညာရေးအဖွဲ့အစည်းများအား ပံ့ပိုးကူညီမှုသည် အရေးပေါ်လိုအပ်ချက်ဖြစ်သည်။

79 ကရင်ပြည်နယ်တွင် KECD သည် ၎င်းတို့၏ အထက်တန်းပညာကို ပြီးဆုံးသွားသော ကျောင်းသားများအတွက် ဂျူနီယာကောလိပ် ၁၁ ခုကို ဖွင့်လှစ်ထားသည်။ ဂျူနီယာကောလိပ်များသည် နှစ်နှစ်ဒီပလိုမာအစီအစဉ်များကို ပံ့ပိုးပေးပြီး ကောလိပ်များတွင် ဆက်လက်ပညာသင်ကြားရန် ကျောင်းသားများအတွက် ပြင်ဆင်မှုအဖြစ်ဆောင်ရွက်သည်။ ၂၀၂၅ ခုနှစ်တွင် KECD မှ ဦးစီးသော ဂျူနီယာကောလိပ်များမှ ကျောင်းသား ၉၁၆ ဦး ဘွဲ့ရခဲ့သည်။

# အခန်း ၇။ ပဋိပက္ခနှင့်ပတ်သက်သည့် ကလေးသူငယ်များ၏အမြင်များနှင့် ထုတ်ဖော်ပြောဆို ချက်များ

"အနာဂတ်မှာပျော်ရွှင်မှု ပိုပြီးရရှိချင်တယ်။."
"ကလေးတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျောင်းသွားနိုင်တာကိုဘဲ မြင်ချင်တယ်။"
"အခြေအနေတွေ ပြန်လည်ကောင်းမွန်လာဖို့ မျှော်လင့်တယ်။ ဦးလေး၊ အဒေါ်နဲ့ တစ်ဝမ်းကွဲတွေကိုလည်း တွေ့ချင်တယ်။"
"ငြိမ်းချမ်းမှုရှိလာတာကို မြင်တွေ့ချင်ပြီး။ ဒါမှ ပျော်ရွှင်မှုပိုရရှိမှာဖြစ်တယ်။"
"လေယာဥ်လာနေတာကိုလည်း နောက်ထပ်မတွေ့ချင်တော့ဘူး."
မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃပါကျေးရွာအုပ်စု၊ ဘရ--- ရွာတွင် ပြုလုပ်ခဲ့သော အဖွဲ့လိုက် တွေ့ဆုံဆွေးနွေးပွဲမှ ကလေးများ၏ ပြောကြားချက်များ

KHRG မှ ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းချက်များတွင် မြန်မာပြည်အရှေ့တောင်ပိုင်းအန္တရှိ ကလေးသူငယ်များသည် ၎င်းတို့၏အနာဂတ်နှင့် ၎င်းတို့၏လူ့အဖွဲ့အစည်းအတွက် မျှော်လင့်ချက်များကို ဖော်ပြခဲ့ကြပြီး အဓိကအားဖြင့် အကြမ်းဖက်မှုများနှင့် ပဋိပက္ခကင်းရှင်းရေးကို ဆန္ဒပြုခဲ့ကြသည်။ ကလေးအားလုံးသည် ပညာရေးဆက်လက်သင်ယူရန် သို့မဟုတ် ၎င်းတို့၏ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများ သို့မဟုတ် ကျောင်းဆရာ၊ ဆရာမများဖြစ်လာရန် စသည့်ကိုယ်ပိုင်အိပ်မက်များနှင့် အနာဂတ်မျှော်လင့်ချက်များရှိကြောင်း ပြောကြားခဲ့ကြသည်။ အခြားသူများမှာ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်း နေထိုင်လိုကြသည်။ အချို့ကလေးများက ဒေသခံကျေးရွာခေါင်းဆောင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ သည်သူတို့၏ကျောင်းတက်နိုင်စွမ်း၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်စွမ်းနှင့် ငြိမ်းချမ်းစွာအတူတူနေထိုင်နိုင်စွမ်းကို တိုးမြှင့်နိုင်ရန် လုပ်ဆောင်နိုင်သည့်အဆင့်များကို ဖော်ပြခဲ့ကြပါသည်။

## ပဋိပက္ခမှ လွတ်မြောက်ခြင်းနှင့် ငြိမ်းချမ်းရေးကို ရှာဖွေခြင်း

တွေ့ဆုံမေးမြန်းခံခဲ့ရသော ကလေး ၄၄ ဦးအနက် ၄၀ ဦးသည် ကြောက်ရွံ့နေရခြင်း သို့မဟုတ် ပဋိပက္ခမှလွတ်မြောက်လိုသည့် စိတ်ဆန္ဒများရှိနေကြောင်း ဖော်ပြခဲ့ကြသည်။ တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဒေးလိုမူနူ (ဒေးလိုမူလာလာ) ကျေးရွာအုပ်စု၊ ဃဒ--- ကျေးရွာမှ အသက် ၁၃ နှစ်အရွယ်ရှိ နော်ကရ--- က ဤသို့ ပြောကြားခဲ့သည်။ *"ကျွန်မလွတ်လပ်မှုလိုချင်တယ်။ ကျွန်မလွတ်လွတ်လပ်လပ်ဘဲ နေထိုင်ချင်တယ်။ ကျွန်မ လွတ်လပ်စွာနဲ့ ဘေးကင်းကင်းနဲ့ ကျောင်းသွားချင်တယ်။ ကျွန်မသူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် ကစားချင်တယ်။"* မူတြော်ခရိုင်၊ ဘုသိုမြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ ဟဌ--- ကျေးရွာမှ ၁၆ နှစ်အရွယ် စောနဗ--- က တရားမျှတမှုကို တောင်းဆိုခဲ့သည်။ *"တရားမျှတမှုရှိတဲ့နိုင်ငံတစ်နိုင်ငံနဲ့ ငြိမ်းချမ်းရေးနဲ့ တရားမျှတမှုတွေပြည့်နေတဲ့နိုင်ငံတစ်နိုင်ငံကို ကျွန်တော်ပိုင်ဆိုင်ချင်ပါတယ်။"* ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဆအ--- ကျေးရွာမှ ၁၇ နှစ်အရွယ် နော်အန--- က ကရင်လူမျိုးသည် ငြိမ်းချမ်းရေးလိုအပ်သည်ကိုသူမယုံကြည်ကြောင်း ရှင်းပြခဲ့သည်။ *"မဟုတ်ရင်၊ အရပ်သားပြည်သူတွေဟာ အမြဲတမ်းစိုးရိမ်ပူပန်မှုတွေနဲ့ပြည့်နေပြီး သူတို့ရဲ့ဘဝဟာ သတိနဲ့နေထိုင်နေရတယ်။ လေယာဥ်တွေလာတဲ့အခါ ကျွန်မတို့ရဲ့ဘဝတွေကိုလည်း အနှောင့်အယှက်ဖြစ်စေပြီး ကလေးတွေရဲ့ပညာရေးကိုလည်း သက်ရောက်မှုရှိစေတယ်။ ကျွန်မတို့လည်း [ကျေးရွာကနေ] ထွက်ပြေးကြရတယ်။"*

SAC ၏ တိုက်ခိုက်မှုများကို တားဆီးရန် ပြင်ပမှဆောင်ရွက်မှုမရှိခြင်းအပေါ် ဆွေးနွေးရာတွင် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ဝါ့ကာကျေးရွာအုပ်စု၊ ဆဆ--- ကျေးရွာမှ အသက် ၁၆ နှစ်အရွယ် စောကသ--- က ဤသို့ ပြောဆိုခဲ့သည်။ *"အတိတ် [လက်နက်ကြီးပစ်ခတ်ခြင်းနှင့် လေကြောင်းဗုံးကြဲခြင်း] ကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်*

*တို့ ဘာမှမလုပ်နိုင်ခဲ့ဘူး။ တစ်စုံတစ်ယောက်က ကျွန်တော်တို့အတွက် တစ်ခုခုလုပ်ပေးနိုင်ရင် ကောင်းတာပေါ့။ တစ်ယောက်မှ ကျွန်တော်တို့အတွက် ဘာမှမလုပ်ပေးဘူးဆိုရင် ကျွန်တော်တို့ ကိုယ့်ဘာသာ ကိုယ်နည်းလမ်းရှာကြရမှာပဲ။"*

## ကျန်းမာရေးနှင့်ပညာရေး လက်လှမ်းမှီနိုင်ခြင်း

ကလေးအားလုံးသည် ၎င်းတို့အတွက် ပိုမိုကောင်းမွန်သော အရည်အသွေးရှိသည့် ပညာရေးရရှိရန် ၎င်းတို့၏ ဆန္ဒကို အထပ်ထပ်အခါခါ ထပ်လောင်းဖော်ပြခဲ့ကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃပါကျေးရွာအုပ်စု၊ ဘရ--- ရွာမှ ရွှေ့ပြောင်းနေထိုင်ရသော ၁၇ နှစ်အရွယ် နော်ရ--- က ဤသို့ပြောကြားခဲ့သည်။ *"ကျွန်မရွာမှာတော့ ကျန်းမာရေးနဲ့ပညာရေး တိုးတက်လာတာကို မြင်ချင်တယ်။ ကျောင်းသားတွေ လွတ်လွတ်လပ်လပ်နဲ့ ပညာသင်ယူနိုင်ပြီး ဆရာအလုံအလောက်ရှိတာကိုလည်း မြင်ချင်တယ်။"* မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒဆ--- ရွာမှ ၁၇ နှစ်အရွယ် အိမ်ထောင်ရှင်ဖြစ်သူ နော်အဇ--- ကလည်း အနာဂတ်တွင် ပညာတတ်မြောက်ရန် သူမ၏မျှော်လင့်ချက်ကို ဤသို့မျှဝေခဲ့သည်။ *"ကျွန်မတို့ ကျန်းမာဖို့၊ အစားအစာနဲ့ အဝတ်အထည်ရှိဖို့ လိုတယ်။ [...] ငြိမ်းချမ်းရေးပြန်ရလာဖို့ ကျွန်မဆုတောင်းတယ်။ [...] ကျွန်မ ပညာတတ်ချင်တယ်။ [...] ကျွန်မကြီးပြင်းလာတဲ့အခါ ငွေရတဲ့အလုပ်နဲ့ ဗဟုသုတရတဲ့အရာတစ်ခုခု လုပ်မယ်။"*

ဒူးသထူ(သထုံ) ခရိုင်၊ ပေါင် (မော်စကို) မြို့နယ်၊ ပန်းကုန်းကျေးရွာအုပ်စု၊ ဟဗ--- ရွာမှ အသက် ၁၇ နှစ် အရွယ် နော်နဂ--- က ပညာရေးလက်လှမ်းမမီခြင်း၏ဆိုးကျိုးများအကြောင်း ဤသို့ဆွေးနွေးပြောကြားခဲ့သည်။ *"ကျွန်မတို့မှာ ပညာရေးမရှိဘူးဆိုရင် လမ်းပျောက်နေရင်းရှေ့ကိုမမြင်ရတဲ့သူတွေနဲ့တူပါတယ်။"* ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဆအ--- ကျေးရွာမှ အသက် (၁၆) နှစ်အရွယ် နော်တ--- ကလည်း အလားတူစိတ်ခံစားချက်ကို မျှဝေခဲ့သည်။ *"ကျွန်မတို့ ပညာသင်ယူခွင့်ရရင် မျိုးဆက်သစ်တွေကိုလည်း ပြန်လည်သင်ကြားပေးနိုင်မယ်။ ဒါကြောင့် ဒါကကျွန်မတို့အတွက်အရေးကြီးပါတယ်။"*

အခြားသော ကျောင်းသား/သူများ ကျောင်းတက်နိုင်ရန်အတွက် ပိုမိုသောထောက်ပံ့မှုများ လိုအပ်နေပါသည်။ ဒူးပလာယခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ဘစ--- ရွာသို့ ရွှေ့ပြောင်း နေထိုင်ရသော အသက် ၁၇ နှစ်အရွယ် နော်ကလ--- က ဤသို့ပြောကြားခဲ့သည်။ *"[ကျွန်မတို့အတွက် လိုအပ်တာက] ကျောင်းထွက်သွားသူတွေမရှိတော့အောင် ထောက်ပံ့မှုရဖို့ပါဘဲ။ အခက်အခဲရှိတဲ့ကျောင်းသား ကျောင်းသူတွေအတွက် ပညာရေးရပြီး ကျောင်းမထွက်ရအောင် [ထောက်ပံ့မှုလိုအပ်တယ်]။ မိသားစုတွေမှာ အခက်အခဲတွေ နည်းသွားစေချင်တယ်။"*

ကလေးများသည် ၎င်းတို့၏ ကျန်းမာရေးလိုအပ်ချက်များနှင့် အခြေခံထောက်ပံ့မှုများ ချို့တဲ့နေခြင်း အကြောင်းကိုလည်း ဖော်ပြခဲ့ကြသည်။ တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို(သံတောင်ကြီး) မြို့နယ်၊ ပရှောလိုကျေးရွာအုပ်စု၊ ဃပ--- ရွာမှ အသက် ၁၇ နှစ်အရွယ် နော်မဘ--- က ဤသို့ဖြည့်စွက်ပြောကြားခဲ့သည်။ *"လက်ရှိမှာကလေးတွေ ကာကွယ်ဆေးတွေမရကြဘူး။ ကိုယ်ဝန်ဆောင်မိခင်တွေ ကျန်းမာရေးဝန်ဆောင်မှု ကောင်းကောင်းမရကြဘူး။ ပါဝင်လုပ်ဆောင်သူတွေက ဆေးဝါးပစ္စည်းတွေနဲ့ အရင်းအမြစ်တွေ ပိုပေးစေချင်ပါတယ်။"* တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို(သံတောင်ကြီး) မြို့နယ်၊ ပရှောလိုကျေးရွာအုပ်စု၊ ဃပ--- ကျေးရွာမှရွှေ့ပြောင်းနေထိုင်ရသူ အသက် ၁၃ နှစ်အရွယ် နော်ကရ--- က *"ကျွန်မ နေစရာနေရာလိုအပ်တယ်။ ကျွန်မစားစရာအစားအစာလည်း လိုအပ်တယ်။ ကျွန်မဝတ်စရာအဝတ်အစားလည်း လိုအပ်တယ်။ ဆိုလိုတာက ကျွန်မတို့အသက်မွေးဝမ်းကြောင်းပြုမှုအတွက် ထောက်ပံ့ရေးတွေလိုအပ်တယ်။ ကျွန်မ ကောင်းကောင်းကြီးပြင်းလာဖို့အတွက် ဒါကအရမ်းအရေးကြီးပါတယ်"* ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

## မြန်မာစစ်အာဏာရှင်စနစ်ကို ပြန်လည်တော်လှန်တိုက်ခိုက်ခြင်း

ဆယ်ကျော်သက် လူငယ်လူရွယ်အချို့ကလည်း ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံရေးအမြင်များနှင့် ပဋိပက္ခနှင့် ပတ်သက်သည့်ဆန္ဒများကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာတွင် ပြုလုပ်သောအုပ်စုလိုက်ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည့်ကလေးတစ်ဦးက *“ကရင်စစ်သားတွေက ဗမာ (မြန်မာစစ်တပ်) စစ်သားတွေကို ပြန်လည်တိုက်ခိုက်နေတယ်လို့ကြားရတဲ့အခါ ကျွန်တော်စိတ်ထင်တာ တော့ အဲ့ဒါတော့ ကောင်းတယ်။ [...] ဗမာ (မြန်မာ့တပ်မတော်) စစ်သားတွေက ကျွန်တော်တို့ ကရင်လူမျိုးတွေကို ဖိနှိပ်လို့ပါ”* ဟု ပြောကြားခဲ့သည်။ အနည်းဆုံး အခြားကလေးသုံးဦးကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ပြန်လည်တော်လှန်ရန် ဆန္ဒရှိကြောင်း ဤသို့ *“ပြည်သူတွေကို မြန်မာစစ်တပ်ရဲ့ တိုက်ခိုက်မှုတွေကနေ ကာကွယ်ဖို့လိုတယ်”* ဟု ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ပိုးရေး ကျေးရွာအုပ်စု၊ ဆအ --- ကျေးရွာ၌ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ကလေးများက ကျေးရွာ၏အနာဂတ်ပုံရိပ်ကို ကိုယ်စားပြုသည့် အရောင်မျိုးစုံရွှံ့စေးဖြင့် ၎င်းတို့ကျေးရွာ၏ 'မြေပုံ' တစ်ခုကို ဖန်တီးနေပုံကို ဖော်ပြထားပါသည်။ ဤကလေးများသည် ၎င်းတို့ရွာတွင် လေကြောင်းတိုက်ခိုက်မှုကြုံတွေ့ခဲ့ပြီး တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှု ရှိခဲ့သလို ရွာသားများကို ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ မြေပုံအား ဖန်တီးပြီးနောက် ၎င်းတို့သည် KHRG နှင့် အုပ်စုလိုက်ဆွေးနွေးပွဲတစ်ခုတွင် ပါဝင်ခဲ့ကြသည်။ *(ဓာတ်ပုံ- KHRG)*

## နိဂုံးချုပ်နှင့် ဆွေးနွေးချက်များ

၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်တစ်ဝှမ်းရှိကျေးရွာများတွင် အကြမ်းဖက်မှုများနှင့်ဖျက်ဆီးမှုများကို ဆက်လက်ပြုလုပ်နေဆဲဖြစ်ပြီး စစ်ပဋိပက္ခကြားတွင်ကြီးပြင်းလာရသောကလေးများအား ပို၍ထိခိုက်နစ်နာစေပါသည်။ ဤအစီရင်ခံစာတွင် တင်ပြထားသောသတင်းမှတ်တမ်းများသည် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကလေးများ၏အခြေခံအကျဆုံးသောအခွင့်အရေးများရရှိရေးတွင် မည်သို့သောစိန်ခေါ်မှုများနှင့်ကြုံတွေ့ရကြောင်း ဖော်ပြထားပါသည်။ အထူးသဖြင့် ဆက်လက်ဖြစ်ပွားလျက်ရှိသောစစ်ပဋိပက္ခနှင့် လက်နက်ကိုင်တပ်ဖွဲ့များအပါအဝင် SAC ကျူးလွန်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ကလေးများအနေဖြင့် ပညာရေးအခွင့်အရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာကူညီပံ့ပိုးမှုနှင့်လူမှုဖူလုံရေးအကူအညီများ ကိုလက်လှမ်းမီရရှိရန် ကြုံတွေ့ရသောအခက်အခဲစိန်ခေါ်မှုများနှင့် ၎င်းတို့အပေါ် မတူညီသော အကြမ်းဖက်မှု ပုံစံများလုပ်ဆောင်သည့်အခြေအနေများကို လေ့လာသုံးသပ်ထားပါသည်။ ဤသို့သောအကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေသည်။ ထို့အပြင် ကလေးများ၏ ဘဝရပ်တည်ရေးနှင့်အနာဂတ်များကိုကာကွယ်ပေးရန်နှင့် ကရင်ပြည်နယ်ရှိ လူ့အခွင့်အရေးချိုးဖောက်များမှုနှင့် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းများကို ဖြစ်ပေါ်စေသော SAC လုပ်ရပ်များ၏ အကျိုးသက်ရောက်မှုများကိုလျော့ပါးလာစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အရေးယူဆောင်ရွက်ပေးရန်အထူးလိုအပ်နေပါသည်။

### လက်နက်ကိုင်စစ်သားများမှ ကလေးသူငယ်များအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်ကြသောကလေးများသည် တိုက်ရိုက်အကြမ်းဖက်မှုများနှင့် ၎င်းတို့အားကာကွယ်စောင့်ရှောက်ရန် တည်ရှိနေသောစနစ်လမ်းကြောင်းများကို ဖျက်ဆီးစေသည့်စစ်ပဋိပက္ခ ၏နောက်ဆက်တွဲအကျိုးဆက်များအောက်တွင် ဆက်လက်ရင်သန်နေရဆဲဖြစ်သည်။ SAC မှ ရပ်ရွာလူထုအသိုက်အဝန်းများအား အကြမ်းဖက်တိုက်ခိုက်ရာတွင် အဓမ္မဖမ်းဆီးခြင်း၊ အဓမ္မလူပျောက်စေခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် ကလေးစစ်သားစုဆောင်းခြင်းအပါအဝင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှု၊ မြေမြှုပ်မိုင်းအသုံးပြုမှု၊ မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းများတည်ရှိမှုနှင့် သေနတ်ဖြင့်တိုက်ရိုက်ပစ်ခတ်မှုတို့ကြောင့် ကလေးသူငယ်များသေဆုံး၊ ဒဏ်ရာရရှိသည့်အခြေအနေများလည်း ပါဝင်သည်။ SAC သည် စာသင်ကျောင်းနှင့် ဆေးရုံများကိုတိုက်ခိုက်၍ ကလေးများအနေဖြင့် ပညာသင်ယူခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုရယူခွင့်များကို ဆုံးရှုံးနေရသည်။ ထို့အပြင် စစ်ဆေးရေးဂိတ်များတွင် တင်းကြပ်စွာစစ်ဆေးခြင်းနှင့် လမ်းများပိတ်ဆို့ခြင်းတို့ကြောင့် ကလေးများသည် အထူးသဖြင့် စားနပ်ရိက္ခာများ၊ ဆေးဝါးပစ္စည်းများနှင့်လူသားချင်းစာနာထောက်ထားမှုအကူအညီများ အစရှိသော မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများကို လက်လှမ်းမီရရှိရန်အတွက် အတားအဆီးများနှင့်ကြုံတွေ့နေရသည်။ အကျိုးရလဒ်အနေဖြင့် ကလေးများသည် ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် ငြင်းပယ်ခံရခြင်း၊ ဆေးကုသမှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုနှင့် ကျန်းမာရေးလုပ်သားများနှင့် ဆရာဝန်များလုံလောက်စွာမရှိခြင်း စသည့်အခြေအနေများကြောင့် ကြိုတင်ကာကွယ်၍ရသည့်ရောဂါများနှင့် မွေးကင်းစကလေးများသေဆုံးမှုမြင့်တက်လာရခြင်းနှင့် ရင်ဆိုင်ကြုံတွေ့ခံစားနေရသည်။ စစ်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရခြင်းနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းများဖျက်ဆီးခံရခြင်းတို့ကြောင့် မိသားစုများအနေဖြင့် စားနပ်ရိက္ခာမဖူလုံမှုအားကြုံတွေ့ရပြီး ကလေးအများအပြားလည်း ကျောင်းထွက်လိုက်ရခြင်း သို့မဟုတ် မလုံခြုံသည့်နေရာတွင်နေထိုင်ရသည့်အခြေအနေများကို ပို၍ဆိုးရွားစေပါသည်။ အခြားသော လက်နက်ကိုင်တပ်ဖွဲ့များမှလည်း လူ့အခွင့်အရေးချိုးဖောက်မှုအချို့ကို ကျူးလွန်ခြင်းရှိသည်။ ဤအခြေအနေများအားလုံးကို ခြုံငုံကြည့်မည်ဆိုလျှင် ကလေးများသည် အကြမ်းဖက်မှုများကို ထပ်ခါတစ်လဲလဲကြုံတွေ့ရခြင်းကြောင့် ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာကျန်းမာရေးတွင် ကြောက်ရွံ့မှုများနှင့်စိတ်ဒဏ်ရာများခံစားရနေပါသည်။

စစ်ပဋိပက္ခဒဏ်ကိုခံစားရသောကလေးများသည် ကျား/မဆိုင်ရာ အခန်းကဏ္ဍတွင် မတူညီသည့်သက်ရောက်မှု

များကိုကြုံတွေ့ရကြောင်းတွေ့ရှိရသည်။ အသက်မပြည့်သေးပဲ အိမ်ထောင်ကျခြင်းနှင့် ကိုယ်ဝန်ဆောင်ရသည့် မိန်းကလေးငယ်များပို၍များလာပြီး ၎င်းတို့ကျန်းမာရေးကိုထိခိုက်စေသည့်သာမက ကျောင်းထွက်လိုက်ရခြင်းနှင့် ကလေးမွေးဖွားသည့်အချိန်တွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုမရရှိခြင်းစသည့်အခြေအနေများနှင့် ကြုံတွေ့နေရသည်။ ထို့အပြင် စစ်ပဋိပက္ခအခြေအနေအောက်တွင် မိန်းကလေးငယ်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ပို၍ကြုံတွေ့ရနိုင်သည်။ အခြားတစ်ဖက်တွင် ယောကျ်ားလေးငယ်များသည် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့များနှင့် ပါဝင်ပတ်သက်မှုရှိသည်ဟုစွပ်စွဲခံရ၍ ၎င်းတို့အနေဖြင့် အဓမ္မဖမ်းဆီးခံရခြင်းနှင့် စစ်သားစုဆောင်းခံရခြင်း စသည့်အခြေအနေများကို ကြုံတွေ့ရနိုင်ချေများပါသည်။

ဤသို့သောအခြေအနေအောက်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်နေသောဒေသခံအဖွဲ့အစည်းများသည် ရပ်ရွာလူထုအသိုက်အဝန်းများအား စွမ်းစွမ်းတမံကြိုးစား၍ ဆက်လက်ကူညီပေးနေသော်လည်း မြေပြင်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကို စဉ်ဆက်မပြတ်ကြုံတွေ့ရခြင်းနှင့် ငွေကြေးဆိုင်ရာလိုအပ်ချက်များရှိနေခြင်းကြောင့် ကလေးများသည် အရေးကြီးလိုအပ်သည့်အကူအညီများ မရရှိပဲရှိနေသည်။ တစ်ချိန်တည်းတွင်လည်း ရပ်ရွာလူထုများသည် ကလေးများ၏လူမှုဖူလုံရေးကို ကာကွယ်ပေးရန်အတွက် အစွမ်းကုန်ကြိုးစား၍ လုပ်ဆောင်နေလျက်ရှိသည်။ ရွာသားများသည် ကလေးများအတွက် ဗုံးခိုကျင်းများဆောက်လုပ်ပေးခြင်း၊ တောထဲတွင် စာသင်ကျောင်းနှင့် ဆေးပေးခန်းများဆောက်လုပ်ပေးခြင်း၊ ဝေးလံလှသောဆေးရုံများသို့ပို့ဆောင်ပေးခြင်း၊ အားပေးဖေးမခြင်းနှင့် အကြမ်းဖက်မှုများကိုရှောင်ရှားရန် လုံခြုံသည့်နေရာသို့ပို့ဆောင်ပေးခြင်း စသည်တို့ကိုကူညီဆောင်ရွက်ပေးနေပါသည်။ ကလေးများသည်လည်း အထက်ကဖော်ပြသည့်အတိုင်း စစ်ပဋိပက္ခကိုအဆုံးသတ်ပေးရန်၊ ပညာသင်ယူခွင့်အားလက်လှမ်းမီရန်နှင့် ပိုမိုကောင်းမွန်သော အနာဂတ်ဘဝကိုရရှိရန်မျှော်လင့်တောင်းတနေကြောင်း ၎င်းတို့ခံစားချက်များကို ရင်ဖွင့်ခဲ့သည်။ ၎င်းတို့၏တောင်းဆိုလိုလားမှုများသည် ကလေးများအကာအကွယ်ပေးရေးအတွက် အရေးကြီးဆောင်ရွက်ပေးရန်လိုအပ်နေကြောင်း မီးမောင်းထိုးပြနေပါသည်။

## ရှာဖွေတွေ့ရှိချက်များနှင့်ပတ်သက်၍ ဥပဒေရေးရာလေ့လာသုံးသပ်မှု

ဤရှာဖွေတွေ့ရှိချက်များသည် တစ်ဦးချင်းသက်သေခံထွက်ဆိုချက်များထက်ကျော်လွန်၍ များစွာသိရှိရပါသည်။ ကလေးသူငယ်များအပေါ် စဉ်ဆက်မပြတ်အကြမ်းဖက်သည့်ပုံစံများသည် ကမ္ဘာ့ကုလသမဂ္ဂ၏ မူဘောင်အောက်တွင်ရှိသည့် ကြီးလေးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်လျက်ရှိကြောင်းတွေ့ရှိရသည်။ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRC) နှင့် အခြားလူ့အခွင့်အရေးသဘောတူစာချုပ်များအောက်ရှိ မြန်မာနိုင်ငံ၏တာဝန်ဝတ္တရားများကို ထပ်ခါတလဲလဲပျက်ကွက်ခြင်းနှင့် ဖြစ်စဉ်အများစုတွင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေများ (IHL) ကို ဆိုးရွားစွာချိုးဖောက်နေခြင်းသည် စစ်ရာဇဝတ်မှု သို့မဟုတ် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုအဆင့်အထိ ရောက်ရှိနေပါသည်။

ကြီးလေးသောလူ့အခွင့်အရေးပြစ်မှု (SGV)[80] ခြောက်ခု၏မူဘောင်အောက်တွင်ဖော်ပြသည့်အတိုင်း ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့်ဒဏ်ရာရစေခြင်း၊ စစ်သားစုဆောင်းခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ စာသင်ကျောင်းများနှင့်ဆေးရုံများကိုတိုက်ခိုက်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီထောက်ပံ့မှုများကို ငြင်းပယ်ခြင်းများပါဝင်သော အခင်းဖြစ်စဉ်များကို KHRG မှ မှတ်တမ်းပြုစုနိုင်ခဲ့သည်။ KHRG ၏အဓိကရှာဖွေတွေ့ရှိချက်များသည် ကရင်ပြည်နယ်ရှိ ခရိုင် (၇)ခုစလုံးတွင် ကျူးလွန်ခံရသော SGV ပြစ်မှုအားလုံး၏ပုံစံများကို ယုံကြည်နိုင်လောက်သည့်မှန်ကန်တိကျသော အချက်အလက်များကို ဖော်ပြထားပါသည်။ ထိုအထဲမှ မြန်မာစစ်တပ်သည် SGV ပြစ်မှု (၆)ခုအားလုံးပါဝင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ် (၁၅၇)

80 ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UNSC) သည် ကလေးများအပေါ် စစ်ရေးအချိန်များတွင် ဖြစ်ပေါ်နေသောပြင်းထန်ဆိုးရွား သောချိုးဖောက်မှု (၆) ခုကို ခွဲခြားသိရှိ၍တိုက်ခိုက်မှုများကို ကြိုတင်ကာကွယ်ရန်၊ စောင့်ကြည့်ရန်နှင့် အဆုံးသတ်ရန်အတွက် ပြစ်တင်လိုက်သည်။ ဥပမာအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အကြံပြုစာအမှတ် ၁၂၆၁ (၁၉၉၉) ကို ကြည့်ပါ။

ခုကို ကျူးလွန်ခဲ့ပြီး ၎င်းချိုးဖောက်မှုများအားလုံးအတွက် အဓိကတာဝန်ရှိသူမှာ မြန်မာစစ်တပ်သာဖြစ်သည်။ ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ဤရှာဖွေတွေ့ရှိချက်များတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးသူငယ်များအားဆန့်ကျင်၍ ကာလရှည်ကြာချိုးဖောက်ခဲ့သော SGV ပြစ်မှုများ၏ပုံစံများကို တွေ့ရှိနိုင်သည်။ ထို့အပြင် အခြားသောလက်နက်ကိုင်တပ်ဖွဲ့များမှ မြေမြှုပ်မိုင်းများကိုအသုံးပြုသောကြောင့် ကလေးသူငယ်များအား ထိခိုက်ဒဏ်ရာရရှိခြင်း၊ စာသင်ကျောင်းများကိုအသုံးပြုခြင်းနှင့် ကလေးစစ်သားစုဆောင်းခြင်းတို့ကိုလုပ်ဆောင်ခဲ့သည့်ဖြစ်စဉ်များလည်းပါဝင်ပါသည်။ ထိုအထဲတွင် KNLA မှ ကျူးလွန်သောအမှုဖြစ်စဉ် (၄) ခုရှိပြီး PDF မှ ကျူးလွန်သည့်အမှုဖြစ်စဉ် (၃) ခုရှိသည်။

ဤသို့အကြမ်းဖက်တိုက်ခိုက်မှုများသည် အထူးသဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRC)[81] အောက်တွင်ရှိသော နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (IHRL) ကိုလည်း ချိုးဖောက်ရာ မြောက်ပါသည်။ မြန်မာစစ်တပ်၏လုပ်ရပ်များသည် ကလေးသူငယ်များ၏အသက်ရှင်ရပ်တည်မှုနှင့်ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာအခွင့်အရေးများအပါအဝင် ကျန်းမာရေး၊ ပညာရေး၊ ဖူလုံသောလူနေမှုအဆင့်အတန်းရရှိရေးနှင့် အားကစားဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်နေပါသည်။[82] ထို့အပြင် ကလေးများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာဆက်ဆံခြင်း၊ အဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ပြန်ပေးဆွဲခြင်းတို့မှ ကာကွယ်ပေးရမည့်တာဝန်ကို မြန်မာစစ်တပ်အနေဖြင့် ပျက်ကွက်ခဲ့ပါသည်။[83] ထို့အပြင် ကလေးများသည် အသက်မပြည့်သေးဘဲအိမ်ထောင်ကျရခြင်း အစရှိသော ၎င်းတို့အား ထိခိုက်နစ်နာစေသည့်ထုံးတမ်းဓလေ့များမှ လွတ်မြောက်ခွင့်မရပဲရှိနေပါသည်။[84] ထိုမျှမက စစ်ပဋိပက္ခကာလအတွင်း ကလေးစစ်သားစုဆောင်းမှုကို တားမြစ်ခြင်းနှင့် ပြန်လည်ကုစားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအခွင့်အရေးများအပါအဝင် ကလေးများအားအထူးကာကွယ်ပေးသည့် အခွင့်အရေးများကို မြန်မာစစ်တပ်နှင့် KNLA တို့၏လုပ်ထုံးလုပ်နည်းများတွင် ချိုးဖောက်နေကြောင်း တွေ့ရှိရသည်။[85] ဆိုလိုသည်မှာ မြန်မာစစ်တပ်နှင့် KNLA တို့သည် ၎င်းတို့တပ်ရင်း၊ တပ်ဖွဲ့များတွင် အသက် (၁၈) နှစ်အောက်ကလေးများကို စစ်သားအဖြစ်စုဆောင်းနေသည်ကို မြင်တွေ့ရသည်။ ဆက်လက်ဖြစ်ပွားလျက်ရှိသော စစ်ပဋိပက္ခနှင့် SAC အကြမ်းဖက်တိုက်ခိုက်မှုများသည် ကလေးများ၏အခွင့်အရေးများကို ချိုးဖောက်နေသောကြောင့် ကလေးများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဘဝပျော်ရွှင်မှုအတွက် ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်၊ လိင်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် မျိုးပွားမှုဆိုင်ရာ အသိပညာများရရှိခွင့်၊ လုံခြုံစွာအနားယူ၊ ကစားခွင့်နှင့်အခြားအခြေခံလိုအပ်ချက်များကို ဆုံးရှုံးနေရပါသည်။ အထက်ပါဖော်ပြသည့် လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များကို လက်မှတ်ထိုးထားသောမြန်မာနိုင်ငံအနေဖြင့် ၎င်းစာချုပ်ပါ ကလေးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရမည့်တာဝန်ဝတ္တရားများသည် စစ်ပဋိပက္ခကာလအတွင်းတွင် အကျုံးဝင်ပါသည်။ သို့သော်လည်း KHRG ၏ရှာဖွေတွေ့ရှိချက်များအရ ထိုသဘောတူစာချုပ်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ပျက်ကွက်နေကြောင်း တွေ့ရှိရသည်။

အလားတူစွာ KHRG ၏သတင်းမှတ်တမ်းအရ လက်နက်ကိုင်တပ်ဖွဲ့များ အဓိကအားဖြင့် မြန်မာစစ်တပ်မှ ကျူးလွန်သောလူ့အခွင့်အရေးချိုးဖောက်မှုများသည် IHL ဥပဒေတွင် တားမြစ်ထားပါသည်။ ဂျီနီဗာသဘောတူစာချုပ်၏ အခန်း (၃)နှင့် IHL ဓလေ့ထုံးတမ်းဥပဒေအောက်တွင် အရပ်သားများကို ကာကွယ်ပေးရမည်ဖြစ်ပြီး ကလေးသူငယ်

---

81 Burma has ratified by the CRC and its Optional Protocol on the involvement of children in armed conflict (OPAC), the International Covenant on Economic, Social and Cultural Rights (ICESCR), and the Convention on the Elimination of All Forms of Discrimination against Women (CEDAW). Provisions of the International Covenant on Civil and Political Rights (ICCPR) are also relevant, as they reflect universally recognised human rights standards.

82 CRC, Arts. 6, 24, 27 and 31; ICCPR, Art. 6; ICESCR, Art. 12.

83 CRC, Art. 37; ICCPR, Arts. 7, 9, 34 – 35.

84 CRC, Art. 24(3); CEDAW, Art. 16(2).

85 CRC, Art. 38 – 39; OPAC, Art. 2.

များသည် အထူးအကာအကွယ်ပေးမှုအောက်တွင်ရှိနေရမည်ဖြစ်သည်။[86] လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အဓမ္မလူပျောက်စေမှု၊ မတရားဖမ်းဆီးမှုများအပါအဝင် သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာဆက်ဆံခြင်းတို့ကို တင်းကြပ်စွာတားမြစ်ထားပါသည်။[87] စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဆေးဝါးပစ္စည်းသယ်ယူပို့ဆောင်မှုများသည် အရပ်သားပိုင်ဆိုင်မှုများအဖြစ်သတ်မှတ်ထားသည့်အတွက် ၎င်းအရာများကို စစ်ရေးရည်ရွယ်ချက်အတွက်အသုံးပြုခြင်းမရှိလျှင် ပစ်မှတ်ထားတိုက်ခိုက်၍ လုံးဝမရနိုင်ပါ။ အကယ်၍ ထိုအရာများကို စစ်ရေးပစ်မှတ်အဖြစ် သံသယဖြစ်သည့်အခြေအနေတွင်ရှိနေလျှင်လည်း အရပ်သားပိုင်ဆိုင်မှုအဖြစ်သာ သတ်မှတ်၍ ပစ်ခတ်တိုက်ခိုက်၍မသင့်ပါ။[88] စစ်ပဋိပက္ခတွင် ပါဝင်လုပ်ဆောင်သူများအားလုံးသည် နေမကောင်းဖျားနာသူများနှင့်ဒဏ်ရာရသူများကို ခွဲခြားဆက်ဆံမှုမရှိဘဲ ကြည့်ရှုစောင့်ရှောက်ပေးရန် တာဝန်ရှိပါသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပိတ်ပင်တားဆီးခြင်းမရှိပဲ ဝင်ရောက်ခွင့်ပေးရပါမည်။ ပြည်သူလူထု၏အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အစားအစာများ၊ ကောက်ပဲသီးနှံများ သို့မဟုတ် ဆေးဝါးပစ္စည်းများ အစရှိသောအရာများကို တိုက်ခိုက်ခြင်းအား ရှောင်ကြဉ်ရပါမည်။[89] အဓိကအရေးကြီးဆုံးမှာ အရပ်သားများနှင့် စစ်တိုက်သူများအကြားသော်လည်းကောင်း၊ အရပ်သားပိုင်ဆိုင်မှုများနှင့်စစ်ရေးပစ်မှတ်အကြားတွင်သော်လည်းကောင်း အချိန်တိုင်း ခွဲခြားစိတ်ဖြာရပါမည်။ ပစ်ခတ်တိုက်ခိုက်သည့်အချိန်တွင်လည်း အရပ်သားနှင့်စစ်ရေးပစ်မှတ် အချိုးကျမှုရှိ၊မရှိခြင်းနှင့် ရမ်းသမ်းပစ်ခတ်မှုရှိ၊မရှိခြင်းကိုချိန်ဆ၍ သေချာစွာလုပ်ဆောင်ရမည်ဖြစ်သည်။[90] မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှုတားဆီးရေးသဘောတူစာချုပ်ကို လက်မှတ်ထိုးထားသော အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း လူသတ်မိုင်းများသည် မည်သူ့ကိုမဆိုထိခိုက်စေပြီး ရက်စက်ကြမ်းကြုတ်သောလက်နက်တစ်မျိုးဖြစ်သည့်အတွက် ၎င်းအားအသုံးပြုခြင်းသည် IHL ဥပဒေအောက်တွင်ဖော်ပြထားသော အချိုးကျမှုနှင့် ခွဲခြားမှုမရှိသောအခြေခံစည်းမျဉ်းများကို ချိုးဖောက်ရာရောက်သည်။[91] ထို့အပြင် အသက် (၁၅) နှစ် အောက်ကလေးများအားစစ်သားအဖြစ်အသုံးပြုခြင်းကို တင်းတင်းကြပ်ကြပ်တားမြစ်ထားပါသည်။[92] KHRG မှတ်တမ်းပြုစုသောလူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များဖြစ်သည့် ကျေးရွာများကိုလေကြောင်းဖြင့် တိုက်ခိုက်ခြင်းနှင့် မြေပြင်စစ်ဆင်ရေးဖြင့်တိုက်ခိုက်ခြင်း၊ စာသင်ကျောင်းနှင့်ဆေးရုံ၊ ဆေးခန်းများကို လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ အရပ်သားဒေသများတွင် မြေမြှုပ်မိုင်းအသုံးပြုခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကို နှောင့်ယှက်ခြင်းတို့သည် အရပ်သားများနှင့်အရပ်သားပိုင်ဆိုင်မှုများကို ကာကွယ်ပေးရမည့်တာဝန်ပျက်ကွက်နေကြောင်း ဖော်ပြနေပါသည်။ ဤသို့အကြမ်းဖက်တိုက်ခိုက်မှုပုံစံများ အထူးသဖြင့် SAC ဖော်ဆောင်နေသည့်ဖြတ်လေးဖြတ်မဟာဗျူဟာသည် အရပ်သားနှင့်စစ်ရေးပစ်မှတ်ကို မခွဲခြားပဲ အရာအားလုံးကို စနစ်တကျတိုက်ခိုက်ဖျက်ဆီးနေသည်ကို သုံးသပ်၍ရပေသည်။ ထို့အပြင် KNLA နှင့် PDF တို့သည်လည်း တစ်ချို့သောချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်မှုရှိသော်လည်း အဆိုပါချိုးဖောက်မှုနယ်ပယ်နှင့်လုပ်ရပ်များတွင် အကန့်အသတ်ဖြင့်သာတွေ့ရှိရသည်။

ရောမပဋိညာဉ်စာချုပ်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း[93] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဥပဒေ (ICL) အရ KHRG မှတ်တမ်းပြုစုသည့်လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်တော်တော်များများသည် နိုင်ငံတကာစစ်ပွဲ ကာလမဟုတ်သည့်တိုင်အောင် စစ်ရာဇဝတ်မှုမြောက်ပါသည်။ ထိုဖြစ်စဉ်များတွင် အရပ်သားများအား သတ်ဖြတ်ခြင်း၊ ဒဏ်ရာ

---

86 ICRC, Customary IHL Study, Rules 6 and 135.

87 ICRC, Customary IHL Study, Rules 89 – 90, 93, 98 – 99.

88 ICRC, Customary IHL Study, Rules 28, 29, 35, and 38.

89 Common Art. 3 of the Geneva Conventions; ICRC, Customary IHL Study, Rules 54 – 56.

90 ICRC, Customary IHL Study, Rules 7, 11, and 14.

91 https://www.icrc.org/en/document/1997-convention-prohibition-anti-personnel-mines-and-their-destruction https://www.icblcmc.org/our-impact/why-the-world-must-ban-landmines

92 ICRC, Customary IHL Study, Rules 136 – 137.

93 While Myanmar is not a State Party to the Rome Statute, the Statute codifies crimes recognised under customary international law and thus remains a relevant legal benchmark for assessing accountability.

ရစေခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့်အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းအပါအဝင် စာသင်ကျောင်းနှင့်ဆေးရုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ဖျက်ဆီးခြင်းတို့ပါဝင်သည်။[94] ဤဖြစ်စဉ်များတွင် လူသတ်ခြင်း၊ ဖမ်းဆီးထောင်ချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ အဓမ္မလူပျောက်စေခြင်း၊ လိင်မှုနှင့်လူမျိုးအရတရားစွဲအပြစ်ပေးခြင်းနှင့် အခြားလူမဆန်သည့်လုပ်ရပ်များအစရှိသော အကြမ်းဖက်တိုက်ခိုက်မှုများသည်လည်း စနစ်တကျရှိပြီးကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသောကြောင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုမြောက်ပါသည်။[95] KHRG ၏ ရှာဖွေတွေ့ရှိချက်တွင်လည်း လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့်သေနတ်ဖြင့်ပစ်ခတ်မှုတို့ကြောင့် အရပ်သားများသေဆုံးရခြင်းနှင့် ရွာသားများကို ဖမ်းဆီးချုပ်နှောင်ထားစဉ်ကာလအတွင်း ၎င်းတို့အား အကြမ်းဖက်ခြင်းတို့သည် ဖြစ်စဉ်အများစုတွင် တွေ့ရှိရသည်။ ဆိုလိုသည်မှာ ထိုသို့ပြစ်မှုများကိုကျူးလွန်သော SAC စစ်သားများနှင့် ပြစ်မှုအားကျူးလွန် ရန်အမိန့်ပေးသည့် SAC အရာရှိများသည် စစ်ရာဇဝတ်မှုအတွက် တစ်ဦးတစ်ယောက်ချင်းစီတွင် တာဝန်ရှိပြီး[96] ကရင်ပြည်နယ်တစ်ဝှမ်းလုံးအတိုင်းအတာဖြင့်ကြည့်မည်ဆိုလျှင်လည်း လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုအတွက် ၎င်းတို့မှာတာဝန်ရှိပါသည်။

မြန်မာနိုင်ငံ၏အမျိုးသားအဆင့်ပြဋ္ဌာန်းထားသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) သည် ကလေးများအတွက် အကာအကွယ်များပေးထားပါသည်။ ကလေးများ၏အသက်ရှင်ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အကာအကွယ်ရရှိမှုနှင့်ပူးပေါင်းလုပ်ဆောင်မှုများကို အသိအမှတ်ပြု၍ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းအားလုံးကို တားမြစ်ထားကြောင်း အဆိုပါဥပဒေတွင် ဖော်ပြထားပါသည်။[97] ထိုဥပဒေတွင် စစ်ပဋိပက္ခအတွင်း ကလေးများကိုကာကွယ်စောင့်ရှောက်ရမည့် တာဝန်များကိုလည်း ဖော်ပြထားသည်။ အာဏာပိုင်များနှင့်လက်နက်ကိုင်စစ်သားများသည် ကလေးများကိုအကြမ်းဖက်ခြင်းမှ ကာကွယ်ပေးရမည်။ စစ်ပဋိပက္ခကြောင့်ဒဏ်ရာရသောသူများကို လူနာများအဖြစ် ဆက်ဆံရမည်။ ကလေးများ၏အကောင်းဆုံးအကျိုးစီးပွားကိုကြည့်၍ ဦးစားပေးဆောင်ရွက်ရမည်။ ကလေးစစ်သားစုဆောင်းသည့်ဖြစ်စဉ်များကို ထိရောက်စွာအရေးယူဆောင်ရွက်ရမည် အစရှိသည့်တာဝန်များကို ထည့်သွင်းဖော်ပြထားသည်။[98] ထို့အပြင် မြန်မာစစ်တပ်နှင့် အခြားလက်နက်ကိုင်အဖွဲ့များမှ အသက် (၁၈) နှစ်အောက်ကလေးများကိုစစ်သားစုဆောင်းခြင်း သို့မဟုတ် တိုက်ပွဲထဲတွင်အသုံးပြုခြင်းကိုတားမြစ်ထားပြီး ကလေးများအားပြန်လည်ထူထောင်ရေးနှင့် မိသားစုနှင့်ပြန် လည်ပေါင်းစည်းရေးအပါအဝင် ၎င်းတို့ကိုဖမ်းဆီးချုပ်နှောင်ခြင်းနှင့်နှိပ်စက်ခြင်းတို့မှ ကာကွယ်ပေးရမည့်အချက်များကိုလည်း ထိုဥပဒေတွင် ဖော်ပြထားသည်။[99] သို့သော်လည်း KHRG ၏သတင်းမှတ်တမ်းများအရ မြန်မာစစ်တပ်သည် အဆိုပါကလေး သူငယ်အခွင့်အရေးဆိုင်ရာဥပဒေတွင် တားမြစ်ထားသည့်အရာများကို ပြောင်ပြောင်တင်းတင်းကျူးလွန်ချိုးဖောက်နေကြောင်း တွေ့ရှိရသည်။ ဤဥပဒေသည် SGV မူဘောင်အောက်တွင်ပါရှိသော နိုင်ငံတကာတားမြစ်ချက်များကို ထပ်ဟပ်စေပါသည်။ မြန်မာစစ်တပ်၏လုပ်ရပ်များသည် နိုင်ငံတကာဥပဒေကိုသာမက မြန်မာနိုင်ငံ၏ပြည်တွင်းဥပဒေသများကိုပါ ချိုးဖောက်နေလျက်ရှိသည်။[100] ထို့အပြင် မြန်မာစစ်တပ်၏ လုပ်ရပ်များသည် ဥပဒေနှင့်ဆိုင်သောတာဝန်ဝတ္တရားများကို လေးစားလိုက်နာမှုမရှိပဲ ထင်ထင်ရှားရှားချိုးဖောက်၍ပျက်ကွက်နေကြောင်းတွေ့ရှိရပြီး ကလေးသူငယ်များ၏အခွင့်အရေးများကို ကာကွယ်ပေးရေးနှင့် တာဝန်ခံမှုရှိစေရန် အရေးကြီးလိုအပ်နေကြောင်း မီးမောင်းထိုးပြနေပါသည်။ အခြားတစ်ဖက်တွင်လည်း တစ်ချို့ KNLA တပ်ဖွဲ့များသည် အသက်မပြည့်သည့်ကလေးများကို စစ်သားအဖြစ်စုဆောင်းခြင်းလည်းရှိသည်။ ကလေးများသည် KNLA တပ်ဖွဲ့ထဲသို့ ၎င်းဆန္ဒအလျောက်ဝင်ရောက်လာမှုရှိသော်ငြားလည်း KNU အနေဖြင့် Geneva Call နှင့် သဘောတူ

94 Rome Statute, Art. 8(2)(c)(i) – (ii); Art. 8(2)(e)(i), (ii), (iv), (vi) – (vii).

95 Rome Statute, Article 7(1)(a), (e) – (i), (k).

96 Rome Statute, Art. 25(3)(a); Art. 28(1).

97 Rome Statute, Arts. 18–19, 56.

98 Rome Statute, Art. 60(a) – (c).

99 Rome Statute, Art. 62 – 64.

100 Rome Statute, Art. 61(a) – (f).

လက်မှတ်ရေးထိုးထားသော 'ကတိကဝတ်စာချုပ်' (Deed of Commitment) ကိုဆန့်ကျင်၍ ဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။

# ဓာတ်ပုံ - အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

## အရှေ့မျက်နှာဖုံးပုံ

ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မေလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ပိုးရေးကျေးရွာအုပ်စုအတွင်းရှိ ဆအ--- ကျေးရွာ၌ ရိုက်ယူထားသည်။ ဓာတ်ပုံတွင်ကလေးများအုပ်စုဖွဲ့၍ ပုံရေးဆွဲနေသောပုံဖြစ်ပါသည်။ ကလေးများမှ ကျောင်း၊ ဆေးခန်း၊ဘုန်းကြီးကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းပါဝင်သော ၎င်းတို့ ကျေးရွာ၏ပုံကို ဆွဲထားပါသည်။ ဤပုံတွင် SAC မှ ၎င်းတို့၏ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည် ကိုလည်း ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

## အနောက်မျက်နှာဖုံးပုံ -

### အပေါ်တန်း လက်ဝဲမှ လက်ယာသို့

အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မေလအတွင်း ခလယ်လွိထူခရိုင်၊ ဆောထိမြို့နယ်၊ ဝေပြေရင်းကျေးရွာအုပ်စု၊ ဟထ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် SAC ဂျက်လေယာဉ်တစ်စီးသည် ဟထ--- ကျေးရွာတွင် ပေါင် (၅၀၀) ဗုံးတစ်လုံးပစ်ချတိုက်ခိုက်ခဲ့သည်။ ထိုဗုံးသည် ကျေးရွာအထက်တန်းကျောင်းအနောက်ဖက်ခြမ်းတွင် ကျရောက်ပေါက်ကွဲ၍ ကျောင်းအဆောက်အဦးနှင့်လူနေအိမ်(၅)လုံး ထိခိုက်ပျက်စီးခဲ့သည်။ ထို့အပြင် ရွာသားတစ်ဦးလည်း ဗုံးစမှန်၍ဒဏ်ရာရရှိခဲ့သည်။ အခင်းဖြစ်စဉ်မဖြစ်ပွားမီ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် SAC လေယာဉ်တစ်စီးသည် ထိုစာသင်ကျောင်း၏အနောက်ဖက်တွင် ပေါင် (၃၀၀) ဗုံးနှစ်လုံးပစ်ချခဲ့ဖူးသည်။ ပထမဗုံးတစ်လုံးပေါက်ကွဲ၍ ကျောင်းအဆောက်အဦးထိမှန်ကာ အနည်းငယ်ပျက်စီးမှုရှိခဲ့သည်။ ဒုတိယဗုံးသည် မပေါက်ကွဲခဲ့ပါ။ ယခင်က PDF စစ်သားများသည် ဟထ--- ကျေးရွာစာသင်ကျောင်းဝင်းထဲတွင် ယာယီနေထိုင်ခဲ့ဖူးသည်။ သို့သော်လည်း SAC လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားသည့်အချိန်တွင် ထိုစာသင်ကျောင်းဝင်းထဲတွင် မည်သည့်စစ်သားမှမရှိပါ။ ပုံတွင် ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့၌ SAC လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ဘစ--- ကျေးရွာအနီးရှိ စစ်ဘေးရှောင်စခန်းတစ်ခုတွင် ရိုက်ယူခဲ့သည်။ ပုံတွင် စစ်ဘေးရှောင်စခန်းရှိ ကလေးများစာဖတ်နေသောအခြေအနေကို ဖော်ပြထားသည်။ အဆိုပါစစ်ဘေးရှောင်စခန်းတွင် စုစုပေါင်း လူဦးရေ (၆၀၆) ဦးခန့် နေထိုင်ကြသည်။ *(ဓာတ်ပုံ- KHRG)*

### အောက်အတန်း လက်ဝဲမှ လက်ယာသို့ -

ဤဓာတ်ပုံကို ရွာသားတစ်ဦးက ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် SAC စစ်သားများသည် ခလယ်လွိထူခရိုင်၊ လယ်ဒိုမြို့နယ်၊ မူးကျေးရွာအုပ်စု၊ ဃစျ--- ကျေးရွာတွင်းသို့လက်နက်ကြီးများပစ်ခတ်၍ မိဘပြည်သူနှစ်ဦးထိမှန်သေဆုံးသွားပြီး ၎င်းတို့ကလေးသုံးဦးလည်း ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့်ကလေးသုံးဦးထဲတွင် အသက် (၂) နှစ်သာရှိသေးသည့် မောင်လဇ--- လည်းပါရှိသည်။ ပုံတွင် ဒဏ်ရာရရှိသောနှစ်သာရှိသေးသည့် မောင်လဇ--- သည် တောင်ငူမြို့ဆေးရုံတွင် ဆေးကုသမှုခံယူပြီးနောက် နေအိမ်သို့ပြန်ရောက်ရှိလာသောအခြေအနေကိုဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသားတစ်ဦး)*

ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မေလအတွင်း ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဆအ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် KHRG ဆောင်ရွက်ခဲ့သော အဖွဲ့လိုက်ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည့်ကလေးများသည် အနာဂတ်တွင် ၎င်းတို့နေထိုင်ချင်သည့်ကျေးရွာပုံစံကို မြေပုံနှင့်တကွ ရောင်စုံရှို့လေးများဖြင့် ပြုလုပ်တည်ဆောက်နေသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*